
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ညက်ပွင့်(စက်မှု)

မျက်နှာဖုံးဒီဇိုင်း | ပန်းချီမောင်မောင်သိုက်
အဖုံးဓလင် | **Best Color**
အတွင်းဓလင် | ကိုဦး
**Logo** ဒီဇိုင်း | ပန်းချီကိုကျော်သိုက်နှင့် (Q.C)
ကွန်ပျူတာ | မောင်မောင်မြတ်နှင့်ဇေယျာမြေ
စာထည်း | မောင်သာယာ

၂၀၀၄ ခုနှစ် မတ်လ တန်ဖိုး (၅၅၀) ကျပ်

ပုံ နှိပ် မှတ် တမ်း

စာမူခွင့်ပြုချက်အမှတ် - ၁၆၉၄/၂၀၀၃ (၁၂) အရ ...
ဝေဘူနိုတော်ဆော်အထော် ဦးရွှန်ဆော်ထူ (၀၅၅၃၂)
အမှတ်(၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားရိုက်နှိပ်သည်။
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂/၂၀၀၄ (၁) အရ ...
နေလရောင်ပုံနှိပ်တိုက် ဦးတိုးဝင်း (၀၂၅၇၁) တိုက်ခွဲအမှတ် (၈၂)ဝိဘာတ်
(မြေညီထပ်) (၅) ရပ်ကွက် လှည်းတန်းလမ်းနှင့် အမှတ် (၉၆/ခ)
(၁၁)လမ်းလမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့မှ မျက်နှာဖုံးရိုက်နှိပ်သည်။ ...
ဦးလှမိုး (ညက်ပွင့်စက်မှု) (ထုတ်ဝေမှတ်ပုံတင်အမှတ်-၃၄၈)
ဇေယျာမြေစာပေတိုက်၊ တိုက်(၇၂၄)၊ အခန်း (၁၈)ပထမထပ်၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့မှ ...
တတိယအကြိမ်... အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

ဇေယျာမြေ စာစဉ် - ၂၄

# ရုပ်ရှင်

# အချစ်ရောင်ရင့်ရင့်

(တတိယအကြိမ်)

ဇေယျာမြေ
စာပေတိုက်
တိုက်နံပါတ် (၇၂၄)၊ အခန်း (၁၈) မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၆

www.burmeseclassic.com

www.burmeseclassic.com



မိုးအလွန်ရွာသည့် တစ်ခုသော နေ့တစ်နေ့မှာတော့ မမ၏ရုံးသို့ သူ မမျှော်လင့်ဘဲ ရောက်ရှိသွားခဲ့သည်။

ထိုသို့ မမျှော်လင့်ဘဲ ရောက်ရှိသွားခဲ့ခြင်းမှာ ထိုသို့ ရောက်ရှိလာသည်ဟု မမထင်အောင် တမင်သွားခဲ့ခြင်းကြောင့်ပဲ ဖြစ်သည်။

မမ အလုပ်လုပ်သော ဌာနမှာ မလဲ့ကိုသာ ကြိုတင်မေးမထားပါက ဘယ်လိုမှ ရှာဖွေတွေ့ရှိမည် မဟုတ်ပေ။ ထို့ပြင် တစ်ရုံးလုံး အကျီအဖြူ လုံချည်ပန်းဆိုးရောင်တူညီဝတ်စုံများချည်း ဖြစ်နေသောကြောင့် မမကိုတွေ့ရန် သူ အတော်ကြိုးစားရသည်။

မမ၏စားပွဲမှာ မလဲ့ပြောထားသကဲ့သို့ပင် ရုံးခန်း၏ညာဘက်ထောင့်စွန်းနားမှာဖြစ်သည်။

ဆံပင်ရှည်ရှည်ကြီးများ မျက်နှာတစ်ခြမ်း အုပ်လုနီးခေါင်းငုံ့လျက် အလုပ်လုပ်နေသော မမဆီသို့. . . တန်းတန်းမတ်မတ်လျှောက်သွားချင်သော်လည်း အခန်းတွင်းရှိ အမျိုးသမီးလေးငါးဆယ်ကျော်၏ရှေ့မှဖြတ်လျှောက်ရန် မဝံ့ရဲသောကြောင့် အဝနားမှ အမျိုးသမီးတစ်ယောက်ကို အကူအညီတောင်းရသည်။

ထိုအမျိုးသမီး၏ လှမ်းအော်ပေးမှုကြောင့် မမ သူ့ကို မြင်သွားပြီး တအံ့တဩမျက်နှာနှင့် ထထွက်လာသည်။

"ဟဲ့. . ဘယ်လိုက ဘယ်လိုရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အပေါ်ထပ် ရေမိုလ္လာဌာနကို လာတာ၊ ဒီနားကအဖြတ် မမကို လှမ်းတွေ့တာနဲ့ ခေါ်ခိုင်းလိုက်တာ"

"ဟုတ်ရဲ့လား နိုင်လင်းသော်ရယ်၊ မင်း မလှဲ့ကို မေးထား တာမဟုတ်လား"

"ပေါက်ပေါက်ရှာရှာ မမရယ်၊ မမကို လှမ်းမြင်လို့ပါဆို"

"ဒီလောက် လူအများကြီး၊ ညည်းက တို့ကို ရွေးမြင်တယ် လား"

"မြင်တာပေါ့၊ မမက အားလုံးထဲမှာ အလှဆုံးပဲဥစ္စာ"

သူ့စကားကြောင့် မမ ဟက်ခနဲ တစ်ချက်ရယ်သည်။

"မင်း လက်ဖက်ရည်သောက်မလား"

"ကျွန်တော် တကယ်ပြောတာပါ"

"မဟုတ်ဘူး၊ တို့ တကယ်ပြောတာ၊ ဒီနားမှာ ရပ်နေရတာ မကောင်းဘူး"

သည်တော့မှ မျက်လုံးပေါင်းတစ်ရာကျော်ကျော်ရှိသော အခန်းဝမှာ သူနှင့်မမ ရပ်နေမိကြကြောင်း သူ သတိပြုလိုက်မိ သည်။

"သောက်မယ်လေ၊ ဆိုင်ကောင်းကောင်းမှာ တိုက်မယ်ဆို ရင်ပေါ့"

"မင်းမင်းကျော်မှာ တိုက်မယ်၊ ခဏစောင့်၊ တို့ပြန်လာခဲ့မယ်"

မမ ဆက်ရှင်ထဲသို့ လှစ်ခနဲပြန်ဝင်သွားသည်။

ပိုက်ဆံအိတ်သွားယူတာပဲ ဖြစ်သည်။

"ကဲ. . လာ. . သွားကြမယ်"

သူနှင့် မမ ရုံးပေါက်ဝဘက်သို့ ထွက်လာခဲ့ကြသည်။ ရုံးဝ အရောက်မှာတော့ မင်းမင်းကျော်သို့သွားရန် အခက်အခဲတစ်ခု ရှိနေကြောင်း သူ သတိထားလိုက်မိသည်။

မိုးရွာနေခြင်းပဲ ဖြစ်သည်။





သူ ရုံးထဲ ဝင်လာခါစ တဖွဲဖွဲလေးသာရှိသော မိုးမှာ ယခု တော့ ပြင်းပြင်းထန်ထန်ကို သည်းနေတော့သည်။

သူ မိုးစက်တို့ကို ငေးကြည့်နေစဉ်မှာပင် ပိုက်ဆံအိတ်ညိုညို ကြီးထဲမှ ထီးနီနီလေးတစ်ချောင်းက မမလက်ထဲသို့ ဖျတ်ခနဲ ရောက်လာသည်။

မမမှာ ထီးပါလာခဲ့သည်။

သို့သော် သူမှာတော့ ထီးပါမလာခဲ့ပါ။

ထီးပါသော အမျိုးသမီးတစ်ယောက်နှင့်ထီးမပါသောအမျိုး သားလေးတစ်ယောက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို အန္တရာယ် အကင်းဆုံးဖြစ်အောင် ဘယ်လိုသွားရင်ကောင်းမလဲဟု စဉ်းစား နေမိသည်။

သူ၏အခက်အခဲကို မမက အလွယ်ကူဆုံးနည်းနှင့်ဖြေရှင်း လိုက်သည်။

"ရော့. . ညည်းက ထီးကိုင်"

သည်လိုနှင့် မမ၏ထီးနီနီလေးမှာ သူ့လက်ထဲသို့ကူးပြောင်း လာခဲ့တော့သည်။ ထိုထီးသည် သူ့အား အတော်ကို ဒုက္ခရောက် စေခဲ့သောထီးပဲ ဖြစ်သည်။

မိန်းမကိုင် သုံးဆစ်ချိုးခေါက်ထီးလေးတစ်လက် အနေနှင့် ဆိုပါက ထိုထီးလေးမှာ ဘာမှအပြစ်ပြောစရာ မရှိသော်လည်း မမ မိုးစိုမှာကို စိုးရိမ်သောသူနှင့် သူ့အားမိုးမမိစေချင်သော မမတို့ အတွက်ဆိုပါက ထိုထီးမှာ အတော့်ကို သေးငယ်လွန်းလှသည်။

"ဟေး. . တို့ကိုချည်း ဆောင်းပေးမနေနဲ့၊ မင်းလဲ လုံအောင် ဆောင်းဦး"

"ဆောင်းပါတယ် မမရဲ့"

"ဘာဆောင်းတာလဲ၊ မင်းကိုယ်တစ်ခြမ်းလုံး မိုးတွေရွဲနေပြီ ဒီဘက်တိုး"



www.burmeseclassic.com

www.burmeseclassic.com



ထို ထီးနီနီလေးကြောင့်ပင် သူနှင့်မမမှာ မင်းမင်းကျော် ရောက်သည်အထိ တစ်လမ်းလုံး ထိုသို့သော စကားမျိုးကိုပြောခဲ့ ကြရတော့သည်။

ဘာပဲဖြစ်ဖြစ် လက်ဖက်ရည်ဆိုင်ထဲ ရောက်သည့်တိုင်အောင် သူ့ရင်ခုန်သံတို့ ဆူညံနေရခြင်း၏ တစ်တရားခံမှာ မမဖြစ်သည် ဟုဆိုလျှင် နှစ်တရားခံကတော့ ထိုထီးနီနီလေးပဲဖြစ်သည်။

"ညည်း. . . လက်ဖက်ရည်ပဲ မဟုတ်လား"

တလှုပ်လှုပ်ဖြစ်နေသော ရင်ကို တည်ငြိမ်အောင် ကြိုးစား နေရာမှ သူ ခေါင်းညိတ်ပြလိုက်သည်။

မမက လက်ဖက်ရည်နှစ်ခွက် လှမ်းမှာသည်။

"ကဲ. . ပြောစမ်းပါဦး၊ တို့ဆက်ရှင်ကို မလဲ့ဆီက သိလာတာ မဟုတ်လား"

"မဟုတ်ပါဘူးဆို မမကလဲ"

မမက သူမ, သိပါသည်ဟူသော အပြုံးမျိုးကို ပြုံးသည်။

"တို့ရုံးကို သိသွားပြီဆိုတော့ နောက်လာလည်တော့မှာပေါ့"

"ဒါပေါ့ အသေအချာကို လာလည်ရမှာပေါ့"

"ဟေ့. . ခဏခဏတော့ မလာရဘူးနော်"

"ဘာဖြစ်လို့လဲ"

"တို့ဆက်ရှင်က စပ်စုတယ်"

"စပ်စုတော့ ဘာဖြစ်လဲ"

"မဲ့ဗ်. . ဘယ်သူလဲ ဘာလဲ ဝိုင်းမေးကြမှာပေါ့"

"အဲဒီတော့ မမက ဘယ်လိုပြောမလဲ"

ထိုမေးခွန်းသည် မမသာ ဖြေတတ်ပါက အလွန်ရင်ခုန်ဖွယ် ကောင်းမည့် မေးခွန်းပဲဖြစ်သည်။ သို့သော် မမသည် ရင်ခုန်ဖွယ် မကောင်းအောင်ကို ဖြေတတ်သွားခဲ့သည်။

"မင်းနဲ့ တို့နဲ့က မောင်နှမပဲဥစ္စာ၊ အဲလိုပဲ ဖြေမှာပေါ့"





"သူတို့က ယုံမှာလား"

မမ၏အကြည့်က တန်းခနဲကျရောက်လာတော့သည်။

"ဘာ. . မယုံစရာရှိသလဲ၊ မတုတ်တာပြောတာမှ မဟုတ် တာ"

"ဒါပေမယ့် မမနဲ့ ကျွန်တော်နဲ့က တကယ့်မောင်နှမတွေမှ မဟုတ်တာ"

သည်တစ်ခါကြည့်သော မမ၏အကြည့်တို့က အတော့်ကို စူးရှလွန်းလှသည်။ထို့အတူ အတော်လည်းကြာမြင့်လွန်းလှသည်။

အတန်ကြာမှ မမ သူ့ကို မေးသည်။

"အဲဒါ ဘာအဓိပ္ပာယ်လဲ"

သူ ဘာမှ အဖြေမပေးဘဲ မမကိုသာ ငေးကြည့်နေမိသည်။

"တို့ မေးနေတယ်လေ၊ မင်းစကားက ဘာအဓိပ္ပာယ်လဲလို့"

မမ၏အသံက အနည်းငယ် မာဆတ်ဆတ်ဖြစ်၍နေသည်။

ဘာအဓိပ္ပာယ်လဲတဲ့. . .

သူ သက်ပြင်းတစ်ချက်ကို ရှိုက်ရင်းအဖြေပေးလိုက်သည်။

သူ့အဖြေက မမ မေးသော မေးခွန်းနှင့် ဘယ်လိုမှ မအပ် စပ်သော အဖြေပဲဖြစ်သည်။

"ကျွန်တော် မမကို ချစ်နေတယ် မမ"

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## ပထမကဏ္ဍ

(၁)

သူဘဝအတွင်းသို့ ညက်ညောညင်သာစွာ ဝင်ရောက်၍ လာမည့် မမကို သူ စတင်သတိပြုခဲ့မိခြင်းမှာ နွေနှောင်းကာလ၏ နံနက်ခင်းလေးတစ်ခုမှာ ဖြစ်သည်။

သာမန်အားဖြင့်ဆိုလျှင်တော့ သူ၏ပုံမှန်အိပ်ရာထချိန်မှာ အတန်ငယ်နေမြင့်လေ့ရှိသော်လည်း ထိုနေ့က ထူးခြားစွာပင် ရှစ်နာရီမထိုးခင် နိုးလာခဲ့ခြင်းဖြစ်သည်။

ထိုသို့ အိပ်ရာမှ စောစောနိုးလာခြင်းကြောင့်ပင် သူ၏နံနက်ပိုင်းလက်ဖက်ရည်တစ်ခွက်ကို လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ မသောက်တော့ဘဲ လှည်းတန်းအထိသွားသောက်ရန် သူဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အချိုပေါ့ပေါ့ လက်ဖက်ရည်တစ်ခွက်ကို အလွန်အမင်းဆာလောင်တောင့်တလာစိတ်ဖြင့် အိပ်ရာမှ လူးလဲထရင်း ခပ်သွက်သွက်ပင် ရေချိုးအဝတ်အစားလဲလိုက်သည်။

ထို့နောက် ဆယ်မိနစ်လောက်အကြာမှာတော့ လှည်းတန်းမီးပွိုင့်အနီး လူစည်ကားရာ ပလက်ဖောင်းတစ်ခုပေါ်၌ အိပ်ရာနိုးခါစမျက်လုံးအစုံနှင့် သူ ရောက်ရှိနေတော့သည်။

ရုံးဖွင့်ရက်တစ်ရက်၏ရုံးတက်ချိန်ဖြစ်သောကြောင့် ပလက်ဖောင်းတစ်လျှောက် လူတွေက ရှုပ်ထွေးကျပ်ညပ်နေသည်။





လူအုပ်နှင့်အတူ ရောလျက် လိုက်ပါရင်း ပန်းအိလက်ဖက်ရည်ဆိုင်ဘက်သို့ သူ ဖြည်းညင်းစွာ လျှောက်လာခဲ့မိသည်။

ထိုအချိန်အထိ နောင်အခါ သူ့အား ညည်းဟူသော အသုံးအနှုန်းနှင့် သုံးစွဲခေါ်ဝေါ်မည့် ရင်ခုန်ဖွယ်အမျိုးသမီးတစ်ယောက်နှင့်ဆုံစည်းရလိမ့်မည်ဟု သူ မထင်မိခဲ့။

ထို့ကြောင့် ပန်းအိလက်ဖက်ရည်ဆိုင်၏ (အပြင်ဘက်မြင်ကွင်းများကို ကောင်းစွာ လှမ်းမျှော်ကြည့်ရှုနိုင်မည့်) စားပွဲတစ်လုံးမှာ နေရာယူခဲ့မိခြင်းပင် ဖြစ်သည်။

♥♥♥

www.burmeseclassic.com

(၂)

သူ နေရာယူထားသော စားပွဲလေးမှာ ပန်းအိလက်ဖက်ရည်ဆိုင်၏ မျက်စောင်းထိုးနေရာလောက်ရှိ ရှစ်ကားမှတ်တိုင်ကို ကောင်းစွာ လှမ်းမြင်နိုင်သည့် စားပွဲလေးဖြစ်သည်။

ထိုစားပွဲလေးမှာ ထိုင်ရင်း ဘာရယ်မဟုတ်ဘဲ ဆိုင်အပြင်ဘက်ရှိ မြင်ကွင်းမှန်သမျှကို သူ လျှောက်ကြည့်နေခဲ့မိသည်။

သူ့အကြည့်က နေရာမျိုးစုံသို့ ရွှေ့ပြောင်းရင်း နောက်ဆုံးမြို့ထဲသွားမည့် ရှစ်ကားမှတ်တိုင်ရှိ လူအုပ်အတွင်းသို့ ကျရောက်သွားတော့သည်။

ထိုအချိန်မှာပင် မမဖြစ်လာမည့် အမျိုးသမီးကို စတင်သတိထားခဲ့မိခြင်း ဖြစ်သည်။

တစ်ချက်မှာ မမ၏မည်းနက်သန်စွမ်းသော ဆံပင်ရှည်များကြောင့်ဖြစ်ပြီး၊ နောက်တစ်ချက်ကတော့ ရှစ်ကားအားစောင့်မျှော်နေရခြင်းအတွက် အလွန်အမင်း စိတ်ပျက်လက်ပျက်ဖြစ်နေသည့် မမ၏အမူအရာကြောင့်ပဲ ဖြစ်သည်။

ထိုအချက်နှစ်ချက်အပြင် မမအား သတိပြုမိသွားခြင်း၏ အခြေခံကျသော အခြားအကြောင်းရင်းတစ်ခုကတော့ မမကို တွေ့သည်နှင့် သူ့ရင်သည် သိသာစွာဖိုလှိုက်လာခြင်းဖြစ်သည်။





မမ၏ညှိုညက်သော အသားအရေ ပြေပြစ်မြင့်မားသည့် ကိုယ်ဟန်အနေအထားနှင့် ဆံပင်ရှည်ရှည်များမှအပ ထူးထူးခြားခြားဆွဲဆောင်မှုရှိသော အရာဟူ၍ နှုတ်ခမ်းထူထူတစ်စုံသာ ရှိသည်။ မမ၏နှုတ်ခမ်းထူများကတော့ ရင်ခုန်ဖွယ်ကောင်းလောက်အောင်ကို လှပလွန်းပါသည်။

မမဝတ်ထားသည့် ရုံးယူနီဖောင်းဖြစ်ဟန်တူသော ပန်းဆီရောင်လုံချည်နှင့် လိုက်ဖက်စွာပင် ပန်းရောင်ရင့်ရင့် နှုတ်ခမ်းဆေးဆိုးထားသည့် မမ၏နှုတ်ခမ်းထူထူများကိုသူငေးကြည့်နေမိသည်။

မမရဲ့ စိုလက်ထူအမ်းတဲ့ နှုတ်ခမ်းတွေကိုသာ ကွေးညွတ်ပြီး အပြုံးတစ်ခု ဖန်တီးလိုက်မယ်ဆိုရင် အဲသည်အပြုံးဟာ အတော့်ကို စိတ်လှုပ်ရှားဖို့ကောင်းမယ့် အပြုံးတစ်ခု ဖြစ်မှာပဲ။

မိုးလင်းကတည်းက တောင့်တနေခဲ့သော လက်ဖက်ရည်တစ်ခွက်နှင့် မီးညှိပြီးစ စီးကရက်ကို မေ့လျော့စွာ အတွေးတို့ဖြင့် စီးမျောနေမိသည်။

သူ့အကြည့်အောက်၌ပင် မမသည် အလွန်စိတ်ပျက်လက်ပျက်ဖြစ်နေသည့် အမူအရာနှင့် သူမ၏လက်မှ နာရီကို နှစ်ခါသုံးခါ လောက်ငုံ့ကြည့်သည်။

ဤသည်မှာ ရုံးတက်ချိန်နှင့် အလွန်နီးကပ်စွာ တည်ရှိနေသော ဘတ်စ်ကားစောင့် ရုံးဝန်ထမ်းအမျိုးသမီးများ၌ မကြာခဏ တွေ့ရတတ်သော အမူအရာပဲဖြစ်သည်။

သို့သော် မမ၏အမူအရာမှာ အခြားအမျိုးသမီးများ၏အမူအရာထက် ပိုကြည့်ကောင်းနေသည်ဟု သူ ထင်လိုက်မိသည်။

အကျႌအဖြူ လုံချည်ပန်းဆီရောင်တို့နှင့် ဘတ်စ်ကားတစ်စီးအား စိတ်ပျက်လက်ပျက် စောင့်ဆိုင်းနေသည့် မမအားရင်ခုန်စွာ ငေးကြည့်နေချိန်မှာပင် အစိမ်းရောင်ရေးနေ့ အစုတ်ရှစ်ဘတ်စ်ကားတစ်စီးက မှတ်တိုင်သို့ ထိုးဆိုက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကား ထိုးဆိုက်လာခြင်း၊ ထိုကားနှင့်အတူ လိုက်ပါခွင့်အတွက်ကြိုးစားကြခြင်းတို့ကြောင့် ရှုပ်ယှက်ခတ်သွားသောလူအုပ်အကြား သူ၏မမမှာ ပျောက်ဆုံးသွားတော့သည်။

သူ လူအုပ်အတွင်းမှ မမအား အကြည့်တို့ဖြင့် အမောတကော လိုက်ရှာဖွေနေမိသော်လည်းဘတ်စ်ကားထွက်ခွာသွားပြီးအတန်ကြာသည်အထိ မမကိုမတွေ့တော့။ မမသည်ဘတ်စ်ကားနှင့်အတူ လိုက်ပါသွားခဲ့ပြီ ဖြစ်သည်။

ကားဂိတ်အတွင်းမှ သူ၏အကြည့်တို့ကို ပြန်လည်ရုပ်သိမ်းရင်း ပြာအတောင့်လိုက်နှင့် အငွေ့တလူလူထနေသော စီးကရက်ကိုကောက်ယူ၍ ခပ်ကြမ်းကြမ်းဖွာရှိုက်လိုက်သည်။

ထိုအချိန်မှာပင် မိမိပိုင်ပစ္စည်းတစ်ခု လက်လွှတ်ဆုံးရှုံးရသည့်အခါ ခံစားရတတ်သော နှမြောတသခံစားမှုတစ်ခုက သူ့ရင်ထဲသို့ ထိုးခွဲဝင်ရောက်လာခဲ့သည်။

ထိုခံစားမှုကို ဖြစ်ပွားစေခဲ့သူကတော့ မည်းနက်သန်စွမ်းသည့် ဆံပင်ရှည်ရှည်များနှင့် စိုလက်နီစွေးသည့် နှုတ်ခမ်းထူထူများနှင့် သူ၏မမပဲ ဖြစ်သည်။

ထိုနေ့က မမနှင့်သူ၏ စတင်ဆုံစည်းမှုမှာ ထိုသို့ပင် နှမြောတသ ခံစားရမှုနှင့် နိဂုံးချုပ်ရင်း ခပ်သွက်သွက် ပြီးဆုံးသွားခဲ့တော့သည်။

♥♥♥

(၃)

နံနက်ခင်းလေးတစ်ခု၌ အိပ်မက်ဆန်စွာ ဆုံစည်းခဲ့ရသော မမအား နောက်နေ့များ၌ ပန်းအိလက်ဖက်ရည်ဆိုင်တွင် အချိန်မှန်စွာ သူ သွားစောင့်ဖြစ်တော့သည်။

ခါတိုင်း ထိုင်နေကျစားပွဲ၌ပင် ထိုင်ရင်း အချိုပေါ့ပေါ့လက်ဖက်ရည်တစ်ခွက်နှင့် အီတစ်ပို့ဒူးယားတစ်လိပ်ကို သောက်သုံးလျက် မမအလာကို သူ စိတ်ရှည်လက်ရှည်စောင့်မျှော်ဖြစ်ခဲ့သည်။

သို့သော်. . .

အုံ့ဩစရာကောင်းလောက်အောင်ပင် ရင်ခုန်ဖွယ်နှုတ်ခမ်းထူထူများနှင့် သူ၏မမအား ထပ်မံမတွေ့ရတော့ပေ။

သူမသာ သည်နားတစ်ဝိုက်မှာ နေရိုးမှန်လျှင်. . .

ပြီးတော့ မြို့ထဲက ရုံးတစ်ရုံးမှာ လုပ်ရိုးမှန်လျှင်. . .

မမ သည်ကားဂိတ်မှာ ကားလာစီးရမှာပဲ။

ကိုယ့်ကိုယ်ကိုယ် အားပေးရင်း ရက်အတော်များများ သူ ဆက်စောင့်ဖြစ်ခဲ့သည်။

သို့သော်. . . မမကတော့ အိပ်မက်ဆန်စွာ ပျောက်ဆုံးနေမြဲပဲ ဖြစ်သည်။ သည်လိုနှင့် မမနှင့်ပတ်သက်သော သူ၏ရင်ခုန်သံတို့မှာ တိုးသက်မှိန်ဖျော့လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နွေနှောင်းကာလ၏ ရွှေအိုရောင် နံနက်ခင်းတစ်ခု၌ မမျော်လင့်စွာ ဆုံစည်းဖြစ်ခဲ့သောမမနှင့် နောက်တစ်ကြိမ် ထပ်မံမဆုံစည်းနိုင်တော့ဟု သူ အားလျော့တွေးထင်လိုက်မိသည်။

ထိုအချိန်မှာပင်. . .

သူနှင့်မမ ဒုတိယအကြိမ်အဖြစ် မမျှော်လင့်စွာ ထပ်မံဆုံစည်းဖြစ်ခဲ့လေသည်။ ထိုသို့ဆုံစည်းခဲ့ရခြင်းမှာ တင်ထွန်းအောင်ကြောင့်ပဲဖြစ်သည်။

အကယ်၍ တင်ထွန်းအောင်သာ ၎င်း၏အစ်မဝမ်းကွဲရှိရာအဆောင်သို့ သူ့အား အဖော်လိုက်ရန် မခေါ်ခဲ့ပါက မမအားပြန်လည်ဆုံစည်းခွင့် ရမည်မဟုတ်ပေ။

သို့သော် ငယ်ငယ်ကတည်းက တပူးတွဲတွဲနေလာခဲ့သောသူငယ်ချင်းဖြစ်သူ တင်ထွန်းအောင်မှာ ဘာလုပ်လုပ် အဖော်ပါမှလုပ်တတ်သူဖြစ်သည်။

ထို့ကြောင့်ပင် ကျောင်းတုံက ၎င်း၏အစ်မဝမ်းကွဲအဆောင်သို့သွားရန် အကြောင်းပေါ်လာသောအခါ၌လည်း သူ့အားအဖော်လိုက်ရန် လာခေါ်လေတော့သည်။

"ခဏလေးပါ နိုင်ကြီးရာ၊ ဘယ်လောက်မှ မကြာပါဘူး၊ ငါတစ်ယောက်တည်း သွားရမှာ ကြောင်တောင်တောင်နိုင်လွန်းလို့ပါ"

အိပ်ရာပေါ် လှဲလျောင်းလျက် ဝတ္ထုဖတ်နေသော သူ့နားတွင်ထိုင်ရင်း တင်ထွန်းအောင် ကျည်(ဂျီ)ကျလေသည်။

"ကိုယ့်အစ်မဝမ်းကွဲဆီ သွားတာပဲ တင်ထွန်းအောင်ရာ၊ ဘာကြောင်တောင်တောင် နိုင်စရာရှိသလဲ"

"သူ နေတာက အပြင်ဆောင်ကွ၊ ပြီးတော့ မိန်းကလေးတွေချည်း စုနေတဲ့အဆောင်၊ ဒီတော့ ငါတစ်ယောက်တည်း သွားရမှာအားငယ်တာပေါ့"





တင်ထွန်းအောင်က သူအဖော်လိုက်ရန် ရှာကြံအကြောင်းပြသည်။ စိတ်ပျက်လက်ပျက်နှင့် ဝတ္ထုစာအုပ်ကို ဘေးသို့ချရင်း အိပ်ရာပေါ်မှ ထထိုင်လိုက်မိသည်။

တင်ထွန်းအောင်က အစ်မဝမ်းကွဲအဆောင်သို့ သွားပို့ပေးရမည်ဆိုသည့် ပစ္စည်းထုပ်ကိုပြရင်း . . .

"ဒီအထုပ် သွားပေးရုံပါပဲ၊ လာပါ. . မင်းကို ငါ့အစ်မဝမ်းကွဲမလှနဲ့ မိတ်ဆက်ပေးပါ့မယ်"

တင်ထွန်းအောင်၏ မရအရ အဖော်ခေါ်မှုကြောင့် သူမလိုက်ချင်လိုက်ချင်နှင့်ပင် တင်ထွန်းအောင်နှင့် အဖော်လိုက်ပေးရတော့သည်။

တင်ထွန်းအောင်၏အစ်မဝမ်းကွဲ မလှ နေထိုင်ရာအဆောင်မှာ မာလာဆောင်ရှေ့ရှိ ဟိုင်း(Hi) လက်ဖက်ရည်ဆိုင်ဘေးမှမြေနီလမ်းကျဉ်းလေးအတွင်းမှာ ဖြစ်သည်။

ခြံဝင်းအပြည့် ကတ်ကတ်သတ်သတ် ဆောက်လုပ်ထားသည့် နှစ်ထပ်အိမ်ကြီးရှေ့အရောက် "သည်အဆောင်ပဲ"ဟု တင်ထွန်းအောင်က ပြောသည်။

အနီရောင် သဘော်ဆေးသုတ်ထားသည့် ခြံတံခါးအဝ၌ရပ်ရင်း အဆောင်ထဲသို့ လှမ်းကြည့်သည်။ တစ်စုံတစ်ရာ လှမ်းမေးရန်အတွက် လူရိပ်လူယောင်မမြင်ရသောကြောင့် တင်ထွန်းအောင်ကိုယ်စား သူကပင် အဆောင်ခြံတံခါးဝမှ ခေါင်းလောင်းလေးကို တီးပေးလိုက်သည်။

ခေါင်းလောင်းသံကြောင့် ကလေးမလေးတစ်ယောက် ပြေးထွက်လာသည်။

"မလှကို ခဏခေါ်ပေးပါ"

တင်ထွန်းအောင်စကားကြောင့် ကောင်မလေးက ခေါင်းညိတ်ရင်း ပြန်ဝင်ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးဖွင့်မပေးသောကြောင့် အဆောင်ညေ့ခန်းရှိလို့မရဟု သူ တွေးလိုက်သည်။

"ကြာလိုက်တာကွာ"

ကောင်မလေး ဝင်သွားပြီး အတန်ကြာသည်အထိ. . . တင်ထွန်းအောင်၏အစ်မဝမ်းကွဲဆိုသူ ထွက်မလာသောကြောင့် သူ ညည်းညည်းညူညူနှင့် ရေရွတ်လိုက်သည်။

ထိုအချိန်အထိ ရှစ်ကားမှတ်တိုင်၌ ဆုံစည်းခဲ့ရသော မမနှင့် ပြန်လည်ဆုံတွေ့ရလိမ့်မည်ဟု သူ မထင်ခဲ့။

သို့သော်. . .

လောက၌ ပြဇာတ်ဆန်ဆန် အဖြစ်အပျက်များစွာ ဖြစ်ပွားတတ်ကြောင်း တအောင့်အကြာမှာပဲ သူ သဘောပေါက်လိုက်မိသည်။ အကြောင်းမှာ. . .

နံနက်ခင်းတစ်ခု၌ မထင်မှတ်စွာ ဆုံတွေ့ပြီး မထင်မှတ်စွာ ပျောက်ဆုံးသွားခဲ့သော မမသည် အဆောင်ထဲမှ ထွက်လာပြီး သူနှင့် တင်ထွန်းအောင်ရှိရာသို့ ဖြည်းညင်းစွာ လျှောက်လှမ်းလာနေခြင်းကြောင့်ပဲ ဖြစ်သည်။

သေချာပါတယ်. . .

ဒါဟာ. . သူ ရင်ခုန်မျှော်လင့်နေခဲ့တဲ့ မမပါပဲ။

ခေါင်းလျှော်ပြီးခါစ ရေမှုန်ရေမွှားတို့ မခြောက်တတ်သေးသည့်ဆံပင်ရှည်များကို ပခုံးထက်မှကျော်လွှန်လျက် ရှေ့သို့ချထားသောမမကို သူ ရင်ဖိုလှိုက်လှဲစွာ ငေးကြည့်နေမိသည်။

မမ ဝတ်ဆင်ထားသောအကျႌက မမလို အမျိုးသမီးတစ်ယောက်နှင့် ဘယ်လိုမှ မလိုက်ဖက်သည့် အစိမ်းပုပ်ရောင် ဇင်သားရှပ်အကျႌပွပွကြီးဖြစ်သည်။

ထိုသို့ လိုက်ဖက်မှုမရှိလှသည့်ဇင်သားအကျႌပွပွကြီးကို ဝတ်ဆင်ထားသောမမသည် ကပိုကရိုနှင့် ရင်ခုန်ဖွယ်ကောင်းအောင်





လှပနေသည်ကတော့ အတော့်ကို အံ့သြစရာကောင်းသောကိစ္စပဲ ဖြစ်သည်။

မမထံ၌ ရင်ခုန်လှုပ်ရှားစွာ မှင်တက်မိနေရာမှ တင်ထွန်းအောင်ဘက်သို့ လှည့်ရင်း. . .

"မင်းအစ်မ မလှဲ့ဆိုတာ အဲဒါလား" ဟု. . .

ကမန်းကတန်း မေးလိုက်မိသည်။

သူ့အမေးကို တင်ထွန်းအောင် တစ်စုံတစ်ရာ အဖြေမပေးနိုင်ခင်မှာပင် မမက သူတို့အနားသို့ ညင်သာစွာ ရောက်ရှိလာခဲ့သည်။

"မလှဲ့ ညေ့သည်တွေလား"

မမ၏အသံမှာ အလွန်တိုးညင်းသာယာသည့်အသံမျိုးဖြစ်သည်။ မမ၏အမေးကို တင်ထွန်းအောင်က ခေါင်းညိတ်ရင်း. .

"မလှဲ့ မရှိဘူးလား အစ်မ"

တင်ထွန်းအောင်၏ ပြန်လှန်မေးခွန်းကြောင့် မလှဲ့ဆိုသူမှာ မမ မဟုတ်ကြောင်း သေချာသွားတော့သည်။

မမက သူနှင့် တင်ထွန်းအောင်ကို တစ်လှည့်စီ ဖျတ်ခနဲ ဝေ့ဝဲကြည့်ရင်း. . .

"မလှဲ့ ရုံးက ပြန်မလာသေးဘူး။ မှာစရာရှိရင် မှာခဲ့လေ၊ တို့. . ပြန်ပြောပေးမယ်"

"ကျွန်တော်. . သူ့မောင်ဝမ်းကွဲပါ၊ ကျိုင်းတုံကနေ ပစ္စည်းလူကြုံပေးခိုင်းလိုက်လို့ လာပို့တာ"

"ပေးချင် ပေးခဲ့လေ၊ တို့က မလှဲ့နဲ့ တစ်ခန်းတည်းနေတာ၊ ပြန်လာရင် ပေးပေးမယ်"

တင်ထွန်းအောင်အား ကြည့်ရင်း ပြောနေသည့် မမ၏မျက်နှာကို သူ ရင်ခုန်စွာ ငေးမောနေမိသည်။ မမ၏မျက်နှာမှာ အနည်းငယ်ရှည်သွယ်သည့် မျက်နှာအမျိုးအစား ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှာတံဖြောင့်စင်းသော်လည်း မျက်ခုံးတန်းတို့ကတော့ ပါးလျလွန်းသည်။ မျက်ဝန်းတို့က မျက်အိမ်ရှည်သောကြောင့် ကြည့်ကောင်းသည်ဆိုရုံပဲ ဖြစ်သည်။

တစ်ခုချင်းကြည့်ပါက ပြောပလောက်အောင် လှပသည်ဟု မဆိုနိုင်သော်လည်း ထိုအရာများအားလုံး ပေါင်းစပ်လိုက်သောအခါမှာတော့ အလွန်ဆွဲဆောင်မှုရှိသည့် ရင်ခုန်ဖွယ်မျက်နှာသွယ်လေးတစ်ခု ဖြစ်လာတော့သည်။

သူ ငေးကြည့်နေမိစဉ်မှာပင် သူ၏အကြည့်တို့ကို ရိပ်မိသည့်အလား မမ၏မျက်ဝန်းတို့က သူ့ဆီသို့ ဝေ့ဝဲကျရောက်လာခဲ့သည်။ သူ ရှက်ကိုးရှက်ကန်းဖြစ်စွာ ကပျာကယာ ပြုံးပြလိုက်မိသည်။

မမက သူ၏အကြည့်တို့ကို မသိကျိုးကျွံပြုလျက် အဆောင်တံခါးနိမ့်နိမ့်လေးကို ကျော်လွန်၍ တင်ထွန်းအောင် လှမ်းပေးသည့် ပစ္စည်းထုပ်ကိုယူရင်း. . .

"တခြား ဘာမှာစရာရှိသေးလဲ"

"မမှာတော့ပါဘူး အစ်မ၊ မလှဲပြန်လာရင်သာ သူ့မောင်ဝမ်းကွဲ တင်ထွန်းအောင် လာပေးသွားတယ်လို့ ပြောလိုက်ပါ"

"ကောင်းပြီ"

မမက ခေါင်းညိတ်ပြရင်း လှည့်ထွက်ရန်ပြင်သည်။ ဆံပင်ရှည်ရှည်များ ယိမ်းနွဲ့သွားကြသည့် မမ၏နောက်ကျောကို နှမြောတသစွာ ငေးကြည့်နေမိရာမှ မထင်မှတ်ဘဲ သူ မမကို လှမ်းခေါ်လိုက်မိသည်။

မမအား ရည်ညွှန်းခေါ်ဝေါ်ရန်အတွက် သင့်လျော်သောနာမ်စားမှာ တင်ထွန်းအောင် သုံးနှုန်းသည့် အစ်မဟူသော နာမ်စားပဲဖြစ်သည်။ သို့သော် သူ့နှုတ်က တကယ်ထွက်သွားသည်က "မမ"ဟူ၍ ဖြစ်သည်။





မှတ်မှတ်ရရ မမဟူသော အသုံးအနှုန်းကို သူ စတင်သုံးနှုန်းခေါ်ဝေါ်ခဲ့သည်မှာ ထိုအချိန်ကတည်းကပင် ဖြစ်သည်။

သူ့ခေါ်သံကြောင့် လှည့်ထွက်လုလု အနေအထားမှ မမ သူ့ကို လှမ်းကြည့်သည်။ ဘေးမှာရပ်နေသော တင်ထွန်းအောင်လည်း မမကို ဘာကြောင့် လှမ်းခေါ်ပါလိမ့်ဟူသောသဘောဖြင့် တအံ့တဩငေးစိုက်ကြည့်သည်။

သူ စကားစ ရှာမရစွာ ထစ်ငေါ့နေရင်းမှ. . .

"ဟိုလေ. . တကယ်လို့ လမ်းမှာ မလှဲနဲ့တွေ့ရင် ပစ္စည်းထုပ် ဘယ်သူ့ပေးခဲ့တယ်လို့ ပြောလိုက်ရမလဲ"

သူ့စကားကြောင့် မမ ဇဝေဇဝါဖြစ်စွာ မျက်မှောင်ကြုတ်သည်။

"မင်းပြောတာ တို့နားမလည်ဘူး"

မရည်ရွယ်ဘဲနဲ့ မထင်မှတ်စွာ ပြောသွားခြင်း ဖြစ်သည့်တိုင် ပြောပြီးမှတော့ မထူးပါဘူးဟူသော သဘောနှင့် သူ ဆက်ပြောသည်။

"ခု. . . ကျွန်တော်တို့အပြန် လမ်းမှာ မလှဲနဲ့ တွေ့ချင်တွေ့မှာ၊ တကယ်လို့ မလှဲနဲ့တွေ့ရင် ပစ္စည်းထုပ် မမကို ပေးခဲ့တယ်လို့ ပြောပြလိုက်မယ်၊ အဲဒါ မမရဲ့ နာမည်လေး. . ."

သူ့စကားအဆုံးမှာတော့ အလွန်မခို့တရို့ နိုင်လှသည့် အပြုံးတစ်ခုကို မမ ပြုံးလေသည်။

မမ၏အပြုံးမှာ နီစွေးထူအန်းသော နှုတ်ခမ်းစိုစိုများကြောင့် လှပလိမ့်မည်ဟု သူ ကြိုတင်တွေးထင်ထားခဲ့သည့်တိုင် သည်မျှအထိ လှပလိမ့်မည်ဟုတော့ မထင်မိခဲ့။

မမ၏အပြုံးမှာ အသက်ရှူခြင်းတို့ကို လွဲမှားသွားစေနိုင်လောက်အောင် လှပသော အပြုံးမျိုးဖြစ်သည်။ သူ ကဗျာနိုကယင်ဖြစ်စွာ မမ၏အပြုံးလှလှကို ငေးမောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မမက နှုတ်ခမ်းထူထူ အပြုံးတစ်ခုကို ဖန်တီးအပြီးမှာတော့ အေးဆေးစွာ ပြောသည်။

"မင်းတို့ မလှဲ့နဲ့မတွေ့နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မလှဲ့က. . ရုံးအပြန်နောက်ကျတတ်တယ်"

မမ၏စကားက မမ၏အပြုံးကဲ့သို့ပင် လှပလွန်းသည်။

"ဟိုလေ. . ."

သူ ထစ်ငေါ့စွာဖြင့် စကားစရန် ပြင်စဉ်မှာပင် မမက ဆက်ပြောသည်။

"တကယ်လို့ မလှဲ့နဲ့ တွေ့ခဲ့ရင်လဲ မလှဲ့ရဲ့အခန်းဖော်ကို ကျွန်တော်တို့ ပစ္စည်းထုပ်ပေးခဲ့တယ်လို့ ပြောပြလိုက်ပေါ့၊ ဟုတ်လား"

ထို့နောက် သူတို့အနားမှ မမ လှည့်ထွက်သွားတော့၏။

ဆံပင်ရှည်ရှည်များ လှပစွာဖုံးလွှမ်းနေသည့် မမ၏နောက်ကျောကို ငေးကြည့်ရင်း ကတုန်ကယင်ဖြစ်စွာ သက်ပြင်းတစ်ချက်ကို သူ ရှိုက်လိုက်မိသည်။

♥♥♥

(၄)

"ဒါဖြင့် ရုစ်ကားမှတ်တိုင်မှာ တွေ့ခဲ့တယ်ဆိုတာ သူပဲပေါ့"

တင်ထွန်းအောင် တအံ့တသြဖြစ်စွာ ရေရွတ်သည်။

ထို့နောက်. . .

"ငါက မင်း သူ့ကို နာမည်မေးနေတော့ ဒီကောင် ဘာလုပ်ပါလိမ့်ဆိုပြီး တွေးနေမိတာ၊ ခုမှပဲ ဇာတ်ရည်လည်တော့တယ်၊ မပူပါနဲ့ ငါ့တာဝန် ထားစမ်းပါ၊ မလှဲ့လဲ ရှိတာပဲ၊ ငါ စုံစမ်းပေးပါ့မယ်"

တင်ထွန်းအောင်က ခပ်ရဲရဲပင် အာမခံသည်။ သူကတော့ ခေါင်းလျှော်ပြီးခါစ ဆံပင်ရှည်ရှည်များနှင့် အစိမ်းပုပ်ရောင်ဇင်သားအကျီပွပွကြီးနှင့် မမ၏ကပိုကရိုဟန်လေးကိုသာ မြင်ယောင်နေမိသည်။

မမတို့အဆောင်မှ ပြန်လာသည့် လမ်းတစ်လျှောက်လုံး မမ၏တိုးညင်းသာယာသည့် စကားသံအေးအေးလေးနှင့် မမ၏ပုံရိပ်တို့ကသာ သူ့အတွေး၌ လွှမ်းမိုးကပ်ငြိစွာ ပါလာတော့သည်။

တကယ်တော့ စုစုပေါင်း နှစ်ခါမျှသာ တွေ့ဖူးသေးသည့် အမျိုးသမီးတစ်ယောက်ကို သည်မျှအထိ စွဲလမ်းနေမိဖို့မကောင်း။

သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်စုံတစ်ရာ မတားဆီးနိုင်ခင်မှာပင် သူ့နှလုံးသားက မမထံ၌ တွယ်ငြိသွားခဲ့တော့သည်။

ထိုသို့ဖြစ်သွားရခြင်း၏အကြောင်းရင်းကတော့. . .

သူ မမကို ချစ်နေမိခြင်းကြောင့်ပဲ ဖြစ်သည်။

ရင်ခုန်ဖွယ် နှုတ်ခမ်းထူထူ အပြုံးတစ်ခုကို မြင်ယောင်ယစ်မူးရင်း မမကို ချစ်နေမိကြောင်း သူ့ကိုယ်သူ သေချာလာတော့သည်။

ထိုအကြောင်း တင်ထွန်းအောင်ကို သူ ပြောပြတော့ . .

တင်ထွန်းအောင်က ရယ်ရင်း

"မမြန်လွန်းဘူးလား" ဟု မှတ်ချက်ချလေသည်။

"နည်းနည်းတော့ မြန်နေမလား မသိဘူး၊ ဒါပေမယ့် သူ့ကို ချစ်နေတာတော့ သိပ်သေချာတယ်၊ ငါ ဘာလုပ်ရင်ကောင်းမလဲ"

"အကောင်းဆုံးကတော့ မနက်ဖြန် အဆောင်ကို နောက်တစ်ခေါက် ထပ်သွားဖို့ပဲ"

တင်ထွန်းအောင်၏ အကြံပေးချက်အတိုင်း နောက်တစ်နေ့ အဆောင်ကို ထပ်သွားရန် စီစဉ်ခဲ့ကြသော်လည်း သူတို့ တကယ်သွားဖြစ်သောနေ့ကတော့ နောက်နှစ်ရက်တိတိအကြာ ရုံးပိတ်ရက် စနေနေ့လေးမှာ ဖြစ်သည်။

ထိုနေ့က ကာယကံရှင်မဟုတ်ဘဲ မဆီမဆိုင် ဝီရိယလွန်နေသော တင်ထွန်းအောင်မှာ သူ့ဆီသို့ အစောကြီးရောက်ရှိလာခဲ့သည်။ သူ့အိမ်သားများနှင့် ရင်းနှီးနေသော တင်ထွန်းအောင်က တခြားသူငယ်ချင်းများလို အိမ်ဝမှ "နိုင်လင်းသော် ရှိသလား"ဟု မေးမနေတော့ဘဲ သူ့အိပ်ခန်းတွင်းထိ ဝင်ချလာခဲ့သည်။

"နိုင်ကြီး. . ထလေကွာ၊ သွားကြမယ်"

ခုတင်စွန်းတွင် ဝင်ထိုင်ရင်း အတင်းနှိုးနေသော တင်ထွန်းအောင်ကြောင့် အိပ်ချင်မူးမပြယ်စွာ လူးလဲထရင်း. . .





"အစောကြီးပါလား၊ တင်ထွန်းအောင်ရာ"

"ဒီနေ့ ရုံးပိတ်ရက်ကွ၊ စောစောစီးစီးသွားမှ တွေ့မှာပေါ့၊ တော်ကြာ သူ့ရည်းစားနဲ့ လျှောက်လည်ဖို့ပါသွားရင် ဘယ့်နှယ်လုပ်မလဲ"

"နိမိတ်မရှိ နမာမရှိကွာ"

သူ စုတ်တစ်ချက်သပ်ရင်း ရေရွတ်လိုက်မိသည်။

တင်ထွန်းအောင်၏စကားမှာ အပြောင်အပြက်စကားသာ ဖြစ်သော်လည်း ထိုစကားအတိုင်း ဖြစ်နေမလားဟူသောအတွေးနှင့် ရင်မောသွားမိသည်။

တကယ်တော့ မမနှင့်ပတ်သက်လျှင် သူသည် နာမည်ကိုပင် သိရသေးသည်မဟုတ်။ မမသည် သူ စိုးရိမ်သော မည်သည့် အခြေအနေ၌မဆို ဆိုးရွားစွာ တည်ရှိနေနိုင်သည်။

မမလို အသက်အရွယ်နှင့် အမျိုးသမီးတစ်ယောက်ထံ၌ ချစ်သူတစ်ယောက် ကြိုတင်ရှိမနေပါဟု မည်သူမျှ ပြောနိုင်မည်မဟုတ်။ မမ၌ ချစ်သူတစ်ယောက်ယောက် ရှိနေနိုင်သလို၊ စေ့စပ်ထားသူလည်း ရှိနိုင်လေသည်။

အကယ်၍ သူသာ အနည်းငယ် ကံဆိုးသူဖြစ်ပါက မမ၌ အိမ်ထောင်ပင် ရှိနေနိုင်သည်။

ဖြစ်နိုင်ခြေများစွာကို ဆက်စပ်စဉ်းစားရင်း စိုးရိမ်စိတ်တစ်ခုက သူ့ရင်ထဲသို့ ထိုးခွဲဝင်ရောက်လာခဲ့သည်။ ထိုစိုးရိမ်စိတ်တို့က တင်ထွန်းအောင်နှင့်အတူ မမတို့အဆောင်သို့ ထွက်လာချိန်အထိ တော်တော်နှင့် ပြေပျောက်မသွားခဲ့။

"ဟိုရောက်ရင် သူတို့လမ်းထိပ်က ဟိုင်းကိုဖြစ်ဖြစ်၊ တခြားလက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်ကိုဖြစ်ဖြစ် မလဲ့ကို လက်ဖက်ရည်သောက်ရအောင်ဆိုပြီး ခေါ်ထုတ်မယ်၊ ငါ မလဲ့ကို မေးပေးမယ်၊ ဒါပေမယ့် လက်ဖက်ရည်ဖိုးတော့ မင်းရှင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



တင်ထွန်းအောင်က လမ်းလျှောက်နေရင်းမှ ပါးစပ်ဖြင့် အသေးစိတ် အစီအစဉ်ရေးဆွဲသည်။ တင်ထွန်းအောင်၏ အစီအစဉ်ထဲ၌ လက်ဖက်ရည်ဆိုင်ရောက်လျှင် မှာကြားစားသောက်မည့် မုန့်အမည်ပါ ပါဝင်လေသည်။

တင်ထွန်းအောင်၏အစီအစဉ်များကို နားထောင်ရင်း စိတ်လက်ပေါ့ပါးလာခဲ့သည်။

သို့သော် မမတို့အဆောင်နားအရောက်မှာတော့ တင်ထွန်းအောင်၏ အစီအစဉ်များအတိုင်း အကောင်အထည်ဖော်ရန် မလိုသောအခြေအနေတစ်ရပ်နှင့် ကြုံတွေ့လိုက်ရသည်။

သူတို့ အဆောင်နားမရောက်ခင်မှာပင် အဆောင်ထဲမှထွက်လာသော မမနှင့်မလဲ့ကို တွေ့လိုက်ရခြင်းကြောင့်ပဲ ဖြစ်သည်။

ဆံပင်ရှည်ရှည်များကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ထားသည့် မမဘေးမှ အသားဖြူဖြူနှင့် အမျိုးသမီးကို မလဲ့မှန်းသူ ချက်ချင်း မသိသေး။ တင်ထွန်းအောင်က သူ့ကို တံတောင်နှင့်တွက်ရင်း "အဲဒါ မလဲ့ပဲ"ဟု ခပ်တိုးတိုး လှမ်းပြောသည်။

ရှမ်းကပြားဖြစ်ဟန်တူသော ကျိုင်းတုံသူမလဲ့က တင်ထွန်းအောင်ကို ကြိုတင်သတိပြုစွာ ပြုံးပြရင်း. . .

"ငါ့ဆီ လာတာလား အောင်အောင်"

တင်ထွန်းအောင်က ခေါင်းညိတ်ရင်း. . .

"ဟိုနေ့က လေးလေးတို့ ပို့လိုက်တဲ့ပစ္စည်းတွေ ကျွန်တော်လာပေးသေးတယ်"

"အေး. . မြတ်လေးငုံ ပြောတယ်"

မလဲ့က မမဘက်သို့ မေးဆတ်ပြရင်း ပြောသည်။

မလဲ့၏စကားကြောင့် မမ၏အမည်မှာ မြတ်လေးငုံ ဖြစ်ကြောင်း သူ သိခွင့်ရလိုက်သည်။

မြတ်လေးငုံတဲ့. . .





ဘယ်လောက်များလှပလိုက်တဲ့ အမည်လေးပါလဲ။

မမ၏အမည်ကို မြတ်နိုးစွာ ရင်ထဲမှ ဖွဖွကလေး ရွတ်ကြည့်လိုက်မိသည်။ မလဲ့ဘေးမှာ ရပ်နေသည့် မမကတော့ သူနှင့်တင်ထွန်းအောင်ကို တစ်ချက်သာ ဝေ့ဝဲကြည့်ပြီး နောက်ထပ်မကြည့်တော့။ တင်ထွန်းအောင်က သူ့ဘက်သို့ လက်ညှိုးညွှန်ရင်း. . .

"မလဲ့. . ဒါ ကျွန်တော့်သူငယ်ချင်း နိုင်လင်းသော်တဲ့"

"သြော်. ."

မလဲ့က သူ့အား အသိအမှတ်ပြုဟန်ဖြင့် ပြုံးပြသည်။

"တို့နာမည် လဲ့လဲ့ပါ၊ သူကတော့ တို့အခန်းဖော် မြတ်လေးငုံတဲ့. ."

မလဲ့၏မိတ်ဆက်ပေးစကားကြောင့် မမ၏အကြည့်တို့က သူ့ဆီသို့ ဝေ့ဝဲကျရောက်လာကြသည်။

သူ မမကို ပြုံးပြလိုက်ရင်း. . .

"တွေ့ရတာ ဝမ်းသာပါတယ် မမ" ဟုပြောလိုက်သည်။

မမက ခပ်ယဲ့ယဲ့ ပြန်ပြုံးသည်မှအပ စကားတစ်စုံတစ်ရာ ခွန်းတုံ့မပြန်ခဲ့။

"ဒါက တို့မောင်ဝမ်းကွဲ တင်ထွန်းအောင်"ဟုဆိုကာ မလဲ့က တင်ထွန်းအောင်နှင့် မမကို မိတ်ဆက်ပေးပြန်သည်။

တင်ထွန်းအောင်က ပြုံးလျက် ခေါင်းညိတ်ပြရင်းမှ မလဲ့ဘက်လှည့်ကာ. . .

"မလဲ့တို့ ဘယ်သွားမလို့လဲ"

"လှည်းတန်းဘက် ဈေးဝယ်သွားမလို့၊ အောင်အောင်တို့ လိုက်ခဲ့လေ"

မလဲ့၏ဖိတ်ခေါ်စကားကြောင့် တင်ထွန်းအောင်က သူ့ကို အဆုံးအဖြတ် တောင်းခံဟန်နှင့် တစ်ချက် ဝေ့ဝဲကြည့်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ "လိုတ်မယ်လေ"ဟု ခပ်သွက်သွက် သဘောတူလိုက်သည်။ တစ်ချောင်းတည်း ကျစ်ထားသည့် ကျစ်ဆံမြီးရှည်ရှည်ကြီးကို ပခုံးထက်မှ ကျော်လွန်လျက် ရှေ့သို့ချထားသည့် မမကို လမ်းတစ်လျှောက်လုံး သူ ခိုးကြည့်လာခဲ့မိသည်။ မမကတော့ သူ့အကြည့်တို့ကို မရိပ်မိသည်လား၊ မရိပ်မိဟန် ဆောင်သည်လား မပြောတတ်။ လမ်းတစ်လျှောက်လုံး သူ့ကို တစ်ချက်မျှ စောင်းငဲ့မကြည့်ခဲ့။

တင်ထွန်းအောင်နှင့် မလဲ့ကတော့ အပေးအယူမျှစွာပင် တစ်လမ်းလုံး စကားကောင်းလာခဲ့ကြသည်။ ဈေးနားရောက်တော့ "တစ်ခုခုစားကြမလား"ဟူသောတင်ထွန်းအောင်၏စကားကြောင့် မလဲ့က "မုန့်ဟင်းခါးစားကြရအောင်"ဟု အကြံပြုသည်။

မလဲ့၏အကြံပြုချက်ဖြင့် သူတို့ မုန့်ဟင်းခါးစားဖြစ်ကြ၏။

မုန့်ပွဲများမှာတော့ သူက မမဘက်သို့လှည့်ရင်း. . .

"မမ ဘာကြော်နဲ့စားမလဲ" ဟု. . .

ဂရုတစိုက် မေးလိုက်သည်။

သူ၏ မမဟူသော အသုံးအနှုန်းနှင့် ဂရုစိုက်ဟန်ကို သတိပြုမိဟန်ဖြင့် မလဲ့က မချိုမချဉ်ပြုံးသည်။ ကာယကံရှင်ဖြစ်သူ မမကတော့ အမှုမဲ့အမှတ်မဲ့ဟန်နှင့်ပင်. . .

"ဘူးသီးကြော်နဲ့. . ." ဟု အေးစက်တိုးညင်းစွာ အဖြေပေးသည်။ ထိုနေ့က မမ သူ့အား တိုက်ရိုက်ပြောခဲ့သော စကားမှာ ထိုစကားတစ်ခွန်းသာ ဖြစ်လေသည်။

♥♥♥

(၅)

သည့်နောက်ပိုင်း မမနှင့်ပတ်သက်သည့် သူ၏စွန့်စားခန်းများမှာ အလွန်ရင်ခုန်ဖွယ်ကောင်းသည့် စွန့်စားခန်းများပဲ ဖြစ်တော့သည်။

ယခင်က နေမြင့်မွန်းတည့်သည့်တိုင်အောင် အိပ်လေ့ရှိသောသူသည် အကြံပေးပုဂ္ဂိုလ် တင်ထွန်းအောင်၏ တိုက်တွန်းမှုအရ မမ၏ရုံးချိန်အမီ အိပ်ရာမှထလျက် မမ၏ရုံးအသွားကို သွားစောင့်ကြည့်တတ်ခဲ့ခြင်းပဲ ဖြစ်သည်။

'မလဲ့မှတစ်ဆင့် တင်ထွန်းအောင်စုံစမ်းထားခဲ့သည့် သတင်းများအရဆိုပါက ရုံးတက်ရန်အတွက် မမ အသုံးပြုလေ့ရှိသော ဘားမှတ်တိုင်မှာ မာလာမှတ်တိုင်ဖြစ်သည်။

(သူနှင့် လှည်းတန်းမှတ်တိုင်၌ ဆုံခဲ့သောနေ့က မမသည် အကြောင်းတစ်ခုခုကြောင့် လှည်းတန်းဘက်သို့ ရောက်လာပြီး ထိုမှတ်တိုင်မှပင် စီးသွားခြင်း ဖြစ်ဟန်တူလေသည်။)

သူ့စွန့်စားခန်း၏ ရင်ခုန်ဖွယ်အကောင်းဆုံး အဆင့်ကတော့ မာလာမှတ်တိုင်၌ရပ်လျက် မမအလာကို စောင့်မျှော်ရခြင်းပဲဖြစ်သည်။ ထိုမှတ်တိုင်တစ်ဝိုက်သည် လူအလွန်ရှင်းသောကြောင့် မမ သူ့ကို မတွေ့ဘဲ နေမည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



မမ သူ့ကို တွေ့လျှင် အံ့အားသင့်ဟန်ပြုလျက် ရန်ခုန်ဖွယ် ကောင်းသော အပြုံးတစ်ပွင့် ခြွေလှစ်ပြပေလိမ့်မည်။ သို့မဟုတ် တိုးညင်းသာယာသော အသံလေးဖြင့် စကားလုံးတစ်စုံတစ်ရာကို အသုံးပြုလျက် လှမ်းနှုတ်ဆက်ကောင်း နှုတ်ဆက်ပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် သေချာတာကတော့သူ့ကိုတွေ့ရှိခြင်းအတွက် မမကို အလွန်အကြူး စိတ်အနှောင့်အယှက်ဖြစ်လိမ့်မည်မဟုတ်။ သို့သော် နေ့စဉ်ရက်ဆက်ဆိုပါက ထူးဆန်းစွာ မတော်တဆဆုံစည်းမှုများအတွက် မမ သံသယဝင်ကောင်းဝင်လာမည်ဖြစ်သည်။

ထိုကိစ္စအတွက် တင်ထွန်းအောင်၏အကြံပေးချက်ကတော့ "မင်း နေ့တိုင်းသွားမစောင့်နဲ့ပေါ့"ဟူ၍ ဖြစ်သည်။

သို့သော် သူကတော့ မမကို နေ့တိုင်းလိုလို တွေ့မြင်ချင်နေမိသည်။ ထို့ကြောင့် ထိုကိစ္စအတွက် သူနှင့် တင်ထွန်းအောင် တိုင်ပင်ခဲ့ကြသည်။

နောက်ဆုံးရရှိသည့် အန္တရာယ်အကင်းဆုံး အကြံဉာဏ်ကတော့ သူ့လက်ထဲမှာ ဗလာစာအုပ်တစ်အုပ် ကိုင်သွားဖို့ပဲဖြစ်သည်။

"မင်းကိုတွေ့လို့ ဘယ်သွားမလို့လဲမေးရင် မြို့ထဲမှာ ကျူရှင်သွားတက်မလို့လို့ ပြောပေါ့"

တင်ထွန်းအောင်က ဗလာစာအုပ်နှင့်ဆက်စပ်လျက် အကြံပေးသည်။

"ကျောင်းတွေ ပိတ်ထားတဲ့ဥစ္စာ၊ ယုတ္တိရှိပါ့မလား"

"သိပ်ရှိတာပေါ့၊ မင်းတက်တဲ့ကျူရှင်က ကွန်ပျူတာဖြစ်ဖြစ်၊ စပီကင်ဖြစ်ဖြစ်၊ လက်နှိပ်စက်ဖြစ်ဖြစ် ဘာမဆိုဖြစ်နိုင်တာပဲ"

တင်ထွန်းအောင်မှာ တစ်ခါတစ်ခါတော့လည်း ထိုသို့ပင် ချီးကျူးဖွယ်ကောင်းလှသည်။ တင်ထွန်းအောင်၏အကြံပေးချက်များအရ တနင်္လာနေ့ နံနက်မှာတော့ မရှိသော ကျူရှင်တစ်ခုကို





တက်ရန်အတွက် သူ စောစီးစွာ အိပ်ရာမှ ထရတော့သည်။ သူ့အလိုလိုနိုးလာတတ်သည့် ရုံဖန်ရံခါများမှအပ နံနက်စောစော အိပ်ရာထလေ့ မရှိသောကြောင့် ထိုနေ့က အိပ်ရာနှင့်သူ့ခန္ဓာကိုယ် ကင်းကွာသွားရန်အတွက် သူ အတော်ကြိုးစားလိုက်ရသည်။

နောက်ဆုံးတော့ . . . မမ၏နှုတ်ခမ်းထူထူ အပြုံးတစ်ခုအတွက် သူ အိပ်ရာမှ ထဖြစ်သွားခဲ့သည်။

ထို့နောက် နိုင်လင်းသော်ဟူသော သူ့အမည်မှအပ တစ်စုံတစ်ရာ ရေးခြစ်ထားခြင်းမရှိသော ဗလာစာအုပ်အလွတ်တစ်အုပ်၊ ဖိုလ်ိုက်နေသော ရင်အစုံနှင့်အတူ မာလာကားဂိတ်သို့ ထွက်လာခဲ့တော့သည်။

ကားဂိတ်မှာ ရုံးတက်ရန်အတွက် အလွန်အမင်းငြီးငွေ့နေပုံရသော ရုံးစာရေးအိုကြီးတစ်ယောက်နှင့် အဒေါ်ကြီးတစ်ယောက်မှအပ လူရှင်းလွန်းလှသည်။

သူ ကားဂိတ်အုတ်ခုံမှာ ဝင်ထိုင်ရင်း လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်သည်။ သူ့နာရီပေါ်မှ ကိန်းဂဏန်းများအရဆိုပါက မမသည် ယခုအချိန်၌ အဝတ်အစားလဲတုန်းပင် ဖြစ်ပေလိမ့်မည်။

အိတ်ကပ်ထဲမှ တွန့်ကြေစပြုနေသည့် အိတ်စ်ပို့ဒူးယားတစ်လိပ်ကို ထုတ်၍ မီးညှိဖွာရှိုက်ရင်း သူ့မမကို စိတ်ရှည်လက်ရှည် စောင့်မျှော်နေလိုက်သည်။

ဒူးယားတစ်လိပ် ကုန်ဆုံးပြီးချိန်မှာတော့ သူ မျှော်လင့်စောင့်စားနေခဲ့သော ဆံပင်ရှည်ရှည်များနှင့် မမ ရောက်ရှိလာခဲ့သည်။

သနပ်ခါးမှုန်မှုန် လိမ်းကျံထားသော မမ၏ညိုစိမ့်စိမ့်မျက်နှာလေးက ရင်ခုန်ဖွယ်ကောင်းလှသည်။

အညိုရောင်ပိုက်ဆံအိတ် အကြီးစားကြီးကို ရင်ဘတ်၌ ပွေ့ပိုက်လျက် ခေါင်းငုံ့ကာ တစ်လှမ်းချင်း လျှောက်လှမ်းလာသော မမကို သူ ရင်ခုန်စွာ ငေးကြည့်နေမိသည်။



www.burmeseclassic.com

မမ တစ်ကိုယ်လုံး သူ့အား ရင်အခုန်စေဆုံးအရာကတော့ အနီရောင်ရဲရဲ နှုတ်ခမ်းဆိုးဆေးတို့ဖြင့် စိုလက်နေသော နှုတ်ခမ်းထူထူတစ်စုံပဲ ဖြစ်သည်။

မမကို ငေးကြည့်နေမိစဉ်မှာပင် မမ သူ့ကို သတိပြုမိသွားခဲ့သည်။ အုတ်ခုံထက်၌ ထိုင်နေသော သူ့ကိုအတွေ့. . .

မမ၏မျက်ခုံးတန်းတစ်စုံက အထက်သို့ အနည်းငယ်မြင့်တက်သွားကြသည်။ သူ မမကို ပြုံးပြရင်း ထိုင်ရာမှ ထလိုက်သည်။

"ကားစောင့်နေတာလား"

တိုးညင်းသာယာသောအသံနှင့် မမ သူ့ကို လှမ်းမေးသည်။ "ဟင့်အင်း. . မမကို စောင့်နေတာပါ"ဟု သူဖြေလိုက်ချင်သော်လည်း ထိုသို့သော သတိလက်လွတ်အဖြေမျိုး မဖြေမိစေရန် သူ့ကိုယ်သူ အလျှင်အမြန် ထိန်းချုပ်လိုက်နိုင်သည်။

သူ ခပ်သွက်သွက် ခေါင်းညိတ်ပြလိုက်ရင်း. . .

"မမကော. . ."

"တို့. . ရုံးသွားမလို့"

သူနှင့် မလှမ်းမကမ်းနေရာမှာ မတ်တတ်ရပ်ရင်း မမ အဖြေပေးသည်။

"မမ ဒီမှတ်တိုင်ကပဲ စီးတာလား"

"ဟုတ်တယ်. ."

ထို့နောက် နှစ်ယောက်စလုံး ခေတ္တမျှ ငြိမ်သက်သွားကြသည်။ မမက ဘတ်စ်ကားလာမည့်ဘက်သို့ ခေါင်းတစ်ချက်ငဲ့လျက် လှမ်းမျှော်ကြည့်သည်။

သူလည်း မမနည်းတူ လိုက်ကြည့်မိသည်။ သို့သော် လမ်းမတစ်လျှောက် ဘတ်စ်ကားနှင့်တူသော အရာဟူ၍တစ်စီးတလေမျှ မရှိ။

"ကိုးကားတွေက ကြာတယ်နော်"





မမက ဘတ်စ်ကား မလာသေးခြင်းအတွက် စိတ်ပျက်ဟန်နှင့် ညည်းညည်းညူညူ ရေရွတ်သည်။ သူက မမစကားကို ခေါင်းညိတ်ရင်း "ဟုတ်တယ်"ဟု ထောက်ခံစကားဆိုလိုက်သည်။

သို့သော် ဘတ်စ်ကားမလာသေးခြင်းအတွက်တော့ မမလို စိတ်ပျက်လက်ပျက် ဖြစ်မနေမိ။ ထိုနေ့အဖို့ နံပါတ်ကိုးကားများ လုံးဝမလာလျှင်ပင် သူ စိတ်အနှောင့်အယှက်ဖြစ်မိမည် မဟုတ်ပေ။

"မင်းကော မြို့ထဲ သွားမှာပဲလား"

မမက သူ့ကို ဖျတ်ခနဲ တစ်ချက်ငဲ့ကြည့်ရင်း စကားစသည်။

"ဟုတ်ကဲ့ မမ၊ ကျွန်တော် မြို့ထဲမှာ စပီကင်တက်နေတာလေ. ."

မလိုအပ်ပါဘဲ စပီကင်ဟူသော ဝေါဟာရကို ပိုပိုသာသာလေး သူ ထည့်ပြောလိုက်သည်။

"ဪ. . ကောင်းတာပေါ့၊ ဘယ်ကျူရှင်မှာ တက်လဲ"

ထိုသို့သော မေးခွန်းမျိုးအတွက် ကြိုတင်ပြင်ဆင်ထားခဲ့ခြင်း မရှိသည့်တိုင် ကြားဖူးနားဝရှိနေသည့် (F.M.A)အက်ဖ်အမ်အေ ကျူရှင်အမည်ကို ရွတ်ပြလိုက်သည်။

ထိုနေ့က သူနှင့်မမ စကားကြာကြာ မပြောလိုက်ရခင်မှာပင် ဖျင်းရိလေးတွဲ့စွာ မောင်းနှင်လာသော နံပါတ်ကိုးကားတစ်စီးက မှတ်တိုင်ရှေ့သို့ ဆိုက်ရောက်လာခဲ့သည်။

ရှူးခနဲ လေဘရိတ်မြည်သံ ခပ်အုပ်အုပ်နှင့်အတူ သူနှင့်မမ ရှေ့တည့်တည့်သို့ ထိုးရပ်လာသော ဘတ်စ်ကားကြီးကြောင့်သူ စိတ်ပျက်သွားမိသည်။

မမက သူ့ဘက်သို့ ခေါင်းတစ်ချက်ငဲ့ရင်း. .

"သွားမယ်နော်"ဟု နှုတ်ဆက်စကားဆိုသည်။

www.burmeseclassic.com



သူလည်း မြို့ထဲ သွားမည်ဖြစ်ကြောင်း တင်ကြိုအသိပေးထားပါလျက် "သွားမယ်နော်"ဟူသော မမ၏နှုတ်ဆက်စကားကြောင့် သူ ကြောင်တောင်တောင်ဖြစ်သွားမိသည်။

ပြီးမှ ကမန်းကတန်း အပြုံးတစ်ခုကို ပြုံးပြရင်း. . .

"ကျွန်တော်လဲ ဒီကားပဲ စီးမှာမမ"

ထို့နောက် မမနည်းတူ ကားပေါ်သို့ သူတက်လိုက်သည်။ မှတ်တိုင်တစ်ခုတည်းမှ အတူတက်ကြသူ နှစ်ယောက်ဖြစ်သည့်တိုင် ကားပေါ်မှာတော့ အတူတကွယှဉ်တွဲ၍ မရပ်မိကြ။

မမက ခုံတစ်ခု၏ လက်ရန်းဘေးနားမှာရပ်လျက် သူက ခြေနင်းခုံအစွန်းနားမှာ ရပ်လိုက်သည်။

ကားခပေးရန်အတွက် အိတ်တပ်ထဲမှ သားရေပိုက်ဆံအိတ်လေးကို သူ ထုတ်ယူချိန်မှာတော့ မမက သူ့ကို ပြုံးရင်း. . .

"တို့ . . ပေးလိုက်ပြီ" ဟု လှမ်းပြောသည်။

"အားနာစရာ မမရယ်"

"ရပါတယ် တို့မှာလဲ ကျပ်တန်တွေ ပိုနေတာ"

မမက အံရေးမကြီးဟန်နှင့် ခပ်အေးအေးပြန်ပြောသည်။ ထို့နောက်တော့ မြို့ထဲရောက်သည်အထိ သူနှင့်မမ တစ်ယောက်ကိုတစ်ယောက် စကားမပြောမိကြတော့။

သို့သော် သူကတော့ တစ်မှတ်တိုင် တစ်ခါလောက် မမကို ခိုးခိုးကြည့်နေခဲ့မိသည်။မဟာဗန္ဓုလပန်းခြံလမ်းမှတ်တိုင်အရောက် ကားပေါ်မှ ဆင်းကြတော့ မမက "သွားမယ်နော်"ဟု နောက်တစ်ခါ ထပ်နှုတ်ဆက်ပြန်သည်။

သည်တစ်ခါတော့ ကျွန်တော်လည်း မမတို့ရုံးနားကိုပဲ သွားမှာပါဟုပြောရန် မကောင်းတော့သောကြောင့် မမ၏နှုတ်ဆက်စကားကို ခေါင်းညိတ်ပြရင်း မှတ်တိုင်၌ပင် နေခဲ့ရတော့သည်။

■





"ဒီနေ့ မမ နောက်ကျတယ်နော်"

မမ မှတ်တိုင်သို့ ရောက်လာသည်နှင့် သူ မမကို ပြုံးပြရင်း လှမ်းပြောလိုက်မိသည်။ မမက သူ့စကားကြောင့် ဇဝေဇဝါဖြစ်စွာ မော့်ကြည့်ရင်း. . .

"ဟုတ်လား. . "ဟု တအံ့တဩမေးသည်။

သူ ခေါင်းညိတ်အတည်ပြုလိုက်သည်။

မမ သူ့ကို မကြည့်ဘဲ မခို့တရို့အပြုံးတစ်ခုကို ပြုံးသည်။ ထို့နောက် သူ့ဘက်သို့လှည့်ရင်း. . .

"မင်း ဘာဖြစ်လို့ ပြောနိုင်တာလဲ"

"ဗျာ. . ."

"သြော်. . . တို့ နောက်ကျတယ်လို့ မင်းဘာဖြစ်လို့ ပြောနိုင်သလဲလို့"

"ခါတိုင်း မမ ရှစ်နာရီလောက်ဆို ဒီမှတ်တိုင်ကို ရောက်နေကျမဟုတ်လား"

ရှစ်နာရီခွဲသာသာကို ညွှန်ပြနေသည့် နာရီအား တစ်ချက်ကြည့်ရင်း သူ အဖြေပေးလိုက်သည်။ သူ့အဖြေစကားကြောင့် စောစောကလို မခို့တရို့အပြုံးမျိုးကို မမ ပြုံးပြန်သည်။

မမ၏နားလည်ရခက်သော အပြုံးများကြောင့် သူ စိတ်လှုပ်ရှားစွာ သက်ပြင်းတစ်ချက်ရှိုက်ရင်း သူ့အဖြစ်ကို မမရိပ်မိနေပြီလားဟု ဇဝေဇဝါ ဖြစ်သွားမိသည်။

"ကျူးရှင်က ဘယ်အချိန်စလဲ"

တိုးညင်းသောမမ၏အမေးကြောင့် သူ ထိတ်ခနဲဖြစ်သွားသည်။ သူ မမအား တမင်တကာ လာစောင့်နေခြင်းကို မမရိပ်မိနေပြီထင်ပါရဲ့။

သူ စိတ်မောစွာတွေးရင်း. . .

"ကိုးနာရီစ,တယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



"တို့တွေ ရုံးချိန်အတိုင်းပေါ့နော်"

"ဟုတ်ကဲ့"

"ကျူရှင်က ဘယ်ဆရာ သင်သလဲ"

"ခင်ဗျာ. ."

"ဪ. . မင်းတို့ကိုသင်တဲ့ ဆရာမရဲ့ နာမည်ကို မေးတာ"

မျှော်လင့်မထားသော မေးခွန်းကြောင့် "ဟိုလေ. ."ဟု အစချီလျက် ထစ်ငေါ့စွာ ရပ်ဆိုင်းသွားသည်။

မမက သူ့အဖြစ်ကို ရိပ်မိဟန်မပြဘဲ. . .

"ဆရာမ ဒေါ်အုန်းလား"ဟု ဖျတ်ခနဲမေးသည်။

"ဟုတ်မယ် ထင်တယ်၊ ကျွန်တော်လဲ ဆရာမနာမည်ကို သေသေချာချာ မှတ်မထားမိဘူး"

သူ ဝေဝါးစွာ အဖြေပေးလိုက်သည်။

သူ့အဖြေအတွက် မမ၏တုံ့ပြန်မှုကတော့ ရင်ဖိုဖွယ်ကောင်းလှသည့် နားလည်ရခက်ခဲသော မခို့တရို့အပြုံးပဲဖြစ်သည်။

(နောင်အခါ သူ ပြန်သိရသောအချက်မှာ ထိုနေ့က မမ ရွတ်ပြသည့် နာမည်နှင့်ဆရာမမျိုး အက်ဖ်အမ်အေမှာ လုံးဝမရှိခြင်းနှင့် မမကိုယ်တိုင် အက်ဖ်အမ်အေမှာ တက်ဖူးပြီး ထိုကျူရှင်မှ ဆရာမများနှင့် ရင်းနှီးသည်ဆိုခြင်းပဲ ဖြစ်သည်)

ဘာပဲဖြစ်ဖြစ် ထိုသို့ မပိရိလှသော သူ၏လိမ်လည်မှုများကြောင့် မမသည် သူ့ရင် ထဲမှအချစ်ကို အချိန်စောစီးစွာ သတိပြုမိသွားခဲ့ခြင်းဖြစ်သည်။

ဘတ်စ်ကားပေါ်ရောက်တော့ သူက မမအတွက်ပါ ကားခ ပေးရန်အတွက် ကျပ်တန်နှစ်ရွက်ထုတ်သည်။

မမက သူ့ကို ခေါင်းခါယမ်းပြရင်း. . .

"တို့အတွက် မပေးနဲ့"

"ဘာဖြစ်လို့လဲ မမရဲ့"





သူ့အမေးကို မမက ယာဉ်စီးခွင့်ကတ်ပြားနှင့် တွဲကိုင်ထားသည့် ကူပွန်စာရွက်လေးကို ထောင်ပြခြင်းဖြင့် အဖြေပေးခဲ့သည်။

ပန်းခြံမှတ်တိုင်အရောက်မှာတော့ ခါတိုင်းနေ့များလိုပင် မမ သူ့ကို နှုတ်ဆက်သည်။ သို့သော် မမ၏နှုတ်ဆက်ပုံမှာ ခါတိုင်း အသုံးပြုနေကျ "သွားမယ်နော်"ဟူသည့် စကားသက်သက်သာ မဟုတ်ဘဲ. . .

"မင်းလဲ ကျူရှင်နောက်ကျတော့မယ်၊ မြန်မြန်သွား"

ဟူသောစကားအပြင် ထိုနေ့တစ်နေ့လုံး မမ မကြာခဏ သုံးစွဲခဲ့သည့် မခို့တရို့အပြုံးတစ်ခုပါ အဆစ်ပါသေးသည်။

■

သူနှင့်မမ မာလာမှတ်တိုင်၌ ထူးဆန်းစွာ မတော်တဆဆုံ စည်းနေကြခြင်း၏ ငါးရက်မြောက်ညနေခင်းမှာတော့ တင်ထွန်းအောင် သူ့ဆီသို့ ရောက်ရှိလာခဲ့သည်။ သူ့ကို တွေ့သည်နှင့် တင်ထွန်းအောင် စတင်မေးလိုက်သည့် မေးခွန်းကတော့. . .

"မင်းနဲ့ မမ အခြေအနေ ဘယ်လိုလဲ"

. . . ဟူသည့် မေးခွန်းပဲဖြစ်သည်။

တင်ထွန်းအောင်၏အမေးကို အသေးစိတ်တိကျစွာ အဖြေပေးချင်သော်လည်း ဘယ်လိုဖြေရမှန်းမသိသဖြင့် ဝေဝါးစွာပင်-

"ဒီလိုပါပဲ" ဟု မတင်တကျ အဖြေပေးလိုက်သည်။

တင်ထွန်းအောင်က အမြဲတမ်း လိမ်ရှုပ်နေသော ဆံပင်ကြမ်းကြီးများကို လက်နှင့်တစ်ချက် ထိုးဖွရင်း. . .

"မင်းဟာကလဲ ဘယ်လိုကြီးလဲ" ဟု ရေရွတ်သည်။

ထိုနောက် . . .

သူ့ခုတင်ပေါ်တွင် ဝင်ထိုင်ရင်း

"မလှဲ့ နေ့လယ်က ငါ့ဆီ ဖုန်းဆက်တယ်"ဟု စကားစသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျိုင်းတုံက. . အမျိုးတစ်ယောက် နေမကောင်းဖြစ်တဲ့ အကြောင်း လှမ်းပြောတယ်၊ အဲလိုပြောရင်းနဲ့ မင်းအကြောင်းပါ ပါလာတယ်"

တင်ထွန်းအောင်စကားကြောင့် သူ တင်ထွန်းအောင်ကို ဖျတ်ခနဲကြည့်ရင်း. . .

"ဘာတဲ့လဲ" ဟု စိတ်ဝင်စားစွာ မေးလိုက်မိသည်။

တင်ထွန်းအောင်က ချက်ချင်းအဖြေမပေးသေးဘဲ. . ဆေးပေါ့လိပ်ကို ဖွာရှိုက်နေသေးသည်။

ပြီးမှ . . .

"မင်း မမနောက် တကောက်ကောက်လိုက်နေတာကို မမက ရိပ်မိတယ်တဲ့"

တင်ထွန်းအောင်၏စကားကြောင့် သူ လှုပ်ခနဲ ရင်ဖိုသွားမိသည်။ မမက သူ မမနောက် တမင်လိုက်နေမှန်း ရိပ်မိတယ်တဲ့။

တကယ်တော့ မမ ထိုသို့ရိပ်မိသွားနိုင်မှန်း သူ အစောကြီးကတည်းက တင်ကြိုစိုးရိမ်နေခဲ့မိသည်။

ခုတော့. . .

သူ စိုးရိမ်နေခဲ့သလိုပင် မမ ရိပ်မိသွားခဲ့ပြီဖြစ်သည်။

သူ တင်ထွန်းအောင်မျက်နှာကို ဖျတ်ခနဲလှမ်းကြည့်ရင်း-

"နောက်တော့ ဘာပြောသေးသလဲ"ဟု မေးလိုက်သည်။

"အဲဒါပါပဲ၊ အဲဒါ မလှဲ့ကနေ တစ်ဆင့် သူ့နောက်ကို မလိုက်ဖို့ လှမ်းတားတယ်"

"လှမ်းတားတယ် ဟုတ်လား"

အံ့ဩစွာ မေးလိုက်မိသော သူ့မေးခွန်းကို တင်ထွန်းအောင်က ခေါင်းညိတ်အဖြေပေးသည်။

မမက သူ မမနောက်ကို မလိုက်ရန် လှမ်းတားသတဲ့၊

ဒါ ဘာသဘောပါလဲ မမ. . .





မမနောက်ကို မလိုက်နဲ့လို့ တားရုံနဲ့ မမကို ချစ်နေမိတဲ့ အချစ်တွေကိုပါ တားဆီးနိုင်လိမ့်မယ်လို့များ မမ ယူဆထားပါ သလား။

"မလှဲ့ကလဲ ပြောတယ်၊ မင်းကို ပြောလိုက်ပါတဲ့၊ မြတ်လေးငုံကိုလိုက်ရင် မင်း မောသွားလိမ့်မယ်တဲ့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မြတ်လေးငုံက ရည်းစားထားဖို့ ကိစ္စကို လုံးဝစိတ်မဝင်စားဘူးတဲ့၊ နောက်ပြီး မင်းက သူ့ထက် လေးငါးနှစ်လောက်ငယ်တော့ ပိုပြီးစိတ်ဝင်စားမှာ မဟုတ်ဘူးတဲ့၊ ဒီတော့ အလဟဿ အချိန်ကုန်ခံမနေပါနဲ့တဲ့"

သူ တင်ထွန်းအောင်၏စကားကို တိတ်ဆိတ်စွာ နားထောင်ရင်း သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ မမသည် သူ့မထက် လေးငါးနှစ်ငယ်သော ကောင်လေးတစ်ယောက်ကို စိတ်မဝင်စား ပါတဲ့။ ဒါပေသည့် အဲသည်ကောင်လေးကတော့ မမကို စိတ်ဝင်စားနေမိတယ်။ အဲသည်ကိစ္စကို မမ ဘယ်လိုတားမလဲ။

တင်ထွန်းအောင်က မီးသေသွားသော ဆေးပေါ့လိပ်ကို မီးညှိရင်း နှစ်ဖွာသုံးဖွာလောက် ဆက်တိုက်ဖွာရှိုက်သည်။

ထို့နောက် သူ့ကို ပြုံးလျက်ကြည့်ရင်း. . .

"ဒါပေမယ့် သူက တစ်ခုတော့ပြောတယ်၊ 'ခုလို မလှဲ့ကို ပြောပြပြီး တားခိုင်းတာဟာ မင်းကို စိတ်ဆိုးလို့ မဟုတ်ပါဘူးတဲ့၊ သူ့နောက် တကောက်ကောက်လိုက်နေတာကို သနားလို့ပါ'တဲ့၊ ဘာပဲဖြစ်ဖြစ် သနားတယ်ဆိုတာကတော့. . ကောင်းတဲ့အလား အလာပဲ"

သူ ခြောက်ကပ်စွာ ဟက်ခနဲတစ်ချက်ရယ်လိုက်သည်။

တင်ထွန်းအောင်က ပါးစောင်၌ အားပါးတရခဲထားသော ဆေးပေါ့လိပ်ကို ချွတ်ရင်း သူ့ကိုပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပွဲကတော့ သာမန်ခြေစမ်းပွဲအဆင့်ထက် ကျော်လာပြီ၊ မင်း ဘယ်လိုလုပ်မယ် စိတ်ကူးသလဲ နိုင်ကြီး"

"ငါ ဘာလုပ်သင့်တယ်လို့ မင်းထင်သလဲ"

သူ့တန်ပြန်မေးခွန်းကို တင်ထွန်းအောင်က ပခုံးတွန့်ရင်း-

"ခုလို အခြေအနေမျိုးမှာ ငါ အကြံဉာဏ်ဝင်မပေးချင်ဘူး၊ မင်းဖာသာမင်း စဉ်းစားရင် ပိုကောင်းမယ်"

"ငါ့သဘောကတော့ နောက်နေ့တွေမှာ ထပ်သွားစောင့်မယ်"

တင်ထွန်းအောင်က မျက်ခုံးပင့်ရင်း သူ့ကို တအံ့တဩကြည့်သည်။ သူက တင်ထွန်းအောင်၏အံ့ဩမှုကို ဂရုမစိုက်။

"သူ့တားတာက သူ့နောက်ကို မလိုက်နဲ့လို့ တားတာပဲ၊ သူ့ကိုမချစ်ဖို့ တားတာမှ မဟုတ်ဘဲ၊ သူ့ကို လာမကြည့်နဲ့လို့ တားတာမှ မဟုတ်ဘဲ"

"နိုင်ကြီး မင်းဆိုလိုတာက. ."

တင်ထွန်းအောင်၏ မေးခွန်းမဆုံးခင်မှာပင် သူ တင်ထွန်းအောင်ကိုကြည့်ရင်း ပြောလိုက်သည်။

"နောက်နေ့တွေ ငါ မာလာကားဂိတ်မှာ ထပ်သွားစောင့်မယ်၊ သူ့နောက်ကိုတော့ မလိုက်ပါဘူး၊ သူ့ကိုကြည့်ရုံပဲကြည့်မယ်"

သူ့စကားအဆုံး တင်ထွန်းအောင်က ရှိုခနဲလေတစ်ချက် ချွန်လျက် "အိုကေ. ."ဟု ရေရွတ်လေသည်။

♥♥♥

(၆)

မမနှင့်ပတ်သက်သည့် သူ၏စွန့်စားရမှုများအနက်မှ အခက် ခဲဆုံးအပိုင်းကို ပြောပါဟုဆိုလျှင် မမ၏သတိပေးတားမြစ်စကား နောက်ပိုင်း မမအား သွားစောင့်ကြည့်ခဲ့သည့်အပိုင်းပဲဖြစ်သည်။

မလှဲနှင့် တင်ထွန်းအောင်မှတစ်ဆင့် မမ သတိပေးခဲ့ပြီး နောက်ပိုင်းရက်များမှာ ရုံးပိတ်ရက်များဖြစ်နေခြင်းကြောင့် ထိုရက် များကို ဝတ္ထုစာအုပ်တစ်အုပ်နှင့် သူ အချိန်ဖြုန်းခဲ့ရသည်။

ထိုရက်များ၌ မမနှင့် မမ၏သတိပေးတားမြစ်ချက်များကို အချိန်ပြည့် သတိရနေမိသည်မှအပ စနေ၊ တနင်္ဂနွေနှစ်ရက်ကို ကျော်ဖြတ်ရာ၌ သူ့အတွက် ထူးထူးခြားခြား အခက်အခဲ တစ်စုံ တစ်ရာမရှိခဲ့။

အခက်အခဲရှိသောနေ့ကတော့ နောက်တစ်ပတ် ရုံးဖွင့်ရက် တနင်္လာနေ့ပဲ ဖြစ်သည်။

ထိုနေ့က မမနောက်သို့ မလိုက်တော့ရန် ဆုံးဖြတ်ထား သော်လည်း မမကို မကြည့်ရန်တော့ ဆုံးဖြတ်မထားသည့်အတွက် မာလာမှတ်တိုင်သို့ သူအချိန်မှန် ရောက်ရှိလာခဲ့သည်။

ယုဒသန်ဘက်အခြမ်း မြို့ထဲသွားမည့် ကားမှတ်တိုင်၌ ထိုင် စောင့်ပါက မမနောက်သို့ လိုက်ရန် စောင့်နေခြင်းဟု မမယူဆ သွားမည်စိုးသောကြောင့် မာလာဆောင်ဘက် ကားမှတ်တိုင်၌သာ သူ ရပ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှတ်တိုင်သည် မမတို့အဆောင်လမ်းထိပ်နှင့်ပို၍နီးသည့်အပြင် မြင်ကွင်းအနေအထားအရ မျက်စောင်းထိုးဖြစ်နေခြင်းကြောင့် မမထွက်လာပါက ကောင်းစွာမြင်နိုင်မည်ဖြစ်သည်။

ကွမ်းယာဆိုင်၌ ဝင်ဝယ်လာသည့် ဒီတ်စ်ပို့ဒူးယား သုံးလိပ်ကို တစ်လိပ်ပြီးတစ်လိပ် မီးညှိဖွာရှိုက်ရင်း မမထွက်အလာကို သူ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေခဲ့မိသည်။

ဆန့်ကျင်ဘက်မှတ် တိုင်၌ရပ်လျက် စီးကရက်ခဲရင်း စောင့်ဆိုင်းနေသော သူ့ကိုအတွေ့၌ မမ ဘယ်လိုများ ဖြစ်သွားမလဲဟူသောသိချင်စိတ်က သူ့ရင်တွင်းသို့ ညင်သာစွာတိုးဝှေ့လာခဲ့သည်။

အံ့ဩသွားမှာပဲ။

ပြီးတော့. . .

စိတ်အနှောင့်အယှက် ဖြစ်ချင်ဖြစ်သွားလိမ့်မည်။

အခန့်မသင့်ရင် သူမ တားနေတဲ့ကြားကလာစောင့်ရမလားဆိုပြီး စိတ်ဆိုးချင် ဆိုးသွားလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးမှာတော့. . သူဟာ သူမကို မတွေ့ရရင် မနေနိုင်တဲ့ ကောင်လေးတစ်ယောက်ဖြစ်ကြောင်း မမ သဘောပေါက်သွားလိမ့်မယ်။

အစီခံအထိ လောင်ကျွမ်းနေသော စီးကရက်ကို လက်ညှိုးနှင့်တောက်လျက် လွှင့်ပစ်ရင်း နာရီကို တစ်ချက်ကြည့်လိုက်သည်။ ရှစ်နာရီနှစ်ဆယ်။

သည်အချိန်ဟာ မမရောက်လာသင့်တဲ့အချိန်ပါပဲ။

စီးကရက်နောက်တစ်လိပ်ကိုထုတ်၍ မီးညှိရင်း မမထွက်လာမည့် အဆောင်လမ်းထိပ်ဆီသို့ မမှိတ်မသုန်စိုက်ငေးလျက် သူ ဆက်စောင့်နေလိုက်သည်။ သို့သော် စီးကရက် သုံးလိပ်ကုန်ပြီး အတန်ကြာသည်အထိ မမ ရောက်မလာခဲ့။

ကိုးနာရီတိတိ ထိုးချိန်မှာတော့. . .

သူ မမအတွက် စိုးရိမ်စိတ်ပူစ ပြုလာတော့သည်။





တကယ်ဆို ခုချိန်ဟာ ရုံးတက်မယ့်အမျိုးသမီးတစ်ယောက်ကားမှတ်တိုင်ကို ရောက်ရှိနေဖို့အတွက် အတော့်ကို နောက်ကျနေတဲ့အချိန်ပါပဲ။

*မမ ရုံးမတက်တော့ဘူး ထင်ပါရဲ့. . .*

*ဘာဖြစ်လို့ပါလိမ့်။*

*နေများ မကောင်းလို့လား. . .*

*ဒါမှမဟုတ်. . .*

*တခြား အရေးတကြီးကိစ္စ တစ်ခုခုများ ရှိနေလို့လား။*

မမအတွက် စိုးရိမ်သောအတွေးတို့က သူ့ကို လွှမ်းခြုံလာတော့သည်။

ယခင်က မမ အလာနောက်ကျတိုင်း သီချင်း၊ သို့မဟုတ် ကဗျာအပိုင်းအစလေးများကို ရွတ်ဆိုရင်း မမ လာသည်အထိ စိတ်အေးလက်အေးနှင့် သူစောင့်ဆိုင်းခဲ့မြဲ။

ခုချိန်မှာတော့. . .

ဘာကိုမှ ရွတ်ဆိုချင်စိတ် မရှိတော့အောင် သူ စိုးရိမ်စိတ်ပူနေခဲ့မိသည်။ ရုံးတက်ချိန်ကို တစ်နာရီသာသာ ကျော်လွန်လာချိန်မှာတော့ သူ စိတ်လျှော့ကာ အိမ်ပြန်လာခဲ့သည်။

ထိုနေ့တစ်နေ့လုံး "မမ ဘာဖြစ်လို့ ရုံးမတက်တာပါလိမ့်" ဟူသောအတွေးဖြင့် သူ မမအတွက် စိတ်ပူနေမိတော့သည်။

နောက်တစ်နေ့ နံနက်မှာတော့ ယခင်နေ့များထက်ပင်စောစီးစွာ သူ သွားစောင့်ခဲ့သည်။

သည်နေ့တော့ မမ ရုံးပြန်တက်မှာပါပဲဟူသော အတွေးနှင့်စိတ်ချယုံကြည်စွာ သူ မမကို စောင့်မျှော်နေခဲ့သည်။

သို့သော်. . .

ထိုနေ့၌လည်း သူ၏မျှော်လင့်ချက်တို့ ပါးလျှလျှော့ရဲ့စွာကြေမွသွားခဲ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်ရှည်၊ နှုတ်ခမ်းထူထူနှင့် သူ၏မမသည် ထိုနေ့၌လည်း ရုံးတက်ရန်အတွက် သူစောင့်ဆိုင်းရာ မာလာကားဂိတ်သို့ ရောက်ရှိမလာခဲ့။

▌

"ငါ သူ့အတွက် စိတ်ပူနေတယ် တင်ထွန်းအောင်"

ထိုနေ့ညနေမှာတော့ သူ တင်ထွန်းအောင်ဆီသို့ ရောက်ရှိသွားခဲ့သည်။ တင်ထွန်းအောင်က မမအတွက် စိုးရိမ်နေသော သူ့ကို "အဖြစ်သည်းရန်ကော" ဟူသည့်အကြည့်နှင့်ကြည့်ရင်း . .

"ဘာပူစရာရှိလဲကွာ၊ အချိန်တန်တော့ သူ့ဖာသာသူ ရုံးပြန်တက်မှာပေါ့"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ခု သူ ဘာဖြစ်လို့ ရုံးမတက်တာလဲ၊ ငါ သိချင်နေတယ်"

တင်ထွန်းအောင်က မေးစေ့ကို လက်ဖြင့်ပွတ်သပ်လျက် စဉ်းစားဟန်ပြုရင်း. . .

"ငါ့အထင်တော့ ဟိုဟာဖြစ်လိမ့်မယ်"

"ဟော့ကောင် မယုတ်နဲ့"

"အကောင်းပြောတာ၊ တခြားအရေးတကြီး ကိစ္စတစ်ခုခု ရှိလို့ ရုံးမတက်တာဖြစ်လိမ့်မယ်လို့ ပြောတာ"

တင်ထွန်းအောင် ရယ်ကျဲကျဲလုပ်ရင်း ထင်မြင်ချက်ပေး၏။

"ဘာပဲဖြစ်ဖြစ် မင်း အခု အဆောင်ကိုသွားပြီး မမ ဘာဖြစ်လို့ ရုံးမတက်သလဲ စုံစမ်းပေးရမယ်"

သူ့စကားကြောင့် တင်ထွန်းအောင် ခေါင်းတစ်ချက်ကုတ်သည်။

"တကယ်ပြောတာ တင်ထွန်းအောင်၊ မင်း မလှဲ့ဆီသွားပြီး တိုးတိုးတိတ်တိတ် စုံစမ်းပေးကွာ"





တင်ထွန်းအောင်က မသွားချင်သဖြင့် အင်တင်တင်ဖြစ်နေသေးသည်။ ကိုယုန်ဆိုင်မှ ကြေးအိုးတစ်ပွဲ တိုက်ပါ့မယ်ဆိုမှ ထုံးစံအတိုင်း လေတစ်ချက်ချွန်ရင်း "အိုကေ"ဟု ရေရွတ်၏။

ထို့နောက် တင်ထွန်းအောင်က အဆောင်သို့သွားစုံစမ်းရန် သူက တင်ထွန်းအောင်ကို အဆောင်လမ်းထိပ်မှ ရပ်စောင့်ရန် သဘောတူညီချက်များရယူပြီး မမတို့အဆောင်သို့ သူနှင့်တင်ထွန်းအောင် ထွက်ခဲ့ကြသည်။

ယုဒသန်ဘေး အင်းစိန်လမ်းမဘက်သို့ ဖြတ်ထွက်သည့် လမ်းကြားလေးထိပ်သို့ အရောက်မှာတော့ တင်ထွန်းအောင်အား ကြေးအိုးတိုက်ရန် မလိုတော့သည့် အခြေအနေတစ်ရပ်နှင့် ရင်ဆိုင်လိုက်ရတော့သည်။

အဖြူရောင်ရင်ဖုံးအင်္ကျီလက်ရှည်၊ လုံချည်ပန်းဆီရောင်နှင့် သူ၏မမအား လမ်းမ၏တစ်ဖက်ခြမ်းဆီ၌ တွေ့မြင်လိုက်ရခြင်းကြောင့်ပဲဖြစ်သည်။

မှတ်တိုင်မှ မောင်းနှင်ထွက်ခွာခါစ နံပါတ်ကိုးကားနှင့် မမ၏ ရုံးယူနီဖောင်းတို့ကြောင့် မမကို ဘတ်စ်ကားပေါ်မှ ဆင်းလာကြောင်းနှင့် ရုံးတက်ကြောင်းတို့အတွက် သံသယဖြစ်စရာမလိုတော့ချေ။

သူနှင့် တင်ထွန်းအောင် မမအား ငေးကြောင်ရပ်ကြည့်နေမိကြသော်လည်း မမကတော့ သူတို့အားမြင်တွေ့ပုံမရ။ ကားအရှင်းကို ခေါင်းစောင်းငဲ့လျက်ကြည့်ရင်း ကားလမ်းမကို စွေစောင်းကူးဖြတ်လာသည်။ လမ်းလယ်အရောက် လေတစ်ချက်ဝှေ့လိုက်သောကြောင့် မမ၏ဆံပင်ရှည်ရှည်ကြီးများ ဝဲခနဲဖြစ်သွားကြသည်။

ယိမ်းနွဲ့လွင့်မျောသွားကြသည့် ဆံချည်မျှင်များကို လက်တစ်ဖက်နှင့်ထိန်းရင်း နွဲ့နွဲ့လေးလှမ်းသွားသည့် မမကို သူငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မမ အဆောင်လမ်းကြောင်းလေးအတွင်းသို့ ချိုးကွေ့ဝင်ရောက်သွားချိန်မှာတော့ တင်ထွန်းအောင် စကားစသည်။

"ဘယ်လိုဖြစ်တာလဲ နိုင်ကြီး"

တင်ထွန်းအောင်၏အမေးကို သူ စိတ်ရှုပ်ထွေးစွာ ခေါင်းတစ်ချက်ယမ်းပြရင်း. . .

"ငါလဲ မသိဘူး" ဟု. . . အဖြေပေးလိုက်သည်။

"ရိုးတက်တာကတော့ သေချာတယ်၊ ငါ့စိတ်ထင် သူ တခြားမှတ်တိုင်က သွားစီးတာ ဖြစ်လိမ့်မယ်"

"ဘယ်မှတ်တိုင်လို့ မင်းထင်သလဲ"

"တံတားဖြူ ဖြစ်မှာပေါ့"

တင်ထွန်းအောင်၏စကားကို သူ ခေါင်းယမ်းငြင်းဆန်လိုက်မိသည်။

အကယ်၍ တင်ထွန်းအောင်ပြောသလို မမ တံတားဖြူမှတ်တိုင်မှာ သွားစီးပါက အဆောင်လမ်းထိပ်သို့ မမှိတ်မသုန်စိုက်ငေးနေသော သူ့မြင်ကွင်းအတွင်းမှ မမ ဖြတ်ရမည်ဖြစ်သည်။

သို့သော် မမသည် နှစ်ရက်စလုံး သူ့မြင်ကွင်းအတွင်းမှ ဖြတ်လျှောက်မသွားခဲ့။ ထိုအကြောင်း သူ တင်ထွန်းအောင်ကို ရှင်းပြလိုက်တော့ တင်ထွန်းအောင်က တွေးတွေးဆဆပုံနှင့် စဉ်းစားဟန်ပြုသည်။

ထိုနောက် လက်ဖျစ်တစ်ချက်တီးရင်း "ငါ သိပြီ နိုင်ကြီး"ဟု ရေရွတ်သည်။

"သူ ဆင်ရေတွင်းမှတ်တိုင်မှာ သွားစီးတာဖြစ်လိမ့်မယ်"

တင်ထွန်းအောင်၏လေသံက အပိုင်သိနေသည့် လေသံမျိုးဖြစ်သည်။

"သူတို့ အဆောင်လမ်းကြားလေးအတိုင်း အတွင်းဘက်ကို တည့်တည့်ဖြတ်ထွက်ရင် ဆင်ရေတွင်းမှတ်တိုင်ကို ရောက်တယ်၊





ဒီယုဒသန်ဘေးက လမ်းကြားအတိုင်းဆိုရင် စံရိပ်ငြိမ်မှတ်တိုင်ကို ရောက်တယ်၊ ဖြစ်နိုင်, မဖြစ်နိုင် မင်းဖာသာ စဉ်းစားကြည့်. ."

တင်ထွန်းအောင်၏စကားအတိုင်းဆိုပါက မမသည်မာလာမှတ်တိုင်တွင် ရပ်စောင့်နေမည့် ကောင်လေးတစ်ယောက်ကြောင့် ဆင်ရေတွင်းမှတ်တိုင်အထိ အဝေးကြီးလမ်းလျှောက်လျက်ကား သွားစီးခဲ့ခြင်းပဲ ဖြစ်သည်။

ဘာဖြစ်လို့များ ထိုမျှအထိ မမ အပင်ပန်းခံခဲ့ရပါသလဲ။

ထိုမေးခွန်း၏အဖြေကတော့ ရှင်းရှင်းလေးပဲဖြစ်သည်။

မမသည် သူနှင့်မတွေ့အောင် တမင်ရှောင်ခြင်းပင် ဖြစ်သည်။

"မင်း မနက်ဖြန် သွားစောင့်ကြည့်ပါလား"

တင်ထွန်းအောင်၏ တိုက်တွန်းမှုကို သူ ဘာမှ ပြန်မပြောဖြစ်ဘဲ ပင့်သက်တစ်ချက် ရှိုက်လိုက်မိသည်။ သူ့အား မတွေ့ချင်သောမမကို သူ သွားစောင့်လို့ ကောင်းပါ့မလားဟု ဇဝေဇဝါဖြစ်စွာ သူ နှုတ်ဆိတ်နေမိသည်။

သို့သော်. . .

သူ မမကို အဝေးမှ လှမ်းမျှော်ကြည့်ရှုရုံဆိုပါက မမ သူ့ကို မြင်တွေ့မည်မဟုတ်။ ထို့ကြောင့် နောက်ဆုံးတော့ မမကို သွားကြည့်ရန် သူ ဆုံးဖြတ်လိုက်သည်။

မနက်ဖြန်တစ်ရက်ပဲ သွားကြည့်မယ်။

နောက် မမကို ကျွန်တော် ဘယ်တော့မှ မကြည့်တော့ဘူး။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၇)

တင်ထွန်းအောင်၏စကားများအား ဇဝေဇဝါဖြစ်စွာ လာစောင့်နေခဲ့မိသော သူ့မြင်ကွင်းထဲသို့ မမ စတင်ဝင်ရောက်လာချိန်မှာ နံနက်ပိုင်းသတင်း စတင်ကြေညာချိန်ဖြစ်သည်။

သူ ရပ်စောင့်နေခဲ့သည့်နေရာမှာ အင်းစိန်ဘက် သွားမည့်ကားမှတ်တိုင်ဘက်အခြမ်း ဖြစ်သည့်ပြင် သူ့အနား၌လည်း လူထူထပ်နေသောကြောင့် မမ သူ့အား မြင်တွေ့သွားမှာကို စိုးရိမ်စရာမလိုပေ။

မမ လမ်းကြားလေးထဲမှ ထွက်လာပြီး တစ်ဖက်ခြမ်း ဆင်ရေတွင်းမှတ်တိုင်ဘက် ကူးသွားသည်ကို သူငေးကြည့်နေခဲ့သည်။ ကားမှတ်တိုင်အရောက် သူရှိရာ အခြမ်းဘက်သို့ မျက်နှာမူလျက်မှမရပ်နေသည့်တိုင် သူနှင့် မမအကြား လမ်းမပေါ်၌ ကားများထူထပ်များပြားနေခြင်းကြောင့် မမ သူ့ကို တွေ့မှာမဟုတ်ဟု သူ စိတ်ချနေလိုက်သည်။

သို့သော် အိတ်စ်ပို့ဒူးယားတစ်လိပ်ခွဲလောက် အကုန်မှာတော့ မယုံကြည်နိုင်စရာကောင်းလောက်အောင်ပင် မမျှော်လင့်ဘဲ မမ သူ့ကို တွေ့သွားခဲ့တော့သည်။

ဝိုင်းစက်သွားကြသော မမ၏မျက်ဝန်းညိုညိုများကြောင့် သူ့အတွက် မမ တအံ့တဩဖြစ်သွားပါလားဟူသော အသိနှင့်အတူ သူ မမကို အားနာသွားမိသည်။





ထိုအားနာမှုအတွက်တော့ သူ မမကို ပြုံးမပြလိုက်မိ။

သူ့အပြုံးအတွက် မမထပ်ပြီး စိတ်အနှောင့်အယှက်ဖြစ်စွာ အံ့ဩရမှာ စိုးသောကြောင့်ပဲဖြစ်သည်။

ထိုသို့ အံ့ဩနေသော အမျိုးသမီးတစ်ဦးနှင့် ထိုအမျိုးသမီး၏အံ့ဩသွားရမှုအတွက် အားနာနေသောအမျိုးသားလေးတစ်ဦးတို့ ကားလမ်းမ၏တစ်ဖက်တစ်ချက်စီ၌ ရပ်လျက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြချိန်မှာပင် အတော်ထူးဆန်းသောအဖြစ်အပျက်တစ်ခုက ဖြစ်ပွားလာခဲ့တော့သည်။

ထိုနှစ်အတွက် ပထမဦးဆုံး မိုးစက်တို့ ရုတ်တရက်ပြိုဆင်းကျရောက်လာခဲ့ခြင်းပင် ဖြစ်သည်။ မမျှော်လင့်ဘဲ မိုးရွာချလိုက်ခြင်းက သူနှင့်မမအပါအဝင် လူအတော်များများကို အလုပ်ရှုပ်သွားစေတော့သည်။

တချို့က နီးရာ အမိုးအကာအောက်သို့ ပြေးဝင်ခိုလှုံကြပြီး တချို့ကတော့ ကံကောင်းထောက်မစွာ ယူဆောင်လာခဲ့သော ထီးကို ထုတ်ဆောင်းကြသည်။

သူကတော့ နံနက်ကတည်းကပင် မိုးအုံ့နေတာ သတိပြုခဲ့မိသော်လည်း မိုးရွာလိမ့်မည်မထင်သဖြင့် ထီးယူမလာခဲ့မိ။

ထို့အပြင် နီးစပ်ရာ အမိုးအကာတစ်ခုခုအောက်သို့ မိုးဝင်ခိုရန်လည်း စိတ်မကူးမိ။ အကယ်၍ သူသာ မိုးခိုရန် ကြိုးစားနေပါက မမအား ကောင်းစွာမြင်ခွင့်ရတော့မည် မဟုတ်ပေ။

မမတော့ အနည်းငယ်မျှ ကံကောင်းသူများထဲ၌ ပါဝင်သူဖြစ်သည်။ မိုးစရွာသည်နှင့် မမလက်ထဲသို့ ခေါက်ထီးနီနီလေးတစ်လက်က မျက်လှည့်ပြသလို ရောက်ရှိလာခဲ့သည်။

မမ၏အညိုရောင်ပိုက်ဆံအိတ်ကြီးထဲမှ ထွက်လာခြင်းပဲဖြစ်သည်။ ဘာပဲဖြစ်ဖြစ် မမ၌ ထီးပါလာခြင်းအတွက် သူ ဝမ်းသာသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မမက ထီးနီနီကလေးကို ဖွင့်ဆောင်းရင်း သူ့ဆီသို့ ဖူးတ်ခနဲ တစ်ချက်လှမ်းကြည့်သည်။ မမ၏အကြည့်လက်လက် တစ်ချက်၌ လျှို့ဝှက်ချက်တစ်စုံတစ်ရာ ပျော်ဝင်မျောပါလာသည်ဟု သူ ထင်လိုက်မိသည်။ သို့သော် ထိုလျှို့ဝှက်ချက်ကိုတော့ သူ ရှာဖွေ၍ မတွေ့ရှိခဲ့။

အနည်းငယ် သည်းစပြုလာသော မိုးစက်များအောက်၌ သူသည်အတိုင်းရပ်ရင်း မမကို စိုက်ငေးကြည့်နေမိသည်။ မမက သူ့ဆီသို့ အကြည့်လွှဲလျက် ဘတ်စ်ကားလာမည့်ဘက်သို့ လှမ်းမျှော်ငေးကြည့်နေခဲ့သည်။ တအောင့်ကြာတော့ နံပါတ်ရှစ်ကား တစ်စီး မမရှေ့သို့ ထိုးဆိုက်လာခဲ့သည်။

သို့သော် ကျပ်သိပ်နေသော ထိုကားပေါ်သို့ သူ၏မမမှာ တက်ခွင့်မသာခဲ့။ ကိုယ်တစ်ခြမ်းရွဲ့စောင်းလျက် အားအင်ချည့်နဲ့နေသော ထိုနံပါတ်ရှစ်ကား ထွက်ခွာသွားအပြီးမှာတော့ မမ၏ အကြည့်လက်လက်တို့က သူ့ဆီသို့ ကျရောက်လာပြန်သည်။

သည်တစ်ခါကြည့်သော မမ၏အကြည့်တို့ကတော့ . . အတော့်ကိုကြာမြင့်လွန်းလှသည်။ မျက်ခုံးတွန့်ကွေးလျက် သူ့အား စိုက်ငေးနေသော မမ၏ပုံက တစ်စုံတစ်ရာကို ချီတုံချတုံ ဖြစ်နေပုံမျိုးဖြစ်သည်။ လေတစ်ချက်အဝှေ့၌ မိုးစက်တို့က ပိုမိုအားကောင်းကျစ်လျစ်စွာ ပြိုဆင်းလာကြသည်။

ထိုအချိန်မှာပင် မမက တစ်ခုခုကို ဆုံးဖြတ်လိုက်သည့်ဟန်မျိုးဖြင့် ထီးနီနီလေးကို လက်ပြောင်းကိုင်ရင်း သူရှိရာဘက်ခြမ်းသို့ လမ်းကူးလာတော့သည်။

မမ၏ခြေလှမ်းများ ဦးတည်ပုံ အနေအထားအရဆိုလျှင်တော့ သူ ရပ်နေသောနေရာသည် မမ၏ခရီးလမ်းကြောင်းတည့်တည့်ပေါ်တွင် ကျရောက်လို့နေတော့သည်။

ဘုရားရေ့ . . မမ သူ့ဆီကို လာနေတာပါလား။





သူ မယုံကြည်နိုင်စွာမမကိုငေးကြည့်ရင်း မမနှင့်မတွေ့အောင် ရှောင်ထွက်သွားရမလား။ ဒါမှမဟုတ် မမကို လှမ်းပြုံးပြလိုက်ရမလား။ ဝေခွဲမရစွာ ဇဝေဇဝါဖြစ်နေမိသည်။

ထိုအချိန်မှာပင် အတန်ငယ်တင်းမာနေသော မျက်နှာထားနှင့် မမက သူ့အနားသို့ ရောက်လာတော့သည်။

"မင်း. . . ဒီမှာ ဘာရပ်လုပ်နေတာလဲ"

သူ့အနားရောက်လာသည်နှင့် မမ၏နီရဲစိုလက်သော နှုတ်ခမ်းထူထူပေါ်မှ ခုန်ဆင်းကျရောက်လာသည့်စကားက ထိုစကားပဲဖြစ်သည်။

မမ၏အသံမှာ ထုံးစံအတိုင်း တိုးတိုးလေးပင် ဖြစ်သော်လည်း အတော်ပင် မာကျောကြွပ်ဆတ်၍နေသည်။ သူ မမကို နားမလည်နိုင်စွာ ငေးကြည့်နေမိသည်။

"တို့. . . မေးနေတယ်လေ"

မမက ငြိမ်သက်နေသော သူ့ဟန်ပန်ကြောင့် စိတ်မရှည်စွာ ထပ်မေးသည်။

"ကျွန်တော် ဘာလုပ်လို့လဲ မမ"

"မင်း တို့ကို ကြည့်နေတာ မဟုတ်လား"

မမ၏စွပ်စွဲချက်များက သူ့ရင်ကို အနည်းငယ်နာကျင်သွားစေခဲ့သည်။ သူ သက်ပြင်းတစ်ချက်ရှိုက်ရင်း ခေါင်းညိတ်ပြလိုက်မိသည်။

"ဟုတ်တယ်မမ၊ ကျွန်တော် မမကို ကြည့်နေတာ၊ ကြည့်ရုံလေးတင်ပါပဲ မမ၊ ကျွန်တော် မမနောက်ကို မလိုက်တော့ပါဘူး၊ စိတ်ချပါ"

သူ့စကားကြောင့် မမ စိတ်ရှုပ်ထွေးဟန်နှင့် ခေါင်းယမ်းသည်။

"မင်း အိမ်ပြန်ရင်ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးနဲ့ကြည့်တာလေးအတွက် ဒီလောက်အထိ နှမြောတွန့်တိုမနေပါနဲ့ မမ၊ ကျွန်တော့်အကြည့်မှာ အဆိပ်လူးမြားတွေ မပါပါဘူး"

နာကျင်ခြောက်ကပ်စွာ သူ ပြန်ပြောလိုက်သည်။

သူ့စကား စုတ်သပ်သံတစ်ခုနှင့်အတူ သူ မျှော်လင့်မထားမိသောစကားတို့က မမ၏နှုတ်ဖျားမှ ခပ်တိုးတိုးစီးဆင်းလာကြသည်။

"မင်း တော်တော်အပြောရခက်တဲ့ ချာတိတ်ပါလား၊ တို့ပြောတာ မင်းအတွက် ပြောနေတာ၊ မိုးရွာထဲမှာ ဒီအတိုင်းဆက်ရပ်နေရင် မင်း အအေးမိမှာစိုးလို့ ပြောနေတာ"

"အအေးမိမှာစိုးလို့"ဟူသော. . မမ၏စကားက သူ့အား အအေးမိသကဲ့သို့ ဖြစ်သွားစေတော့သည်။

မမျှော်လင့်သော ကရုဏာစကားကြောင့် အံ့ဩဝမ်းသာစွာ သူ နှုတ်ဆိတ်နေမိစဉ်မှာပင် "မင်းပြန်တော့" ဟုပြောလျက် မမ လှည့်ထွက်သွားတော့သည်။

လှပစွာ ယိမ်းနွဲ့နေကြသော ဆံပင်ရှည်များဖုံးလွှမ်းနေသည့် မမ၏နောက်ကျောပြင်ကို သူ အတန်ကြာ ငေးမောနေမိသေးသည်။

တအောင့်ကြာမှ. . . "ခဏလေးမမ"ဟု လှမ်းအော်လျက် သူ မမနောက်သို့ အပြေးလိုက်လာခဲ့သည်။

မမက ခြေလှမ်းရပ်လျက် ငဲ့စောင်းကြည့်ရင်း. . .

"ဘာလဲ"

"ဟိုလေ. . ကျွန်တော် နောက်နေ့တွေ မမကို လာစောင့်ကြည့်လို့ ရမလားဟင်"

သူ့စကားကြောင့် မမ၏မျက်ခုံးတန်းလေးများ အနည်းငယ်တွန့်ကွေးသွားကြသည်။





မှားလိုက်တာ. . . ဘာဖြစ်လို့များ ခုလို ပိုင်စိုးပိုင်နင်း အခွင့်အရေးတွေ တောင်းဆိုလိုက်မိပါလိမ့်။ သူ မျှော်လင့်ထားသကဲ့သို့ပင် မမက သူ့တောင်းဆိုမှုကို ခေါင်းယမ်းငြင်းဆန်လိုက်သည်။

"လာမစောင့်ပါနဲ့"

သည်လိုပဲ ဖြစ်ရမှာပေါ့။

သူ စိတ်ဓာတ်ကျစွာ သက်ပြင်းတစ်ချက်ချလိုက်မိသည်။

ထိုအချိန်မှာပင် မမ စကားဆက်သည်။

"မင်း တို့ကိုတွေ့ချင်ရင် မလှဲ့မောင်လေးကို အဖော်ခေါ်ပြီး တို့အဆောင်ကို လာလည်နိုင်တယ်၊ ဒါပေမယ့် နေ့တိုင်းတော့ မဟုတ်ဘူးနော်၊ တစ်ခါတလေပဲ လာလည်လို့ရမယ်"

ထို့နောက် မမ သူ့အနားမှ ထွက်ခွာသွားတော့သည်။

သူ့အံ့ဩဝမ်းသာစွာဖြင့် ထီးနီနီလေးဆောင်းလျက် ထွက်ခွာသွားသောမမကို ရပ်ငေးရင်း မိုးရေများထဲ၌ ကျန်ရစ်ခဲ့သည်။

*အဆောင်ကို လာလည်နိုင်တယ်တဲ့. . .*

ဘယ်လောက်များ အံ့ဩစရာကောင်းလိုက်တဲ့စကားပါလဲ။

ထိုနေ့က ထိုအံ့ဩစရာစကားကြောင့် သူ အမှန်တကယ်ပင် အအေးမိသွားခဲ့ရလေသည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၈)

မမတို့အဆောင်မှာ ပါလာခေါ် အဆောင်ဧည့်ခန်းမရှိသည့် လူမှုဆက်ဆံရေးကိစ္စကိုသိပ်အလေးအနက်ပြုပုံမရသောအဆောင် ဖြစ်သည်။

ထို့ကြောင့် မမတို့အဆောင်သို့ ပထမဆုံးသွားလည်သော နေ့က သူနှင့်တင်ထွန်းအောင်တို့မှာ မမနှင့်မလဲ့ကို ခေါ်ခိုင်းပြီး အဆောင်ရှေ့မှာ သည်အတိုင်း ရပ်စောင့်နေရလေသည်။

အဆောင်အတွင်းမှ အမျိုးသမီးတချို့က သူတို့နှစ်ယောက် ကို ပြူတစ်ပြူတစ်နှင့် ထွက်ထွက်ကြည့်ကြသည်။ ထိုသို့ထွက် ကြည့်တိုင်း. . သူမှာ မမတို့များလားဟု လှည့်လှည့်ကြည့်ဖြစ်ပြီး၊ မဟုတ်သောအခါ ရှက်ကိုးရှက်ကန်းနှင့် မျက်နှာလွှဲရသည်။

"ကြည့်လိုက်တာကွာ"

"ကြည့်စမ်းပါစေ၊ ကောင်မလေးတွေ ဝိုင်းကြည့်တာ ခံရ တယ်ဆိုတာ နည်းနည်းနောနောကုသိုလ်မှ မဟုတ်တာ"

တင်ထွန်းအောင်က သူ့အား အားပေးစကားဆိုလေသည်။

တအောင့်ကြာတော့ အဆောင်ထဲမှ မလဲ့ထွက်လာသည်။

မလဲ့တစ်ယောက်တည်း ဖြစ်နေခြင်းကြောင့် မမ သူတို့အား ထွက်မတွေ့တော့ဘူးလားဟု သူ စိုးရိမ်သွားမိသေးသည်။





မလဲ့က သူ့ကို ပြုံးစိစိနှင့်ကြည့်ရင်း. . .

"မြတ်လေးငုံ အဝတ်အစားလဲတုန်း၊ လာလိမ့်မယ်၊ မင်းတို့ ဟိုင်းမှာ သွားစောင့်ကြ၊ မြတ်လေးထွက်လာရင် တို့တွေလိုက်ခဲ့ မယ်"

မလဲ့၏စကားကြောင့် သူနှင့်တင်ထွန်းအောင်တို့ ဟိုင်းလက် ဖက်ရည်ဆိုင်မှာ သွားထိုင်စောင့်ရသည်။ စီးကရက်တစ်လိပ် မီးညှိ ဖွာရှိုက်ရင်း မမတို့အလာကို စိတ်လှုပ်ရှားစွာ သူ စောင့်ဆိုင်းနေ မိသည်။

တင်ထွန်းအောင်ကတော့. . .

"မင်း. . အောင်မြင်မှုအတွက်. . ."ဟုဆိုကာ ချပေးသမျှ မုန့်တွေကို တစ်ခုပြီးတစ်ခု အားပေးတော့သည်။

သူ့စီးကရက်တစ်လိပ်အကုန် တင်ထွန်းအောင် စတုတ္ထ မြောက် မုန့်စားအပြီးမှာ မမနှင့်မလဲ့ဆိုင်တွင်းသို့ ဝင်ရောက်လာ ခဲ့သည်။

မမမှာ သနပ်ခါးခြေဆုံးခေါင်းဆုံး လိမ်းထားပြီး သိပ်လည်း မသစ်၊ သိပ်လည်းမဟောင်းသော သာမန်ပေါ့ပေါ့ပါးပါး ဝတ်စုံ လေးကို ဝတ်ထားသည်။

စိုထိုင်းပိပြားသော ဆံပင်ရှည်ရှည်များအရ မမခေါင်းလျှော် ပြီးခါစ ဖြစ်ပုံရသည်။ နေရာတကျရှိနေကြသော ထိုင်ခုံပုပုလေး များကို မလိုအပ်ပါဘဲ သူ နေရာပြင်ပေးနေမိလေသည်။

"တဲ. . ဘယ်သူကျွေးမှာလဲ၊ တို့ကတော့ တီးမှာနော်"

မလဲ့က ခုံမှာဝင်ထိုင်ပြီးပြီးချင်း စကားစသည်။

တင်ထွန်းအောင်က. . .

"ဘယ်သူရှိမှာလဲ၊ နိုင်ကြီးပေါ့ မလဲ့ရဲ့၊ စားသာစား အား မနာနဲ့၊ ကျွန်တော်တောင် မုန့်လေးခု စားပြီးသွားပြီ"

"စားလေ မလဲ့ ဘာစားမလဲ၊ မမကော. ."



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကို မမက အသံတိုးတိုးလေးနှင့် . . .

"လက်ဖက်ရည်ပဲ သောက်မယ်" ဟု ဖြေသည်။

ပြီးတော့ တစ်ဆက်တည်း . . .

"တို့ရှင်းမှာနော်"ဟုပြောသည်။

သူ ကပျာကယာပင်. . .

"မဟုတ်တာဘဲ ကျွန်တော် ရှင်းမယ်"

"မင်းတို့က ညှော်သည်ပဲ တို့ရှင်းပါ့မယ်"

"ကဲပါ၊ လုရှင်းမနေကြပါနဲ့၊ နောက်လဲ ရှင်းကြရမယ့်ဟာပဲ၊ ခုကတည်းက တစ်ယောက်တစ်လှည့်စီ ရှင်းကြပေါ့"

မလဲ့က ပြောပြောဆိုဆိုနှင့် မုန့်တစ်ခုကို လှမ်းယူလျက် တစ်ကိုက်,ကိုက်သည်။ အနှောင့်အသွားမလွတ်သော စကားဟု ယူဆပါက ယူဆနိုင်မည့် မလဲ့စကားကြောင့်. . သူ အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်သွားမိသည်။

မမကတော့ မလဲ့၏စကားကို သတိပင်မထားမိသော ဟန် မျိုးဖမ်းလျက် ရေနွေးကြမ်းတစ်ခွက်ကို ခပ်တည်တည်နှင့် ငုံ့နေ သော်လည်း လျော့ရဲလှသော မမ၏ဟန်ဆောင်မှုများကြောင့် မလဲ့ ၏တိုက်ခိုက်ရေးစကားမှာ အောင်မြင်သွားကြောင်း သူသတိထား လိုက်မိသည်။

လက်ဖက်ရည်ခွက်များ လာချပြီးချိန်မှာတော့ . . .

မလဲ့က စကားစသည်။

"နိုင်လင်းသော်က အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်နှစ်နှစ်"

နှစ်ဆယ့်တစ်နှစ် ပြည့်ပြီးခါစပင် ဖြစ်သော်လည်း ခပ်တည် တည်ပင် နှစ်ဆယ့်နှစ်နှစ်ဟု သူ အဖြေပေးလိုက်သည်။

မလဲ့က. . "ဒါဆို မြတ်လေးငုံ့ထက် ငါးနှစ်တောင် ငယ်တာ ပေါ့"ဟု ရေရွတ်သည်။





မလဲ့သည် မလိုအပ်ဘဲ သူနှင့် မမ၏အသက်ကွာဟမှုကို တကူးတက တွက်ချက်ပြလိုက်ခြင်းဖြင့် မမနှင့် သူ့အားထပ်မံ၍ ရှက်ကိုးရှက်ကန်း ဖြစ်သွားစေခဲ့သည်။

နှင်းဆီရောင်နုနုမျက်နှာနှင့် မမက မလဲ့အား ဟန့်တားဟန် နှင့် အဓိပ္ပာယ်ပါပါ တစ်ချက်စိုက်ကြည့်လိုက်သဖြင့်. . .

"တို့နဲ့ဆိုရင်တော့ ခြောက်နှစ်တောင်ငယ်တယ်"ဟုစကား လွှဲသွားခဲ့သည်။

"မမ မုန့်စားလေ"

နှုတ်ဆိတ်ငြိမ်သက်နေသော မမကို ဝေ့ဝဲကြည့်ရင်း မုန့်ပန်း ကန်ကို မမရှေ့သို့ တိုးပေးလျက် သူ ပြောလိုက်သည်။

မမက ခေါင်းယမ်းရင်း. . .

"တော်ပြီ၊ ထမင်းစားချိန်နီးနေလို့" ဟု ငြင်းဆန်သည်။

ထို့နောက် မလဲ့နှင့် တင်ထွန်းအောင်၏စကားများကို တစ် ခွန်းစနှစ်ခွန်းစ ဝင်ပြောဖြစ်ကြသည်မှအပ သူနှင့်မမ တိုက်ရိုက် စကားမပြောဖြစ်ကြတော့။

ပြန်ခါနီး ပိုက်ဆံရှင်းကြချိန်မှာတော့ သားရေပိုက်ဆံအိတ် လေးအတွင်းမှ ပိုက်ဆံထုတ်ယူရန် ပြင်နေသော သူ့ကို မမက တည့်တည့်စိုက်ကြည့်ရင်း. . .

"တို့ရှင်းမှာနော်"ဟု အစ်မကြီးတစ်ယောက်၏လေသံမျိုးနှင့် ခပ်တည်တည်ပြောသည်။

သူ တားဆီးငြင်းဆန်ချိန်မရခင်မှာပင် မမက စားပွဲထိုးလက် ထဲသို့ ကိုးဆယ်တန်တစ်ရွက် ထည့်ပေးလိုက်သည်။

ထို့နောက် သူ့ကို ဝေ့ဝဲကြည့်လျက်. .

"နောက်တစ်ခါမှ ရှင်းပေါ့"ဟု ခပ်တိုးတိုးပြောသည်။

မလဲ့က. . "တစ်ယောက်တစ်လှည့်စီပေါ့ဟယ်၊ နောက်လဲ နင်တို့ လာကြဦးမှာပဲ"ဟု အဓိပ္ပာယ်ပါပါ ဝင်နှောက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မလှဲ၏စကားကို သူက ရှက်ရယ်ရယ်လိုက်ပြီး မမကတော့ မကြားဟန်ဆောင်လိုက်လေသည်။

ဟိုင်းမှအထွက် နွတ်ဆက်လမ်းခွဲပြီးချိန်မှာတော့ မလှဲ၏ အနှောင့်အသွား မလွတ်သောစကားနှင့်မမ၏ရှက်မျက်နှာလေးက သူ့အား တစ်လမ်းလုံး ရင်ခုန်စေခဲ့တော့သည်။

အိမ်အပြန်လမ်း၌ တင်ထွန်းအောင်က သူ့ပခုံးကို ပုတ်ရင်း "အခြေအနေကတော့ အိုကေပဲ နိုင်ကြီး၊ နှစ်ဖက်စလုံး ခုမှ သွေးပူလာတာ၊ အနိုင်အရှုံးအတွက် ကိုးသွင်းဖို့ပဲ ကျန်တော့တယ်"

တင်ထွန်းအောင်၏စကားကို သူ ဘာမျှ ပြန်မပြောမိ။

နားထဲ၌ "နောက်တစ်ခါမှ ရှင်းပေါ့"ဟူသော မမ၏အသံလေးကိုသာ ကြားယောင်နေမိသည်။

၂

သည့်နောက်ပိုင်းမှာတော့ သူနှင့်မမ၏ ဆက်ဆံရေးအခြေအနေမှာ လျှင်မြန်စွာ တိုးတက်လာခဲ့တော့သည်။

ထိုဆက်ဆံရေးတိုးတက်မှုများထဲ၌ (မမက တစ်ခါတလေပဲ လာလည်လို့ရမယ်ဟု ခွင့်ပေးခဲ့ခြင်းဖြစ်သည့်တိုင်) သူနှင့်တင်ထွန်းအောင် မမအဆောင်သို့ မကြာခဏ သွားလည်ခြင်း၊ သူတို့ရောက်သွားတိုင်း မမနှင့်မလှဲက ဟိုင်းမှာလက်ဖက်ရည်လိုက်တိုက်ခြင်းနှင့် ရုံးပိတ်ရက် မမတို့ ဈေးဝယ်ထွက်ရာ၌ သူတို့နှစ်ယောက် အဖော်အဖြစ် လိုက်ခွင့်ရရှိခြင်းတို့လည်း အပါအဝင်ဖြစ်လေသည်။

ထိုရက်များအတွင်း တင်ထွန်းအောင်နှင့် မလှဲတို့၏ကောင်းမှုကြောင့် မမ၏အကြောင်းများကို သူ အတော်အတန်သိခွင့်ရခဲ့သည်။ မမသည် မြစ်ဝကျွန်းပေါ် မြို့ကလေးတစ်မြို့မှ မိခင်အိုကြီးကိုခွဲလျက် ရန်ကုန်မှာ တစ်ယောက်တည်း အလုပ်လာလုပ်သူ ဖြစ်သည်။





မလှဲ၏စကားများအရ မမသည် မိခင်ကို အလွန်ချစ်သူ ဖြစ်လေသည်။

"ရောက်စတုန်းက အမြဲတမ်း တမှိုင်မှိုင်တတွေတွေနဲ့၊ ငါက ရည်းစားပူမိနေတာ အောက်မေ့လို့၊ မဟုတ်ပါဘူး၊ မြို့က သူ့အမေကိုလွမ်းလို့တဲ့၊ ငယ်ငယ်လေးကတည်းက အမေတစ်ခုသမီးတစ်ခု နေခဲ့တာဆိုတော့ သူ့အမေကို ချစ်မှာပေါ့"

မမ၏မှုန်ဝါးလှသော အတိတ်အကြောင်းအရာများအပြင် သူ့အတွက် အရေးကြီးသော အကြောင်းအရာတစ်ခုကိုလည်း မလှဲက ပြောပြခဲ့သည်။ ယင်းမှာ မမ၌ ရည်းစားလုံးဝ မရှိသေးဟူသည့် အကြောင်းပဲဖြစ်သည်။

"ဟို. . ငယ်ငယ်တုန်းက ရှိခဲ့ဖူးရင်တော့ မပြောတတ်ဘူးပေါ့ဟာ၊ ငါနဲ့တွေ့ပြီးတော့ ရည်းစားအကြောင်း ပြောသံ တစ်ခါမှ မကြားဖူးဘူး၊ ငါက နောက်ပြောင်ပြီး ရည်းစားလေးဘာလေး ထားပါလားလို့ တိုက်တွန်းတာကိုတောင် ခါးခါးသီးသီးငြင်းတာ၊ ဒါကြောင့်. . ဟိုတစ်လောတုန်းက နင် မြတ်လေးငုံကို လိုက်ရင်မောသွားလိမ့်မယ်လို့ ငါ ပြောခဲ့တာပေါ့"

"ခုကျတော့လဲ နိုင်ကြီးအပေါ် အခြေအနေ ကောင်းနေပါလား"

တင်ထွန်းအောင်က တအံ့တသြပြောသည်။

မလှဲက ခေါင်းညိတ်ရင်း "ကောင်းမှာပေါ့၊ သူက နိုင်လင်းသော်ကို သူ့မောင်လေးအရင်းလို သဘောထားနေတာကိုး"

မလှဲစကားက သူ့အတွက် ဝမ်းသာစရာလား၊ ဝမ်းနည်းစရာလား။ သူ ဝေခွဲမရ ဖြစ်သွားမိသည်။

"သူစိမ်းတစ်ရံဆံအနေအထားကနေ မောင်လေးအရင်းလို သဘောထားလာတယ် . . ဆိုကတည်းက အခြေအနေဆိုး မဆိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တင်ထွန်းအောင် အကောင်းမြင်စွာ ဝင်မှတ်ချက်ချသည်။

မလှဲကတော့. . .

"သူက နင့်ကို မောင်လေးလို သဘောထားနေတာ၊ နင် အနေအထိုင် ဆင်ခြင်နော်၊ မဟုတ်မဟတ်တွေ လျှောက်မလုပ်နဲ့"

"ဘာလဲ မလှဲရဲ့၊ မဟုတ်မဟတ်ဆိုတာ"

"မဟုတ်မဟတ်ဆိုတာ ဘာလဲ၊ နင် ပိုသိမှာပေါ့"

မလှဲက သူ့ကို မျက်စောင်းခဲရင်း ပြောသည်။

သူ ပေါ့ပါးစွာပင် ရယ်မောနေလိုက်မိသည်။

သို့သော် မမက သူ့အားမောင်လေးတစ်ယောက်လိုသဘော ထားနေသည်ဆိုခြင်းကတော့ သူ့စိတ်ကို အနှောင့်အယှက် ဖြစ်စေ ခဲ့သည်။

တကယ်ဆိုလျှင် သူမအား ချစ်သူတစ်ယောက်လို သဘော ထားနေသည့် ကောင်လေးတစ်ယောက်အား သူမက သူမ၏ မောင်လေးအဖြစ်. . သဘောထားနေခြင်းသည် ထိုကောင်လေး အတွက်ရော သူမအတွက်ပါ အလွန်အန္တရာယ်များသည့်ကိစ္စ တစ်ခုဖြစ်ကြောင်း မမ သဘောပေါက်ဖို့ ကောင်းလေသည်။

ထိုသို့ သူမအား သဘောပေါက်စေချင်သော စေတနာဖြင့် နည်းမျိုးစုံကို ရှာကြံစဉ်းစားခဲ့သည့်တိုင် လောလောဆယ်မှာတော့ ရှာဖွေ၍ မတွေ့ခဲ့ပါပေ။

မိုးဖွဲလေးများ ခပ်စိပ်စိပ်ကျဆင်းနေပြီဖြစ်သည့် ထိုကာလ ၏တစ်ခုသော ရုံးပိတ်ရက်မှာတော့ မမတို့ ဈေးဝယ်ထွက်ရာသို့ သူနှင့်တင်ထွန်းအောင် လိုက်ပါခွင့်ရကြသည်။

ဈေးထိပ်ရှိ အထမ်းနှင့်ရောင်းသော ဆီတို့ဟူးသည်ရှေ့ အရောက် မမက. . .

"သွားချင်သွားနှင့်ကြ၊ တို့. . ဆီတို့ဟူး ဝယ်လိုက်ဦးမယ်"ဟု ပြောသည်။





တင်ထွန်းအောင်နှင့် မလှဲက ခေါင်းညိတ်ရင်းဆက်လျှောက် သွားကြသော်လည်း သူကတော့ မမ အနား၌ ချန်နေရစ်ခဲ့သည်။

ဆီတို့ဟူးအလွန်ကြိုက်သော မမက သူမအတွက် တစ်ပတ် စာဆီတို့ဟူးများ ဝယ်သည်။ သူကတော့ မမဘေး၌ရပ်လျက် မမကိုသာ ငေးကြည့်နေမိသည်။

ဆီတို့ဟူးဖိုးရှင်းတော့ ဈေးသည်က ပိုက်ဆံအမ်းရခက်ဟန် နှင့် ကျပ်တန်တစ်ရွက်ပေးပါဟု တောင်းသည်။ သည်မှာပင် ဘယ် ကဘယ်လို စိတ်ကူးရလိုက်သည်မသိသော အခေါ်အဝေါ်နှင့် မမ သူ့ကို လှမ်းမေးသည်။

"ညည်းမှာ ကျပ်တန်တစ်ရွက်လောက်ပါလား"

အတော့်ကို အံ့ဩဖွယ်ကောင်းပြီး အတော်လည်း စိတ် ပျက်ဖွယ်ကောင်းသည့် အခေါ်အဝေါ်ပဲဖြစ်သည်။

"ညည်းတဲ့. . ."

ဘယ်လိုကြောင့်များ သည်လိုအခေါ်အဝေါ်မျိုးကိုသုံးနှုန်းဖို့ မမ စိတ်ကူးရလိုက်ပါလိမ့်။

"ဟဲ့. . ကျပ်တန်ပါလားလို့"

မမ၏ညည်းကြောင့် အံ့ဩစိတ်ပျက်စွာ မှင်တက်နေမိသော သူ့ကို မမက ထပ်မေးသည်။ သူ ပိုက်ဆံအိတ်ထဲမှ ကျပ်တန်တစ် ရွက်ကို ကပျာကယာပင် ထုတ်ပေးလိုက်သည်။

ဆီတို့ဟူးသည်ရှေ့မှ ထွက်လာကြသောအခါမှာတော့ သူ မမကို မေးလိုက်သည်။

"မမ ကျွန်တော့်ကို ဘာဖြစ်လို့ ညည်းလို့ခေါ်တာလဲ"

မမက ခပ်ပြုံးပြုံးမျက်နှာနှင့် လှည့်ကြည့်ရင်း. . .

"ခေါ်မိလို့လား"

"စောစောကလေ. . ကျပ်တန်တောင်းတုန်းက"

"ဘာရယ် မဟုတ်ပါဘူး၊ အဲလိုခေါ်ချင်လို့ ခေါ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ အဲလိုခေါ်ချင်ရတာလဲ"

"ဘာဖြစ်လို့မှ မဟုတ်ပါဘူး၊ ဒီလိုပဲ ချစ်စနိုးခေါ်တာပေါ့ နိုင်လင်းသော်ရဲ့"

မမက သူ့ကိုမကြည့်ဘဲ ခပ်အေးအေးပင် အဖြေပေးလိုက်သည်။ မမ၏အမူအရာက မောင်လေးတစ်ယောက်အား ရိုးရိုးသားသား ရှင်းပြနေသည့် အစ်မကြီးတစ်ယောက်ပမာ ပေါ့ပေါ့ပါးပါးရှိလှသည်။

သို့သော် သူကတော့ မမ၏ ချစ်စနိုးဟူသော ဝေါဟာရကြောင့် လေးလေးပင်ပင် စိတ်လှုပ်ရှားသွားမိသည်။

▌

"မင်း ဖွင့်ပြောလိုက်တော့ နိုင်ကြီး"

မမ သူ့အား မောင်လေးတစ်ယောက်ပမာ သဘောထားနေခြင်းကြောင့် သူ စိတ်အနှောင့်အယှက်ဖြစ်နေမိကြောင်း တင်ထွန်းအောင်ကို ဖွင့်ဟတိုင်ပင်ချိန်မှာတော့ တင်ထွန်းအောင်၏အကြံပေးချက်က ထိုအတိုင်းပင် ဖြစ်သည်။

"ဖြစ်ပါ့မလား တင်ထွန်းအောင်"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ မင်း ဒီအချိန်မှ မပြောရင် ဘယ်အချိန်သွားပြောမလဲ"

"ငါ ဘယ်လိုပြောရင် ကောင်းမလဲ"

"မြန်မာလိုပဲ ပြောပေါ့"

တင်ထွန်းအောင်က ခပ်တည်တည်နောက်ရင်း တဟားဟားရယ်သည်။ သူ တင်ထွန်းအောင်ကို အသံတိတ်လှမ်းဆဲလိုက်သည်။ တင်ထွန်းအောင်က အရယ်ရပ်ရင်း. . .

"ငါ အကောင်းပြောတာ နိုင်ကြီး၊ မင်း ဖွင့်ပြောဖို့ကောင်းပြီ၊ ဘယ်လို ပြောမလဲ၊ ဘယ်တော့ ပြောမလဲဆိုတာကတော့ မင်း





ဟာသာ မင်းစဉ်းစားပေါ့၊ ဘာပဲဖြစ်ဖြစ် ပြောဖြစ်အောင်တော့ ပြော၊ ကြာရင် ဒီထက်ပိုပြီး ပြောဖို့ခက်သွားလိမ့်မယ်"

တင်ထွန်းအောင်၏တိုက်တွန်းစကားတို့ကို သူ နှုတ်ဆိတ်စွာပင် ငြိမ်သက်နားထောင်နေလိုက်မိသည်။

တင်ထွန်းအောင် တိုက်တွန်းသကဲ့သို့ပင် သူ မမကို ဖွင့်ပြောသင့်ပြီဖြစ်ကြောင်း စဉ်းစားလိုက်မိသော်လည်း ဘယ်လိုဖွင့်ပြောရကောင်းမလဲဟု ဝေခွဲမရ ဖြစ်နေမိသည်။

တကယ်တော့ "မမကို ချစ်တယ်"ဟူသော စကားလေးကို ရေရွတ်လိုက်ဖို့အတွက် ဘာမှ အင်အားစိုက်ထုတ်ရမည်မဟုတ်သော်လည်း ထိုသို့ရေရွတ်ရဲရန် သတ္တိကို စုစည်းဖို့အတွက်ကတော့ ပင်ပန်းတကြီးနိုင်လွန်းလှသည်။

ထို့ပြင် သူ မမကို ချစ်ကြောင်း. . ဖွင့်ပြောလိုက်ချိန်၌ မမ စိတ်ဆိုးသွားလေမလားဟူသော စိုးရွံ့စိတ်ကလည်း သူ၏သတ္တိတို့ကို အင်အားချည့်နဲ့စေပြန်လေသည်။

သည်လိုနှင့်ပင်. . ရက်ပေါင်းများစွာအား မမကို ဖွင့်ပြောဖြစ်ရန် သတ္တိမွေးရင်း မမကို ဖွင့်ပြောသည့်အခါ၌ အသုံးပြုရန် စကားလုံးရွေးချယ်ရင်း တိတ်ဆိတ်စွာပင် သူ ကျော်ဖြတ်ဖြစ်ခဲ့သည်။

သို့သော် မိုးအလွန်ရွာသည့် တစ်ခုသော ရုံးဖွင့်ရက်နေ့တစ်နေ့မှာတော့ သူ မမ၏ရုံးသို့ ပထမဦးဆုံးအကြိမ်အဖြစ် ရောက်ရှိသွားခဲ့သည်။

ထိုနေ့က မမျှော်လင့်ဘဲ ပထမဦးဆုံးအကြိမ်အဖြစ် သူနှင့် မမ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ နှစ်ယောက်တည်း အတူထိုင်ဖြစ်ခဲ့ကြသည်။ ပြီးတော့ မမျှော်လင့်ဘဲ ပထမဦးဆုံးအကြိမ်အဖြစ် သူ မမကို ရည်းစားစကား ပြောဖြစ်သွားခဲ့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၉)

*"ကျွန်တော် မမကို ချစ်နေတယ် မမ"*

ထိုစကားမှာ ဝါကျတည်ဆောက်ပုံအားဖြင့် ပြေပြစ်မှုမရှိသည့်အပြင် ထိုစကားတိုတိုလေးအတွင်းမမဟူသောစကားလုံးက နှစ်ကြိမ်တိတိ ထပ်ပါနေသည့် အလွန်ရယ်စရာကောင်းလှသောစကားပဲ ဖြစ်သည်။

သို့သော် မမကတော့ ထိုစကားကို မရယ်ခဲ့။

"ဘာပြောတယ် နိုင်လင်းသော်. . ."

မမ အံ့သြဟန်နှင့် မျက်ခုံးပင့်ရင်း မေးသည်။

မမ၏အသံမှာ မာဆတ်ဆတ်ဖြစ်နေသည့် အသံမျိုးမဟုတ်သလို စိတ်အနှောင့်အယှက်ဖြစ်နေသည့် အသံမျိုးလည်းမဟုတ်။

မမ၏အသံက အလွန်တည်ငြိမ်လှသည်။ ထို့အတူ မမ၏မျက်နှာအမူအရာကလည်း တည်ငြိမ်လွန်းလှသည်။

တကယ်တော့ ရည်းစားစကား အပြောခံလိုက်ရသောအမျိုးသမီးတစ်ယောက်အနေနှင့် သည်လောက်အထိ တည်ငြိမ်နေဖို့မကောင်းပါ။

ဘာပဲဖြစ်ဖြစ်. . မမ စိတ်လှုပ်ရှားသင့်သည်။ အနည်းဆုံးရှက်သွားတာမျိုး၊ ဒါမှမဟုတ် စိတ်ဆိုးတာမျိုး ဖြစ်သင့်သည်။





သို့သော် သူ၏မမကတော့ ရှက်တက်တက်ဖြစ်မနေသလိုစိတ်လည်း ဆိုးမနေခဲ့။

"ညည်းက တို့ကို ချစ်တယ် . . ဟုတ်လား"

မမ သူ့ကို စူးစိုက်ကြည့်ရင်း မေးသည်။ သူ မမ၏အကြည့်တို့ကို ရှောင်လွှဲလျက် ခေါင်းညိတ်ပြလိုက်သည်။

"ဘာဖြစ်လို့ ချစ်တာလဲ"

တကယ်တော့ ထိုသို့မေးမြန်းရန် မလိုအပ်ကြောင်း မမသဘောပေါက်ဖို့ကောင်းသည်။ သူ မမကိုကြည့်ရင်း "မသိဘူး မမ"ဟု ရိုးရိုးလေးအဖြေပေးလိုက်သည်။

"မင်းက တို့ကိုချစ်တယ်၊ ဒါပေမယ့် ဘာဖြစ်လို့ ချစ်မှန်းမသိဘူး။ ရယ်စရာကောင်းမနေဘူးလား"

ဒါကတော့ မမ သူ့ကို လှောင်ပြောင်လိုက်တာပါ။ သူ မမကို စိတ်တိုတောင်းစွာ စူးစိုက်ကြည့်ရင်း တစ်လုံးချင်းဖြေလိုက်သည်။

*"ကျွန်တော်တော့ မထင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ . . အချစ်ဆိုတာဟာ အကြောင်းပြချက် မခိုင်လုံဘဲ သူ့အလိုလိုပေါ်ပေါက်လာတတ်တာပဲ"*

သူ့စကားအဆုံးမှာတော့ မမ ဘာမှမပြောတော့ဘဲ နှုတ်ဆိတ်သွားသည်။

သည်လိုနှင့် မင်းမင်းကျော် လက်ဖက်ရည်ဆိုင်၏အတွင်းဘက်စားပွဲတစ်လုံး၌ သူနှင့်မမမှာ အရာမယွင်းသေးသည့် လက်ဖက်ရည်ခွက်ကိုယ်စီ ရှေ့ချလျက် အကြာကြီး ငြိမ်သက်နေခဲ့ကြတော့သည်။ သူ စိတ်မရှည်နိုင်လောက်သည့် အချိန်ကာလတစ်ခုကြာမှ မမ စကားစသည်။

"တို့. . မင်းကို မောင်လေးတစ်ယောက်လိုပဲ ခင်တယ်"

မမ စကားကြောင့် သူ မမကို ဖျတ်ခနဲ မော့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမက သူ့ကို လုံးဝမကြည့်ဘဲ ခေါင်းငုံ့လျက် မျက်လွှာချထားသည်။

မမက သူ့ကို မောင်တစ်ယောက်လိုပဲ ခင်သတဲ့။

ဒါပေမယ့် သူကတော့ မမကို ချစ်သူတစ်ယောက်လိုပဲ မြင်နေမိတယ်။ အဲဒါကို မမ ဘယ်လိုဖြေရှင်းမလဲ။

မမ စားပွဲခုံစွန်းကို လက်သည်းနှင့်ကုတ်ခြစ်နေရာမှ သူ့ကို မော့်ကြည့်ရင်း ခပ်ဖြည်းဖြည်းပြောသည်။

"ညည်း တို့ကို အစ်မအရင်းတစ်ယောက်လို သဘောထားနိုင်တယ်၊ အဆောင်ကိုလဲ အလည်လာနိုင်တယ်၊ ဒါပေမယ့် တို့အချစ်ကို မမျှော်လင့်နဲ့ နိုင်လင်းသော်"

"ဘာဖြစ်လို့လဲ မမ"

သူ့အမေးကို ချက်ချင်းအဖြေမပေးသေးဘဲ သက်ပြင်းတစ်ချက်ချရင်း ခေတ္တတုံ့ဆိုင်းသည်။

ပြီးမှ အသံတိုးတိုးလေးနှင့် တစ်လုံးချင်းပြောသည်။

"တို့. . . မင်းကို မချစ်ဘူး"

မမ၏စကားက သူ့ရင်ကို စစ်ခနဲနာကျင်သွားစေတော့သည်။

■

သည့်နောက်ပိုင်းမှာတော့ သူနှင့်မမ၏ အခြေအနေမှာ ဟိုစဉ်ကာလများကလိုပင် ပြန်ဖြစ်နေတော့သည်။

"အဆောင်ကိုလည်း အလည်လာနိုင်တယ်"ဟု မမ ပြောခဲ့သည့်တိုင် ထိုနေ့ညနေ မမအဆောင်သို့ သူ ရောက်သွားချိန်မှာတော့ "နေမကောင်းလို့"ဟူသော စကားကို အကြောင်းပြလျက် မမ ဆင်းမတွေ့ခဲ့။

"နင်နဲ့ မြတ်လေး ဘာဖြစ်တာလဲ"





မလဲ့က အခြေအနေကို ရိပ်စားမိဟန်နှင့် စူးစမ်းသော်လည်း သူ မလဲ့ကို ဘာမျှ အဖြေပြန်မပေးဘဲ ခေါင်းသာယမ်းပြမိသည်။

"နေဦး. . ငါ မြတ်လေးကို နည်းနည်းပါးပါး မေးစမ်းကြည့်လိုက်ဦးမယ်၊ နင် နက်ဖြန်လာခဲ့"

"နေပါစေ မလဲ့၊ ကျွန်တော်လဲ မလာတော့ပါဘူး"

"ဟဲ့. . ဘယ်လိုဖြစ်တာလဲ"

မလဲ့က တအံ့တဩရေရွတ်သည်။

သူ ခေါင်းတစ်ချက်ယမ်းရင်း. . .

"သူမှ ကျွန်တော့်ကို မတွေ့ချင်ဘဲ၊ ကျွန်တော် မလာတော့ပါဘူး"

"မဟုတ်သေးပါဘူး နင့်ဟာကလဲ"

မလဲ့ မည်သို့ပြောသည်ဖြစ်စေ၊ သူကတော့ မမအဆောင်ကို မသွားတော့။ သို့သော် မာလာကားဂိတ်ဖိုတော့ နေ့တိုင်းလိုလို သူ ရောက်သွားတတ်သည်။

ယခင်ကလို မမ၏ရုံးတက်ချိန်သာ မဟုတ်ဘဲ ရုံးဆင်းချိန်ပါ မမကို သွားစောင့်ကြည့်ခဲ့ခြင်း ဖြစ်သည်။

ပထမဆုံး သူ စစောင့်သည့်နေ့က မမစီးမည့် မှတ်တိုင်၏ တစ်ဖက်ခြမ်းပလက်ဖောင်းမှာ ရပ်နေသော သူ့ကို တွေ့တော့ မမ အံ့ဩသွားခဲ့သည်။

အကယ်၍ သူသာ မမကို ဆက်ကြည့်နေပါက မမ သူ့ကို ပြုံးပြကောင်း ပြုံးပြမည်ဖြစ်သည်။

သို့သော်. . သူကတော့ ပြည်ပအိတ်စ်ပို့ ဒူးယားစီးကရက်ကိုသာ ခေါင်းငုံ့လျက် သဲသဲမဲမဲ ဖွာရှိုက်ရင်း မမ၏အကြည့်တို့ကို မသိကျိုးကျွန်ပြုနေခဲ့သည်။

သူ့ဆီမှ မမအကြည့်လွှဲသွားချိန်မှာတော့ သူ မမကို ပြန်လည်ငေးမောနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့်ပင် မမ သူ့ကို ကြည့်သောအချိန်များ၌ သူမမကို မကြည့်ဘဲ၊ မမ သူ့ကို မကြည့်သောအချိန်များ၌သာ မမကို ငေးမောကြည့်ရင်း မမ၏ရုံးတက်ရုံးဆင်းချိန်များကို သူ အချိန်မှန်မှန် သွားစောင့်ဖြစ်ခဲ့သည်။

ထိုအတောအတွင်း မမရှိရာတစ်ဖက်ခြမ်းသို့ သူ ကူးမသွားခဲ့သလို၊ မမကလည်း သူရှိရာဘက်အခြမ်းသို့ ကူးလာပြီး တစ်စုံတစ်ရာ ပြောဆိုတာမျိုး မရှိခဲ့။

သို့သော် တတိယမြောက်ညနေပိုင်းမှာတော့ မမျှော်လင့်သောအခြေအနေပြောင်းလဲမှုတစ်ခုက သူနှင့်မမအကြား ကျရောက်လာခဲ့သည်။

ထိုနေ့က မမပြန်ရောက်မည့် ရုံးဆင်းချိန်ထက်စော၍ မာလာမှတ်တိုင်မှာ သူ သွားစောင့်နေခဲ့သည်။

ပုံမှန်အားဖြင့် ဆိုလျှင်တော့ မမ ပြန်ရောက်တတ်သည့် အချိန်မှာ (၅)နာရီဝန်းကျင် ဖြစ်သည်။

သို့သော် ထိုနေ့က (၅)နာရီ ကျော်လွန်သည့်တိုင် မမ ရောက်မလာခဲ့။ (၆)နာရီ ထိုးသည့်အချိန်မှာတော့ သူ စိတ်ပျက်စပြုလာတော့သည်။

ပြန်လျှင်ကောင်းမလားဟူသည့် အတွေးကိုလည်း စတင်တွေးတောစ ပြုလာသည်။

သို့သော် ထိုအချိန်မှာပင် သူ ပြန်ရန် မဖြစ်နိုင်တော့သည့် မိုးရွာခြင်းကိစ္စက ပေါ်ပေါက်လာတော့သည်။

ယုဒသန်ဘက်အခြမ်း ကားဂိတ်အမိုးအောက်သို့ သူ ပြေးဝင်လိုက်ရတော့သည်။

မိုးမှာ ဆိုးဆိုးရွာရွာပင် သည်းထန်သော မိုးပဲဖြစ်သည်။

မိုးရွာထဲ၌ ထီးမပါဘဲ သည်အတိုင်းပြန်ရန်သူ့အတွက်မခက်လှသော်လည်း ရေစိုပါက စာအုပ်ဖိုးပေးလျော်ရမည် ဟူသည့်





အငှားဆိုင်မှ ဝတ္ထုစာအုပ်တစ်အုပ် သူ့လက်ထဲ ရှိနေခြင်းကတော့ စိတ်ပျက်ဖွယ်ကောင်းလှသည်။

ထိုသို့သော အကြောင်းများ ကြောင့် မိုးသဲသဲမဲမဲရွာနေသည့် မာလာမှတ်တိုင်၏ကားဂိတ်အမိုးအောက်၌ ည(၇)နာရီကျော်သည်အထိ သူ မမကို ဆက်စောင့်ဖြစ်သွားတော့သည်။

ခုနစ်နာရီခွဲလောက်မှာတော့ ရေးနေ့ကားကြီးနှင့်အတူ မမ ရောက်လာခဲ့သည်။

ကားပေါ်မှ ဆင်းပြီးပြီးချင်းပင် ထီးနီနီလေးကို ငုံ့စောင်းလျက် သူရှိရာ မှတ်တိုင်ဆီသို့ မမ လှမ်းကြည့်သည်။

မမ သူ့ကိုတွေ့မည်မဟုတ်ဟု သူ မျှော်လင့်ထားသော်လည်း ရုတ်တရက် ကျရောက်လာသည့် ကားတစ်စီး၏မီးရောင်တန်းအကူအညီနှင့် မမ သူ့ကို မြင်သွားခဲ့သည်။

ယင်း၏ရလဒ်ကတော့ မမ သူ့ဆီသို့ ရောက်လာခဲ့ခြင်းပဲဖြစ်တော့သည်။

"ဒီအချိန်ကြီး မင်း ဒီမှာ ဘာလုပ်နေတာလဲ"

မမ၏အသံက အနည်းငယ် ကျယ်၍ အနည်းငယ်တင်းပြတ်သော အသံမျိုးဖြစ်သည်။

သူ့ရှေ့သို့ ရောက်ရှိလာသောမမကို မော့်ကြည့်ရင်း. . .

"ကျွန်တော် ဘာလုပ်နေသလဲ မမ သိတာပဲ"

မမ စုတ်တစ်ချက်သပ်သည်။

"တို့. . . အချိန်ပို အလုပ်ဆင်းနေလို့ နောက်ကျနေတာ၊ တကယ်လို့ တို့ တစ်ညလုံးပြန်မလာရင် မင်း ဘယ်လိုလုပ်မလဲ"

"ဆက်စောင့်မှာပေါ့"

"သိပ်ခက်ပါလား"

မမ ခေါင်းခါယမ်းရင်း ညည်းညည်းညူညူ ရေရွတ်သည်။

"လွယ်အောင်လုပ်တဲ့နည်းတွေ မမ သိသား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်မင်း ဘာများအောက်မေ့နေသလဲ နိုင်လင်းသော်၊ ဟင်း. . မင်း ခုလို တို့ကို လာစောင့်နေတော့ကော တို့က မင်းကို ပြန်ချစ်လာမှာလား"

"ဒါ မမ စဉ်းစားရမယ့်ကိစ္စပါ"

"မင်း တော်တော်ခက်တဲ့ကလေးပါလား၊ ခု မိုးတွေရွာနေတယ်၊ မင်း ဘယ်လိုပြန်မလဲ"

"အဲဒါ ကျွန်တော် စဉ်းစားရမယ့်ကိစ္စပါ"

"မင်း. . တို့ကို ဂျစ်တိုက်မနေစမ်းနဲ့ နိုင်လင်းသော်၊ တို့ မင်းအတွက် ပြောနေတာ၊ သိလား"

"ကျွန်တော့်အတွက်. . မမပြောရမယ့်စကားက တစ်ခွန်းတည်းရှိတာပဲ"

သူ့စကားအဆုံးမှာတော့ မမ၏အကြည့်စူးစူးတစ်ချက်က သူ့ဆီသို့ လျှပ်တစ်ပြက်ရောက်လာတော့သည်။

ထို့နောက် အမိုးစွန်းအပြင်ဘက်မှ မိုးစက်တို့ကို တစ်ချက်ဝေ့ဝဲကြည့်ရင်း. . .

"ဒီမယ် မင်း. . တို့နဲ့ အဆောင်ကိုလိုက်ခဲ့၊ ပြီးတော့ တို့ထီး မင်းယူသွား"

"ရပါတယ်၊ ကျွန်တော် ဒီအတိုင်းပြန်မယ်"

"မင်း ရူးနေသလား၊ ဒီလောက် မိုးသည်းနေတာ မင်းဖျားမှာပေါ့"

"အကြောင်းမဟုတ်ပါဘူး၊ ဖျားတာက အသည်းကွဲသလောက် အခံရမခက်ပါဘူး"

"ဒီမယ် နိုင်လင်းသော် မင်း ပြဇာတ်ထဲက စကားလုံးတွေနဲ့ တို့ကို လာပြောမနေနဲ့၊ ခုအဆောင်မှာ တို့နဲ့ ထီးလိုက်ယူ၊ ပြီးရင် မနက်ဖြန် ခုနစ်နာရီ ဒီကားဂိတ်က စောင့်၊ တို့ လာခဲ့မယ်"

"ဘာအတွက်လဲ"





"ဘာအတွက်လို့ဆိုတာ မနက်ဖြန် မင်းသိရမယ်၊ ကဲ. . လာ နိုင်လင်းသော်၊ တို့ သိပ်နောက်ကျနေပြီ၊ အဆောင်ပိတ်သွားလိမ့်မယ်"

သည်လိုနှင့် မမ၏သုံးဆစ်ချိုးခေါက်ထီးနီနီလေးက သူ့အား ဒုတိယအကြိမ် ဒုက္ခပေးခွင့်ရသွားခဲ့ပြန်သည်။

လမ်းမီး ကျိုးတိုးကျဲတဲနှင့် အလွန်မည်းမှောင်သော လမ်းကြားလေးအတွင်း. . .

အလွန်သေးငယ်သော ထီးလေးတစ်လက်ကို မမနှင့်အတူ ဆောင်းခဲ့ရသော ထိုအချိန်သည် အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းပြီး၊ အလွန်လည်း ရည်းစားစကားပြောချင်စဖွယ် ကောင်းသော အချိန်ပဲ ဖြစ်သည်။

သို့သော် ထိုညက သူ မမကို ရည်းစားစကားထပ်မပြောဖြစ်ခဲ့။ မမ၏ မနက်ဖြန် (၇)နာရီကိုသာ အလွန်ရင်ခုန်စွာ စိတ်စောနေသောကြောင့်ပဲ ဖြစ်သည်။

♥♥♥

www.burmeseclassic.com

(၁၀)

နောက်တစ်နေ့ နံနက်မှာတော့ မမက သူ့ထက်ပင် စောစီးစွာ ကြိုရောက်နေခဲ့သည်။

သူ မမ၏ ထီးနီနီလေးကို ပြန်ပေးလိုက်သည်။

"မင်း အချိန်ရတယ်မဟုတ်လား"

ထိုမေးခွန်းမှာ မလိုအပ်သော မေးခွန်းပဲဖြစ်သည်။

သို့သော် သူကတော့ ထိုမလိုအပ်သော မေးခွန်းကို ခပ်သွက်သွက်ခေါင်းညိတ်ပြလိုက်သည်။

"လမ်းလျှောက်ရင်း စကားပြောတာပေါ့"

မမ၏ဦးဆောင်မှုနှင့် အင်းလျားကန်ဘက်ဆီသို့ သူတို့နှစ်ယောက်လမ်းလျှောက်ခဲ့ကြသည်။

လမ်းလျှောက်ရင်း စကားပြောမယ်ဟု မမ ပြောခဲ့သည့်အတိုင်း အချိန်အတန်ကြာသည်အထိ မမ စကားမစ။ အင်းလျားကန်ပေါင်နားရောက်ခါနီးမှ မမ သူ့ကို မေးသည်။

"မင်း တို့အကြောင်း ဘယ်လောက်သိသလဲ"

"မမမှာ ချစ်သူ မရှိသေးဘူးဆိုတာကလွဲလို့ ဘာမှ မသိဘူး"

"ဘာမှ မသိဘဲ မင်း တို့ကို ဘာဖြစ်လို့ ချစ်ရတာလဲ"

***"အချစ်ဆိုတာ သင်္ချာတစ်ပုဒ်မှ မဟုတ်ဘဲ မမ၊ အချက်အလက်တွေ အများကြီးသိထားစရာ မလိုပါဘူး၊ ဘာမှ မသိဘဲလဲ ချစ်လို့ရပါတယ်"***





မမ မဲ့ပြုံးတစ်ချက်ပြုံးသည်။

ကန်ပေါင်ပေါ်ရှိ ခုံတန်းလျားလေးနားအရောက်မှာတော့ "ထိုင်ရအောင်"ဟု မမ ပြောသည်။

မမက ခုံ၏တစ်ဖက်စွန်းမှာထိုင်ပြီး သူက တခြားတစ်ဖက်စွန်းမှာ ထိုင်ဖြစ်သည်။

*"တို့ အပျိုမဟုတ်ဘူးဆိုရင် မင်း ဘယ်လိုလုပ်မလဲ"*

ထိုမေးခွန်းမှာ သူ မျှော်လင့်မထားသည့် မေးခွန်းပဲဖြစ်သည်။ ထို မျှော်လင့်မထားသောမေးခွန်းက သူ့ရင်ကို အတော်လှုပ်ခတ်သွားစေခဲ့သည်။

"ကျွန်တော် သိသလောက်တော့ မမမှာ အိမ်ထောင်မရှိပါဘူး"

***"အိမ်ထောင်မရှိရင် အပျိုဟုတ်ရောလား"***

"အပျို ဟုတ်တာ၊ မဟုတ်တာက အချစ်မှာ သိပ်အဓိက မကျလှပါဘူး"

*"ဘယ်လိုနည်းနဲ့ အပျိုမဟုတ်ခဲ့သလဲ၊ မင်းသိလို့လား"*

စစ်တုရင်ထိုးသလို တစ်ကွက်ပြီးတစ်ကွက် ရှေ့သို့တိုးလာသည့် မမ၏မေးခွန်းများကြောင့် သူ စိတ်ရှုပ်ထွေးသွားသည်။ သူ စိတ်ချဉ်ပေါက်စွာ ခပ်ဆတ်ဆတ်လေသံနှင့် ပြောလိုက်သည်။

"မမနဲ့စကားပြောရတာ ကျွန်တော့်အတွက် လက်ဝှေ့ထိုးရသလိုပဲ သိပ်ပင်ပန်းတယ်၊ မမ ကျွန်တော့်ကို ဘာပြောချင်တာလဲ၊ ရှင်းရှင်းပြောပါ"

သူ့စကားကြောင့် မမ သက်ပြင်းချရင်း အဝေးသို့ အကြည့်လွှဲသည်။ သူ မမ၏မျက်နှာကို အကဲခတ်သလို စိုက်ကြည့်နေမိသည်။ မမ၏မျက်နှာက သနပ်ခါးမှုန်မှုန်နှင့် လှပနေသည်ဆိုခြင်းမှအပ အခြားသော တစ်စုံတစ်ရာကို သူ အကဲခတ်၍ မရ။

မမ သူ့ကို ဖျတ်ခနဲလှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . .

"တို့ အိမ်ထောင်ကျဖူးတယ် နိုင်လင်းသော်"

မမ၏စကားကြောင့် ရင်ထဲမှာ လှပ်ခနဲဖြစ်သွားမိသည်။

မမ အိမ်ထောင်ကျဖူးသတဲ့။

ဟင့်အင်း. . ဒါ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

သူ ခပ်တိုးတိုးရယ်လိုက်သည်။

"မမနောက် တကောက်ကောက်မလိုက်ဖို့ မမ တားချင်တားပါ၊ အဆောင်ကို အလည်မလာဖို့ မမ တားချင်တာပါ၊ ကားဂိတ်မှာ လာမစောင့်ဖို့ မမ တားချင်တားပါ. . .

ဒါပေမယ့် မမကို မချစ်ဖို့တော့ မတားပါနဲ့ မမ၊ အချစ်ဆိုတာ ဝိတ်ပင်တားဆီးကောင်းတဲ့အရာ မဟုတ်ပါဘူး၊ မမ ကျွန်တော့်ကို ဘယ်လိုပဲ စိတ်ပျက်အောင် ပြောပြော ကျွန်တော်ကတော့ မမကို ချစ်နေမှာပဲ၊ အဲဒါကိုတော့ မမ နားလည်ထားပါ"

"တို့ မင်းကို စိတ်ပျက်အောင် တမင်လိမ်ပြောနေတာလို့ မင်း ထင်တယ်ပေါ့"

"မထင်ပါဘူး၊ သိနေတာပါ"

မမ မဲ့ပြုံးတစ်ချက် ပြုံးသည်။

ထို့နောက် သူမ၏ပိုက်ဆံအိတ်ထဲမှ ဓာတ်ပုံစာအုပ်တစ်အုပ်ကို ထုတ်၍ သူ့ကို လှမ်းပေးသည်။

"မင်း ဖွင့်ကြည့်လေ"

ဓာတ်ပုံအယ်လ်ဘမ်လေးမှာ ဆံပင်အလယ်ခွဲ ကျော်ဟိန်းပုံနှင့် မြန်မာပြည်ဖြစ် စာအုပ်ကလေးဖြစ်သည်။

စာအုပ်ကို မရဲတရဲနှင့် သူ ဖွင့်ကြည့်လိုက်သည်။

ကျော်ဟိန်းပုံနှင့် အဖုံး၏အတွင်းဘက် မျက်နှာ၌ "ကိုကျော်မြင့်သန်း၊ မမြတ်လေးငုံတို့အတွက် အမှတ်တရ"ဟူသော စာတန်းလေးတစ်ခု ရေးထားသည်။





လက်ဆောင်ပေးသူ၏အမည်ကတော့. . အင်္ဂလိပ်စာလုံးအတိုကောက်များဖြစ်ပြီး နေ့စွဲက လွန်ခဲ့သည့်လေးနှစ်ကျော်ကျော်ကဖြစ်သည်။

ထိုအဖုံး၏ ညာဘက်ခြမ်းပထမဆုံးပုံမှာ မင်္ဂလာပွဲတစ်ခု၏ မှတ်တမ်းတင်ပုံ ဖြစ်သည်။ နေရာအနေအထားအရ အိမ်ရှေ့၌ပင် မဏ္ဍပ်ထိုးကျင်းပသည့် နယ်မင်္ဂလာဆောင်ဖြစ်ဟန်တူသည်။

သတို့သားမှာ အသားဖြူဖြူ၊ အရပ်ပုပုဖြစ်ပြီး သတို့သမီးကတော့ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းထူထူများနှင့် သူ၏မမပဲ ဖြစ်ပါသည်။

သူ မမကို ဖျတ်ခနဲ တစ်ချက်မော့ကြည့်လိုက်သည်။

မမက ခပ်တည်တည်ပင် သူ့ကိုငေးရီကြည့်ရင်း ဆက်ကြည့်ပါဟူသော သဘောနှင့် ခေါင်းဆတ်ပြသည်။

ထိုစာအုပ်တစ်အုပ်လုံး ထိုမင်္ဂလာပွဲအား ရှုထောင့်အမျိုးမျိုးမှ ရိုက်ထားသော ရောင်စုံဓာတ်ပုံများချည်းဖြစ်သည်။ ထိုဓာတ်ပုံစာအုပ်တွင်းပါ အချက်အလက်များအရ ဆိုလျှင်တော့. . .

မမသည် လွန်ခဲ့သော လေးနှစ်ကျော်က အိမ်ထောင်ကျခဲ့ဖူးသည့် အမျိုးသမီးဖြစ်ကြောင်း သံသယဖြစ်စရာ မလိုတော့။

နှမြောတသခြင်း၊ နာကျင်ကြေကွဲခြင်း၊ အံ့သြမယုံကြည်နိုင်ခြင်းတို့နှင့်အတူ သူ မမကို ရီဝေစွာငေးကြည့်ရင်း စာအုပ်လေးကို ပြန်ပေးလိုက်သည်။ မမက စာအုပ်ကိုယူ၍ ပိုက်ဆံအိတ်ထဲပြန်ထည့်ရင်း သူ့ကို မကြည့်ဘဲ ဖြည်းညင်းစွာ စကားစသည်။

"လွန်ခဲ့တဲ့ လေးနှစ်ကျော်လောက်က တို့နဲ့ ဆွေမျိုးနီးစပ်တော်တဲ့ လူတစ်ယောက်နဲ့အိမ်ထောင်ကျခဲ့တယ်၊နှစ်နှစ်လောက်ပဲ ပေါင်းဖြစ်တယ်၊ သူနဲ့တို့ နှစ်ဦးသဘောတူ ကွာရှင်းလိုက်ကြတယ်၊ ကွာရှင်းပြီးပြီးချင်းပဲ တို့ရန်ကုန်ကို ပြောင်းလာပြီး ဒေါ်ဥက္ကလာ အဒေါ်အိမ်မှာ ခဏနေတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



. . . နောက် အသိတစ်ယောက်အကူအညီနဲ့ စည်ပင်မှာ အလုပ်ဝင်ခဲ့တယ်၊ အလုပ်ရတော့ ဒီအဆောင်ကိုပြောင်းပြီး နေခဲ့တယ်၊ တို့ . . ရန်ကုန်ကို တစ်ယောက်တည်း ဘာဖြစ်လို့ လာခဲ့ရသလဲဆိုတော့ သူနဲ့ မျက်နှာချင်းမဆိုင်ချင်တော့လို့ပဲ"

မမ၏စကားများက သူ့နားထဲသို့ ပူလောင်ပြင်းရှစွာ စီးဝင်လာကြသည်။ သူ မမဆီကို အကြည့်လွှဲလျက် သူ့ရှေ့မှ မြေပြင်ကို စူးစိုက်ငေးကြည့်နေမိသည်။

"တို့ ရန်ကုန်ရောက်ကတည်းက ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ပြောမပြဖြစ်ခဲ့ဘူး၊ တို့အခန်းဖော် မလှဲ့ကိုတောင် မပြောခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တို့အတိတ်ကို သတိပြန်မရချင်တော့လို့ပါ၊ ဒါပေမယ့် မနေ့ညကတော့ မလှဲ့ကို ပြောပြဖြစ်သွားတယ်"

မမက စကားကိုရပ်ရင်း သူ့ကို တစ်ချက်ငဲ့စောင်းကြည့်သည်။ ထို့နောက် ထိုင်ရာမှ ဖြည်းညင်းစွာ ထ,ရပ်လျက် . . .

"တို့ဟာ အိမ်ထောင်ကျခဲ့ဖူးတဲ့ မိန်းမတစ်ယောက်ပါ၊ ပြီးတော့ မင်းထက်လဲ အသက်အများကြီး ကြီးတဲ့ မိန်းမတစ်ယောက်ပါ၊ ဒီတော့ မင်း တို့ကို မချစ်ပါနဲ့၊ မင်းနဲ့ သက်တူရွယ်တူ တခြားမိန်းကလေးတစ်ယောက်ယောက်ကို ရှာချစ်ပါ၊ ကဲ တို့သွားမယ်"

သူ့အား နှုတ်ဆက်စကားဆိုရင်း မမ သူ့အနားမှ ထွက်ခွာသွားခဲ့သည်။ အကျီအဖြူ လုံချည်ပန်းနုရောင်နှင့် နွဲ့ယိမ်းညင်သာစွာ လျှောက်လှမ်းသွားသော မမကို သူ ငေးကြည့်နေမိသည်။

အတန်ကြာမှ သူ ထိုင်ရာမှထလျက် မမနောက်သို့ ခပ်သွက်သွက်လိုက်လာခဲ့သည်။

"မမ . . ."

သူ့ခေါ်သံကြောင့် မမ ဖျတ်ခနဲ လှည့်ကြည့်သည်။

မမ၏မျက်နှာက တစ်စုံတစ်ရာအတွက် အံ့ဩနေသည့် မျက်နှာမျိုးဖြစ်သည်။





"မမ . . ကျွန်တော့်ကို အဲဒီအကြောင်းတွေ ဘာဖြစ်လို့ ပြောပြရတာလဲ"

သူ့အမေးကြောင့် သူ့မျက်နှာကို မမ စူးစမ်းဟန်နှင့်ကြည့်သည်။

"ဘာဖြစ်လို့ ပြောပြရသလဲ ဟုတ်လား၊ ဘာဖြစ်လို့လဲဆိုတော့ . . မင်း တို့ကို မချစ်စေချင်လို့ပဲ၊ ဒီမှာ နိုင်လင်းသော် . . တို့ဟာ ယောကျ်ားနဲ့ကွဲခဲ့တဲ့ တစ်ခုလပ်၊ ပြီးတော့ . . ."

"အကြောင်းပြချက်တွေကို ကျွန်တော် စိတ်မဝင်စားဘူး မမ၊ ကျွန်တော် စိတ်ဝင်စားတာ မမရဲ့အချစ်ပဲ၊ မမကို ဘာကြောင့် မချစ်သင့်ဘူးတို့၊ ဘာကြောင့်ချစ်သင့်တယ်တို့ ကျွန်တော် မသိဘူး၊ ကျွန်တော် သိတာ ကျွန်တော် မမကို ချစ်တယ်၊ ဒါပါပဲ"

"မင်း ရူးနေသလား"

"ကျွန်တော် ရူးနေခဲ့တာ မမကို စတွေ့ပြီးကတည်းက ဒီနေ့အထိပဲ"

"နိုင်လင်းသော် . . တို့ဟာ . ."

မမစကားကို အဆုံးသတ်ခွင့်မရ . . .

မမ၏လက်တစ်ဖက်ကို သူ ဖျတ်ခနဲလှမ်းကိုင်လိုက်သည်။

"မမ . . ကျွန်တော့်ကို ချစ်တယ်မဟုတ်လားဟင်"

အံ့ဩထိတ်လန့်သောမျက်နှာနှင့် မမ သူ့ကိုကြည့်ရင်း သူ့မ၏လက်ကို ရုန်းရန်ကြိုးစားသည်။

"ပြောပါ မမ၊ မမ . . ကျွန်တော့်ကို ချစ်တယ်မဟုတ်လား၊ မမ ကျွန်တော့်ကို ပြန်မချစ်ရင် ကျွန်တော် သေလိမ့်မယ်"

သို့သော် သူ ဘယ်လိုမေးမေး၊ မမက ခေါင်းကိုသာ ထိတ်လန့်တကြားဟန်ဖြင့် ခါယမ်းပြခဲ့သည်။

ထို့နောက် သူ့မ၏လက်ကိုရုန်းရင်း သူ့အနားမှ ပြေးထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်ပင် အိတ်စ်ပို့ဒူးယား အလိပ်နှစ်ဆယ်လောက်ကို မာလာကားဂိတ်မှာ. . နောက်ထပ် သုံးရက်လောက် သူ ဆက်သောက်ပြခဲ့ရသည်။

တတိယမြောက်ညနေခင်းမှာတော့ သူရှိရာ ကားမှတ်တိုင်ဘက်သို့ မမ လမ်းကူးလာသည်။ မမ၏မျက်နှာအမူအရာက မမထံမှာ သူ တစ်ခါမှ မတွေ့ဖူးသေးသည့် အမူအရာမျိုးဖြစ်သည်။

"မင်း. . နောက် တို့ကို လာမစောင့်နဲ့တော့ နိုင်လင်းသော်"

မမ၏စကားကြောင့် သူ မမကို ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။ သူ့အကြည့်က အလွန်ရိုင်းဝေသည်ဟု မမ ထင်မှတ်သွားရသည့်အသံမျိုးနှင့် သူ မေးလိုက်သည်။

"ဘာဖြစ်လို့လဲ မမ"

သူ့မေးခွန်းအဆုံး မမ သူ့ကို လုံးဝမကြည့်ဘဲ မူမမှန်သောအသံနှင့် ခပ်တိုးတိုးပြောသည်။

*"မနက်ဖြန်ကစပြီး မင်း တို့အဆောင်ကို လာလည်နိုင်ပြီ"*

ထို့နောက်

သူ့အနားမှ မမ ခပ်သွက်သွက်ထွက်ခွာသွားတော့သည်။

မမ သူ့အား အဖြေပေးခဲ့ပုံကတော့ . . .

ထိုအတိုင်းပင် ဖြစ်သည်။

♥♥♥

# ဒုတိယကဏ္ဍ

(၁)

သူနှင့်မမ ချစ်သူများဖြစ်သွားခဲ့ကြသော အထိမ်းအမှတ်အဖြစ် အမှတ်တရ အစီအစဉ် အတော်များများကို သူ လုပ်ခဲ့သည်။

ပထမဆုံးအစီအစဉ်ကတော့. . .

မမအပါအဝင် မလှဲ့တို့ မောင်နှမနှစ်ယောက်အား ကိုယုန်မှာ ကြေးအိုးတိုက်ခြင်းပဲဖြစ်သည်။ တင်ထွန်းအောင်က ကြေးအိုးအလကားသောက်ရခွင့်အတွက် ကျေးဇူးမတင်ဘဲ အတွန့်တက်သည်။

"ကြေးအိုးပဲလား နိုင်ကြီးရ"

"ကြေးအိုးပဲပေါ့၊ မင်းက ဘာစားချင်လို့လဲ"

"အနည်းဆုံး ဟိုတယ်တစ်ခုမှာ ကျွေးသင့်တာပေါ့ကွ"

"ကျွေးမလို့ပါပဲ၊ ဘွတ်ကင်မရလို့"

"ဘယ်ဟိုတယ်လဲ"

"အင်းလျားလိပ်လေ၊ ဝါကျွတ်မှ ရမယ်တဲ့"

တင်ထွန်းအောင်က အသံပြကြီးနှင့် တဟားဟားထရယ်သည်။ မလှဲ့ကတော့ ပါးစပ်ကို လက်ဝါးနှင့်အုပ်လျက် ခပ်တိုးတိုးသာရယ်မောသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မရယ်သူကတော့ မမပဲဖြစ်သည်။

မမက ရှက်ပြုံးတစ်ခုကိုသာ မချိုမချဉ်ပြုံးလျက် နှာခေါင်းရှုံ့ရင်း သူ့နားသို့ကပ်ကာ အရူးဟု တိုးတိုးလေးပြောသည်။

ထိုနေ့က သူတို့လေးယောက် ကိုယုန်သို့ သွားကြပုံမှာ နှစ်စီးတွဲယာဉ်များကဲ့သို့၊ တင်ထွန်းအောင်တို့မောင်နှမက ရှေ့မှတစ်တွဲ၊ သူနှင့်မမက နောက်မှတစ်တွဲ တွဲလျက်သွားခဲ့ကြခြင်းဖြစ်သည်။

လမ်းတွင် သူ အလွန်မေးချင်နေသော မေးခွန်းတစ်ခုကို မမအား မေးခဲ့သည်။

"မမ. ."

မမက ဘာလဲဟုလဲ မမေး၊ ပြောလေဟုလဲ စကားမပေးဘဲ မေးကိုသာ ဆတ်ပြသည်။

"မမ ကျွန်တော့်ကို ချစ်ရဲ့လား"

မမက ရှက်ရယ်ရယ်ရင်း. . .

"မချစ်ဘူး"

"အကောင်းမေးနေတာ မမရဲ့၊ မမ ကျွန်တော့်ကို ချစ်တယ်လို့ မပြောသေးလို့"

"လိုသေးလို့လား"

"အသေအချာလိုတာပေါ့၊ ကဲ. . ပြော"

မမက အမျိုးသမီးတော်တော်များ၏ အဖြေပေးပုံအတိုင်း "အင်း"ဟုသာ ခေါင်းညိတ်ပြသည်။

ထိုသို့ ဖြေပုံမျိုးကိုတော့ သူ သဘောမကျ။

ထို့ကြောင့် အမျိုးသားအတော်များများ၏ အဖြေတောင်းပုံအတိုင်း "ချစ်တယ်လို့ မပြောရင် အတင်းဖက်နမ်းမယ်"ဟု ခြိမ်းခြောက်လျက် အဖြေတောင်းခဲ့ရသည်။

လှည်းတန်းမီးပွိုင့်နားရောက်ခါနီးမှာတော့ မမ အဖြေပေးပါသည်။





"ချစ်တယ်. . တဲ". . တဲ့။

ဒါလည်း အမျိုးသမီးအတော်များများ၏ ထုံးစံအတိုင်းပဲဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူသည်လည်း အမျိုးသားတော်တော်များ၏ ထုံးစံအတိုင်း ထိုနေ့က ငွေတစ်ရာနီးပါး အကုန်ခံ၍ သူနှင့်မမ ချစ်သူများဖြစ်သွားကြခြင်း အထိမ်းအမှတ်ပွဲကို ကျင်းပခဲ့ပါသည်။

ထိုအစီအစဉ်အပြီး. . ဒုတိယမြောက် အစီအစဉ်ကတော့ နောက်တစ်နေ့နံနက်၌ မမ၏အဆောင်သို့ အစောကြီးသွားပြီး ရုံးလိုက်ပို့ခွင့်တောင်းခြင်းပဲ ဖြစ်သည်။ ပထမတော့ မမက အင်တင်တင်ဖြစ်စွာ ငြင်းဆန်နေသေးသည်။

"မပို့ပါနဲ့ နိုင်လင်းသော်ရဲ့၊ တို့ဖာသာတို့ သွားလဲရတာပဲ"

"ဘယ်ဟုတ်မလဲ မမရဲ့၊ မမ တစ်ယောက်တည်းချည်းဥစ္စာ"

သူ့စကားကြောင့် မမ ခပ်တိုးတိုးရယ်သည်။

"ဟဲ့. . အရင်ကလဲ တစ်ယောက်တည်း သွားနေကျပဲ. . ဟာကို"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် အရင်က မမမှာ ရည်းစားမှ မရှိဘဲ"

"ခုကော. ."

မမက မျက်ခုံးနှစ်ခုကိုပင့်ရင်း တကယ်မသိသည့် ပုံစံမျိုး တမင်လုပ်လျက် မေးသည်။

"ခု. . မမမှာ ရည်းစားရှိနေပြီလေ"

"ဘယ်မှာလဲဟင်"

"ဒီမှာပေါ့. ."

ရင်ကော့လျက် လက်မနှင့် သူ့ကိုယ်ကို ညွှန်ပြလိုက်သည်။ မမက တအံ့တဩဟန်နှင့် သူ့ကို သေသေချာချာ ကြည့်ရင်း. .

"ဩော်. . မင်းက တို့ရည်းစားကိုး"



www.burmeseclassic.com

www.burmeseclassic.com



မမ၏နောက်ရွှတ်ရွှတ် အမူအရာကိုကြည့်ပြီး သူ ရယ်မောလိုက်သည်။

ထို့နောက် မျက်နှာကိုတည်ရင်း. . .

"မမ ကျွန်တော့်ကို စိတ်တိုအောင် မလုပ်နဲ့နော်၊ ကျွန်တော်က စိတ်တိုရင် ဖက်နမ်းတတ်တယ်"

"ဟုတ်လား ဟုတ်လား။ ဒါဖြင့် စိတ်မတိုပါနဲ့ နိုင်လင်းသော်ရယ်၊ တို့ တောင်းပန်ပါတယ်၊ ညည်း တို့ကို ရုံးလိုက်ပို့ချင်ပို့လေ"

သည်လိုနှင့် သူ မမကို ရုံးလိုက်ပို့ခွင့်ရသွားခဲ့သည်။

ထိုနေ့က သူတို့စီးသောကားမှာ ရေနော့ကားဖြစ်သည်။

ပူပူနွေးနွေးချစ်သူဖြစ်ခါစ သူနှင့် မမအတွက်ဆိုလျှင်တော့ ထိုကားကြီးမှာ ကျပ်လွန်းလှပါသည်။ မမနှင့်သူက အေးချင်းယှဉ် လျက်ရပ်နေမိသောကြောင့် မရည်ရွယ်ဘဲ ပခုံးစွန်းချင်းထိနေမိကြသည်။

သို့အတွက် သူ မမကို အားနာနေမိသော်လည်း ပခုံးစွန်းချင်းမထိအောင်တော့ သူ အတင်းအကျပ်မကြိုးစားခဲ့။

ကားပေါ်မှအဆင်း မဟာဗန္ဓုလပန်းခြံလမ်းအရောက်မှာတော့. . မမ သူ့ကို ပြောသည်။

"တော်ပြီ၊ ညည်း ဒီနားက လှည့်ပြန်တော့"

"ဘာဖြစ်လို့လဲ မမရဲ့၊ ရုံးနားဖြင့် မရောက်သေးဘဲနဲ့"

"ရုံးနားထိဆိုရင် တို့ဆက်ရှင်က လူတွေ တွေ့သွားလိမ့်မယ်"

"တွေ့. . . . ဘာဖြစ်လဲ"

"ဝိုင်းစပ်စုကြမှာပေါ့ နိုင်လင်းသော်ရဲ့"

"စပ်စုတော့လဲ မောင်နှမလို့ပြောလိုက်ပေါ့"

"ယုံလိမ့်မယ် အားကြီးကြီး"

"ဘာ. . မယုံစရာရှိသလဲ၊ မမက မဟုတ်တာ ပြောတာမှ မဟုတ်ဘဲ"





မင်းမင်းကျော် လက်ဖက်ရည်ဆိုင်အတွင်း. . သူ့အား မမ ပြောခဲ့သောစကားနှင့် မမကို ပြန်ရိလိုက်သည်။ မမက သူ့ကို မျက်စောင်းလှမ်းထိုးသည်။ ထိုမျက်စောင်းက ဘာကြောင့်မှန်းမသိ။ သူ့ရင်အား အတော့်ကို ခုန်သွားစေခဲ့သည်။

"ပြန်တော့လေ"

ရိုးလ်ကုမ္ပဏီနားရောက်တော့ ခြေလှမ်းတို့ကိုရပ်ရင်း မမ သူ့ကို လှမ်းပြောသည်။

သူ ခေါင်းယမ်းရင်း. . .

"ရုံးဝအထိ လိုက်ပို့မယ်"

"မကဲနဲ့ကွာ"

"ကိုယ့်ချစ်သူ ကိုယ်ရုံးလိုက်ပို့တာ ကဲတာမှ မဟုတ်ဘဲ"

"ပြန်ပါတော့ နိုင်လင်းသော်ရယ်၊ တို့ ရှက်လို့ပါ"

"ကောင်းပြီလေ၊ ဒါဖြင့် ကျွန်တော့်ကို ချစ်တယ်လို့ ပြော၊ ကျွန်တော် ပြန်မယ်"

"ဟဲ့. . ညည်းဥစ္စာကလဲ ဘယ်လိုကြီးလဲ"

"ဒီလိုကြီးပဲ. . ကဲပြော"

"ချစ်တယ်. . ပြန်တော့နော်"

သူ ခေါင်းညိတ်ပြလိုက်သည်။ သို့သော် တကယ်ပြန်တာတော့မဟုတ်၊ မမ သူ့နားမှ ထွက်သွားသည်နှင့် သူ မမနောက်မှ လိုက်လာခဲ့သည်။

မမ လှည့်ကြည့်ပြီး တွေ့သွားခဲ့သော်လည်း ရုံးနား နီးနေပြီဖြစ်၍ ရှက်ပြုံးတစ်ခု ပြုံးရုံမှအပ ဘာမျှမပြော။

သည်လိုနှင့်ပင် မမအား တရားဝင်ရုံးအကြိုအပို့ လုပ်ခွင့်ကို ထိုနေ့မှစ၍ ရခဲ့တော့သည်။

သူ၏တတိယမြောက်အစီအစဉ်ကိုတော့ နောက်ခြောက်ရက်အကြာမှာ ကျင်းပဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မမအား ရုံးကြို၍ အဆောင်ပြန်ပို့ပြီး သူ အိမ်ပြန်သည်။ ထိုနောက် မမတို့ ညစာစားပြီးသောအချိန်၌ သူ အဆောင်သို့ နောက်တစ်ခေါက် ပြန်သွားခဲ့သည်။

မမက သူ့ကိုမြင်တော့ တအံ့တသြနှင့်. . .

"ညည်း တို့အဆောင်ကို တစ်နေ့ ဘယ်နှခေါက်တောင်လာနေမှာလဲဟင်"

"လွန်ရောကျွံရော ခြောက်ခေါက်ပေါ့ မမရယ်"

မမက ရယ်ရင်း "ကဲ. . ပြော၊ ဘာကိစ္စလဲ"ဟု မေးသည်။

သူ ခေတ္တမျှနှုတ်ဆိတ်ရင်း စကားလုံး ရွေးချယ်လိုက်သည်။

ပြီးမှ. . . "မမ အားတယ်မဟုတ်လား"

"အားသားပဲ"

"ဒါဖြင့် ကျွန်တော်နဲ့ ခဏလိုက်ခဲ့စမ်းပါ"

သူ့စကားကြောင့် မမ သူ့ကို ဖျတ်ခနဲ လှမ်းကြည့်သည်။

သူ မှင်သေသေနှင့်ပင် ရပ်နေလိုက်သည်။

"ဘယ်သွားမလို့လဲ"

"ဟိုရောက်တော့ သိလိမ့်မယ်"

"ဟေ့အေး. . မပြောရင် မလိုက်ဘူး"

သူ ဟက်ခနဲ တစ်ချက်ရယ်ရင်း. . .

"အင်းလျား"

"အင်းလျား. . ဘာသွားလုပ်မှာလဲ"

"လူတွေ အင်းလျားသွားပြီး ဘာလုပ်တတ်ကြသလဲ"

ပြုံးစိစိမျက်နှာနှင့် ပြောလိုက်သည့် သူ့စကားကြောင့် မမ သူ့ပခုံးကို လှမ်းရိုက်သည်။

"ကျွန်တော် အကောင်းပြောတာ မမရဲ့၊ အင်းလျားဆိုတာ ရေကူးလို့ရတယ်၊ လေညင်းခံလို့ရတယ်၊ ဘူးသီးကြော်စားလို့ရတယ်၊ ပြီးတော့ ဝါသနာပါရင်. . ."





"နိုင်လင်းသော်နော်"

"ကန်ပေါင်ပေါ်မှာ လမ်းလျှောက်လို့ရတယ်"

မမ ပြုံးသည်။

ပြီးမှ သူ့ကို ကြည့်ရင်း. . .

"အဲဒါတွေနဲ့ တို့နဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ သမီးရည်းစားဆိုတာ အနည်းဆုံး ကန်ပေါင်ပေါ်မှာ တစ်ခါလောက်တော့ လမ်းလျှောက်ဖူးသင့်တာပေါ့"

"ညောင်းကညောင်းနဲ့ နိုင်လင်းသော်ရယ်"

"ညောင်းတော့လဲ အဲဒီနားက ခုံတွေမှာ ထိုင်လိုက်ကြတာပေါ့"

"သွားချင်သွားလေ၊ ဒါပေမယ့် ခဏပဲနော်"

သည်လိုနှင့် သူနှင့်မမ ကန်ပေါင်ပေါ်မှာ လမ်းလျှောက်ခွင့်ရခဲ့သည်။ လမ်းလျှောက်ပြီး ခုံတန်းလျားလေး၌ ထိုင်ချိန်မှာတော့ သူ စကားစလိုက်သည်။

"ကျွန်တော်နဲ့ မမ ချစ်သူတွေ ဖြစ်သွားကြတဲ့ အထိမ်းအမှတ်အဖြစ် ကျွန်တော် တစ်ခု စီစဉ်ထားတယ်"

"စီစဉ်ပြန်ပြီလား"

"ဒါက တတိယမြောက် အစီအစဉ်လေ မမရဲ့"

"ပြောစမ်းပါဦး၊ ညည်းရဲ့ တတိယမြောက် အစီအစဉ်ကို"

မမ စိတ်ဝင်တစား မေးသည်။

သူ မမကို မချိုမချဉ်ကြည့်ရင်း. . .

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော်နဲ့မမ ချစ်သူတွေ ဖြစ်သွားကြတဲ့ အထိမ်းအမှတ်အဖြစ် ကျွန်တော်က မမကို နမ်းဖို့ပါပဲ"

သူ၏တတိယမြောက်အစီအစဉ်ကို အကြားမှာတော့ မမက "အို. . ."ဟု တအံ့တသြ ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ့ကို စေ့စေ့ကြည့်ရင်း သဘောကျစွာ ရယ်မောလေတော့သည်။

မမ ရယ်မောသည့်ဟန်က အလွန်ဖက်နမ်းချင်စရာကောင်းသည့် ခေါင်းကို အထက်သို့ အနည်းငယ်မော့လျက် ပခုံးနှစ်ဖက်လှုပ်ယမ်းရယ်မောသည့်ဟန် ဖြစ်သည်။

"ဘယ်လိုလဲ မမ၊ ကျွန်တော် နမ်းရတော့မလား"

သူ့အမေးကြောင့် မမ ကမန်းကတန်း အရယ်ရပ်လျက် ရှက်လန့်တကြား တားဆီးသည်။

"ဟင့်အင်း. . မနမ်းနဲ့"

"ဘာဖြစ်လို့လဲ မမရဲ့ ချစ်သူချင်းပဲ"

"ဟော့အေ. . . တို့မကြိုက်ဖူး"

"ဒါပေမယ့် ကျွန်တော်တော့ ကြိုက်တယ်"

"နိုင်လင်းသော်နော်"

မမက ရှက်ကိုးရှက်ကန်းနှင့် သူ့လက်မောင်းကို ဆွဲဆိတ်သည်။ ထိုဆွဲဆိတ်သော မမ၏လက်ခုံလေးကို သူ ဖျတ်ခနဲငုံ့၍ နမ်းရှိုက်လိုက်သည်။

ထိုအခါ "အို. . "ဟုရှက်စနိုးရေရွတ်လျက် မမလက်ပြန်ရုပ်သွားတော့သည်။

ဘာပဲဖြစ်ဖြစ်. . သူ၏တတိယမြောက်အစီအစဉ်ကတော့ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါသည်။

သူ့အစီအစဉ် အပြီးမှာတော့ သူ မျှော်လင့်မထားသည့် စတုတ္ထမြောက်အစီအစဉ်ကို မမက တစ်ယောက်တည်း ကျင်းပတော့သည်။

အစီအစဉ်ကတော့ မမတားနေသည့်ကြားက မမလက်ခုံကို နမ်းလိုက်သည့်အတွက် သူ့အား သုံးမိနစ်တိတိ စကားမပြောဘဲ စိတ်ကောက်ခြင်း ဖြစ်သည်။





"မမရယ်. . လက်ခုံလေး နမ်းတဲ့ဟာပဲ"

". . . . . . . ."

"ကဲ. . မမ. . မကျေနပ်ရင် ကျွန်တော့်ကို ပြန်နမ်းလေ"

". . . . . . . ."

"စိတ်ကောက် မပြေသေးဘူးလား၊ ကောင်းပြီ. . . မမ စိတ်ကောက်မယ့်အတူတူတော့ မထူးပါဘူး၊ နောက်တစ်ခါ ထပ်နမ်းမယ်"

ထိုအခါမှာတော့ ခစ်ခနဲ ရယ်လျက် မမ စိတ်ကောက်ပြေသွားခဲ့သည်။ စိတ်ကောက်ပြေသွားပြီးသည်နှင့် သူ့အား မျက်စောင်းတစ်ချက် လှမ်းထိုးရင်း မမ ပြောသည်။

"သနားလို့ ဒီလောက်နဲ့ ကျေလိုက်တာ၊ နောက်တစ်ခါဆို မလွယ်ဘူး"

မမ၏ခြိမ်းခြောက်စကားကြောင့် နောက်နောင် ထိုသို့သောကိစ္စမျိုး၌ ဆင်ခြင်ပါမည့်အကြောင်း သူ မမကို ကတိပေးလိုက်ရတော့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၂)

သူနှင့် မမ၏ချစ်သူသက်တမ်း တစ်လလောက်အကြာမှာတော့ မမ သူ့အား အခေါ်အဝေါ်ပြောင်းလဲခဲ့သည်။

ဤကိစ္စမှာ ချစ်သူရှိသော အမျိုးသမီး တော်တော်များများ ဝါသနာပါလေ့ရှိသည့် ဘာမှမထူးဆန်းသော ကိစ္စပဲဖြစ်သည်။ သို့သော် ထူးဆန်းတာတစ်ခုတော့ ရှိသည်။ ယင်းမှာ မမ သုံးနှုန်းသည့် အခေါ်အဝေါ်ဖြစ်သည်။ ထိုအခေါ်အဝေါ်မှာတော်ရုံတန်ရုံ အမျိုးသမီးများ ဘယ်လိုမှစိတ်ကူးရလိမ့်မည် မဟုတ်သည့် အခေါ်အဝေါ် ဖြစ်သည်။

မမခေါ်ပုံကတော့ "နိုင်နိုင်"ဟူ၍ ဖြစ်သည်။

အတော့်ကိုတုံးပြီး အတော့်ကို စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ကောင်းတဲ့ အခေါ်အဝေါ်ပါပဲ။

သူ့အနေနှင့် ထိုအခေါ်အဝေါ်ကို ဘယ်လိုမှ သဘောကျကြည့်၍မရ။ သို့သော် မမကတော့ ထို နိုင်နိုင်ကို အလွန်သဘောကျစွာ နှစ်မြို့က်စွာပင် သုံးနှုန်းခေါ်ဝေါ်ခဲ့သည်။

"မမ ကျွန်တော့်ကို အဲလိုမခေါ်နဲ့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ဒီလောက် . . မိတ်ကပ်စော်နံတဲ့ နာမည်ကြီးကို . . ."





"မကြိုက်ဘူးလား"

"မကြိုက်ပါဘူး"

"ဟယ် . . တို့တော့ အရမ်းကြိုက်တာပဲ"

"တခြားဟာ တစ်ခုခု ပြောင်းခေါ်ပါလား။ ဥပမာ မောင် . . ဖြစ်ဖြစ်"

"အမယ် လူတကာ ခေါ်နေတာကြီး မခေါ်ချင်ပါဘူး"

"ဒါဖြင့်လဲ နိုင်လင်းသော်ပဲ ပြန်ခေါ် မမရယ်"

"ဟော့အေး . . တို့တော့ နိုင်နိုင်ပဲခေါ်မယ်"

မမက နိုင်နိုင်ခေါ်ခွင့်အတွက် ပေကတ်ခေါင်းမာစွာတောင်းဆိုတော့သည်။

သူကလည်း ထိုအမည်ကို ဘယ်လိုမှသဘောမကျ။

"မမရဲ့နိုင်နိုင်က မိန်းမဆန်တယ် မမရဲ့"

"ဆန်ပစေပေါ့၊ တို့တော့ . . . ညည်းကို မိန်းကလေးလိုပဲ သဘောထားတယ်"

မမစကားကြောင့် မမ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

မိန်းကလေးလိုပဲ သဘောထားသတဲ့။ မမစကားက မမ၏ နိုင်နိုင်ကဲ့သို့ပင် သူ့စိတ်ကို အနှောင့်အယှက်ဖြစ်စေတော့သည်။

"ဘယ်လို မမ . . ပြန်ပြောစမ်းပါဦး"

"မိန်းကလေးလိုပဲ သဘောထားတယ်လို့"

ထိုသို့သော စကားမျိုးကို သူ့အနေနှင့် သည်းခံနေ၍မဖြစ်တော့။ မမနားသို့ တိုးကပ်လျက် မမ၏မျက်နှာကိုစေ့စေ့ကြည့်ရင်း မေးလိုက်သည်။

"ဩော်, မိန်းကလေးလိုပဲ သဘောထားတယ် ဟုတ်လား"

သူ့အသံနှင့် သူ့အမူအရာကြောင့် မမ ဟက်ခနဲ တစ်ချက်ရယ်ရင်း ကိုယ်ကို နောက်သို့ယို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အလကားပြောတာပါ နိုင်နိုင်ရဲ့၊ အဲလို သဘောမထားပါဘူး"

သူမအား နမ်းတော့မည်မှန်းရိပ်မိသဖြင့် မမ ကမန်းကတန်း တောင်းပန်သည်။ ထိုသို့ တောင်းပန်ရုံနှင့်တော့ သူ မကျေနပ်နိုင်။

"နိုင်နိုင် တို့စိတ်ဆိုးမှာနော်၊ မထားပါဘူးလို့ ဆိုနေ"

"........"

"မထားတော့ဘူးလေ နိုင်နိုင်ရဲ့၊ အို..."

ထိုနေ့က မမမှာ သူမ၏စကားအမှားနှင့် သူမ ဖြစ်နေ၍ သူ့အား သုံးမိနစ်တိတိ စိတ်ကောက်ခွင့် မရခဲ့ပါ။

"တို့.. ညည်းကို အဲလိုခေါ်တာ နောက်ပြောင်ပြီး ခေါ်တာ မဟုတ်ဘူး၊ ချစ်လွန်းလို့ ခေါ်တာ.. သိလား"

မမ၏ ထိုသိလားကြောင့် သူ့အား နိုင်နိုင်ဟု ခေါ်ဝေါ်နေခြင်းကို သည်အတိုင်း ကြည့်နေလိုက်ရတော့သည်။

ယင်းသို့ နိုင်လင်းသော်မှ နိုင်နိုင်အဖြစ် အခေါ်အဝေါ် ပြောင်းလဲခဲ့မှုအပြင် အခြား မမ ပြုလုပ်ခဲ့သည်ကတော့...

အမျိုးသမီး တော်တော်များများ ၎င်းတို့၏ချစ်သူအပေါ် ပြုလေ့ပြုထ ရှိသည့်အတိုင်း သူ့အား ပိုတ်ပင်ချုပ်ချယ်ခြင်းပဲ ဖြစ်သည်။

မမ ပိတ်ပင်ချုပ်ချယ်မှုများက အတော့်ကို များပြားလှသည်။ ထိုများစွာထဲမှ တစ်ခုကတော့ သူ့အား ဆေးလိပ်သောက်ခွင့်ပိတ်ပင်ခြင်းပင် ဖြစ်သည်။ "ဆေးလိပ်မသောက်နဲ့"ဟူသော မမ၏ စကားကြောင့် သူ အတော်ပင် စိတ်ညစ်သွားရသည်။

"ဘာဖြစ်လို့လဲ မမရဲ့"

"ဆေးလိပ်သောက်တာ ကျန်းမာရေးထိခိုက်တယ် နိုင်နိုင်ရဲ့၊ ပိုက်ဆံလဲကုန်တယ်၊ မျက်နှာလဲရင့်တယ်"

"ကျွန်တော် အများကြီး သောက်တာမှ မဟုတ်ဘဲ မမရယ်"





"အများကြီး မသောက်ပေလို့ပဲ၊ ညည်းနှုတ်ခမ်းတွေ ကြည့်စမ်း.. မည်းခြောက်နေတာပဲ"

"ဘာဆိုင်လို့လဲ မမရဲ့"

"ဆိုင်တာပေါ့၊ အဲဒါ ဆေးလိပ်သောက်လို့ဖြစ်တာ"

"ကောင်းပြီလေ၊ ကျွန်တော် လျှော့သောက်မယ်"

နောက်ဆုံးတော့ သူ အလျှော့ပေးလိုက်ရတော့သည်။

သို့သော် သူ၏အလျှော့ပေးမှုကို မမက ထိုမျှနှင့်ပင် မကျေနပ်။

"ဘာလျှော့သောက်မယ်လဲ၊ ဖြတ်ရမှာ"

"ဘာကိုလဲ မမရဲ့"

"ဆေးလိပ်ကို.. ဆေးလိပ်ကို"

"အာ..."

"မအာနဲ့.. မနက်ဖြန်ကစပြီးဖြတ်"

ထိုသို့ပင် အင်အားသုံးလျက် သူ၏ဆေးလိပ်သောက်ခွင့်ကို အတင်းအကျပ် ရုပ်ဆိုင်းလိုက်သည်။

နောက်တစ်နေ့နံနက် မမအား ရုံးလိုက်ပို့ရင်း မြို့ထဲမှလက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ.. လက်ဖက်ရည်ဝင်သောက်ကြချိန်မှာတော့ မမ၏ဆေးလိပ်သောက်ခွင့် ရုပ်ဆိုင်းထားမှုက သူ့အား ကသိကအောက် ဖြစ်စေတော့သည်။

ထိုနေ့က လက်ဖက်ရည်ဆိုင်မှာ သူ့အား အခြားနေ့များ ထက်ခံထွင်းချဉ်စေခဲ့သည်။ ထို့ကြောင့် အိတ်စ်ပို့တစ်လိပ်ကို အခြားနေ့များထက်ပို၍ တောင့်တလာတော့သည်။

"မမ ကျွန်တော် ဆေးလိပ်တစ်လိပ်လောက် သောက်ချင်တယ်"

သူ မမကို မျက်နှာချိုသွေးလိုက်သော်လည်း မမကတော့ မျက်စောင်းခဲရင်း ခေါင်းယမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသောက်ရဘူး"

"ခံတွင်းချဉ်တယ် မမရဲ့"

"ခံတွင်းချဉ်လို့ သောက်ချင်တာလား"

သူ ခေါင်းညိတ်ပြလိုက်တော့ မမက ပြုံးရင်း ပိုက်ဆံအိတ် အညိုကြီးကို ဖွင့်လိုက်သည်။

အထဲမှ တစ်စုံတစ်ရာ ထုတ်ယူနေသော မမ၏အမူအရာကြောင့် အဝါရောင် အိတ်စ်ပို့ဒူးယားတစ်ဘူးများ ထွက်လာလေမလားဟု သူ ရင်ခုန်မျှော်လင့်နေမိသည်။

သို့သော် မမလက်ထဲ ပါလာသည်က ဒူးယားတစ်ဘူး မဟုတ်။ ဂျင်တန်ထုပ်များပဲ ဖြစ်သည်။

မမ ဘယ်အချိန်ကများ ဝယ်ထားခဲ့သည် မသိ။ ဂျင်တန်ထုပ်များမှာ သူ့အိပ်ကပ်ထဲ ထည့်ပါက မဆံ့နိုင်လောက်အောင်ပင် များပြားလွန်းလှသည်။

"ရော့. . ဂျင်တန်. . ခံတွင်းချဉ်ပြေသွားလိမ့်မယ်"

"မစားချင်ဘူး"

သူ စိတ်ညစ်ညူးစွာ ငြင်းဆန်လိုက်သည်။

"ဟဲ့. . ဘယ်လိုဖြစ်တာလဲ"

"ဆေးလိပ်ပဲသောက်ချင်တယ်၊ တစ်လိပ်ပဲ မမရယ်၊ နောက် လုံးဝ မသောက်တော့ပါဘူး၊ ကျွန်တော် ကတိပေးတယ်၊ ဒီတစ်လိပ်ပဲ သောက်မယ်"

ပြောပြောဆိုဆိုနှင့် စားပွဲထိုးကို လှမ်းခေါ်ပြီး အိတ်စ်ပို့တစ်ပွဲဟု မှာလိုက်သည်။ မမက ချက်ချင်းပင် "ယူမလာနဲ့"ဟု စားပွဲထိုးကို တားသည်။

စားပွဲထိုးက ကြောင်တောင်တောင် ဖြစ်စွာနှင့် သူတို့ကို ကြည့်သည်။

"ညီလေး. . ယူလာခဲ့ပါ"





"ယူမလာနဲ့နော်၊ ယူလာရင် ဒီလက်ဖက်ရည်ဖိုးတွေ မရှင်းတော့ဘူး"

မမက စားပွဲထိုးလေးကို လှမ်းကြည့်ရင်း ခပ်မာမာပြောသည်။ စားပွဲထိုးလေးက စိတ်ရှုပ်ထွေးစွာ ခေါင်းတစ်ချက်ကုတ်ရင်း. . . "ဟာဗျာ. . ခင်ဗျားတို့ဟာကလဲ"ဟု မကျေမနပ်ပြောလျက် ထွက်သွားတော့သည်။

"မမကလဲ တစ်လိပ်တည်းသောက်မယ့်ဟာကို"

"တစ်လိပ်လဲ မသောက်ရဘူး၊ တစ်ဝက်လဲ မသောက်ရဘူး"

"သိပ်ချုပ်ချယ်တာပဲ"

"ချုပ်ချယ်တာ မဟုတ်ဘူး၊ ညည်းကိုချစ်လို့. . သိလား"

"ဘာချစ်တာလဲ၊ ဆေးလိပ်သောက်ခွင့်မပေးတာ ချစ်တာလား"

"ဒါပေါ့ ညည်းကို ကျန်းမာရေးထိခိုက်မှာစိုးလို့ပေါ့"

"သိပ်များတာပဲ၊ မမကို ချစ်မိတာ"

"နိုင်နိုင်ရယ်၊ ညည်းကို ချစ်လွန်းလို့ပါဆို၊ လိမ္မာပါတယ်၊ ရော့. . ဂျင်တန်စားလိုက်နော်"

အသံပျော့ပျော့လေးနှင့်ပြောရင်း မမ သူ့ကို ချော့သည်။

ထို့နောက် ဂျင်တန်ထုပ်ကို ဖောက်လျက် သူ့လက်ထဲသို့ ဂျင်တန်ငါးလုံး ထည့်ပေးခဲ့သည်။

သို့သော် ဆေးလိပ်သောက်ခွင့်ကိုတော့ လုံးဝ မပေးခဲ့။

အမျိုးသမီးများသည် အမျိုးသားများအား အဘယ်ကြောင့် ထိုသို့ အနိုင်ယူချင်ကြကြောင်း သူ သဘောမပေါက်။

သို့သော် အမျိုးသားများသည် ထိုအနိုင်ယူမှုမျိုးကို သည်းခံ လေ့မရှိဘဲ ကွယ်ရာ၌ တစ်နည်းမဟုတ် တစ်နည်းဖြင့် လက်တုံ့ ပြန်လေ့ရှိကြောင်းကိုတော့ သူ သဘောပေါက်ခဲ့သည်။

အကြောင်းမှာ. . .



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်က မမကွယ်ရာ၌ မမ၏ အနိုင်ယူလိုမှုအား လက်တုံ့ပြန်ခဲ့ခြင်းကြောင့်ပဲ ဖြစ်သည်။ သူ၏ လက်တုံ့ပြန်နည်းကတော့ မမ မသိအောင် ဆေးလိပ်ခိုးသောက်ခြင်းပဲဖြစ်သည်။

သို့သော် သူ၏လက်တုံ့ပြန်မှုကို တစ်ရက်မှာတော့ မမ မိသွားခဲ့သည်။ ထိုနေ့က မမအား ရုံးကြိုရန်အတွက် ရိုးလ်ကုမ္ပဏီနားမှာစောင့်ရင်း အချိန်စောသေးသဖြင့် အိတ်စ်ပို့ဒူးယားတစ်လိပ်ကိုဝယ်၍ အကျအနခဲနေခဲ့သည်။

ထိုအချိန်မှာပင် ဘယ်လိုက ဘယ်လို. . မမ သူ့အနားသို့ ရောက်လာသည်မသိ။

"အဲဒါ ဘာလုပ်တာလဲ"

မှုန်ကုပ်ကုပ်မျက်နှာနှင့် သူ့နှုတ်ခမ်းထက်မှ စီးကရက်ကို မေးငေါ့ရင်း မမ မေးသည်။

မမ၏စကားမှာ ဘာကိုဆိုလိုမှန်း သူ မရိပ်မိသေးဘဲ . .

"ဗျာ". . ဟု ပြန်မေးလိုက်သည်။

ပြီးတော့ စီးကရက်ကိုပင် တစ်ဖွာလောက် ရှိုက်နေလိုက်သေးသည်။ မမက သူ့လက်ထဲမှ စီးကရက်ကို ဖျတ်ခနဲဆွဲယူလျက် လမ်းမသို့ လွှင့်ပစ်လိုက်သည်။

"ဟာ. . မမ အရှည်ကြီးရှိသေးတဲ့ဥစ္စာ၊ နှမြောစရာကြီး"

"ဘာရယ် နှမြောတယ်၊ ဟုတ်လား၊ ညည်းကို တို့ဘာပြောထားလဲ"

သည်တော့မှ သူ ဆေးလိပ်ခိုးသောက်တာ မမ ရိပ်မိသွားမှန်းသဘောပေါက်လိုက်တော့သည်။

မှုန်ကုပ်ကုပ်မျက်နှာနှင့် ဒေါသဖြစ်နေသည့် မမကို သူ ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

"ဆောရီး မမ၊ ကျွန်တော် ခံတွင်းအရမ်းချဉ်တာနဲ့"

"တော်. . ညည်း. . တို့ကို ဘာမှ ဆင်ခြေမပေးနဲ့"





"တကယ်ပြောတာ မမရဲ့၊ စောစောက လက်ဖက်ရည်တစ်ခွက်သောက်ထားတော့ ခံတွင်းက ချဉ်လာတယ်၊ ဒါနဲ့. ."

"ခံတွင်းချဉ်ရင် ဂျင်တန်စားလို့ ပြောထားတယ်မဟုတ်လား"

စူဆောင့်ဆောင့်လေသံနှင့် မမ ပြောသည်။

မမ ပေးသော ဂျင်တန်ထုပ်များကို သူ မစားဖြစ်။

ဂျင်တန်၏အရသာကို သူ မကြိုက်သောကြောင့် သူ့တူလေးတစ်ယောက်အား အလကားပေးပစ်ခဲ့သည်။

သို့သော် ထိုအကြောင်းကိုတော့ မမကို ပြန်ပြောမပြဖြစ်။

"စားတာပဲ မမရဲ့၊ ဒါပေမယ့် မမရဲ့ဂျင်တန်ကမကောင်းဘူး၊ ပူရှိန်းရှိန်းကြီး"

"အဲလို ပူရှိန်းရှိန်းဖြစ်နေမှ ခံတွင်းချဉ်ပြေမှာပေါ့"

အတန်ငယ်ပျော့ပျောင်းစပြုလာသည့် လေသံနှင့် ခပ်ဆတ်ဆတ်ပြောသည်။

ထို့နောက် သူ့ကို ကြည့်ရင်း. . .

"ပြောစမ်း. . ညည်း ခုလို ဆေးလိပ်ခိုးသောက်တာ ဘယ်နှရက်ရှိပြီလဲ"

"အာ, မမကလဲ၊ ခုမှဆယ့်လေးငါးရက်သားပဲ ရှိသေးတယ်"

သူ့စကားကြောင့် မမ သူ့လက်မောင်းကို လှမ်းထုတော့သည်။ မမ သူ့ကို ဆေးလိပ်ဖြတ်ခိုင်းခဲ့သည်မှာလည်း ဆယ့်လေးငါးရက်လောက်ပင် ရှိသေးသည်။

သူ့လက်မောင်းကို အားရအောင် ထုပြီးချိန်မှာတော့ မမ မျက်နှာကိုတင်းရင်း မေးသည်။

"ညည်း. . တို့စကားကို နားမထောင်ဘူးပေါ့ ဟုတ်လား"

"အလကားနေ့ာက်တာပါ မမရယ်၊ ဒီနေ့မှစပြီး ခိုးသောက်ကြည့်တာပါ၊ မီးညှိပြီး ဘာမှမကြာဘူး၊ မမ ရောက်လာတာပဲ၊ နှစ်ဖွာလားပဲ သောက်လိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းနိုင်နိုင်၊ ညည်း စကားကို ဟိုပြောင်းဒီပြောင်းနဲ့ တော်ပြီ၊ ညည်းကို ဘာမှ မပြောတော့ဘူး၊ ညည်းဖာသာ ညည်း ကြိုက်တာလုပ်တော့"

မမ အမှန်တကယ်ပင် စိတ်ဆိုးသွားတော့သည်။

ရုံးမှ အဆောင်ပြန်ရောက်သည်အထိ သူ့ကို တစ်လမ်းလုံး စကားမပြောတော့။ တောင်းပန်စကားတို့ကို တတွတ်တွတ်ရေရွတ်ရင်း. . သူ မမကို ချော့ရတော့သည်။

အဆောင်ထဲ ဝင်ခါနီးမှာတော့ မမ သူ့ကို ခပ်တည်တည် စိုက်ကြည့်ရင်းပြောသည်။

"နောက်တစ်ခါဆိုရင်တော့ ညည်းအသေပဲ နိုင်နိုင်၊ နောက် ဘယ်တော့မှ ခိုးမသောက်ပါနဲ့"

မမ၏လေသံက မူလတန်းပြဆရာမတစ်ယောက်၏လေသံ မျိုးဖြစ်သည်။ သူ ခပ်သွက်သွက်ပင် ခေါင်းညိတ်ကတိပေးလိုက် သည်။

သို့သော် လစ်လျှင်တော့ လစ်သလို ခိုးသောက်တာပါပဲ။ မမကလည်း သူ ခိုးခိုးသောက်နေမှန်း ရိပ်မိပုံရသည်။ တစ်ရက် ဘာမပြောညာမပြောနှင့် သူ၏ညာဘက်လက်ကို ဆွဲယူနမ်းကြည့် သည်။

မမ ဘာကြောင့် သူ့လက်ကို ဆွဲယူနမ်းကြည့်မှန်း သူ ရိပ်မိ လိုက်သည်။ ထို့ကြောင့် သူ ဟက်ခနဲ တစ်ချက်ရယ်ရင်း စကား သောဖောရောနှင့်. . .

"မမကလဲ လူတွေရှေ့မှာ ရှက်စရာကြီး"

မမ သူ့စကားကို ဂရုမစိုက်။

သူ့ကို ခပ်တည်တည်ကြည့်ရင်း . . .

"ညည်း. . ဆေးလိပ်ခိုးသောက်လာခဲ့တယ် မဟုတ်လား"

"ပေါက်ပေါက်ရှာရှာ မမကလဲ"





"မညာနဲ့၊ ညည်းလက်မှာ စီးကရက်စော်တွေ နံနေတာပဲ"

"စိတ်ထင်လို့ ဖြစ်မှာပါ မမရယ်"

"ဘာစိတ်ထင်လို့လဲ၊ တော်တော့နိုင်နိုင်၊ ညည်းဟာ တို့ . . စကားဆို နားမထောင်ဘူး"

"ဒီလိုပါ မမရဲ့၊ တင်ထွန်းအောင်က ကျွန်တော့်ကို. . "

"တော်လို့ဆိုနေ၊ ဘာမှ မပြောနဲ့တော့"

သူနှင့်မမ ချစ်သူသက်တမ်းကာလ၏ စောစောပိုင်းအချိန် များကို ထိုသို့ပင် မမက သူ့အား ချုပ်ချယ်ရင်း သူက မမ ချုပ်ချယ် သမျှ ခိုးခိုးလုပ်ရင်းနှင့်ပင် ဖြတ်သန်းဖြစ်ခဲ့ကြသည်။

▼▼▼

www.burmeseclassic.com

www.burmeseclassic.com

(၃)

တစ်ခါတစ်ခါတော့လည်း သူနှင့်မမအကြား စိတ်ညစ်စရာလေးများ ရှိတတ်သည်။

အခြားတော့ မဟုတ်။ တစ်ယောက်ကိုတစ်ယောက် သဝန်တိုကြခြင်းပဲ ဖြစ်သည်။ မမနှင့်ပတ်သက်၍ သူ သဝန်တိုပုံမှာ ပွင့်လင်းစွာ ရန်ဖြစ်စိတ်ဆိုးသောနည်းဖြစ်ပြီး သူနှင့်ပတ်သက်၍ မမ သဝန်တိုပုံကတော့ မျိုသိပ်ကြေကွဲသောနည်းဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ မလဲ့က ဤသို့သုံးသပ်ဖူးသည်။

"နင်တို့ ချစ်ပုံကလဲဟယ်. . ဘာတွေမှန်းလဲ မသိဘူး၊ တစ်ယောက်ကလဲ ရှူးရှူးရှဲရှဲ တစ်ယောက်ကလဲ မျက်ရည်လေးစမ်းစမ်း. . စမ်းစမ်းနဲ့ စိတ်ညစ်ပါတယ်"

မလဲ့ ပြောမည်ဆိုလည်း ပြောစရာပါပဲ။ သူနှင့် မမ ချစ်ခဲ့ကြပုံကတော့ ထိုအတိုင်းပင် ဖြစ်သည်။ မမနှင့်ပတ်သက်ပြီး သူ စတင် သဝန်တိုတတ်ခဲ့ခြင်းမှာ. . မမတို့၏အထက်အရာရှိ ဆိုသူကြောင့် ဖြစ်သည်။

ထိုစဉ်က သူ ဘာကြောင့်. . သဝန်တိုမိမှန်း. . သူကိုယ်သူ စဉ်းစားမရခဲ့။ နောင်အခါမှ ထိုသို့သဝန်တိုခဲ့မိခြင်းမှာ မမကို သူ အလွန် ချစ်နေမိခြင်းကြောင့်ဖြစ်ကြောင်း တဖြည်းဖြည်း သဘောပေါက်လာခဲ့သည်။





ဘာပဲဖြစ်ဖြစ် ထိုသို့ သဘောပေါက်စေခဲ့သော မမ၏အရာရှိဆိုသူကိုတော့ သူ ကျေးဇူးတင်ရမည် ဖြစ်သည်။ ထိုကျေးဇူးတင်ရမည့်ကိစ္စ စတင်ခဲ့ခြင်းမှာ ရုံးအကြိုညနေခင်းတစ်ခုမှာ ဖြစ်သည်။

ထိုနေ့က မမ၏ရုံးအဆင်းကို ခါတိုင်းကဲ့သို့ ရုံးလိပ်ကပ္ပလီ အောက်မှာ မစောင့်ဘဲ မမ၏ရုံးရှေ့တည့်တည့်မှာ သွားစောင့်ဖြစ်ခဲ့သည်။

ထို့ကြောင့်ပင် မမ၏အရာရှိဆိုသူနှင့် မမ ရုံးထဲမှ စကားတပြောပြောနှင့် ထွက်လာခဲ့ခြင်းကို သူ မြင်ခဲ့ခြင်း ဖြစ်သည်။

ရုံးအပြင်ရောက်တော့ မမက ထိုအရာရှိကို စကားဖြတ်ပြီး သူ့ရှိရာဘက်သို့ ကူးလာသည်။

ထို့နောက် ရင်ခုန်ဖွယ်နှုတ်ခမ်းထူထူအပြုံးတစ်ခုနှင့် ခါတိုင်းကဲ့သို့ သူ့ကို လှမ်းကြည့်ပြုံးပြသည်။

သို့သော် သူကတော့ ထိုအပြုံးအတွက် ရင်မခုန်ဘဲ ဒေါသတွေဖြစ်နေမိသည်။

"စောစောက ကောင်က ဘယ်ကလဲ"

မမ သူ့နားရောက်သည်နှင့် သူ စိတ်တိုစွာ လှမ်းမေးလိုက်သည်။

"ဘယ်ကောင်လဲ နိုင်နိုင်ရဲ့"

"ဘယ်ကောင်ရမှာလဲ၊ မမနဲ့ ရုံးထဲက စကားပြောပြီး ထွက်လာခဲ့တဲ့ကောင်ပေါ့"

"ဟဲ့. . အဲဒါ တို့ဆရာဟဲ့"

"ဘာဆရာလဲ၊ ဆိုက်ကားဆရာလား"

သူ့စကားကြောင့် မမက တခစ်ခစ်ရယ်ရင်း. . .

"သေတော့မှာပဲ၊ တို့အထက်အရာရှိလို့ ပြောတာ၊ ပြီးတော့ သူက ညည်းအဖေအရွယ်လောက်ကြီး ရှိတယ်၊ အကောင်လို့ မခေါ်နဲ့ ညည်း ငရဲကြီးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါ၊မမနဲ့လာပတ်သက်ရင်တော့ အဲလိုပဲခေါ်မှာပဲ"

မမက သူ့လက်မောင်းကို မှီတွယ်ခိုနွဲ့ရင်း ရယ်မောသည်။

"ရယ်မနေနဲ့၊ ပြောစမ်းပါ၊ ဘာဖြစ်လို့ အဲဒီကောင်နဲ့ စကားပြောရတာလဲ"

အနည်းငယ် မာဆတ်ဆတ်ဖြစ်နေသော သူ့အသံကြောင့် မမ ရယ်မောနေရာမှ သူ့မျက်နှာကို မော့ကြည့်သည်။

"ဘယ်လိုဖြစ်နေတာလဲ နိုင်နိုင်ရယ်၊ ဖြည်းဖြည်းပြောစမ်းပါ"

"ကျွန်တော် မေးတာသာဖြေပါ"

"ဖြေပါ့မယ် ကိုယ်တော်ရယ်၊ တကတည်း သူ့စိတ်ချည်းပဲ၊ ဒီလိုရှင့်. . . သူနဲ့ကျွန်မ ရုံးထဲက ထွက်လာကြရင်း မတော်တဆ ဘေးချင်းယှဉ်လျှောက်မိလျက်သား ဖြစ်သွားတယ်၊ အဲဒီမှာ သူက နယ်ထရန်စ်ဖာအကြောင်းတွေ လာပြောလို့ ပြန်ပြောမိသွားတာ ကဲ. . ရှင်းပြီလား"

"ဘာဖြစ်လို့ အဲဒီကောင်က အဲဒီအကြောင်းတွေကို ဒီအချိန်ကြီး လာပြောရတာလဲ"

"ဒါတော့ ကျွန်မလဲ ဘယ်သိပါ့မလဲ၊ ရှင့်ဖာသာရှင် သူ့သွားမေးကြည့်ပေါ့"

"စကားကို ကောင်းကောင်းပြောစမ်းပါ"

"ကောင်းကောင်းပြောနေတာပဲ"

"မမကိုက ခက်တာ၊ မမ စကားစခွင့်ပေးလိုက်လို့ သူလာပြောတာဖြစ်မှာ"

"အလိုတော် . . ကျုပ်နဲ့ အနေသာကြီးပါ"

မမက သူ့ကို ရွဲ့တဲ့တဲ့ပြောသည်။

သူ မမကို စိတ်တိုစွာကြည့်ရင်း. . .

"ဘာပဲဖြစ်ဖြစ် နောက် အဲဒီကောင်နဲ့ စကားမပြောနဲ့၊ ကျွန်တော် မကြိုက်ဘူး"





သူ့အသံက အတော့်ကို ကြွပ်ဆတ်၍ အတော့်ကို ကျယ်လောင်နေခြင်းတို့ကြောင့်. . မမ သူ့ကို ထပ်မနောက်တော့ဘဲ လေသံပျော့လေးနှင့်. . .

"ဒါကတော့ နိုင်နိုင်ရယ်၊ သူကပြောလို့ တို့ပြန်ပြောလိုက်ရတာပါ၊ ညည်းမကြိုက်ရင် နောက်မပြောတော့ပါဘူး" ဟု. .

လေပြည်သွေးစကားကို ဆိုသည်။

သည်လိုနှင့်ပင် ထိုနေ့က ထိုကိစ္စမှာ ထိုမျှလောက်နှင့်ပင် ပြီးဆုံးသွားခဲ့သည်။

သို့သော် နောက်သုံးလေးရက်အကြာမှာတော့ သူနှင့်မမ ထပ်မံစကားများဖြစ်ရန် ထိုကိစ္စက အစပျိုးလာခဲ့ပြန်၏။

ထိုနေ့က နေ့လယ်ပိုင်း မြို့ထဲသို့ ရောက်သွားသဖြင့် မမတို့ ရုံးသို့ဝင်ခဲ့သည်။

သူ ရောက်လာလျှင်. . လက်ဖက်ရည်ထွက်တိုက်နေကျ အတိုင်း မမက သူ့ကို ရုံးနားမှဆိုင်မှာ လက်ဖက်ရည်လိုက် တိုက်ခဲ့သည်။

ထိုသို့ သူနှင့်မမ လက်ဖက်ရည်သောက်နေချိန်မှာ ထိုအရာရှိက ဆိုင်ရှေ့သို့ ရောက်လာခဲ့သည်။ ဘာကြောင့်မှန်းမသိ။ မမကို ကြည့်သည့် ထိုအရာရှိ၏မျက်လုံးများကို သူ သဘောမကျ။

ထို့ကြောင့် သူ မမကို လှမ်းပြောသည်။

"နှုတ်မဆက်နဲ့"

မမက သူ့စကား၏ဆိုလိုရင်းကို ချက်ချင်းအမိပ္ပာယ်ပေါက်သည်။

"တို့ကို မြင်သွားတယ်၊ နှုတ်မဆက်လို့ ကောင်းပါ့မလား"

"ကောင်းတာတွေ မကောင်းတာတွေ ကျွန်တော် မသိဘူး၊ မမလဲ သိစရာမလိုဘူး၊ မမသိရာမှာက မမနဲ့သူနဲ့ စကားပြောတာ ကျွန်တော် မကြိုက်ဘူး၊ အဲဒါပဲ သိထား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်အနိုင်ကျင့်တာပဲ"

"ခေါင်းငုံ့ထား၊ ဒါမှမဟုတ် ကျွန်တော့်ကို စကားတစ်ခုခု လှမ်းပြောနေ၊ ဒါဆို သူ့ကို နှုတ်ဆက်စရာ မလိုတော့ဘူး"

ထိုအချိန်မှာပင် အရာရှိက လက်ဖက်ရည်ဆိုင်ထဲသို့ လှမ်းဝင်လာတော့သည်။ မမက သူ့စကားအတိုင်း ခေါင်းငုံ့လျက် ရေနွေးကြမ်းကို ဖြည်းဖြည်းလေး အချိန်ဆွဲ၍ ငုံ့သည်။

အနေအထားမှာ သူ့အတွက် စိတ်ကျေနပ်ဖွယ်ကောင်းသည့်အနေအထားပဲ ဖြစ်သည်။ သို့သော် ထိုအနေအထားကို အရာရှိ၏ "ဟေး. . မြတ်လေးငုံ"ဟူသောအသံက ဖျက်ဆီးပစ်လိုက်သည်။

"ဩော်. . ဆရာ"

မမက မဆိုင်းမတွပင် ခေါင်းမော့လျက် ပြန်ထူးသည်။

သူ့စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားမိသည်။ ပို၍ထောင်းခနဲဖြစ်စရာကောင်းတာတစ်ခုက "ဆန်ထုတ်ပြီးပြီလား"ဟူသော မေးခွန်းမှအစပြုလျက် အရာရှိက မမကို စကားတွေ အဆက်မပြတ်ပြောနေခြင်းပင် ဖြစ်သည်။

မမကလည်း အရာရှိ၏စကားနှင့် မေးခွန်းမှန်သမျှကို ခေါင်းညိတ်လိုက် ပြန်ပြောလိုက်နှင့် လုပ်နေခဲ့သည်။

"ညီလေးရေ. . ပိုက်ဆံရှင်းမယ်ဟေ့"

သူ ခပ်လှမ်းလှမ်းမှာ ရှိနေသော စားပွဲထိုးကလေးကို မလိုအပ်ဘဲ အသံအကျယ်ကြီးသုံးလျက် လှမ်းခေါ်လိုက်သည်။

သူ့အသံကြောင့် . . .

အရာရှိက သူ့ကို တစ်ချက်ငုံ့ကြည့်ရင်း. . .

"သွားတော့မယ်နဲ့တူတယ်၊ ကဲ. . ကိုယ်လဲ အထဲမှာ သွားထိုင်လိုက်ဦးမယ်"

မမကိုသာ နှုတ်ဆက်လျက် ထွက်သွားတော့သည်။





ထိုနောက်တော့ အလွန်တင်းမာသော မျက်နှာနှင့် ခပ်သွက်သွက်လျှောက်နေသော သူ့နောက်သို့ အလွန်ပျော့ပျောင်းသော မျက်နှာနှင့် ခပ်သုတ်သုတ်လိုက်နေသော မမနှင့် သူသည် ရုံးအပြန်လမ်းပေါ်မှာ ရောက်နေတော့သည်။

"နိုင်နိုင့်ရယ်၊ ညည်းကလဲ စိတ်ချည်းပဲ၊ လူမှုရေးဆိုတာကို နားလည်မှပေါ့၊ သူက လှမ်းနှုတ်ဆက်လိုက်တဲ့ဟာကို ပြန်နှုတ်မဆက်လို့ ကောင်းမလား"

"အစကတည်းကသာ မမ အနေအထိုင် တတ်ခဲ့ရင် လာနှုတ်ဆက်စရာ အကြောင်းကို မရှိဘူး"

"အနေအထိုင်မတတ်ရအောင် တို့က ဘယ်လိုများ နေခဲ့လို့လဲ နိုင်နိုင်ရယ်"

"အစကတည်းက မမ သူ့ကို စကားမပြောနဲ့ပေါ့၊ စကားပြောတဲ့တိုင်အောင် ဖျွန်မအမျိုးသားက ကျွန်မကို တခြားယောကျ်ားတွေနဲ့ စကားပြောတာ မကြိုက်ဘူးဆိုတာမျိုး မသိမသာပြောထားပေါ့၊ ဒါဆို ကျွန်တော် ရှိနေတဲ့အချိန်မှာ သူ စကားလာပြောရဲမလား. . .

ခုတော့ ပြောလိုက်ကြတာ၊ ဆန်ထုတ်တဲ့အကြောင်း၊ ကူပွန်အကြောင်းကစပြီး မင်္ဂလာဈေးက ဆီချက်ခေါက်ဆွဲအကြောင်းပါ ပါတယ်၊ ကျွန်တော်များ ပိုက်ဆံထမရှင်းရင် ရည်းစားစကားပါ ပြောသွားမလား မသိဘူး"

သူ့အသံက အတော့်ကိုကျယ်လောင်မာဆတ်၍နေသည်။ မမက ဘာမှမပြောတော့ဘဲ သူ့ဘေးမှ နှုတ်ဆိတ်ငြိမ်သက်စွာ လိုက်လာသည်။ ရုံးဝရောက်တော့ မမကို ချန်ထားခဲ့ပြီး သူ ပြန်ရန်ပြင်သည်။

"နိုင်နိုင်. . ခဏလေးစောင့်ပါလားဟင်၊ တို့ ရုံးဆင်းတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မမ အသံက တိုးတိုးလေးဖြစ်သည်။ ပြီးတော့ မမ၏ မျက်လုံးမှာလည်း မျက်ရည်တို့က အနည်းငယ်ဝဲစပြုနေ၏။

သို့သော် အတော့်ကို ဒေါသဖြစ်နေသော သူကတော့ မမ၏ မျက်ရည်အနည်းငယ်လောက်ကို ဂရုမစိုက်နိုင်။

"အချိန်မရဘူး၊ သွားစရာရှိသေးတယ်"

"ဒါဖြင့် ညနေကျရင်. ."

"ကိုယ့်ဖာသာကိုယ်ပြန်"

သူ လှည့်ထွက်လာခဲ့သည်။

ထိုနေ့မှာ. . . သူနှင့်မမ၏ ချစ်သူသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် မမအား ရုံးမကြိုဘဲ ပြန်ခဲ့သောနေ့ ဖြစ်သည်။

နောက်တစ်နေ့၌လည်း သူ မမဆီသို့ မသွားခဲ့။ တစ်ပတ်တိတိ မမဆီသို့ မသွားဘဲ ရုံးအပို့အကြိုမလုပ်ဘဲ နေမည်ဟု သူ ဆုံးဖြတ်လိုက်သည်။

သို့သော်. . .

တကယ့်တကယ်မူ သူကိုယ်တိုင်က ထိုမျှအထိ မနေနိုင်သောကြောင့် သူ၏အဆက်အသွယ် ရပ်ဆိုင်းထားမှုမှာ နှစ်ရက်မျှသာကြာခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မလဲ့က သူ့ကို ရန်တွေ့သည်။

"နင်ကလဲဟယ်. . မြတ်လေးငုံကို သိပ်အနိုင်မယူစမ်းပါနဲ့"

"ဘာအနိုင်ယူလို့လဲ၊ မလဲ့သူငယ်ချင်းကမှ အလုပ်မဟုတ်ဘဲနဲ့"

"သူက နင့်ကို သိပ်ချစ်တာ နိုင်လင်းသော်၊ နင်က သူ့ထက်အသက်ငယ်တာကြောင့်ရော၊ သူ့အတိတ်ကြောင့်ပါ. . . နင့်ကို အလျှော့ပေးပြီးချစ်တာ၊ ဟိုနေ့တွေကများဆို. . . နင် မလာလို့ ငိုတောင်ငိုတာ၊ အဲဒါကို နင်က သိပ်ပြီးအတွန့်မတက်နဲ့"





"ဘယ်မှာ အတွန့်တက်လို့လဲ၊ အတွန့်မတက်လို့ ခု သူ့ကို ချော့ရအောင်လာတာ မဟုတ်လား မလဲ့ရဲ့၊ ခု မမကော ဘယ်မှာလဲ"

"ပြန်မလာသေးဘူး၊ သွား. . ကားဂိတ်က သွားစောင့်ပြီး ချော့လိုက်"

ထိုကဲ့သို့ပင် မမနှင့်ပတ်သက်သည့် သူ၏ဝန်တိုမှုမှာ စိတ်ဆိုးရန်တွေ့ခြင်းနှင့် အစပြုလျက် မမအား ပြန်လည်ချော့မော့ဖြေသိမ့်ခြင်းတို့ဖြင့်ပင် အဆုံးသတ်သွားခဲ့သည်။

ထိုနေ့က အင်းလျားကန်ပေါင် ခုံတန်းလျားပေါ်၌ မမ်အား သူ ချော့မော့နေသည့်ကြားမှပင် မမ နှစ်ခါတိတိငိုခဲ့လေသည်။

"နောက်. . တို့ကိုစိတ်ဆိုးရင် ညည်းကြိုက်သလောက် ရန်တွေ့၊ အဲလို မလာဘဲတော့မနေနဲ့၊ တို့ မနေတတ်ဘူး၊ သိလား"

"စိတ်ချပါ မမရယ်၊ နောက် ကျွန်တော် စိတ်မဆိုးတော့ပါဘူး၊ စိတ်ဆိုးလဲ ခုလို လာမတွေ့ဘဲ မနေတော့ဘူး"

". . . . . . ."

". . . . . . ."

ထိုနေ့က မမ၏မျက်ရည်စက်အချို့က သူ့ပါးပြင်ပေါ်သို့ စွန်းထင်းပေကျံသွားစေခဲ့သည်။

■

မမနှင့်ပတ်သက်သည့် သူ၏သဝန်တိုမှုမှာ ထိုသို့ထိပ်တိုက်ရင်ဆိုင်ပစ်လိုက်သည့်နည်း ဖြစ်သော်လည်း . . .

သူနှင့်ပတ်သက်သည့် မမ၏သဝန်တိုမှုကတော့ မျိုသိပ်ကြေကွဲသည့်နည်းဖြစ်သည်။

မမ ထိုသို့ မျိုသိပ်ကြေကွဲတတ်ကြောင်း သူ ကောင်းသတိပြုမိခဲ့ခြင်းမှာ ကေကေကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကေကေမှာ သူ၏အိမ်နီးချင်းသူငယ်ချင်းဖြစ်ပြီး အလွန်ရည်းစားများသော ပူပူလောင်လောင်ကောင်မလေးဖြစ်သည်။

သူမက သူမ ရည်းစားများစွာထားခြင်းနှင့် ပတ်သက်၍ ဤသို့ ရှင်းပြခဲ့ဖူးသည်။

"ငါက ရည်းစားအများကြီးထားတာ ထားချင်လို့ထားတာ မဟုတ်ဘူး၊ ဒီလိုဟာ. . ငါ ပထမဆုံးကောင်လေးတစ်ယောက်နဲ့ ကြိုက်တယ်၊ အဲဒီကောင်လေးကိုပဲ ယူမယ်လို့ ဆုံးဖြတ်ထားတား ဒါပေမယ့် အဲဒီကောင်လေးက သူ့ဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် လုံးဝအရည်အချင်းမရှိဘူး ခပ်ပေါ့ပေါ့လေး၊ နောက်ပြီး သူက ငါ့ကို စဖြတ်သွားတယ်၊ ဒါနဲ့ပဲ. . ဒုတိယ လက်အထပ်သင့်ဆုံးလို့ထင်တဲ့ ငါ့ကို ကြိုက်နေတဲ့ သင်္ဘောသားကို ငါ ပြန်ကြိုက်လိုက်တယ်၊ သူ့ကျတော့ တစ်မျိုး၊ သူနဲ့ငါက လုံးဝ အသွင်မတူဘူး ဒါနဲ့ပဲ သူနဲ့ငါ ပြတ်သွားကြပြန်ရော၊ ဒီလိုနဲ့ ငါ့မှာ တဖြည်းဖြည်း ရည်းစားတွေ များများလာတော့တာပဲ"

ကေကေမှာ ထိုကဲ့သို့သော မိန်းကလေးမျိုးဖြစ်သည်။

သို့သော် သူငယ်ချင်းတစ်ယောက်အနေနှင့် ဆိုလျှင်တော့ အလွန်ခင်မင်စရာကောင်းသူ ဖြစ်သည်။

ထိုကေကေနှင့် သူ တစ်ရက် ကြက်ဆင်မုန့်တိုက်ရှေ့မှာဆုံဖြစ်ကြသည်။ ကေကေက ထိုမုန့်တိုက်မှာ မုန့်ဝယ်လာခြင်းဖြစ်ပြီး သူက မမအား ရုံးပို့ရန် မမအဆောင်သို့ အလာမှာ ဖြစ်သည်။

"ဟဲ့. . နိုင်လင်း ဘယ်လဲ"

"ဒီနားပဲ အသိတစ်ယောက်ဆီ"

သူ ခပ်မြန်မြန်ပင် နှုတ်ဆက်စကားဖြတ်ရန် ကြိုးစား၏။

အကြောင်းမှာ မမကို ရုံးလိုက်ပို့ရန် အချိန်အလွန်နီးကပ်နေခြင်းကြောင့် ဖြစ်သည်။

သို့သော် ကေကေက မရ။





"နေပါဦးဟ၊ ငါ နင့်ကို မေးစရာရှိလို့"

သူ စိတ်ညစ်ညူးစွာ ခြေလှမ်းရပ်ရင်း "ဘာလဲ"ဟု ပြန်မေးလိုက်ရသည်။

"ငါ အိပ်ချ်ဂျီပီဖြေချင်လို့၊ အဲဒါ ဘယ်လိုလုပ်ရမလဲ"

"ဟာ. . နင်ကလဲ စာကျက်ပေါ့ဟ"

"နင့်ဘိုးအေ. . အဲဒါတော့ နင်ပြောမှလား၊ ငါသိတာပေါ့၊ နင့်ကိုမေးတာ ဘယ်မှာကျူရှင်တက်ရမလဲ၊ ဘယ်မှာ ဖောင်တင်ရမလဲ၊ အဲဒါတွေမေးတာ"

သူ စိတ်ပျက်လက်ပျက်နှင့် ခေါင်းတစ်ချက်ကုတ်ရင်း ကေကေအား သူ သိသမျှ ခပ်သွက်သွက်ရှင်းပြလိုက်ရတော့၏။

(ထိုသို့ရှင်းပြနေချိန်မှာပင် မမက သူ မလာတော့ဟု ယူဆလျက် ကိုးကားပေါ်သို့ တက်စီးသွားခဲ့သည်။ မမ စီးသော ကိုးကားက သူနှင့်ကေကေ ရပ်စကားပြောနေရာ ကြက်ဆင်မုန့်တိုက်ရှေ့မှ ဖြတ်သွားသဖြင့် သူနှင့်ကေကေအား မမ ကောင်းစွာ မြင်သွားခဲ့သည်။) သို့သော် သူကတော့ ထိုအကြောင်းကို မသိ။

ထို့ကြောင့် ထိုညနေ ရုံးသွားကြိုချိန်၌ မမမျက်နှာ မသာမယာဖြစ်နေခြင်း၏ အကြောင်းရင်းကိုလည်း မသိ။

မမကလည်း သူ့အား တစ်စုံတစ်ရာ မေးမြန်းခြင်းမရှိ။

"မမ နေမကောင်းဘူးလား"

"ကောင်းပါတယ် ဘာဖြစ်လို့လဲ"

"မမမျက်နှာ တစ်မျိုးဖြစ်နေလို့"

"စိတ်ထင်လို့ဖြစ်မှာပါ၊ ဘာမှမဖြစ်ပါဘူး"

"မညာပါနဲ့၊ မနက်က ကျွန်တော် ရုံးလိုက်မပို့လို့ စိတ်ကောက်နေတာ မဟုတ်လား"

"မဟုတ်ပါဘူး နိုင်နိုင်ရယ်၊ တို့ဖာသာတို့ ငြီးငွေ့ကြီးဖြစ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မမမှာ ထိုသို့ပင် ဟန်ဆောင်ကောင်းစွာ မျိုသိပ်ကြေကွဲနေခဲ့သည်။ မမ၏ဟန်ဆောင်ကောင်းမှုမှာ အခန်းဖော်မလှဲ့ပင် ချက်ချင်းမရိပ်မိ။

နောက်မှ မမ၏ ငေးငူငူအမူအရာကို မသင်္ကာသောကြောင့် အတင်းအကျပ် မေးသောအခါမှ မလှဲ့ကို ပြောပြခဲ့သည်။ ထိုအခါ မလှဲ့က သူငယ်ချင်းကောင်းပီသစွာ သူ့အား တိုးတိုးတိတ်တိတ်နှင့် လာ၍ ရန်တွေ့လေတော့သည်။

"နိုင်လင်းသော်၊ နင် ဘာတွေ မဟုတ်မဟတ် လုပ်ပြန်ပြီလဲ"

"ဘာတွေ မဟုတ်မဟတ်လုပ်လို့လဲ မလှဲ့ရဲ့"

နားမလည်နိုင်စွာ မလှဲ့ကို ပြန်မေးလိုက်မိသည်။

"နင် ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆို"

"ဘယ်သူပြောလဲ"

"ဒီလိုပဲ ငါသိတာပေါ့"

မလှဲ့ကလည်း မမ ပြောပြခြင်းဖြစ်ကြောင်း သူ့အား အသိမပေးဘဲ အစ်,သည်။ မဟုတ်ပါဘူး မလှဲ့ရယ် ဆိုသောအခါ မလှဲ့က သူနှင့်တွဲနေသော ကောင်မလေး၏ပုံပန်းသဏ္ဌာန်များကို ပြောပြသည်။

မလှဲ့ပြောပြသည့် ပုံပန်းသဏ္ဌာန်အရဆိုလျှင်တော့ ကေကေပဲဖြစ်သည်။

"မလှဲ့ပြောပြတဲ့ ကောင်မလေးကို ကျွန်တော် သိတယ်၊ အဲဒါ ကျွန်တော်တို့အိမ်နားက ကေကေပဲ၊ ဒါပေမယ့် ကေကေနဲ့ ကျွန်တော် တွဲနေတယ်ဆိုတာတော့ မဟုတ်ဘူး မလှဲ့"

"နင် မညာနဲ့နော်"

"ဘုရားပေးပေး ကျမ်းပေးပေး မဟုတ်ပါဘူး မလှဲ့ရယ်"

သည်တော့မှ မလှဲ့က မမ ပြောပြခြင်းဖြစ်ကြောင်း သူ့အား ပြန်လည်ပြောပြတော့သည်။





"သူက ကျွန်တော်နဲ့ကေကေကို ဘယ်မှာတွေ့တာတဲ့လဲ"

"ကြက်ဆင်မုန့်တိုက်ရှေ့မှာတဲ့၊ လွန်ခဲ့တဲ့ ဆယ်ရက်လောက်တ. ."

မမသည် သံသယတစ်ခုအား ထိုသို့ပင် ဆယ်ရက်လောက်ကြာအောင် မျိုသိပ်ကြေကွဲနိုင်စွမ်းရှိသည့် အမျိုးသမီးဖြစ်၏။

မမ၏အထင်အမြင်လွဲနေမှုအား ချက်ချင်းပင် မမရုံးသို့သွား၍ဖြေရှင်းရတော့သည်။

သူ့ဖြေရှင်းမှုကို မမ ဘာမှမပြောဘဲ ငြိမ်သက်စွာ နားထောင်နေခဲ့သည်။

အတန်ကြာမှ သူ့ကို တိုးတိုးလေးပြောသည်။

"သိဘူးလေ၊ ညည်းနဲ့သူနဲ့က တရင်းတနှီးပြောနေကြတာဆိုတော့ ထင်လိုက်မိတာပေါ့၊ ပြီးတော့ ကောင်မလေးက တို့ထက်လဲပိုလှတယ်၊ တို့ထက်လဲ ငယ်တယ်ဆိုတော့. . ."

"ဘာဆိုင်လဲ မမရယ်၊ လှတာငယ်တာနဲ့ပဲ သူနဲ့ကျွန်တော် အတွဲဖြစ်ရရောလား၊ တကယ်လို့ အဲလိုထင်တယ်ဆိုလဲ အဲဒီနေ့ကတည်းက ကျွန်တော့်ကို မေးပါတော့လား"

"မေးပါဘူး"

"ဘာဖြစ်လို့လဲ"

"တော်ကြာ ညည်းတို့က တကယ်ဟုတ်နေပါတယ်ဆိုရင် တို့. . ဒီထက် ခံစားရမှာပေါ့"

သူ၏မမမှာ ထိုသို့သော မမပင် ဖြစ်လေသည်။ သူ သက်ပြင်းတစ်ချက်ချရင်း မမ၏လက်ကလေးကို ဆုပ်ကိုင်ထားလိုက်မိသည်။

ဘာပဲဖြစ်ဖြစ် . . . မမ သူ့ကို သိပ်ချစ်သည်ဆိုခြင်းအတွက် သူ သံသယမဖြစ်မိ။ ထို့အတူ မမအား သူ သိပ်ချစ်သည်ဆိုခြင်းအတွက်လည်း သူ သံသယမဖြစ်မိ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူနှင့်မမ သိပ်ချစ်ကြခြင်းအတွက် မဆီမဆိုင် အစိုးရိမ်ဝင်လွန်ကြသူများကတော့ မလှဲနှင့် တင်ထွန်းအောင်ပဲ ဖြစ်သည်။

"ငါကတော့. . . မင်းတို့နှစ်ယောက်အတွက် စိုးရိမ်တယ် နိုင်ကြီး"

"ဘာဖြစ်လို့လဲ"

"မင်းတို့ တစ်ယောက်ကိုတစ်ယောက် ဒီလောက်ချစ်နေကြရင် တစ်ချိန်ချိန်မှာ အဲဒီအချစ်က မင်းတို့ကို ဒုက္ခပေးနိုင်တယ်"

"မင်းဟာကလဲ မဆီမဆိုင် တင်ထွန်းအောင်ရာ"

သူ ရယ်မောရင်း ပြောလိုက်သည်။

သို့သော်. . .

တင်ထွန်းအောင်က ခေါင်းကို ခါယမ်းလျက်. . .

"အချစ်ကြီးရင် အမျက်ကြီးတတ်တယ်တဲ့"

"အဲဒီစကားနဲ့ ငါတို့နဲ့ ဘာဆိုင်လဲ"

"မဆိုင်ရင်တော့ ကောင်းတာပေါ့၊ ဒါပေမယ့် ငါသိသလောက်တော့ မင်းတို့ဟာ ထစ်ခနဲရှိ တစ်ယောက်က သဝန်တိုရတာနဲ့ တစ်ယောက်က အထင်လွဲရတာနဲ့"

"ဒီလောက်တော့ ရှိမှာပေါ့ တင်ထွန်းအောင်ရာ သမီးရည်းစားပဲ"

မလှဲ၏အစိုးရိမ်လွန်ပုံကတော့ တစ်မျိုးဖြစ်သည်။

"သိပ်ချစ်တယ်ဆိုတာ ကောင်းပါတယ်၊ ကိုယ့်ချစ်သူကို သိပ်ချစ်သလို သိပ်နားလည်ဖို့လဲ လိုတယ်၊ ချစ်သာချစ်တတ်ပြီး နားမလည်တတ်ရင် အလကားပဲ၊ အချစ်နဲ့နားလည်မှုဆိုတာအမြဲတမ်း တစ်ထပ်တည်းကျနေဖို့ လိုတယ်"

မလှဲ၏ဒဿနကတော့ အလွန်လက်ခံဖွယ်ရာကောင်းသော ဒဿနပဲဖြစ်သည်။





ထိုသို့သော ဒဿနမျိုးကို တွေးခေါ်ပြတတ်ပြီး ချစ်သူတစ်ယောက်ကိုယ်ပိုင်မရှိသေးသော မလှဲကို သူ သနားသွားမိသည်။

သို့သော် မလှဲကတော့ သူ၏သနားမှုကို လက်မခံခဲ့ချေ။

"နင် ငါ့ကို သနားဖို့မလိုဘူး၊ ငါ့မှာလဲ မကြာခင် ချစ်သူ တစ်ယောက် ရှိတော့မှာ"

"ဘယ်သူလဲ မလှဲ"

"သိချင်ရင် တင်ထွန်းအောင် သွားမေးကြည့်"

ထိုနေ့ညပိုင်း တင်ထွန်းအောင်နှင့် လက်ဖက်ရည်ဆိုင်ထိုင်ချိန်မှာကော့ ထိုအကြောင်း တင်ထွန်းအောင်ကို သူ မေးခဲ့သည်။

တင်ထွန်းအောင်က ဝမ်းသာအားရအသံနှင့် "သူ တကယ်ပဲ အဲဒီအတိုင်း ပြောသလား"ဟု မေးနေသေးသည်။

"နေစမ်းပါဦး. . မင်းအစ်မ ရည်းစားရတော့မယ့်ကိစ္စကို မင်းက ဘယ့်နှယ်ကြောင့် ဒီလောက်ဝမ်းသာနေရတာလဲ"

"ဝမ်းသာဆို သူရမယ့်ရည်းစားက ငါပဲလေ"

သူ အမှန်တကယ်အံ့ဩသွားရတော့သည်။

"ဒါနဲ့ မင်းနဲ့သူနဲ့က မောင်နှမ နှစ်ဝမ်းကွဲဆို"

"အဲဒါက လွယ်လွယ်ပြောလိုက်တာ အမှန်က သုံးဝမ်းကွဲလားလေးဝမ်းကွဲလားမသိဘူး ကွဲတာ၊ သေသေချာချာ ဆွေမျိုးမစပ်တတ်တော့ ခပ်လွယ်လွယ်ပဲ နှစ်ဝမ်းကွဲလုပ်ပစ်လိုက်ရတာ"

"ထားပါတော့ ဘယ်လိုက ဘယ်လို မင်းတို့က ဒီစိတ်တွေ ဝင်လာကြတာလဲ"

သူမေးခွန်းအဆုံးမှာတော့ တင်ထွန်းအောင်က အနည်းငယ် ရှက်တက်တက်ဖြစ်နေသော မျက်နှာနှင့် မချိမချဉ်ပြုံးသည်။

ပြီးတော့ ချက်ချင်းမဖြေသေးဘဲ သူနှပ်ထားသော သူ့စီးကရက်... ဆေးပေါ့လိပ်ကို ယူဖွာနေသေးသည်။

နှစ်ဖွာလောက်ဖွာပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကြောင့်"ပေါ့ဟု စကားစသည်။

*"မင်းတို့က ငါတို့ရှေ့မှာ သိပ်ချစ်ပြနေကြတော့ ငါတို့လဲ အားကျလာတာပေါ့၊ ဒါနဲ့ ငါက မလုံကို ကျွန်တော့်မှာလဲ နိုင်ကြီးလို ရည်းစားတစ်ယောက် ရှိချင်လိုက်တာလို့ ပြောမိသွားတယ်၊ အဲဒီ တော့ . . သူက . ."*

တင်ထွန်းအောင်က စကားကိုရပ်ရင်း ဆေးပေါ့လိပ်ဖွာသည်။ အရေးထဲ ဆေးပေါ့လိပ်က မီးသေနေသဖြင့် မီးညှိနေရသေးသည်။

"ပြောလေကွာ၊ အဲဒီတော့ သူက ဘာပြောလဲ"

*"သူ စဉ်းစားပေးပါမယ်တဲ့"*

တင်ထွန်းအောင်ကိုယ်စား သူပျော်သွားသည်။

"ဒါဖြင့် သူက မင်းကို အဖြေပေးတော့မှာပေါ့"

*"တော်း ပေးပြီးသွားပြီလေကွာ၊ မင်းကို သူချစ်သူဘယ်သူလဲ တင်ထွန်းအောင် မေးကြည့်ဆိုတာ ငါ့ကို အဖြေပေးလိုက်တာပဲ ပေါ့"*

သည်တော့မှ အံ့သြဝမ်းသာစွာ သူ ရယ်မောလိုက်မိသည်။

*မလုံနှင့် တင်ထွန်းအောင်တို့၏အခြေအနေမှာ လိုက်၍မမီ နိုင်လောက်အောင်ပင် မြင့်မားမြန်ဆန်လွန်းလှသည်။*

ဘာပဲဖြစ်ဖြစ် ထိုနေ့မှစ၍ ညနေတိုင်းကန်ပေါင်ပေါ်သို့ လမ်းလျှောက်တတ်သော သူနှင့်မမအတွက် အဖော်တစ်တွဲရလာ ခဲ့တော့သည်။

♥♥♥

(၄)

ဇူလိုင်လ ပထမပတ်ထဲမှာတော့ မမ၏ အသက် (၂၇)နှစ် မြောက်မွေးနေ့ပွဲက ကျရောက်လာခဲ့သည်။ ထိုသို့ ကျရောက်လိမ့် မည်ဖြစ်ကြောင်း တစ်ပတ်ကျော်ကျော်စော၍ သိနေခဲ့ခြင်းကြောင့် မမအတွက် မွေးနေ့လက်ဆောင်ကို သူ ကြိုတင်စီစဉ်နိုင်ခဲ့သည်။

မမ၏မွေးနေ့၌ နံနက်ပိုင်း ရွှေတိဂုံဘုရားသွားမည်ဟူသော မမ၏အစီအစဉ်ကြောင့် အဆောင်ကို သူ အစောကြီးရောက်သွား ခဲ့သည်။

မမက သူ့ကို တွေ့သည်နှင့်လက်ဝါးဖြန့်ပြရင်း. . .

"ဘယ်မလဲ မွေးနေ့လက်ဆောင်"

"ဒီမှာလေ"

သူ့ရင်ဘတ်ကိုသူ လက်နှင့်ညွှန်လျက် ပြောလိုက်သည်။

သူ့စကားကြောင့် မမမျက်နှာရှုံ့မဲ့သွားသည်။

"မမရယ် . . လူကိုယ်တိုင်လာနေပြီပဲ၊ လက်ဆောင်လိုသေး လို့လား"

"လိုတာပေါ့လို့"

နှုတ်ခမ်းထူထူများကိုစူရင်း အလိုမကျသောအသံနှင့် ပြော သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘိုင်ပြတ်နေလို့ မမရဲ့"

"ညည်းကို အစောကြီးကတည်းက ပြောထားသားပဲ၊ ပိုက်ဆံမရှိရင် တို့ဆီက ယူထားပါလို့"

"မမပိုက်ဆံနဲ့ မမကို ပြန်ပြီး လက်ဆောင်ဝယ်ပေးရတာ မကောင်းပါဘူး"

"ကောင်းကောင်း မကောင်းကောင်း ဒီလိုပဲ ဝယ်ပေးပေါ့၊ အဲဒီပိုက်ဆံကို ညည်း တို့ဆီက ချေးတယ်လို့ သဘောထားလဲ ရတာပဲ"

"ကဲပါ လမ်းကျရင် ကျွန်တော် ဝယ်ပေးပါ့မယ်၊ လာ. ."

"ခဏစောင့်ဦး. . . မှန်လေးဘာလေး တက်ကြည့်လိုက်ဦးမယ်"

လိုလေးသေးမရှိအောင် ပြင်ဆင်လိမ်းကျံထားပြီး ဖြစ်ပါလျက် မှန်ကြည့်ရန် မမ အဆောင်ပေါ်သို့ ပြန်တက်သွားသည်။

သူ စိတ်မရှည်စွာနှင့်ပင် ရပ်စောင့်နေလိုက်ရသည်။

အစက မလှဲ့နှင့် တင်ထွန်းအောင်တို့ပါလိုက်ရန် စီစဉ်ခဲ့သော်လည်း မလှဲ့က "သွားစရာတစ်ခုရှိနေလို့ ညနေပိုင်းမှတစ်ခုခုစားမယ်၊ ဘုရားကိုတော့ နင်တို့ပဲသွားတော့"ဟုဆိုကာ မလိုက်ဖြစ်ကြ။

ငါးမိနစ်လောက်ကြာမှ မမ ပြန်ဆင်းလာခဲ့သည်။

"လှရဲ့လား. ."

မမဝတ်ထားသည်မှာ သာမန် (ယာချီကာ)စပို့ရှပ်ကလေးနှင့် သာမန်ယောလုံချည်လေးပဲ ဖြစ်သည်။

သို့သော် ထိုသို့. . သာမန်များဝတ်ဆင်ထားသော မမမှာ သာမန်မဟုတ်စွာပင် ထူးထူးခြားခြားလှပနေခဲ့သည်။

သူ ခေါင်းညိတ်ပြလိုက်တော့ မမ ကျေနပ်သွားသည်။

"ကားငှားသွားမယ်နော်"





"လှည်းတန်းကျမှ ငှားမယ်"

"လှည်းတန်း ဘာသွားလုပ်မှာလဲ"

"လက်ဖက်ရည်သောက်ဖို့"

သူ လှည်းတန်းရောက်တော့ မမအား မွေးနေ့လက်ဆောင်ပေးရန်အတွက် သူ ဝယ်လိုသော ပစ္စည်းသည်ကို ရှာသည်။

သို့သော် ထိုဈေးသည်ရောက်ဟန် မတူသေး။

ထို့ကြောင့် ဖြိုးဝေလက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ဝင်သောက်နေလိုက်သည်။ တအောင့်ကြာတော့ သတင်းစာရောင်းသောကောင်လေးကို တွေ့သဖြင့် သူ လှမ်းခေါ်လိုက်သည်။

"ဘာလုပ်မလို့လဲ"

"သတင်းစာဖတ်မလို့"

"နောက်ကျနေလိမ့်မယ် နိုင်နိုင်ရဲ့ . . . နေမပူခင် သွားမှကောင်းမှာ"

"ခဏလေးပါ"

သူ သတင်းစာတစ်စောင် ဝယ်ဖတ်လိုက်သည်။ သူ ဖတ်ပြီးချိန်မှာတော့ သတင်းစာကို မမအား လှမ်းပေးလိုက်သည်။

"မဖတ်တော့ဘူး"

"ဖတ်ကြည့်ပါ"

မမက သတင်းစာကို စိတ်မပါစွာ လှမ်းယူရင်း အမျိုးသမီးများ၏ထုံးစံအတိုင်း ကြော်ငြာစာမျက်နှာကို စ,လှန်သည်။

တအောင့်ကြာတော့ "ဟယ်. . ."ဟု မမ တအံ့တသြရေရွတ်သည်။

မမတွေ့လိမ့်မည်ဟု သူ သိသော်လည်း သည်လောက် မြင့်မြင့်ဆန်ဆန်ကြီး တွေ့သွားလိမ့်မည်ဟု သူ မထင်မိ။

မမက သူ့ကို မချိုမချဉ်ကြည့်ရင်း. . .

"ဘာဖြစ်လို့ စောစောက မပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

သူ မသိဟန်ဆောင်လျက် မေးလိုက်သည်။ မမက "ဘာကို ရမှာလဲ၊ ဒါကိုပေါ့"ဟု ပြုံးရွှင်စွာဆိုလျက် "မမမြတ်လေးငုံသို့"ဟု အစချီကာ သူ ရေးထည့်ထားသည့် မွေးနေ့ဆုတောင်းကြော်ငြာ တိုတိုလေးကို လက်ညှိုးညွှန်ပြသည်။

ထို့နောက် ခေါင်းငုံ့လျက် နောက်တစ်ကြိမ် ထပ်ဖတ်ပြန် သည်။

*မမမြတ်လေးငုံ. . .*
*(၄. ၇. ၉၀)မှာကျရောက်တဲ့ (၂၇)နှစ်မြောက်*
*မွေးနေ့မှသည် အနှစ်တစ်ရာတိုင် ချစ်သူနှင့်*
*ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေ. . .*
*ချစ်သူ . . .(နိုင်)*

"ကြိုက်ရဲ့လား"

သူ့အမေးကို မမက ခေါင်းညိတ်ရင်း. . .

"ကြိုက်တယ် ဘာဖြစ်လို့ ကြိုမပြောတာလဲ"

"မမ ဝမ်းသာသွားရအောင်ပေါ့"

မမက သတင်းစာကို တယုတယခေါက်လျက် ပိုက်ဆံအိတ် အတွင်းသို့ ထည့်သည်။ ထို့နောက် "နောက်ကျနေလိမ့်မယ်"ဟု ပြောရင်း စားပွဲထိုးကိုခေါ်လျက် ပိုက်ဆံရှင်းသည်။

ဆိုင်ထဲမှထွက်တော့ လမ်းပေါ်မှာ အသင့်တွေ့သော လေး ဘီးတစ်စီးကို လက်လှမ်းတားရင်း ရွှေတိဂုံဘုရားသို့ သွားခဲ့ကြ သည်။

ဘုရားကိုရောက်တော့ မမက သူ၏မွေးနံ ကြာသပတေး ထောင့်မှာ ရေ (၂၇)ခွက် လှူပြီး၊ သူ၏မွေးနေ့ စနေထောင့်မှာရေ (၂၂)ခွက်လှူသည်။ ပန်းစည်းများ ကိုယ်စီကိုင်လျက် ဆုတောင်း ကြချိန်မှာတော့ မမက သူ့နားသို့ တိုးတိုးလေးကပ်ပြောသည်။



BURMESE CLASSIC



မမ၏စကားကြောင့် "မမနှင့် မြန်မြန်ပေါင်းရပါစေ"ဟု သူ အသံထွက်၍ ဆုတောင်းလိုက်ရသည်။ ဆုတောင်းအပြီးမှာတော့ "ဘယ်သွားရင်ကောင်းမလဲ"ဟု တစ်ယောက်နှင့်တစ်ယောက်မေး ကြရင်း ကားစီးရန် အလွယ်ဆုံးဖြစ်သော အရှေ့ဘက်မုခ်မှ ဆင်း ကြသည်။

ထိုနေ့က ရာသီဥတုမှာ မိုးလည်းမရွာသော၊ နေလည်းမပူ သော အလွန်သာယာသည့် ရာသီဥတုပဲဖြစ်သည်။ ကြည်လင်သည့် ကောင်းကင်အောက်၌ သူ့လက်မောင်းကို ခိုတွယ်မှီနွဲ့ထားသော မမနှင့် ဖြည်းဖြည်းလေးလျှောက်ရင်း ဘယ်သွားရင်ကောင်းမလဲ ဟု. . စဉ်းစားကြသည်။

စဉ်းစားမရကြသောကြောင့် လောလောဆယ်တစ်ခုခုစား ကြရန် ဆုံးဖြတ်လိုက်ကြသည်။

"ဘယ်မှာစားမလဲ"

"ညည်းသဘောလေ"

ထိုအချိန်မှာ မြေပဒေသာကျွန်းနားရောက်နေပြီ ဖြစ်သဖြင့် ချစ်သူနှစ်ယောက်အတွက် အလွန်ထိုင်ရန်သင့်သော ကန်တော် မိတ်စားသောက်ဆိုင်မှာ စားကြဖို့ သူ ဆုံးဖြတ်လိုက်၏။

ထိုဆိုင်မှာပင် လက်ဖက်ရည်နှစ်ခွက်နှင့် နန်းကြီးသုပ်နှစ်ပွဲ အားပေးလိုက်ကြသည်။ စားသောက်ပြီးချိန်မှာတော့ မြေပဒေသာ ကျွန်းထဲဝင်ကြည့်ရန် သူ မမကို အဖော်ညှိသည်။

"ဘာသွားလုပ်မှာလဲ နိုင်နိုင်ရဲ့"

နှုတ်ခမ်းဆိုးဆေးများ မပျက်အောင် နှုတ်ခမ်းကို လက်သုတ် ပဝါနှင့်သုတ်ရင်း မမ မေးသည်။

"ဒီလိုပဲ လျှောက်ကြည့်ကြတာပေါ့"

"ဘာကြည့်စရာရှိလို့လဲ"

"အများကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဥပမာတစ်ခုလောက် ပြောစမ်း"

"အတွဲတွေ"

"အိုး. . ."

မမ သဘောကျစွာရယ်ရင်း သူ့ပခုံးကို လှမ်းရိုက်သည်။

သူ မျက်နှာတည်တည်ထားရင်း. . .

"အလကားပြောတာပါ မမရဲ့၊ အဲဒီထဲမှာ ပေဒင်ဆရာမကြီး တစ်ယောက်ရှိတယ်၊ သိပ်မှန်တာပဲ"

"ဟုတ်လို့လား"

မမ မယုံသလို လှမ်းမေးသည်။

အမျိုးသမီးများသည် ပေဒင်ဟုဆိုလျှင် အဘယ်ကြောင့် ထိုသို့ စိတ်ဝင်စားတတ်ကြကြောင်း သူ စဉ်းစားမရ။

သူ ရယ်ချင်သော်လည်း ရယ်လိုက်ပါက သူ ညာနေတာဟု မမ ထင်သွားမည်စိုးသောကြောင့် မရယ်ရဲ။ ခပ်တည်တည်နှင့် ခေါင်းကို ညိတ်ပြလိုက်သည်။

"တကယ်ပြောတာ၊ လူထိုင်တာနဲ့ ဘာနေ့သား၊ ဘာနေ့သမီး နာမည်က ဘာအက္ခရာနဲ့စတယ်ဆိုတာ တန်းပြောတာ"

"အာလူး"

"မယုံရင် ဟိုရောက်တော့ မေးကြည့်လေ၊ ဒါပေမယ့် တစ်ခု တော့ရှိတယ်၊ ပေဒင်ခကိုတော့ မမ ပေးရလိမ့်မယ်"

"ဈေးကြီးလားဟင်"

"သိပ်မကြီးပါဘူး၊ တစ်ယောက်ကို ငါးကျပ်တစ်မတ်ပဲ ယူ တယ်"

"ဒါဖြင့် သွားမေးရအောင်နော်"

မြေပဒေသာကျွန်းထဲအဝင် ဂိတ်ဝင်ကြေးပေးစဉ်မှာတော့ မမ သူ့ကို ဇဝေဇဝါဖြစ်စွာ မော့်ကြည့်ရင်း တိုးတိုးလေးကပ်မေးပါ သည်။



BURMESE CLASSIC



"ဟုတ်ရဲ့လား နိုင်နိုင်ရယ်". . တဲ့။

ထိုနေ့က မမ၏မွေးနေ့အဖြစ် ဘုရားမှာ ပန်းဆီမီးကပ်လှူ ခြင်းအပြင် သူနှင့်မမ၏ရှေ့ရေးအတွက် မြေပဒေသာကျွန်းထဲမှာ ပေဒင်ဝင်မေးခဲ့ကြသည်။

ထိုသို့ ပေဒင်ဝင်မေးခဲ့ခြင်း၏ ရလဒ်ကတော့ သူ့လက်များ ကျိန်းစပ်နေအောင် ဆွဲဆိတ်ခံခဲ့ရခြင်းပဲ ဖြစ်သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၅)

"ကျွန်တော်တို့ ဘယ်တော့လက်ထပ်ကြမလဲ"

ထိုမေးခွန်းမှာ အင်းလျားကန်းပေါင်ပေါ်မှ ညနေခင်းလေးတစ်ခုမှာ မမအား သူမေးလိုက်သော မေးခွန်းဖြစ်သည်။

လက်ထပ်ခြင်းကိစ္စကို စတင်ဆွေးနွေးလိုသော ယောကျ်ားတစ်ယောက်အတွက်ဆိုပါက ထိုမေးခွန်းမှာ အတော့်ကိုအားနည်းပျော့ပျောင်းသော မေးခွန်းဖြစ်သည်။

ထိုအားနည်းပျော့ပျောင်းသည့် သူ့မေးခွန်းကို ပြန်ဖြေလိုက်သည့် မမ၏အဖြေမှာလည်း အလွန်ပဲ အားနည်းလှသည်။

"တစ်ချိန်ချိန်ပေါ့". . တဲ့။

တကယ်တော့ ဘာပဲဖြစ်ဖြစ် ထိုသို့ဖြစ်ဖို့မကောင်း။

"ဘယ်လိုတစ်ချိန်ချိန်လဲ မမရဲ့"

သူ မမတိုကြည့်ရင်း ထပ်မေးလိုက်သည်။

"နောင်တစ်ချိန်ချိန်ပေါ့ နိုင်နိုင်ရယ်"

သူ စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးပါဘူး မမရယ်"

"ဘယ်လို မဟုတ်တာလဲ"





"တင်ထွန်းအောင်တို့ မလှဲတို့ဆိုရင် သူတို့လက်ထပ်ကြမယ့်နေ့တင်မဟုတ်ဘူး. . . လက်ထပ်မယ့်နေ့မှာ ဝတ်ကြမယ့် အင်္ကျီအရောင်ပါ ခုကတည်းက ရွေးပြီးနေကြပြီ"

"သူတို့ကတော့. . ."

မမ စကားတစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။

မမ၏မျက်နှာအမူအရာကလည်း တစ်မျိုးဖြစ်သွားသည်။

သူ့စိတ်ထင် မျက်နှာပျက်သွားတာပဲ ဖြစ်မည်။

ထိုသို့ မျက်နှာပျက်သွားတာ ဟုတ်, မဟုတ် အသေအချာအကဲခတ်ခွင့်မရခင်မှာတော့ မမက မျက်နှာအမူအရာကို အမြန်ဆုံးပြင်လိုက်သည်။

ထို့နောက် ပြုံးရင်း သူ့ကို မေးသည်။

"ညည်းက လက်ထပ်ချင်ပြီလား"

"လက်ထပ်ချင်တာကတော့ ဟိုး. . လေးတန်းလောက်ကတည်းကပဲ၊ အဲဒီတုန်းက ရည်းစားမရှိသေးလို့ ငြိမ်နေရတာ"

သူ့စကားကြောင့် မမ ရယ်သည်။ မမရယ်သံမှာ မမစကားပြောသကဲ့သို့ပင် အမြဲတမ်း တိုးတိုးလေးဖြစ်သည်။

"ဒါဖြင့် ညည်း. . တို့ကို လက်ထပ်ချင်တာ သေချာပြီပေါ့"

"ယောကျ်ားတွေက စကားတစ်ခုကို မသေချာဘဲ ဘယ်တော့မှ မပြောဘူး၊ အထူးသဖြင့် လက်ထပ်ဖို့ဆိုတဲ့စကားမျိုးကို ပိုပြီးမပြောဘူး"

"ညည်း. . တို့ကို ဘာဖြစ်လို့ လက်ထပ်ချင်တာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ချစ်လို့ပေါ့"

"ရှင်းသွားတာပဲ"

"ကျွန်တော့်ကို လက်ထပ်လိုက်ရင် ဒီထက်တောင် ရှင်းသွားဦးမယ်"

မမ ရယ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလို အချိန်မျိုးမှာ မမအာနေနှင့် ခဏခဏ ရယ်နေဖို့ မသင့်။ မမ အရယ်ရပ်အောင် သူ တားချင်သော်လည်း ဘယ်လို တားရမည်မသိ။ မမ အရယ်ရပ်ရင်း. . .

"ချစ်လာရင် လက်ထပ်ချင်ရောလား"ဟု မေးသည်။

မမမေးခွန်းအတွက် အလွယ်ကူဆုံးအဖြေကတော့ ခေါင်းညိတ်ခြင်းပဲ ဖြစ်သည်။

"ယောကျ်ားတွေ လက်ထပ်ချင်လာပြီဆိုရင် ချစ်လာလို့ပဲ၊ မိန်းမတွေ ချစ်လာပြီဆိုရင် လက်ထပ်ချင်လာလို့ပဲ၊ ကျွန်တော်ကြားဖူးတယ်၊ မိန်းမတွေဟာ လက်ထပ်ဖို့စဉ်းစားပြီး ချစ်တယ်တဲ့၊ ယောကျ်ားတွေကတော့ ချစ်ပြီးမှ လက်ထပ်ဖို့စဉ်းစားတယ်တဲ့၊ မမကော့ ကျွန်တော့်ကို လက်ထပ်ဖို့ စဉ်းစားပြီးချစ်ခဲ့တာမဟုတ်လား"

သူ့မေးခွန်းအဆုံးမှာ မမ၏မျက်နှာက စာစောကလို တစ်ချက်ဖြစ်သွားပြန်သည်။ သို့သော် သူ့စိတ်ထင်ခြင်းသာ ဖြစ်ပေလိမ့်မည်။ အကြောင်းမှာ. . . .

"ညည်း. . မြန်မြန်ကျောင်းပြီးအောင် လုပ်လေ၊ ညည်း. . ကျောင်းပြီးတော့ လက်ထပ်ကြတာပေါ့"ဟု ဆက်ပြောခဲ့ခြင်းကြောင့် ဖြစ်သည်။

သူ မမ၏စကားကို "ကျောင်းပြီးမှလား"ဟု စောဒကတက်ကြည့်လိုက်သည်။

"ဟုတ်တယ်၊ ကျောင်းပြီးမှ၊ အမှန်ဆို တို့က ညည်းအလုပ်တွေဘာတွေရမှ လက်ထပ်ချင်တာ"

အလုပ်ရမှ ဆိုပါက သူနှင့်မမ၏အရွယ်မှာ များစွာကြီးရင့်သွားနိုင်သောကြောင့် ကျောင်းပြီးမှဟူသည့် မမ၏စကားနှင့်ပင် ကျေနပ်လိုက်ရလေသည်။

ထိုသို့ ကျောင်းပြီးရင် လက်ထပ်ကြတာပေါ့ဟူသော မမ၏စကားကို ကြားခဲ့ရပြီးနောက်ပိုင်းမှာတော့ သူနှင့်မမ၏အနာဂတ်ကို





သူ မကြာခဏ စဉ်းစားဖြစ်လာတော့သည်။ ယင်းသို့ စဉ်းစားတိုင်း ထိုအနာဂတ်နှင့်အတူ သူ့ခေါင်းထဲသို့ ဝင်ရောက်လာတတ်သည်ကတော့ "မမ၏အတိတ်ပဲ" ဖြစ်သည်။

တကယ်တော့. . .

မမ၏အတိတ်ကို လွန်ခဲ့သော လေးနှစ်ကျော်ကျော်က ဆွေမျိုးနီးစပ်တော်သူတစ်ယောက်နှင့် မမ အိမ်ထောင်ကျခဲ့ဖူးသည် ဆိုခြင်းနှင့် မမနှင့် အိမ်ထောင်ကျခဲ့သူ၏အမည်မှာ ကျော်မြင့်သန်းဖြစ်သည် ဆိုခြင်းမှအပ သူ ဘာမှ ရေရေရာရာ သိခဲ့သည်မဟုတ်။

ထို့ထက်ပို၍ သိခွင့်ရရန်လည်း သူ မကြိုးစားခဲ့။ ကိုယ့်ချစ်သူ၏အတိတ်ကို သိခွင့်ရရန် မကြိုးစားခဲ့ခြင်းမှာ အတော်တော့ အံ့သြစရာကောင်းပါသည်။ ပို၍အံ့သြစရာကောင်းတာတစ်ခုက မမကိုယ်တိုင်လည်း (သူ့အား အင်းလျားကန်စောင်း၌ တစ်ခါပြောပြဖူးသည်မှအပ) နောက်ပိုင်း. . ထိုအကြောင်းနှင့်ပတ်သက်၍ ဘာမှ ရေရေရာရာ ပြောမပြခဲ့။

ထိုသို့ ပြောမပြခြင်းမှာ "ဘာကြောင့်"ဟု သူမစဉ်းစားတတ်ခဲ့သော်လည်း၊ မလဲ့ကတော့. . ."သူ မပြောတာ သူ့အတိတ်ကို မေ့ထားချင်လို့ ဖြစ်မှာပေါ့"ဟု သူ့အား စဉ်းစားပြခဲ့သည်။

ဘာပဲဖြစ်ဖြစ် မမ၏အတိတ်က သူ့အား အနည်းအကျဉ်းတော့ ကသိကအောက်ဖြစ်စေခဲ့သည်မှာ အမှန်ဖြစ်သည်။

ဥပမာ. . သူနှင့် မမအကြောင်း သူ့အိမ်ကို ပြောပြမည်ဆိုပါက **တစ်ခုလပ်** ဟူသော ဝေါဟာရကို ဘယ်လိုလှပအောင် သုံးစွဲလျှင်ကောင်းမလဲဟု စဉ်းစားရတာမျိုးဖြစ်သည်။ မမ၏အတိတ်သည် ထိုသို့ပင် အတွေး၌ဦးနှောက်ခြောက်ရသည်မှအပ ထို့ထက်မပို့ခဲ့။ သို့သော် ဇူလိုင်လ၏ဒုတိယပတ်ကုန်ခါနီးမှာတော့ ထို့ထက်ပိုရန် အခြေအနေတစ်ခုက မမ၏ရှေ့သို့ ရောက်ရှိလာခဲ့သည်။

▮

ထိုနေ့က နေ့လယ်ပိုင်း သူ မမ၏ရုံးသို့ ရောက်သွားခဲ့၏။ ခါတိုင်းဆိုလျှင် ဆက်ရှင်ဝမှ လှမ်းမျှော်ကြည့်လိုက်သည်နှင့် ဆံပင်ရှည်ရှည်ကြီးများမျက်နှာတစ်ခြမ်းကိုအုပ်လျက် ခေါင်းငုံ့ကာအလုပ်လုပ်နေသော မမကို တွေ့မြဲဖြစ်သည်။

သို့သော် ထိုနေ့ကတော့ မမ၏စားပွဲမှာ မမ ရှိမနေပါ။

သူ မမ၏စားပွဲဘေးမှ အမျိုးသမီးဆီ လျှောက်သွားပြီးမေးလိုက်သည်။

"အစ်မ . . မမြတ်လေးငုံ မရှိဘူးလား"

မျက်မှန်းတန်းမိနေသော အမျိုးသမီးက သူ့ကို တစ်ချက်မော့ကြည့်သည်။

ထို့နောက် ပြုံးပြရင်း. . .

"လက်ဖက်ရည်ဆိုင် ထွက်သွားတယ်နဲ့တူတယ်၊ ဩော်. . ဟုတ်တယ်. . . ဟုတ်တယ်၊ စောစောက. . . သူ့ဆီ ဧည့်သည်တစ်ယောက်လာတာနဲ့ လက်ဖက်ရည်သွားတိုက်တယ်"

ဧည့်သည်ဟူသော အသုံးအနှုန်းကြောင့် ဘယ်သူများပါလိမ့်ဟု သူ စဉ်းစားလိုက်သည်။ အဖြစ်နိုင်ဆုံးကတော့ ဖက်စပ်မှာအလုပ်လုပ်သည့် မလှဲ့ သည်နားလာရင်း မမဆီ ဝင်လာတာပဲဖြစ်မည်။

"မလှဲ့ထင်တယ်၊ ဟို အသားဖြူဖြူနဲ့လေ. . ."

သို့သော် သူ့ထင်မြင်ချက်ကို အမျိုးသမီးက ခေါင်းယမ်းသည်။

"အမျိုးသားတစ်ယောက်ပဲ၊ သူတို့နယ်ကနဲ့တူတယ်"

အမျိုးသားတစ်ယောက် ဆိုသောကြောင့် မမ၏ရောင်စုံဓာတ်ပုံထဲမှ ကျော်မြင့်သန်းကို ဖျတ်ခနဲ သတိရလိုက်မိသည်။

"ကျွန်တော် သိပြီအစ်မ၊ ကျော်မြင့်သန်းနဲ့တူတယ်၊ အသားဖြူဖြူ အရပ်ပုပု နည်းနည်းဝဝနဲ့လေ"





မေးသာမေးလိုက်ရသော်လည်း မဟုတ်နိုင်ပါဘူးဟု သူတွေးမိသည်။ သို့သော် သူ့အတွေးက မမှန်။ အမျိုးသမီးက ခေါင်းညိတ်လျက် "ဟုတ်တယ်"ဟု အဖြေပေးသည်။ "ကျေးဇူးပဲအစ်မ" ဟု အမျိုးသမီးကို နှုတ်ဆက်ရင်း ရုံးထဲမှ သူ ပြန်ထွက်လာခဲ့သည်။

*ကျော်မြင့်သန်းလာလို့ လက်ဖက်ရည်ထွက်တိုက်သတဲ့။*

*သည်လူ မမရုံးကို ဘာလာလုပ်သလဲ။*

လမ်းကြုံလို့လား၊ ဒါမှမဟုတ် တမင်သက်သက်ပဲလား။ ဘာပဲဖြစ်ဖြစ် သည်လူ မမရုံးကို လာစရာအကြောင်းမရှိတာ အမှန်ပဲ။ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲထားတဲ့ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ဟာ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို အတူတူတွဲမသွားသင့်ဘူး။

အတွေးတို့က စူးနစ်ကြွမ်းရှစွာပင် သူ့အား ဒုက္ခပေးတော့သည်။ အထူးသဖြင့် "ကျော်မြင့်သန်း မမဆီ ဘာလာလုပ်သလဲ" ဟူသော သိချင်စိတ်က သူ့ဦးနှောက်ကို နာကျင်ကိုက်ခဲစေတော့သည်။ ညနေ ရုံးကြိုချိန်မှာတော့ ထိုအကြောင်းစကားစရန် သူ မမ၏မျက်နှာကို အကဲခတ်လိုက်သည်။

မမ၏မျက်နှာက ရုံးဆင်ခါနီး ကမန်းကတန်း လိမ်းခြယ်ထားဟန်တူသော ပရိုမီနာမိတ်ကပ်နှင့် ကာရိုးလ်နှုတ်ခမ်းဆိုးဆေးနီနီတို့ဖြင့် ညိုညက်လှပနေသည်ဆိုခြင်းမှအပ ဘာမှအကဲခတ်၍မရ။ သူ စကားတစ်စုံတစ်ရာ မစနိုင်ခင် မမ သူ့ကို ဖျတ်ခနဲမေးသည်။

"နိုင်နိုင် နေ့လယ်က လာသွားတယ်ဆို"

"ဟုတ်တယ်"

သူ သံပြတ်နှင့် ဖြေလိုက်မိသည်။

သူ့အသံက ဘာကြောင့် ထိုသို့ဖြစ်သွားမှန်း သူ မသိ။

မမ သူ့ကို မရဲတရဲကြည့်သည်။

www.burmeseclassic.com



ထို့နောက် အကြည့်လွှဲလျက် အသံတိုးတိုးဖြင့်. . .

"နေ့လယ်က ကျော်မြင့်သန်းလာသွားတယ်"

မမ ထိုသို့ အလွယ်တကူ ဝန်ခံလာလိမ့်မည်ဟု မထင်မိသောကြောင့် ရုတ်တရက် သူ ဘာပြန်ပြောရမည် မသိစွာ မမ၏ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။

"သူ ဘာလာလုပ်တယ် ထင်သလဲ"

မမ အမေးကို သူ ဘာမျှအဖြေမပေးမိ။

တအောင့်ကြာမှ မမက ဆက်ပြောသည်။

"ညည်းအကြောင်းတွေ လာမေးတာ"

"ကျွန်တော့်အကြောင်း. ."

သူ အံ့သြစွာ ရေရွတ်လိုက်သည်။

မမ ခေါင်းညိတ်ပြရင်း. . .

"ဟုတ်တယ်၊ တို့မှာ ချစ်သူရှိနေပြီဆိုတာ သူ သိသွားတယ်၊ လေးရက်နေ့က သတင်းစာထဲမှာပါတဲ့ မွေးနေ့ဆုတောင်းကြော်ငြာကြောင့်တဲ့"

"ဘာဆိုင်လို့လဲ"

"အဲဒီထဲမှာ တို့နာမည် ပါတယ်လေ"

"မြတ်လေးငုံတွေ အများကြီးရှိနိုင်တာပဲ"

"ဒါပေမယ့် ဇူလိုင်လ လေးရက်နေ့မှာ အသက် (၂၇)နှစ်ပြည့်တဲ့ မြတ်လေးငုံကတော့ အများကြီးမရှိနိုင်ဘူး၊ သူက တို့ရဲ့ မွေးသက္ကရာဇ်ကို အလွတ်ရတယ်"

သူ ခေါင်းတစ်ချက်ဆတ်ရင်း နှုတ်ဆိတ်ငြိမ်သက်နေလိုက်သည်။

မမ သူ့မျက်နှာကို အကဲခတ်ဟန်နှင့် ဝေ့ဝဲကြည့်နေရာမှ အဝေးသို့ အကြည့်လွှဲရင်း. . .

"သူက မေးတယ်၊ နိုင်နိုင်ဆိုတာ ဘယ်သူလဲတဲ့"





မမ၏စကားများအရဆိုပါက ကျော်မြင့်သန်းသည် မွေးနေ့ဆုတောင်းပါ "နိုင်"ဟူသော အမည်နာမတစ်ခုအတွက် မမထံသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ တကယ်တော့ မမနှင့် တရားဝင်ကွာရှင်းပြီးဖြစ်သည့် ကျော်မြင့်သန်းအနေနှင့် မမ၏ပစ္စုပ္ပန် ကိုယ်ရေးကိုယ်တာများအား ဤမျှအထိ သိချင်စိတ်ပြင်းပြစွာ စပ်စုဖို့ မကောင်းပါ။

"တို့. . ညည်းအကြောင်း သူ့ကို ပြောပြလိုက်တယ်"

"သူ ဘာပြောသလဲ"

"ဝမ်းသာပါတယ်တဲ့"

သူ စိတ်အနှောင့်အယှက်ဖြစ်စွာ မဲ့ပြုံးတစ်ချက် ပြုံးလိုက်မိသည်။ မိန်းမတစ်ယောက်နှင့် တစ်ချိန်တုန်းကပတ်သက်ခဲ့ဖူးသော ယောကျ်ားတစ်ယောက်က ထိုမိန်းမနှင့် ယခု ပတ်သက်နေသော အခြားယောကျ်ားတစ်ယောက်ကြောင့် ဝမ်းသာသည်ဆိုခြင်းက သိပ်တော့ အဓိပ္ပာယ်မရှိလှ။

ကျော်မြင့်သန်း၏ဝမ်းသာပါတယ်က သူ့စိတ်အား အနှောင့်အယှက် ဖြစ်စေတော့သည်။

မမ၏ရုံးမှ အဆောင်သို့ ပြန်ရောက်သည်အထိ တစ်လမ်းလုံး သူ နှုတ်ဆိတ်နေမိသည်။ သူ နှုတ်ဆိတ်နေခြင်း၏အကြောင်းရင်းကို ရိပ်မိဟန်တူသော မမကလည်း အလိုက်တသိဖြင့် စကားတစ်စုံတစ်ရာမှ မစ။

မမအား အဆောင်သို့လိုက်ပို့ပြီး ပြန်ခါနီးအချိန်မှာတော့ မမေးတော့ဟု ဆုံးဖြတ်ထားသည့်ကြားမှ သူ မေးခွန်းတစ်ခု မေးလိုက်မိသည်။

"သူ အရင်ကရော ခုလို လာနေကျပဲလား"

သူ့မေးခွန်းက မမအား အနည်းငယ် အထိတ်တလန့်ဖြစ်သွားစေဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



မမ ကပျာကယာ ခေါင်းခါယမ်းရင်း. . .

"ဟင့်အင်း. . တခါမှ မလာဖူးပါဘူး" ဟု. .

အလောတကြီး အဖြေပေးသည်။

"ဘာပဲဖြစ်ဖြစ် သူလာတာ ကျွန်တော် သဘောမကျဘူး"

သူ့စကားကြောင့် မမ သူ့ကို ခပ်တွေတွေ ငေးစိုက်ကြည့်သည်။

"နောက်တစ်ခါ သူ လာရင် မမ သူ့ကို လက်ခံစကားမပြောပါနဲ့"

မထင်မှတ်ဘဲ တင်းပြတ်မာကျောသွားသည့် သူ့စကားသံအား မမက အလွယ်တကူပင် ခေါင်းညိတ်တုံ့ပြန်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ထိုနေ့ နေ့လယ်ပိုင်း မမ၏ရုံးသို့ ကျော်မြင့်သန်းရောက်ရှိလာခြင်းက ထိုနေ့ညနေပိုင်း ကန်ပေါင်ပေါ်မှ သူနှင့် မမ၏လမ်းလျှောက်ချိန်များကို အတော်အသင့် ခြောက်ကပ်သွားစေခဲ့သည်။

▼▼▼

(၆)

ဒုတိယအကြိမ်မြောက် ကျော်မြင့်သန်း ထပ်မံရောက်ရှိလာခြင်းကတော့ ပထမအကြိမ်လာအပြီး နှစ်ပတ်တိတိအကြာမှာဖြစ်သည်။

ပုံမှန်အားဖြင့်ဆိုလျှင်တော့ ထိုနေ့က ကျော်မြင့်သန်း ရောက်ရှိလာခြင်းကို သူ သိနိုင်စရာအကြောင်းမရှိ။ သို့သော် ထိုနေ့က ပုံမှန်မဟုတ်စွာပင် မမအား ရုံးကြိုရန်ရောက်သွားခဲ့သည်။

ထိုသို့ရောက်သွားခဲ့ခြင်းမှာ တင်ထွန်းအောင်ကြောင့်ပဲဖြစ်သည်။ တင်ထွန်းအောင်က ဘောင်းဘီတစ်ထည် ဝယ်ချင်သည်ဆိုသဖြင့် သူ အဖော်လိုက်ပေးခဲ့ရသည်။ ဘောင်းဘီဝယ်အပြီး အချိန်က သုံးနာရီခွဲကျော်ကျော်မျှသာ ရှိသေးသည်။

ထို့ကြောင့် မမအား ရုံးကြိုရန် အတော်ပင်စောနေသေးသည်။ သို့သော် ထိုပြဿနာကို တင်ထွန်းအောင်က အလွယ်ကူဆုံးဖြေရှင်းလိုက်သည်။

"ရုံးအဆင်းကို သိင်္ဂီရွှေရည်က ထိုင်စောင့်တာပေါ့ကွာ၊ အပြင်ဘက်သံပြားပေါက်ခင်းထားတဲ့နေရာမှာ ထိုင်လိုက်ရင် လက်ဖက်ရည်လဲ မှာသောက်လို့ရတယ်၊ ဖြတ်သွားတဲ့ လေဒီတွေကိုလဲ အားပေးလို့ရတယ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ၊ နောက်တစ်ချက်ပါ ထပ်ပြတ်ချင်သေးရင် အဲဒီမှာ စောင့်နေမယ့်အကြောင်း မင်းမမကို ဝင်ပြောလိုက်၊ ဒါဆို သူလာတဲ့အခါ ငါတို့ လက်ဖက်ရည်ဖိုးကို သူ ရှင်းလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တင်ထွန်းအောင်၏အကြံဉာဏ်ကြောင့် သိဂီရွေရည်မှာ စောင့်မည့်အကြောင်းပြောရန် မမရုံးသို့ ဝင်ရသည်။ ထိုသို့အဝင် မှာပင် ရုံးထဲမှထွက်လာသော ကျော်မြင့်သန်းကို သတိပြုမိခြင်း ဖြစ်သည်။

သာမန်အားဖြင့်ဆိုလျှင်တော့ မာတ်ပုံထဲမှာ တစ်ခါသာမြင် ဖူးသော လူတစ်ယောက်ကို အပြင်မှာပြန်တွေ့လျှင် မှတ်မိနိုင် လောက်အောင် သူ မှတ်ဉာဏ်မကောင်း။

သို့သော် ကျော်မြင့်သန်းနှင့် သူ၏ပတ်သက်မှုမှာမမကြောင့် ဖြစ်နေခြင်းကြောင့် အသားဖြူဖြူ၊ အရပ်ပုပုနှင့် ကျော်မြင့်သန်းကို သူ အသေအချာမှတ်သားထားခဲ့သည်။ သူ၏မှတ်သားထားမှုက ဘယ်လိုမှ လွဲမှားစရာမရှိ။

လုပ်ငန်းရှင်အတော်များများ လွယ်လေ့လွယ်ထရှိသော ပိုက်ဆံအိတ်လား၊ တိုလီမုတ်စ ထည့်သည့်လွယ်အိတ်လား ခန့်မှန်း ရန်မလွယ်ကူသည့် အညိုရောင် သားရေအိတ်ကို လွယ်ထားသော ကျော်မြင့်သန်းကတော့ သူ့ကို သိဟန်မတူ။

သူ့ဘေးမှ ဖြတ်လျက် ရုံးထဲမှထွက်သွားသည်။

သူ ကျော်မြင့်သန်းကို ခေါင်းငုံ၍လိုက်ကြည့်နေမိသည်။

"ဟော့ကောင်. . ဘာလဲ"

တင်ထွန်းအောင်က သူ့ကို လှမ်းမေးသည်။

သူ ကျော်မြင့်သန်းကို လှမ်းပြရင်း. . .

"အဲဒါ ကျော်မြင့်သန်းဆိုတာပေါ့"

"ဘယ်က ကျော်မြင့်သန်းလဲ"

တင်ထွန်းအောင်က ကျော်မြင့်သန်းဟူသောအမည်ကို မသိသောကြောင့် နားမလည်စွာ ပြန်မေးသည်။

"မမရဲ့. . ."

သူ့စကားက တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။





ဆက်ပြောချင်စိတ်မရှိတော့သော အရင်ယောက်ျားဟူသည့် စကားလုံးကို အတွေးနှင့်ပင် ခြေမွပစ်လိုက်သည်။

သူ့မျက်နှာအမူအရာနှင့် အသံအနေအထားကြောင့် တင် ထွန်းအောင်က ချက်ချင်းသဘောပေါက်သွားသည်။

"ငါ နားလည်ပြီ၊ နေစမ်းပါဦး၊ သူက ဘာလာလုပ်တာလဲ"

"ငါလဲ အဲဒါကိုပဲ သိချင်နေတာ၊ ခုတစ်ခါနဲ့ဆို သူလာတာ နှစ်ခါရှိပြီ"

သူ့အသံက အနည်းငယ် မာဆတ်နေသည်။

တင်ထွန်းအောင်က "တခြားဌာနတစ်ခုခုကို လာတာဖြစ်မှာ ပေါ့"ဟု ဖြေသိမ့်ရင်း ထင်မြင်ချက်ပေးသည်။

တင်ထွန်းအောင်၏ထင်မြင်ချက်ကို သူခေါင်းယမ်းငြင်းဆန် လိုက်သည်။ ထို့နောက် မမ၏ဌာနသို့ သူနှင့် တင်ထွန်းအောင် ရောက်သွားတော့သည်။

သူ့ကိုအတွေ့ အနည်းငယ်တင်းမာနေသော သူ့မျက်နှာ ကြောင့် မမ မျက်နှာတစ်ချက် ပျက်သွားသည်။

ထို့နောက် ဟန်လုပ်လျက် ပြုံးပြရင်း . . "အစောကြီးပါ လား"ဟု ပြောသည်။

သူမမ၏စားပွဲပေါ်သို့ ဝေ့ဝဲအကဲခတ်လိုက်သည်။ မမ၏စား ပွဲပေါ်၌ ငါးရံ့ခြောက်များနှင့် ဘာမှန်းမသိရသော အထုပ်နှစ်ထုပ် လောက်ကို တွေ့ရသည်။

သည်တစ်ခါ ကျော်မြင့်သန်း လာခြင်းကတော့ ချစ်သူရှိနေ ပြီဖြစ်သော မမအတွက် ဝမ်းသာဂုဏ်ယူသော အနေနှင့်လက် ဆောင်များ လာပေးခြင်းပဲ ဖြစ်ပေလိမ့်မည်။

သူ့အကြည့်စူးစူးကို စားပွဲပေါ်မှတစ်ဆင့် မမ၏မျက်နှာပေါ် သို့ ရွှေပြောင်းလိုက်သည်။ မမ သူ့ကို လျော့ရဲရဲအပြုံးတစ်ခုနှင့် အားနည်းစွာ ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ သိင်္ဂီရွှေရည်က စောင့်နေမယ်"

ဘေးစားပွဲမှ အမျိုးသမီးများကို သတိပြုမိသောကြောင့် မာကြွပ်ကျယ်လောင်သည့် အသံမျိုးဖြစ်မနေအောင်ထိန်း၍ပြောရင်း သူ လှည့်ထွက်လာခဲ့သည်။

တင်ထွန်းအောင်က မမကို အလျင်အမြန် နှုတ်ဆက်ပြီး သူ့နောက်သို့ လိုက်လာသည်။ သိင်္ဂီရွှေရည် ရောက်ချိန်မှာတော့ သူ အတော့်ကို စိတ်အနှောင့်အယှက်ဖြစ်နေမိသည်။

သူ့အား စိတ်အနှောင့်အယှက် အဖြစ်စေဆုံးအရာကတော့ မမ စားပွဲပေါ်မှ လက်ဆောင်ပစ္စည်းများပဲ ဖြစ်သည်။

"ကျော်မြင့်သန်းသည် ထိုပစ္စည်းများ လာပေးတာပါ"ဟု အကြောင်းပြလျက် ရောက်လာခဲ့ကြောင်း သံသယဖြစ်စရာမရှိ။

ထို့အတူ မမကလည်း ထိုပစ္စည်းများကို မငြင်းလိုက်ဘဲ လက်ခံထားလိုက်ကြောင်း သံသယဖြစ်စရာမရှိ။

"ကျော်မြင့်သန်းလာတာ မကြိုက်ဘူး"ဟူသော သူ့စကား အရဆိုပါက မမသည် ထိုပစ္စည်းများကို လက်မခံသင့်။ ထို့အတူ ကျော်မြင့်သန်းကိုလည်း နောက်တစ်ကြိမ်ထပ်မလာရန် အပြတ်ပြောလိုက်သင့်သည်။

သို့သော်. . .

ထိုသို့ ပြောမပြော မသေချာသော်လည်း ကျော်မြင့်သန်း၏ လက်ဆောင်များအား လက်ခံယူထားလိုက်သည်ကတော့ သေချာလှသည်။ ထိုအတွေးတို့က သူ့စိတ်ကို ရှုန်းကြွ မာကျောလာစေတော့သည်။

သူ စိတ်တိုစွာ လက်ဖက်ရည်ဆိုင်ရှေ့ သံပြားပေါက်ခင်းခုံပေါ်မှ ထရပ်လိုက်သည်။

"တင်ထွန်းအောင် မမကို မင်းပဲ ကြိုလာတော့ကွာ"

"ဟေ့ကောင် ဘယ်လိုဖြစ်တာလဲ"





တင်ထွန်းအောင်က နားမလည်စွာမော်ကြည့်ရင်းမေးသည်။

"ငါ သိပ်စိတ်တိုနေတယ်၊ သူနဲ့စကားပြောရင် ပြဿနာတက်လိမ့်မယ်"

"ဘာဆိုင်လို့လဲ မင်းဟာကလဲ၊ သူက မင်းကို စိတ်တိုအောင် ဘာများပြောသေးလို့လဲ"

"ဘာမှ မပြောသေးပေမယ့် သူ ဘာပြောမယ်ဆိုတာကြိုကြိုသိနေတော့ ခက်တယ်၊ ငါ ပြန်နှင့်မယ်ကွာ၊ မင်း သူ့ကို ကြိုပြီး အဆောင်ကို ပြန်ပို့ပေးလိုက်"

သူ လှည့်ထွက်လာခဲ့သည်။ တင်ထွန်းအောင်မှာ မှာပြီးခါစ လက်ဖက်ရည်နှစ်ခွက်နှင့်အတူ ကျန်ခဲ့တော့သည်။

ထိုနေ့ညနေ ခြောက်နာရီခွဲလောက်မှာတော့ တင်ထွန်းအောင် သူ့အိမ်သို့ ရောက်ချလာသည်။

တင်ထွန်းအောင်မှာ နေ့လယ်က အဝတ်အစားနှင့်ပင်ဖြစ်ပြီး. . ဗိုလ်ချုပ်ဈေးမှဝယ်လာသည့် ဘောင်းဘီထုပ်ပါ ပါလာခြင်းကြောင့် အိမ်သို့ မပြန်ရသေးကြောင်း သေချာလှသည်။

တင်ထွန်းအောင် သူ့ဘေးနားမှာ ဝင်ထိုင်ရင်း အိမ်သားများ မကြားအောင် ခပ်တိုးတိုးကပ်ပြောသည်။

"ဟေ့ကောင်. . လိုက်ခဲ့. . မမတို့ပါလာတယ်၊ လမ်းထိပ်မှာ စောင့်နေတယ်"

သူ တင်ထွန်းအောင်ကို ဖျတ်ခနဲ ကြည့်လိုက်သည်။

တင်ထွန်းအောင်က မေးဆတ်ရင်း "အကျီသွားလဲ"ဟု ပြောသည်။

"ငါ မလိုက်ချင်ဘူး တင်ထွန်းအောင်"

"ကလေး ဆန်မနေစမ်းနဲ့ နိုင်ကြီးရာ၊ လုပ်. . သူတို့ကို လမ်းထိပ်မှာ ဒီအတိုင်း မတ်တတ်ကြီး ရပ်စောင့်ခိုင်းထားရတာ၊ မင်း မကျေနပ်ရင် တွေ့တော့မှ ရန်ဖြစ်"



www.burmeseclassic.com

www.burmeseclassic.com



တင်ထွန်းအောင်၏ အတင်းအကျပ်တိုက်တွန်းမှုကြောင့် သူ အဝတ်အစား ထလဲရင်း တင်ထွန်းအောင်နှင့်အတူ လိုက်ပါလာခဲ့သည်။

လမ်းထိပ် ဗာဒံပင်အောက်မှာ မတ်တတ်ရပ်လျက် ရပ်စောင့်နေကြသော မလှဲနှင့်မမကို လှမ်းတွေ့ရသည်။မမက မိုးအေးသောနေ့များ၌ ဝတ်လေ့ရှိသည့်အတိုင်း အနက်ရောင်ဆွယ်တာလေးနှင့် ဖြစ်သည်။

မလှဲက သူ့ကို လှမ်းတွေ့သည်နှင့်. . .

"ကိုယ်တော်လေး ဘယ်လိုဖြစ်ပြန်တာလဲ"

မလှဲ၏ငေါ့တော့တော့အမေးကို ဘာမှအဖြေမပေးဘဲ မမကို တစ်ချက်လှမ်းကြည့်လိုက်သည်။ မမ၏မျက်နှာက အချိန်မရွေးငိုချလိုက်ရန် အသင့်ဖြစ်နေသော မျက်နှာမျိုးဖြစ်သည်။

"ငါတို့ ရှေ့က လျှောက်နှင့်မယ်၊ နင်တို့နှစ်ယောက် နောက်ကလိုက်ခဲ့"

ပြောပြောဆိုဆိုနှင့် မလှဲနှင့် တင်ထွန်းအောင်က ရှေ့မှထွက်သွားကြသည်။ မလှဲတို့နောက်သို့ သူနှင့်မမ ခပ်ဖြည်းဖြည်းလိုက်ခဲ့ကြသည်။

ခေတ်တိုင်တစ်တိုင်စာလောက် ရောက်သည်အထိ တစ်ယောက်ကိုတစ်ယောက် စကားမစဖြစ်။

အတန်ကြာမှ မမ အသံတိုးတိုးလေးနှင့်ပြောသည်။

"သူ. . မေမေ ပေးခိုင်းလိုက်တဲ့ ပစ္စည်းတွေလာပေးတာ"

ထိုစကားမှာ သူ တင်ကြိုမျှော်လင့်ထားခဲ့သည့် စကားပဲဖြစ်သည်။ သို့သော် သူ မျှော်လင့်စဉ်တုန်းက မေမေဟူသည့် ကတ္တားပုဒ်တော့ မပါခဲ့။

"ပြီးတော့ နောက်လထဲမှာ တို့အမျိုးတစ်ယောက်ရဲ့ ရှင်ပြုရှိတယ်၊ အဲဒါ လာခဲ့ဖို့ မေမေက မှာလိုက်လို့တဲ့လာပြောတာ"





သူ မမကို ဖျတ်ခနဲတစ်ချက်ကြည့်လိုက်သည်။

"စကားလှူကြုံပါးစရာ၊ ပစ္စည်းလှူကြုံပေးစရာ ဒီလောက်ပဲလူရှားသလား"

မမက ငိုမဲ့မဲ့မျက်နှာမျိုးဖြင့် သက်ပြင်းရှိုက်သည်။

"နိုင်နိုင်ရယ်. . အဲဒါတော့ တို့လဲ. ."

"ပထမအခေါက်နဲ့ ဒုတိယအခေါက်က နှစ်ပတ်ပဲကွာတယ်၊ ဒါ ကျွန်တော် သိတဲ့အရေအတွက်၊ ကွယ်ရာမှာ ဘယ်တုံးက ဘယ်လောက်တောင် လာထားလဲ၊ ကျွန်တော် မသိဘူး"

"မလာပါဘူး. . နိုင်နိုင်ရယ်၊ ဒီနှစ်ခေါက်တည်းပါ၊ ညည်းမကြိုက်ဘူးဆိုလို့ နောက်မလာဖို့တောင် ဒီနေ့ သူ့ကို ပြောလိုက်သေးတယ်၊ သူကလဲ ပစ္စည်းထုတ်ပေး၊ ပြောစရာရှိတာပြောပြီး ချက်ချင်းပြန်သွားတာပဲ"

မမအသံက အနည်းငယ်လှုပ်ခတ်၍နေသည်။

သူ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်မိသည်။

"ဘာပဲဖြစ်ဖြစ် သူ့အနေနဲ့ လာဖို့မသင့်တော့ဘူး၊ သူက မမနဲ့ တရားဝင် ကွာရှင်းထားတဲ့ လူတစ်ယောက်၊ ပြီးတော့ မမက အရင်လို လူလွတ်မဟုတ်တော့ဘူး၊ မမ ဘေးနားမှာ ကျွန်တော် ရှိနေပြီ၊ ဒါကို သူ သိဖို့ကောင်းတယ်"

"တို့လဲ. . သူ့ကို အဲလိုပြောလိုက်ပါတယ်. . . ခက်တာက သူကလဲ သူ မော်တော်အင်ဂျင်ကိုင်တဲ့ ကိစ္စနဲ့ ရန်ကုန်ကို ခဏခဏလာဖြစ်တာရယ်၊ သူနဲ့တို့နဲ့ ဆွေမျိုးဖြစ်နေတာရယ်ကြောင့် မေမေက သူ့ကို လှူကြုံပါးလိုက်တာပါ"

မမ၏အဖြေစကားကို ဘာမှမတုံ့ပြန်ဘဲ နှုတ်ဆိတ်ငြိမ်နေလိုက်သည်။ မမက သူ့လက်မောင်းကို ဖျတ်ခနဲလှမ်းကိုင်ရင်း. .

"တို့ကို ခဏခဏ စိတ်မကောက်စမ်းပါနဲ့ နိုင်နိုင်ရယ်"ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ အသံတိုးတိုးလေးနှင့် "တို့မနေတတ်ဘူး"ဟုဆက်ပြောသည်။ မမ၏အသံအနေအထားနှင့် မမ၏စကားကြောင့် သူ အတော်အသင့် စိတ်ပြေသွားမိသည်။

"သူက ခဏခဏ မလာရင်တော့ ကျွန်တော် ခဏခဏ စိတ်မကောက်ပါဘူး"

"သူ မလာတော့ပါဘူး"

"ဘာဖြစ်လို့ ဒီလောက်သေချာရတာလဲ"

"တို့ မလာဖို့ ပြောလိုက်တယ်လေ"

"သူက မလာတော့ပါဘူး"လို့ ကတိပေးသွားသလားဟု မေးရန်ပြင်လိုက်သေးသည်။

နောက်မှ မမေးတော့ရန် ဆုံးဖြတ်ရင်း "မလာရင်တော့ ကောင်းတာပေါ့" ဟုသာ ပြောဖြစ်သွားခဲ့သည်။

အင်းလျားကန်ပေါင်ပေါ် အရောက်မှာတော့ တင်ထွန်းအောင်နှင့် မလဲ့က ဘူးသီးကြော်ဆိုင်မှာ ကြိုထိုင်ထားနှင့်သည်။ သူနှင့်မမ ရောက်သွားတော့ မလဲ့က သူ့ကို လှမ်းမေးသည်။

"ဘယ်လိုလဲ မုန်တိုင်းစဲသွားပြီလား"

သူ ဘာမှ ပြန်အဖြေမပေးဘဲ တင်ထွန်းအောင် ဘေးခုံမှာ ဝင်ထိုင်လိုက်သည်။ တင်ထွန်းအောင်က ကြိုမှာထားသည့် ဘူးသီးကြော်ပွဲများကို ညွှန်ပြရင်း . . "စစ်ပြေငြိမ်းတဲ့ အထိမ်းအမှတ်ပွဲလေ . . မင်းရှင်းရမယ်"ဟုပြောသည်။

မလဲ့က ဘူးသီးကြော်တစ်ချောင်းကို နှိုက်စားရင်း . . .

"နင်တို့ကလဲဟယ် အဲလို ပြေပြေလည်လည် နေကြစမ်းပါ။ ထစ်ခနဲရှိ တစ်ယောက်က စိတ်ကောက်ပြီး မလာဘဲနေရတာ၊ တစ်ယောက်က မျက်ရည်ကျရတာနဲ့ ဘာတွေမှန်းလဲမသိဘူး"

"အေးလေ . . ငါနဲ့မလဲ့ဆို ကြည့် . . အေးဆေးပဲ"

တင်ထွန်းအောင်က ပန်းဝင်ယူသည်။





သူ မဲ့ပြုံးတစ်ချက်ပြုံးရင်း . . .

"ဒါကတော့ မင်းကိုး ငါ့လောက်မှ မချစ်တတ်သေးဘဲ"

"မချစ်တတ်တာပဲ ကောင်းပါတယ်ကွာ၊ မင်းလို ချစ်တတ်ရင် မင်းလိုပဲ ခဏခဏ ပြဿနာတက်နေရမှာပဲ"

"ပြဿနာတက်အောင် ငါက စမလုပ်ပါဘူး"

သူ့စကားကြောင့် မမ မျက်နှာတစ်ချက်ပျက်သွားသည်။

မလဲ့က အခြေအနေကို ဝင်ထိန်းသည်။

"တော်စမ်းပါ . . . အောင်အောင်ရယ်၊ နင်ကလဲ အတို့အထောင်"

မလဲ့စကားကြောင့် တင်ထွန်းအောင် ငြိမ်သွားသည်။

မလဲ့က ဘူးသီးကြော်ပွဲကို တိုးပေးရင်း "ကဲ . . စားကြ"ဟု ဆိုသည်။ ပြီးမှ သူ့ကို တစ်ချက်ကြည့်လျက် . . .

"ဘာပဲဖြစ်ဖြစ် ပြဿနာတစ်ခုခုဖြစ်ရင် မျက်နှာချင်းဆိုင် ဆုံရှင်းကြပေါ့ဟာ၊ ခုလို တစ်ယောက်ကလဲ မြုံစိစိ၊ တစ်ယောက်ကလဲ ရှောင်ဖယ်ဖယ်လုပ်မယ်ဆိုရင် အဲဒီအကျင့်က တစ်ချိန်မှာ ဒုက္ခပေးလိမ့်မယ်"

မလဲ့၏စကားမှာ လက်ခံလိုက်နာဖွယ် ကောင်းသော စကားပဲဖြစ်သည်။ သို့သော် ထိုသို့ လိုက်နာဖွယ်ကောင်းမှန်း ထိုအချိန်က သဘောမပေါက်ခဲ့။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၇)

"တို့ . . . မနက်ဖြန် တောင်ဥက္ကလာက အဒေါ်အိမ် သွားမလို့ . . ."

သူနှင့်မမ ပြေလည်သွားကြပြီး ပထမဆုံး ရောက်ရှိလာသည့် စနေနေ့မှာတော့ မမ သူ့အား ထိုသို့အသိပေးခဲ့သည်။

"ဘာသွားလုပ်မှာလဲ"

သူ့အမေးကို မမ ချက်ချင်းမဖြေသေးဘဲ လက်ဖက်ရည်ငုံသောက်သည်။

ပြီးမှ . . .

"ဘာရယ်မဟုတ်ပါဘူး၊ မရောက်တာလဲကြာပြီမဟုတ်လား"

"ကျွန်တော် လိုက်ပို့မယ်လေ"

"ရပါတယ် တို့ဖာသာ တို့သွားမယ်"

မမ၏ငြင်းဆန်မှုကြောင့် သူ အံ့သြသွားမိသည်။

များသောအားဖြင့် မမ ဘယ်သွားသွား၊ သူ လိုက်ပါပို့ဆောင်ခွင့်ရခဲ့သည်ချည်း ဖြစ်သည်။

ယုတ်စွအဆုံး မမ သွားလေ့ရှိသည့် ဗိုလ်ချုပ်ဈေးမှ ချစ်သက်ဝေကိုပင် သူပို့ခွင့်ရခဲ့သည်။ သို့သော် မမနှင့်အတူ ဆိုင်ရှေ့မှာ လိုက်ရပ်ခွင့်တော့ မရ။





ခပ်လှမ်းလှမ်းတစ်နေရာမှာ ရပ်စောင့်ရသည်။

"ဘာဖြစ်လို့လဲ၊ အရင်ကလဲ မမ ဘယ်သွားသွား လိုက်ပို့နေကျပဲ"

သူ့အမေးကို မမ ချက်ချင်းမဖြေသေးဘဲ ခေတ္တတွေဆိုင်းသည်။

ပြီးမှ . . .

"ညည်းလိုက်ပို့ရင် တို့အဒေါ် သိသွားမှာစိုးလို့"

"ဘာသိမှာလဲ"

"တို့မှာ ချစ်သူရှိနေပြီဆိုတာကိုပေါ့"

မမ စကားကြောင့် သူ နားမလည်နိုင်စွာ . . .

"သိတော့ ဘာဖြစ်လဲ" ဟု မေးလိုက်သည်။

"ဒီလိုလေ နိုင်နိုင်ရဲ့၊ တို့နဲ့ကျော်မြင့်သန်းနဲ့ ကွာရှင်းထားတာ ဘာမှ မကြာသေးဘူးမဟုတ်လား၊ အဲဒီအချိန်အတွင်းမှာ နောက်ထပ်ချစ်သူတစ်ယောက်ရနေပြီဆိုရင် ကဲ့ရဲ့စရာဖြစ်မှာပေါ့"

"မမတို့ ကွာရှင်းထားတာ နှစ်နှစ်တောင်ကျော်ပြီပဲ"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် အပြောလွတ်အောင်နေတာ ပိုကောင်းတာပေါ့"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် လိုက်ပို့မယ်၊ အိမ်ရှေ့အထိ လိုက်မပို့ရင်တောင် (၁၆)ကွေ့အထိတော့ ပို့မယ်"

မမ၏အဒေါ်အိမ်မှာ (၁၆)ကွေ့ကားဂိတ်အလွန်မှ လမ်းတစ်လမ်းထဲမှာဖြစ်ကြောင်း မမ သူ့ကို တစ်ခါက ပြောပြဖူးခဲ့သည်။

ထို့ကြောင့်ပင် (၁၆)ကွေ့အထိ ပို့မယ်ဟု သူ တောင်းဆိုလိုက်သည်။

"ညည်းဟာလေ . . တကယ်ပဲ၊ ကဲ . . ဒါဖြင့်လဲပို့"

"မနက် ဘယ်အချိန်သွားမှာလဲ"

"ကိုးနာရီ ဆယ်နာရီလောက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လာခဲ့မယ်"

ထို့နောက်တော့ အခြားသော အကြောင်းအရာများဆီသို့ စကားဦးပြောင်းခဲ့ကြတော့သည်။

သူတို့ပြောင်းလဲခဲ့သော အကြောင်းအရာကတော့ သူနှင့်မမ၏ရှေ့ရေးပဲဖြစ်သည်။

"ကျွန်တော်နဲ့မမ လက်ထပ်ပြီးတဲ့အခါ ဘယ်မှာနေကြမလဲ"

သူ့စကားကြောင့် မမက ရယ်ရင်း. . .

"ဘယ်မှာ နေကြမလဲဆိုတော့. . တို့က အဆောင်မှာနေ၊ ညည်းက. . ညည်းအိမ်မှာနေပေါ့"

"အဲလိုကြီးကတော့ မကောင်းပါဘူး"

"ဒါဖြင့် ဘယ်မှာနေမှာလဲ"

"ကျွန်တော့်အိမ်မှာပဲ နေကြမှာပေါ့"

သူ့စကားကြောင့် မမ မျက်နှာတစ်ချက်ပျက်သွားသည်။

မမ မျက်နှာပျက်သွားခဲ့ခြင်း၏အကြောင်းရင်းကို မမ ထပ်မေးလိုက်သောမေးခွန်းကြောင့် သူ သိခွင့်ရလိုက်သည်။

မေးခွန်းကတော့ "ညည်းနဲ့တို့နဲ့ကို ညည်းအိမ်က သဘောတူပါ့မလား"ဟူ၍ ဖြစ်သည်။

သူ ခပ်ပေါ့ပေါ့အသံနှင့် ရယ်မောရင်း. . .

"ဘာသဘောမတူစရာရှိသလဲ မမရယ်၊ တူရမှာပေါ့"

သူ့စကားကြောင့် မမက အတန်ငယ် စိတ်လက်ပေါ့ပါးသွားဟန်နှင့် သက်ပြင်းတစ်ချက်ချသည်။ ထို့နောက် မမ အဆောင်ပိတ်ချိန်နီးကပ်နေခြင်းကြောင့် သူ မမကို အဆောင်လိုက်ပို့ပေးခဲ့သည်။

အဆောင်လမ်းထိပ်နား ရောက်ခါနီးမှာတော့ မိုးရွာလာခြင်းကြောင့် မမ၏ထီးနီနီလေးကိုဖွင့်၍ ဆောင်းလိုက်ကြသည်။

မိုးက သူ မျှော်လင့်ထားသည်ထက် သည်းလာခဲ့သည်။





အလွန်သည်းနေသော မိုးစက်များအောက်၌ အလွန်မည်းမှောင်သော အဆောင်လမ်းကြားအတွင်း အလွန်သေးငယ်သော မမ၏ထီးနီနီလေးကိုဆောင်းလျက် မမနှင့်အတူ အလွန်ပူးကပ်စွာလျှောက်လှမ်းနေရခြင်းက သူ့အား အလွန်ပင်ရင်ခုန်စေတော့သည်။

"မမ. . ."

"ဘာလဲဟင်"

"ကျွန်တော်တို့ လက်ထပ်ပြီးတဲ့အခါ မမ ကျွန်တော့်ကို နမ်းမှာလား"

မမက ရှက်ရယ်ရယ်ရင်း . . .

"ဘာလို့နမ်းရမှာလဲ"ဟုပြောသည်။

"ဒါဆို. . ကျွန်တော်ကပဲ မမကို နမ်းရမှာပေါ့၊ ဒါဖြင့် ခုကတည်းက ကျင့်ထားရအောင်"

"ဟော့. . . နိုင်နိုင်နော်"

". . . ."

". . . ."

"တို့ စိတ်ဆိုးမှာ . . သိလား"

သို့သော် ထိုနေ့က မမ သူ့ကို စိတ်မဆိုးခဲ့။

■

နောက်တစ်နေ့ ကိုးနာရီခွဲလောက်မှာတော့ တောင်ဥက္ကလာသို့ မမအား လိုက်ပို့ရန် အဆောင်သို့ သူ ရောက်သွားခဲ့သည်။

သို့သော် သူရောက်သွားချိန်မှာ မမ မရှိတော့။

"နင့်ကို စောင့်နေသေးတယ်၊ နင်မလာတဲ့အဆုံး မစောင့်နိုင်လို့ ထွက်သွားတာ"

မလဲ့က သူ့ကို ဆီးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုံးက ထွက်သွားတာလဲ"ဟု သူ မလဲ့ကို မေးလိုက်သည်။

"ကြာပြီဟ. . ရှစ်နာရီကျော်လောက်ကတည်းက. ."

သူ အမှတ်မမှားဘူးဆိုပါက မမ ထွက်သွားသောအချိန်သည် သူနှင့်မမ ချိန်းဆိုထားသည်ထက် အများကြီးစောနေသောအချိန်ပဲ ဖြစ်သည်။

သူ အံ့ဩစွာ နာရီကိုကြည့်လိုက်ရင်း. . .

"သူ ကျွန်တော့်ကို ပြောတော့ ကိုးနာရီ ဆယ်နာရီလောက်မှ သွားမှာတဲ့"

"အချိန်အမှတ်မှားတာ ဖြစ်မှာပေါ့ဟာ"

ထိုစဉ်က သူ မလဲ့၏စကားကိုသာ ယုံကြည်ခဲ့ပါက သူနှင့်မမအကြား စိတ်အနှောင့်အယှက်ဖြစ်စရာ ကိစ္စတစ်ခု ဝင်ရောက်လာခဲ့မည် မဟုတ်။

သို့သော်. . .

ကံဆိုးစွာပင် သူ မလဲ့၏စကားကို မယုံကြည်မိ။ မမသည် ဘယ်တုံးကမှ အချိန်အမှတ်မှားတတ်သည့်မိန်းမ မဟုတ်။ သူနှင့် ချိန်းဆိုခဲ့ဖူးသည့်အခါတိုင်း မမ အချိန်မှန်စွာ ရောက်လာတတ်ခဲ့မြဲဖြစ်သည်။

ထိုသို့ အချိန်မှန်သော မမက ကိုးနာရီ ဆယ်နာရီဟု ချိန်းဆိုခဲ့ပြီး ရှစ်နာရီကျော်ကျော် ကြိုထွက်သွားခဲ့ခြင်းမှာ အကြောင်းမဲ့တော့ ဟုတ်ဟန်မတူ။

ဖြစ်နိုင်တာ တစ်ခုကတော့ သူ့အား တောင်ဥက္ကလာသို့ လိုက်မပို့စေလိုခြင်းပဲ ဖြစ်သည်။ သို့သော် ထိုအချိန်အထိ တောင်ဥက္ကလာသို့ လိုက်ကြည့်ရန်ဟူသော စိတ်ကူးမပေါ်ခဲ့။

အဆောင်မှ သူ့အိမ်သို့အပြန် လမ်းတစ်ဝက် အရောက်မှာတော့ ကေကေတို့အိမ်မှကားနှင့် သွားကြုံသည်။





နောက်ခန်း၌ ထိုင်နေသော ကေကေက. . .

"ဟဲ့. . နိုင်လင်း၊ အိမ်ပြန်မှာ မဟုတ်လား၊ လိုက်ခဲ့"ဟု လှမ်းခေါ်သည်။

သူ ခေါင်းညိတ်ပြရင်း ရှေ့ခန်းယာဉ်မောင်းဘေးတံခါးကို ဖွင့်၍ ဝင်ထိုင်လိုက်သည်။

ကားထွက်တော့ သူ ကေကေ့ကို လှမ်းမေးလိုက်သည်။

"နင်တို့ ဘယ်ကပြန်လာတာလဲ"

"ပြန်လာတာ မဟုတ်ဘူးဟ၊ ခုမှ သွားမှာ"

"ဘယ်ကိုလဲ"

"ကား ဆီသွားထည့်မယ်၊ ဆီထည့်ပြီး ငါ့ သူငယ်ချင်းတစ်ယောက်အိမ် သွားမယ်"

ကေကေမှာ ဆယ့်နှစ်ရာသီလမ်းများနေတတ်သူ ဖြစ်သည်။ ကေကေ ထိုသို့လမ်းများတိုင်း ကေကေတို့အိမ်မှ ယာဉ်မောင်းက ခါးချည့်မတတ်မောင်း၍ သူမ သွားချင်သော နေရာစုံသို့ လိုက်ပို့ရသည်။

ယခုလည်း သူမ၏သူငယ်ချင်းတစ်ယောက်၏အိမ်သို့ သွားဦးမည်ဆိုသည်။

ထိုစကားမှာ သူ့အတွက် စိတ်ဝင်စားစရာမကောင်းလှသော်လည်း ကားဆီထည့်မည်ဟူသော စကားကိုတော့ သူ စိတ်ဝင်စားသွားမိသည်။

ကေကေတို့ကား ဓာတ်ဆီထည့်သည့်ဆီဆိုင်မှာ တောင်ဥက္ကလာပ (၁၆)ကွေ့ဆီဆိုင် ဖြစ်သည်။ ထို့ကြောင့်ပင် ကေကေတို့ကားနှင့် (၁၆)ကွေ့ ဆီဆိုင်အထိ လမ်းကြုံလိုက်ရန် ဆုံးဖြတ်လိုက်တော့သည်။

"ငါလဲ (၁၆)ကွေ့အထိ လမ်းကြုံလိုက်မယ်"

"လိုက်ခဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အစီအစဉ်က (၁၆)ကွေ့ ကားမှတ်တိုင်နားမှ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်မှာထိုင်၍ မမကို စောင့်ရန်ဖြစ်သည်။ မမ၏စကားများအရ မမသည် အဒေါ်အိမ်သို့ သွားရန်အတွက် (၁၆)ကွေ့မှတ်တိုင်မှာ ဆင်းပြီး . . ရှေ့သို့ လမ်းအနည်းငယ်လျှောက်ရသည်။ ပြန်လျှင်လည်း ထိုမှတ်တိုင်မှပင် ကားစီး၍ ပြန်ရသည်ဟုဆိုသည်။ ထို့ကြောင့် အဒေါ်အိမ်မှ ပြန်လာမည့်မမကို လက်ဖက်ရည်ဆိုင်မှ ထိုင်စောင့်ရုံပဲဖြစ်သည်။

အကယ်၍ မမရောက်လာပြီဆိုပါက မမနောက်သို့ လိုက်၍ "မမကို လိုက်မပို့လိုက်ရလို့ ခု လာကြိုတာ"ဟု ပြောလိုက်ရုံပဲဖြစ်သည်။ သို့သော် လောက၌ အလွန်ပြဇာတ်ဆန်သော အလှည့်အပြောင်း များစွာရှိတတ်သည်။

ထိုသို့ရှိတတ်ကြောင်း သူ နားလည်ခဲ့ပြီးဖြစ်ပါလျက် ထိုနေ့က ထိုသို့ ပြဇာတ်ဆန်ဆန် အဖြစ်အပျက်တစ်ခုနှင့် ရင်ဆိုင်နိုင်ကြောင်း သူ ကြိုတင်တွေးမထားမိခဲ့။

ထို့ကြောင့်ပင် ထိုအဖြစ်အပျက်နှင့် ရင်ဆိုင်လိုက်ရသောအခါ သူ အံ့သြကြေကွဲသွားရခြင်း ဖြစ်သည်။ အဖြစ်အပျက်က ဝတ္ထုတစ်ပုဒ်အတွက်ဆိုပါက အလွန်ဇာတ်ဆန်သည်ဟု ပြောရမည့်အဖြစ်အပျက်မျိုး ဖြစ်သည်။

"(၁၆)ကွေ့မှတ်တိုင်မှာ ရပ်ပေးပါ"ဟူသော သူ့စကားအရ သူနှင့်ရင်းနှီးနေခဲ့သော ကေကေတို့ ယာဉ်မောင်းက ထိုမှတ်တိုင်အရောက်မောင်းခဲ့သည်။

သူတို့ ကားမှတ်တိုင်နားမရောက်ခင်မှာပင် မှတ်တိုင်မှာရပ်နေသော မမကို သူ လှမ်းမြင်လိုက်ရသည်။

သို့သော် မမ တစ်ယောက်တည်းမဟုတ်။ မမ၏အဒေါ်ဖြစ်ဟန်တူသော အမျိုးသမီးကြီးနှင့် ကျော်မြင့်သန်းကိုပါ တွေ့ရသည်။ ကျော်မြင့်သန်းနှင့် မမအဒေါ်၏ ဝတ်ဆင်ပုံများအရ ရင်းတို့မှာ





မမနှင့်အတူ လိုက်ပါရန်မဟုတ်ဘဲ မမကို ကားဂိတ်သို့ လာပို့ပေးရုံသက်သက် ဖြစ်ဟန်တူသည်။

မှတ်တိုင်၌ ထိုးဆိုက်လာသည့် လိုင်းကားတစ်စီးပေါ်တက်ခွင့်အတွက် အာရုံစိုက်နေသောကြောင့် မမ သူ့ကို လုံးဝမတွေ့။

"မရပ်နဲ့ဦးလေး၊ ဆက်မောင်းပါ"

သူ့စကားကြောင့် အရှိန်လျှော့စပြုနေသော ယာဉ်မောင်းတအံ့တသြနှင့် သူ့ကို လှည့်ကြည့်ရင်း အရှိန်ပြန်မြှင့်လိုက်သည်။

"နင့်ဟာက ဘယ်လိုလဲဟ၊ ဒီမှာဆင်းမှာဆို"

နောက်ခန်းမှ ကေကေက သူ့ကို လှမ်းမေးသည်။

"အစကတော့ ဆင်းမလို့ပဲ၊ ဒါပေမယ့် မြို့ထဲမှာ ချိန်းထားတာတစ်ခု သတိရမိလို့ မဆင်းတော့ဘူး"

"ဘာကြီးလဲဟ"

ကေကေ နားမလည်နိုင်စွာ ရေရွတ်သည်။

သူကတော့ ကားမှတ်တိုင်မှာ ကျန်ခဲ့သည့် မမနှင့်စွပ်ကျယ်လက်ပြတ်ဝတ်ထားသော ကျော်မြင့်သန်းတို့ကိုသာ မြင်ယောင်နေမိတော့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၈)

မမ သူ့ကို ညာတာပဲ။

ထိုအတွေးက ကားမှတ်တိုင်မှ အဖြစ်အပျက်နှင့် ရင်ဆိုင်တိုးခဲ့ပြီးနောက်ပိုင်း သူ့အား ဆိုးရွားစွာ နာကျင်ကိုက်ခဲစေခဲ့သော အတွေးပဲဖြစ်သည်။

သူ၏အိမ်ပြန်လမ်းတစ်လျှောက်လုံး မမနှင့်ကျော်မြင့်သန်းတို့၏ပုံရိပ်က သူ့ရင်ထဲမှာ ကြမ်းရှစွာ စူးနစ်နေတော့သည်။

*သူ မလာတော့ပါဘူး. . .*

*ဘာဖြစ်လို့ ဒီလောက် သေချာနေရတာလဲ. . .*

*တို့ မလာဖို့ ပြောလိုက်တယ်လေ. . .*

မမ၏စကားတို့ကို သူ ဖျတ်ခနဲ ကြားယောင်လိုက်မိသည်။ ကျော်မြင့်သန်း မမဆီလာနေခြင်းကို ကျော်မြင့်သန်းဆီ မမက သွားတွေ့ခြင်းနှင့် ပြောင်းလဲအစားထိုးခဲ့တာပဲ ဖြစ်မည်။

ထို့ကြောင့်ပင် ကျော်မြင့်သန်း မလာတော့ပါဟု . . .

မမ ပိုင်နိုင်စွာ ပြောနိုင်ခဲ့ခြင်းဖြစ်သည်။

မမ ကျော်မြင့်သန်းကို ဘာကြောင့် သွားတွေ့သလဲ။

လွန်ခဲ့သည့် နှစ်နှစ်ကျော်ကျော်ကတည်းက ကွာရှင်းထားခဲ့တဲ့ ယောကျ်ားဆီကို ဘယ်လို ရည်ရွယ်ချက်တွေနဲ့များ မမ သွားတွေ့ခဲ့ရပါသလဲ။





မမနှင့်ပတ်သက်သည့် အတွေးမှန်သမျှက နှလုံးသားကို စူးရှစွာ နာကျင်သွားစေခဲ့သည်ချည်း ဖြစ်သည်။

အဆောင်သို့သွား၍ မမ ပြန်အလာကိုစောင့်ရန် စိတ်ကူးလိုက်မိသေးသော်လည်း မမနှင့်တွေ့ချင်စိတ် ကုန်ခန်းစွာ အိမ်သို့ပင် ပြန်လာခဲ့မိသည်။

ခါတိုင်းနေ့များ၌ အလုပ်မရှိလျှင် ဝတ္ထုစာအုပ် တစ်အုပ်မဟုတ်တစ်အုပ် ဖတ်နေတတ်သော်လည်း ထိုနေ့ကတော့ ဘယ်လိုမှ ဝတ္ထုဖတ်၍မရ။

*မမ ကျော်မြင့်သန်းကို ဘာကြောင့် သွားတွေ့သလဲ။*

ထိုမေးခွန်းက သူ ပြင်းပြစွာ သိချင်သော မေးခွန်းဖြစ်သလို သူ့အား စူးရှစွာ နာကျင်စေသော မေးခွန်းလည်းဖြစ်သည်။

ထိုမေးခွန်းအတွက် ဖြစ်နိုင်သည့်အဖြေများစွာရှိသော်လည်း ထိုအဖြေများကို တွေးမကြည့်ရဲ။

တကယ်တော့ အစကတည်းက အင်းလျားကန်ပေါင်ပေါ်၌ သူမ၏အတိတ်အကြောင်း မမ သူ့ကို ပြောပြပြီးကတည်းက သူ မမကို မချစ်မိအောင် ကြိုးစားခဲ့ဖို့ကောင်းသည်။

သို့သော် ထိုသို့မချစ်မိအောင် ကြိုးစားရမည့်အစား ချစ်သထက်ချစ်အောင်သာ သူ ကြိုးစားလာခဲ့မိသည်။

ထို့ကြောင့်ပင် ထိုမမကိုချစ်သော သူ၏အချစ်က သူ့ကို ပြန်၍နာကျင်စေခဲ့ခြင်းပဲ ဖြစ်သည်။ ခုတော့ မမသည် ကျော်မြင့်သန်းအား မပြတ်နိုင်စွာ သွားရောက်တွေ့ဆုံခဲ့ပြီ ဖြစ်၏။

နောက်ဆုံးတော့ သူ သိပ်ချစ်သော အသားညိုညို၊ ဆံပင်ရှည်ရှည်၊ နှုတ်ခမ်းထူထူနှင့် အပြုံးလှလှ ပြုံးတတ်သော မမသည် သူ့အား လှပစွာပင် လှည့်စားသွားခဲ့ခြင်းဖြစ်သည်။

သူ ခေါင်းကို တစ်ချက်ခါယမ်းရင်း ခုတင်ပေါ်သို့ ပစ်လှဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မမဆီ သွားသင့် မသွားသင့် ချီတုံချတုံဖြစ်ရင်း နှင့်ပင် နာရီများကို ခြေဖွဲ့နေခဲ့မိသည်။ နောက်ဆုံးတော့ မမ၏ လှည့်စားမှုအတွက်. . ဒေါသဖြစ်ခြင်းက ကြောက်ွဲနာကျင်ခြင်းကို အနိုင်ရသွားခဲ့သည်။

ထို့ကြောင့် ကန်ပေါင်ပေါ်သို့ ပုံမှန်လမ်းလျှောက်ထွက်နေကျ ညနေစောင်း အချိန်လောက်မှာတော့ ရှန်းကြွနေသော ဒေါသ တစ်ခုနှင့်အတူ သူ မမ၏အဆောင်သို့ ရောက်ရှိသွားခဲ့သည်။

မမက ခါတိုင်းကဲ့သို့ပင်. . . အသင့်ဝတ်စားထားလျက် အဆောင်အောက်ထပ် လှေကားထစ်ပေါ်မှာထိုင်ရင်း သူ့ကို စောင့် နေခဲ့သည်။

သူ့ကိုတွေ့တော့ ထုံးစံအတိုင်း နှုတ်ခမ်းထူထူအပြုံးတစ်ခုကို ပြုံးရင်း မမ ထွက်လာသည်။

"တို့ . . . စောင့်နေတာ ကြာလှပြီ၊ ညည်းကလဲ နောက်ကျ လိုက်တာ"

သူ ဘာမှမပြောဘဲ ခြေစလှမ်းသည်။ မမက သူ့ဘေးမှာ ယှဉ်တွဲလျက် သူ့မျက်နှာကို အကဲခတ်သည်။

"ဘာဖြစ်ပြန်ပြီလဲ၊ မျက်နှာကြီးကလဲ စူပုပ်နေတာပဲ"

သူ မမကို စူးခနဲ တစ်ချက်ကြည့်လိုက်သည်။

"ဘာလဲ စိတ်ကောက်ပြန်ပြီလား"

"စိတ်တိုနေတာ. . စိတ်ဆိုးနေတာ"

"ဟောတော့. . ."

အာမေဍိတ်သံပြုရင်း မမ ရယ်သည်။

ဒါဟာ ပြဿနာတစ်ခုကို အလွယ်ကူဆုံး ရှောင်လွှဲဖြေရှင်းဖို့ ကြိုးစားသည့် မမ၏ သမားရိုးကျနည်းပဲဖြစ်သည်။ ထို့အပြင် သူ့ရင်ထဲမှ မမအပေါ် မကျေနပ်မှုများကို ရယ်သံတိုးတိုးနှင့် ပုတ်ခတ်ဖယ်ရှားပစ်ခြင်းလည်း ဖြစ်သည်။





သို့သော် မမ၏ ကြိုးစားမှုတို့က အောင်မြင်မည်မဟုတ်။ သူ့ရင်ထဲမှ ခံစားမှုက စိတ်ကောက်ခြင်း၊ မကျေမနပ်ဖြစ်ခြင်းအဆင့် ထက်ကျော်လွန်နေကြောင်း မမ ရိပ်မိပုံမရ။

"မမ ကျွန်တော့်ကို ဘာဖြစ်လို့ ညာတာလဲ"

အလွန်ရိုးစင်းသည့် မေးခွန်းဖြစ်သော်လည်း ထိုမေးခွန်းကို တုံ့ပြန်သည့် မမ၏တုံ့ပြန်မှုက အံ့အားသင့်ခြင်းပဲ ဖြစ်သည်။

"ဘာကိုလဲဟင်၊ တို့ ညည်းကို ဘာများညာမိလို့လဲ"

"အဲဒီ မေးခွန်းရဲ့အဖြေကို မမ ပိုသိမှာပါ"

"တို့. . နားမလည်ဘူး၊ ညည်း ဘာကိုပြောတာလဲ"

မမ အမှန်တကယ်ပင် အံ့အားတသင့် နားလည်မှုရှုပ်ထွေး နေသည့် ပုံမျိုးဖြစ်သည်။ အကယ်၍ သည်နေ့သာ ကေကေတို့ အိမ်မှ ကားဆီထုတ်ရက် မဟုတ်ပါက မမ၏အမူအရာများကြောင့် ဇဝေဇဝါဖြစ်သွားမိမှာ သေချာသည်။ သို့သော် မမနှင့် ကျော်မြင့် သန်းတို့၏ပုံရိပ်က ယခုတိုင် သူ့ ရင်ထဲ၌ စူးနစ်ကြွမ်းရှစွာ စွဲထင်နေ သေးသည်။ သူ မမမျက်နှာကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။

"မမ ဘာဖြစ်လို့ ကျော်မြင့်သန်းကို သွားတွေ့တာလဲ"

သူ့မေးခွန်းအဆုံးမှာတော့ မမကိုယ်လေး ဆတ်ခနဲတုန်သွား သည်။ အနည်းငယ် ဝိုင်းစက်သွားကြသော မျက်ဝန်းညိုညိုနှင့် နှုတ်ခမ်းထူထူတို့ကြောင့် သည်တစ်ခါ မမ၏မျက်နှာပေါ်မှ အံ့သြ မှုက အစစ်အမှန် အံ့သြမှုဖြစ်ကြောင်း သံသယဖြစ်စရာမရှိ။

"နိုင်နိုင်. . တို့. ."

"ဘာလဲ. . နားမလည်ပါဘူးလို့ ပြောမလို့လား၊ မဟုတ်ပါ ဘူးလို့ ငြင်းမလို့လား"

သူ့အသံက အတော်ကျယ်လောင်သွားသည်။

မျက်နှာချင်းဆိုင်မှလျှောက်သွားသော စုံတွဲတစ်တွဲက သူနှင့် မမကို တအံ့တသြကြည့်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး. . ဘာဖြစ်လို့ တောင်ဥက္ကလာက အဒေါ်နဲ့တွေ့တာပါလို့ ကျွန်တော့်ကို ညာရတာလဲ၊ ဘာဖြစ်လို့ ကျွန်တော် လိုက်မပို့နိုင်အောင် အစောကြီး ကြိုထွက်သွားရတာလဲ၊ ပြီးတော့ ဘာဖြစ်လို့ ကျော်မြင့်သန်းက စွပ်ကျယ်လက်ပြတ်ဝတ်ထားတာလဲ"

သူ့အသံက ဒေါသဖြင့် လှုပ်ခတ်တုန်ခါလွန်းနေသည်။

တိတ်ဆိတ်ချောက်ချားနေသော မမကတော့ သူ့အမေးတို့ကို တစ်စုံတစ်ရာငြင်းဆန်ရန်၊ သို့မဟုတ် တစ်စုံတစ်ရာ ဖြေရှင်းရန်. . အသင့်ဖြစ်ဟန်မတူသေး။

သူ အံကြိတ်ထားရင်းမှ ကန်ပေါင်ဘက်သို့ လမ်းကူးလိုက်သည်။ ညှိုညက်လှပစွာ တုန်လှုပ်နေသော မျက်နှာနှင့် သူ့နောက်မှ မမ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။

ဘာပဲဖြစ်ဖြစ် မမျှော်လင့်ဘဲ ရုတ်တရက် အမိခံလိုက်ရသောက်ဆိုးသူတစ်ယောက်အတွက် ဆိုလျှင်တော့ လိမ်ညာရန်၊ သို့မဟုတ် ငြင်းဆန်ရန်၊ သို့မဟုတ် ဝန်ခံရန် တုံ့ပြန်မှုတစ်စုံတစ်ရာအတွက် အချိန်အနည်းငယ် လိုပါလိမ့်မည်။

ထိုင်နေကျ သစ်သားခုံတန်းလျားလေးသို့ ရောက်သည်အထိ မမ၏တစ်စုံတစ်ရာအတွက် သူ အချိန်ပေးထားလိုက်သည်။ ခုံတန်းလျားမှာ စ,ထိုင်ချိန်မှာတော့ တိုးလျတုန်ခါနေသော အသံဖြင့် မမ သူ့ကို မရဲတရဲကြည့်ရင်း ပြောသည်။

"နိုင်နိုင်. . ညည်း. . ညည်း. . . တို့ကို အထင်လွဲနေတာ သိလား"

မမ၏တုံ့ပြန်မှုက ရယ်စရာကောင်းလှသည်။

သူ မမ၏မျက်ဝန်းညှိုတို့ကို စိုက်ကြည့်ရင်း. . .

"ကျွန်တော်လဲ အဲဒီလောက်ပဲ ဖြစ်ချင်ပါတယ်၊ ဒါပေမယ့် အခြေအနေက အထင်တင်မကဘူး၊ အမြင်ပါ ပါနေတော့ခက်တယ်"





"တို့. . ကျော်မြင့်သန်းကို သွားတွေ့တာ မဟုတ်ဘူး"

"ကျွန်တော် တွေ့တဲ့အချိန်မှာ စွပ်ကျယ်လက်ပြတ်နဲ့ ကျော်မြင့်သန်းဟာ မမနဲ့ နှစ်ပေပဲကွာတယ်"

"နိုင်နိုင် တို့ပြောတာ ယုံစမ်းပါ။ တို့ သူ့ကို တွေ့ဖို့သွားခဲ့တာ မဟုတ်ဘူး၊ ဒေါ်ဒေါ့်ဆီသွားခဲ့တာ၊ သူက မမျှော်လင့်ဘဲ အဲဒီအိမ်မှာရောက်နေတာ"

မမ၏အသံက မော်တာမကောင်းတော့သော ကက်ဆက်တစ်လုံးထံမှ ကြားရတတ်သော အလွန်တုန်ခါနေသည့် အသံမျိုးဖြစ်သည်။ မျက်ရည်တို့ဖြင့် ရွှန်းလဲ့စပြုနေသည့် မမ၏မျက်လုံးတို့ကို ဒေါသတို့ဖြင့် တောက်ပြောင်နေမည့် သူ၏မျက်လုံးတို့နှင့် ရင်ဆိုင်ရင်း . . .

"သူက အဲဒီအိမ်ကို. . . စွပ်ကျယ်လက်ပြတ်နဲ့ လာလည်သလား"

"လာလည်တာ မဟုတ်ဘူး၊ သူ. . သူ. . အဲဒီအိမ်မှာတည်းနေတာ"

"ကျွန်တော်လဲ အဲဒီအတိုင်းပဲ မျှော်လင့်ထားပါတယ်"

"နိုင်နိုင်ရယ်၊ တို့ အမှန်အတိုင်းပြောနေတာပါ။ တို့ကို ယုံစမ်းပါ"

"လောကမှာ ကျွန်တော် အယုံအကြည်ချင်ဆုံးလူက မမပဲ၊ ဒါပေမယ့် အခြေအနေတွေအရ ယုံကြည်ဖို့မကောင်းဆုံးကလဲ မမပဲ"

"နိုင်နိုင်ရယ်. . အဲဒီအိမ်မှာ သူတည်းနေမှန်း တို့ လုံးဝမသိပါဘူး၊ တို့ဟာသာ ရိုးရိုးသားသား ဒေါ်ဒေါ့်ဆီသွားတာ၊ အဲဒီအိမ်မှာ သူ တည်းနေမှန်းသိတော့ တို့ခဏပဲနေပြီး ပြန်လာတာပါ၊ သူနဲ့ ဒေါ်ဒေါ်က တို့တစ်ယောက်တည်းဖြစ်နေလို့ဆိုပြီး ကားဂိတ်လိုက်ပို့ပေးကြတာ"



www.burmeseclassic.com

www.burmeseclassic.com



*"ရန်ကုန်ကို ခဏခဏလာနေတဲ့ လူတစ်ယောက်၊ လွန်ခဲ့တဲ့* နှစ်နှစ်လောက်က မမနဲ့ပေါင်းခဲ့တဲ့လူတစ်ယောက်၊ ပြီးတော့ ကျွန်တော်သိသလောက်တောင်. . မမရုံးကို နှစ်ခေါက်လာလည်ပြီး စကားလက်ဆုံကျဖူးတဲ့ လူတစ်ယောက် အဲဒီလူအဲဒီအိမ်မှာတည်းနေမှန်း မမကြိုသိမထားတာ သိပ်အံ့သြစရာကောင်းတာပဲ"

မာကျောတင်းပြတ်စွာ သူခပ်ဆတ်ဆတ် ပြောလိုက်သည်။ မမ သူ့ကို စိုလဲ့ရီဝေစွာ ငေးကြည့်နေရင်းမှ စတင်ငိုရှိုက်တော့သည်။ ဤနည်းမှာ ပြဿနာတစ်ခု၏ အခက်ခဲဆုံးအဆင့်၌ အမျိုးသမီးများ အသုံးပြုလေ့ရှိသောနည်းပဲဖြစ်သည်။

***ယောကျ်ားတွေ၏အထင်လွဲနေမှု၊ သို့မဟုတ် အထင်မှန်နေမှုကို မျက်ရည်များနှင့် ပြောင်းလဲပစ်ရန် ကြိုးစားသော ထိုနည်းပညာကို ကမ္ဘာဦးစကတည်းက အမျိုးသမီးများ မကြာခဏသုံးစွဲလာခဲ့ကြသည်။***

သို့သော် သူ့ရင်ထဲမှာ ဒေါသနှင့် နာကျင်ခံခက်ဝေဒနာကိုတော့ မမ၏ထိုနည်းပညာက ဖုံးလွှမ်းမပစ်နိုင်ခဲ့။

"ကျွန်တော် မမကို သိပ်ချစ်ခဲ့တယ်၊ ဒါပေမယ့် မမကတော့ ကျွန်တော့်ကို သိပ်ညာခဲ့တယ်၊ ကျွန်တော် မမကို ချစ်မိတဲ့အတွက် ရလဒ်ကတော့ အလှည့်စားခံရတာ၊ အညာခံရတာပဲ၊ တကယ်တော့ အစကတည်းက ကျွန်တော် မှားတာ၊ မမကို တွေ့ခဲ့မိတာ၊ မမကို ချစ်ခဲ့မိတာ၊ မမကို ယုံကြည်ခဲ့မိတာ အားလုံးဟာ တောက်လျှောက်မှားခဲ့တာပဲ"

သူ ဒေါသဖြစ်စွာ အော်ပြောနေမိသည်။

မမက ခေါင်းငုံ့ ငိုရှိုက်နေရာမှ သူ့ကို မော့ကြည့်သည်။

"တို့. . နိုင်နိုင့်ကို ဘာများညာနေလို့လဲ၊ ဒေါ်ဒေါ်ဆီပဲ တို့သွားခဲ့တာပဲ၊ ကျော်မြင့်သန်းကို တို့က ဘာအတွက် သွားတွေ့ရမှာလဲ"





"အဲဒီမေးခွန်းက ကျွန်တော်အသိချင်ဆုံးမေးခွန်းပဲ၊ ပြီးတော့ မမကိုယ်တိုင်လဲ အသိဆုံးမေးခွန်းပဲ၊ ပြောစမ်းပါဦး. . လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ကွာရှင်းထားခဲ့တဲ့ ယောကျ်ားဟောင်းကို လက်ရှိရည်းစားမသိအောင် တိတ်တဆိတ်သွားတွေ့ခဲ့တာ ဘာသဘောလဲ"

သူ့မေးခွန်းကို မမက ခေါင်းခါငိုရှိုက်ခြင်းဖြင့်သာ တုံ့ပြန်ခဲ့သည်။ ဖြည်းညင်းစွာ ကျရောက်နေသည့် လျော့ရဲပါးလျသော အမှောင်ထုအောက်မှ တသိမ့်သိမ့်လှုပ်ကာ ငိုရှိုက်နေသော မမ၏ ကိုယ်လုံးလေးကို တစ်ချက်ငေ့ကြည့်လိုက်သည်။

"မမ ကျွန်တော့်ကို အဖြေမပေးနိုင်တော့တာလား၊ အဖြေမပေးတတ်တော့တာလား၊ ဒါမှမဟုတ်. . အဲဒီမေးခွန်းမှာ နဂိုကတည်းက အဖြေရှိမနေခဲ့တာလား"

မမက တစ်ချက်ရှိုက်ရင်း "နိုင်နိုင်ရယ်" ဟု တိုးတိုးညည်းသည်။ သူ ခုံတန်းလျားပေါ်မှာ ဖြည်းညင်းစွာ ထရပ်လိုက်သည်။

"မမကို ချစ်ရတာဟာ ကျွန်တော့်အတွက် ကြိုးတန်းပေါ်မှာ လမ်းလျှောက်ရသလိုပဲ သိပ်အန္တရာယ်များတယ်၊ ခုတော့ . . ကြိုးတန်းပေါ်က တွန်းချခံလိုက်ရသလိုပါပဲ၊ သိပ်ခံစားရတယ်"

သူ မမဘေးမှ လှည့်ထွက်လာခဲ့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## (၉)

သူနှင့်မမ၏ ချစ်သူသက်တမ်းတစ်လျှောက် မမနှင့် သူ့အကြား ကြီးမားသော အဖြစ်အပျက် အပြောင်းအလဲမှန်သမျှမှာ တစ်စုံတစ်ရာ တင်ကြိုမျှော်လင့်ထားခဲ့ခြင်းမရှိဘဲ ဖြစ်ပျက်လာခဲ့သည်ချည်းပင် ဖြစ်သည်။

ထိုအဖြစ်အပျက်များစွာထဲမှ တစ်ခုကတော့ ကန်ပေါင်ပေါ်၌ သူနှင့်မမ စကားများခဲ့သည့်ညက အဖြစ်အပျက်ပဲဖြစ်သည်။

ထိုညက သူ မမဘေးမှထွက်လာခဲ့သည့်တိုင် ဘယ်သွားမည်ဟူသည့် ဦးတည်ချက် သူ့မှာမရှိ။ ထို့အပြင် သူ ဦးတည်လိုက်မိသည့် အရပ်က သူ့အိမ်ရှိရာဘက်မဟုတ်ဘဲ ဆန့်ကျင်ရာဘက် ဖြစ်နေသည်။

ကန်ပေါင်လှေကားထစ်များပေါ်မှ တစ်ထစ်ချင်း နင်းလျှက်ဆင်းရင်း ကားလမ်း၏တစ်ဖက်ခြမ်းသို့ ကူးလိုက်သည်။ ထိုအချိန်မှာပင် သူ့ကို လှမ်းခေါ်လိုက်သည့် မမ၏အသံကို သူ သတိပြုမိလိုက်သည်။

"နိုင်နိုင်. . ခဏနေဦး"

သူ လှည့်ကြည့်လိုက်တော့ မမက သူ့အနား ရောက်လုလုအထိ နီးကပ်နေပြီဖြစ်သည်။





"နိုင်နိုင်. . ညည်း ဘယ်သွားမလို့လဲ"

သူ့လက်မောင်းကို လှမ်းကိုင်ရင်း မျက်ရည်တို့နှင့် စိုရွှဲနေသည့် စိုးရိမ်သော မျက်ဝန်းများဖြင့် မမ မေး၏။ တကယ်တော့ သူ့၌ ဘယ်သွားမည်ဟူသော ဦးတည်ချက် တစ်စုံတစ်ရာ မရှိ။

ထို့အတူ သူနှင့်မမ၏ ရှေ့ရေးအတွက်လည်း ဆုံးဖြတ်ချက် တစ်စုံတစ်ရာမရှိ။

သို့သော် သေချာတာတစ်ခုကတော့ မမသာ သူ့ကို လိုက်မခေါ်လျှင် သူနှင့်မမ၏အခြေအနေမှာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်သည်။

"ပြောလေ ညည်း ဘယ်သွားမလို့လဲ"

"ဒါ ကျွန်တော့်အလုပ်ပါ"

သူ ခပ်ဆတ်ဆတ်အဖြေပေးရင်း သူ့လက်မောင်းပေါ်မှ မမ၏လက်ကို ဖယ်ချရန် ကြိုးစားလိုက်သည်။

မမက ငိုမဲ့မဲ့မျက်နှာနှင့် သူ့ကို မော့ကြည့်ရင်း. . .

"ညည်း အိမ်မပြန်ဘူးလား"

တကယ်တော့ ထိုမျှအထိ မမ လိုက်စိုးရိမ်နေဖို့မကောင်း။

မမလက်ကို ဖယ်ရှားရင်း. . .

"ကျွန်တော် အိမ်ပြန်တာ မပြန်တာ မမကိစ္စ မဟုတ်ပါဘူး၊ မမကိစ္စက ကျော်မြင့်သန်းနဲ့ ဘယ်တော့တွေ့ဖို့ ချိန်းထားသေးသလဲ၊ အဲဒါပဲ မမစဉ်းစားပါ"

စကားဆုံးသည်နှင့် သူ မမအနားမှ ထွက်လာခဲ့သည်။

မမက သူ့နောက်မှ ပြေးလိုက်ရင်း. . .

"ညည်း တို့ကို အရွဲ့မတိုက်လိုက်ပါနဲ့ နိုင်နိုင်၊ ပြီးတော့ တို့စိတ်ဆင်းရဲအောင် မလုပ်ချင်စမ်းပါနဲ့၊ ခု. . ညည်း ဘယ်သွားမှာလဲ"

"ဘူတာရုံလမ်း"



www.burmeseclassic.com

www.burmeseclassic.com



သူ သံပြတ်နှင့်ဖြေလိုက်သည်။

မမက သူ့ကို ဖျတ်ခနဲ မော့ကြည့်ရင်း. . .

"ဘူတာရုံလမ်း ဘာသွားလုပ်မှာလဲ"

"ဒါ မမနဲ့မဆိုင်ပါဘူး၊ မမဟာသာ အဆောင်ပြန်ပါ"

"မပြောရင် မပြန်ဘူး"

စိုးရိမ်စွာ ခေါင်းမာနေသော မမကို စိတ်တိုစွာ စိုက်ကြည့်လိုက်ရင်း သူ တစ်လုံးချင်း ပြောလိုက်သည်။

"အရက်သွားသောက်မလို့"

တကယ်တော့ သူသည် အပေါင်းအသင်းများနှင့် ကြုံကြိုက်သော တစ်ခါတစ်ရံမှအပ အရက်သောက်လေ့ရှိသူ မဟုတ်။

ထို့အတူ . . .

ထိုနေ့ကလည်း အမှန်တကယ်ပင် အရက်သောက်ရန် အစီအစဉ်မရှိ။

သို့သော် သူ၏အစွဲ့တိုက် ဖြေလိုက်သော အဖြေကို မမက ယုံကြည်စိုးရိမ်သွားဟန်နှင့်. . .

"ညည်း မသောက်ရဘူး"ဟုပြောသည်။

မမ၏တားဆီးမှုကြောင့် သူ စိတ်တိုစွာ . . .

"မမ ကျွန်တော့်ကို တားပိုင်ခွင့်မရှိပါဘူး၊ အထူးသဖြင့် လက်ရှိရည်းစားမသိအောင် ယောကျ်ားဟောင်းနဲ့ ချိန်းတွေ့ခဲ့တဲ့ မိန်းမတစ်ယောက်အနေနဲ့ ပိုပြီးတားဆီးပိုင်ခွင့် မရှိဘူး၊ မမဟာသာ အဆောင်ပြန်ပါ"

သို့သော် မမ အဆောင်မပြန်ပါ။

ကန်ပေါင်နှင့် မျက်နှာချင်းဆိုင်ရှိ ဘူတာရုံလမ်းဘက်သို့ ဖြတ်ထွက်သော လမ်းကြားထဲသို့ သူ ချိုးကွေ့ဝင်လိုက်ချိန်အထိ မမ သူ့နောက်သို့ လိုက်လာခဲ့သည်။

"မမ မပြန်သေးဘူးလား"





"အရက်မသောက်ပါဘူးလို့ ညည်းကတိမပေးမချင်း မပြန်ဘူး"

မမ၏စကားကြောင့် ယောကျ်ားတစ်ယောက်၏ အစွဲ့တိုက်လိုစိတ်က ပိုမိုရှန်းကြွလာတော့သည်။

"ကောင်းပြီလေ၊ ဒါဖြင့်လဲ လိုက်ခဲ့ပေါ့"

သည့်နောက်ပိုင်းအဖြစ်အပျက်ကတော့ အတော့်ကို ကဗျာမဆန်သည့် အဖြစ်အပျက်များပဲ ဖြစ်တော့သည်။

တင်းမာသောမျက်နှာထားနှင့် ခပ်တည်တည်ဖြစ်နေသည့် ကောင်လေးတစ်ယောက်နှင့် မျက်ရည်တို့ ခြောက်သွေ့အောင် အတော်ကြိုးစားထားရဟန်တူသော အမျိုးသမီးတစ်ယောက်တို့ ဘူတာရုံလမ်းမှ စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဆိုင်ထဲသို့ တင်ကြိုရောက်ရှိနေကြသော အမျိုးသားများက သူနှင့်မမကို အထူးသဖြင့် သူ့နောက်မှ မမကို ဝိုင်းကြည့်ရှုကြတော့သည်။ အချို့လူများ၏အကြည့်က စပ်စုသောအကြည့်ဖြစ်ပြီး အချို့လူများ၏အကြည့်ကတော့ အားကျသောအကြည့်ဖြစ်၏။

အချို့အချို့သော လူများ၏အကြည့်များကတော့ သူတို့ သောက်သုံးနေကြသည့် . . အရည်များကဲ့သို့ပင် ပူလောင်သော အကြည့်မျိုး ဖြစ်သည်။

အခန်းထောင့်မှ စားပွဲလေးမှာဝင်ထိုင်ရင်း ရမ်တစ်စိတ်နှင့် အသားကင်တစ်ပွဲ မှာလိုက်သည်။ မမက တစ်လမ်းလုံး အရက်သောက်ရန် တားခဲ့သော်လည်း ဆိုင်ထဲရောက်ချိန်တော့ စိတ်လျှော့လိုက်ဟန်ဖြင့် တစ်စုံတစ်ရာမပြောတော့ဘဲ တိတ်ဆိတ်စွာ သာထိုင်နေတော့သည်။

သူကတော့ ပလတ်စတစ်ရေချိုင့်တစ်ချိုင့်၊ ရမ်အစိတ်၊ အသားကင်တစ်ပွဲ၊ ပြည်တွင်းဖြစ် စိမ်းဖန့်ဖန့် ဖန်ခွက်တစ်ခွက်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုလျက် မမ မလုပ်စေချင်သော ကိစ္စကို မမရှေ့မှာပင် ဖြည်းညင်းစွာ စတင်ဆောင်ရွက်တော့သည်။

ပုံမှန်အားဖြင့်ဆိုလျှင်တော့ သူ၏အရက်သောက်နှုန်းမှာ အလွန်လည်းမမြန်သော၊ အလွန်လည်းမကြာသော သာမန်သောက်နှုန်းသာ ဖြစ်သော်လည်း ထိုနေ့ကတော့ သူ့ရှေ့မှ ငိုမဲ့မဲ့ မျက်နှာနှင့် တိတ်ဆိတ်စွာ ထိုင်နေသော မမကို အရွဲ့တိုက်ချင်သောကြောင့် အကြာကြီး ဇိမ်ဆွဲသောက်နေခဲ့သည်။

မမမှာ သူမဟုတ်သော အခြားလူများက သူမအား ဝိုင်းကြည့်နေကြခြင်းနှင့် အခြားလူမဟုတ်သောသူက သူမအား လျစ်လျူရှုထားခြင်းတို့ကြောင့် အနေရအထိုင်ရ ခက်နေဟန်တူသည်။

စတုတ္ထမြောက်ခွက်ကို သူ ငှဲ့လိုက်ချိန်မှာတော့ မမ တိုးတိုးလေးလှမ်းပြောသည်။

"တော်တော့နိုင်နိုင်. . ညည်း အရမ်းမူးနေလိမ့်မယ်"

မမ၏အသံက မရဲတရဲအသံဖြစ်သည်။

ထိုအသံကို တုံ့ပြန်လိုက်သည့် သူ၏အပြုအမူကတော့ နောက်ထပ် တစ်စိတ်နှင့် အသားကင်တစ်ပွဲ ထပ်မှာလိုက်ခြင်းပဲဖြစ်သည်။ မမက မျက်နှာပျက်စွာ သူ့ကို လှမ်းကြည့်သည်။

သူကတော့ မျက်နှာမပျက်စွာပင် မမအား လုံးဝမကြည့်ဘဲ မမ မကြိုက်သော အလုပ်ကို ဆက်လုပ်နေလိုက်သည်။

နောက်ထပ်ရောက်လာသည့် ရမ်တစ်စိတ်နှင့် အသားကင်တစ်ပွဲကို သူ့ရှေ့သို့ လှမ်းယူလိုက်ချိန်၌ စားပွဲထောင့်စွန်း၌ စိုစွတ်စွန်းထင်းနေသော အစက်လေးနှစ်စက်ကို သတိပြုလိုက်မိသည်။

ထိုအစက်နှစ်စက်ကို ဖြစ်စေသောအရာကတော့ မမ၏ပါးပြင်မှ လိမ့်ဆင်းနေကြသည့် မျက်ရည်များပဲဖြစ်သည်။

ထိုအချိန်မှပင် ညနေခင်းတစ်လျှောက်လုံး သူ ဥပေက္ခာပြုထားခဲ့မိသည့် မမ၏မျက်ရည်များကို သတိပြုမိလိုက်တော့သည်။





တကယ်တော့ . . .

သူ. . . မမကို စိတ်ဆိုးရန်တွေ့ခဲ့ခြင်းအတွက် အခြေခံအချက်က နှစ်ချက်တည်းရှိသည်။

တစ်ချက်မှာ သူ ချိန်းဆိုထားသည့် အချိန်ထက်စော၍ မမ ထွက်သွားခဲ့ခြင်းနှင့် နောက်တစ်ချက်ကတော့ မမအဒေါ်၊ ကျော်မြင့်သန်းနှင့် မမတို့ကို မမျှော်လင့်ဘဲ ကားဂိတ်မှာ တွေ့ရခြင်းဖြစ်သည်။

ထိုအချက်နှစ်ချက်အတွက် သူ သည်မျှစိတ်ဆိုးခဲ့သည်မှာ မှန်ရဲ့လားဟု သူ့ကိုယ်သူ ဒွိဟဖြစ်မိသည်။ ထိုသို့ ဒွိဟဖြစ်လိုက်သည်နှင့် မမ၏မျက်ရည်က သူ့အား အနိုင်ရသွားတော့သည်။

"မမ. . "

မမ သူ့ကို ဖျတ်ခနဲ လှည့်ကြည့်သည်။

သူ သက်ပြင်းတစ်ချက်ချရင်း ပြောလိုက်သည်။

"ပြန်ကြမယ်"

▮

သူနှင့်မမ ဆိုင်ပြင်ရောက်တော့ အတော်မှောင်နေပြီဖြစ်သည်။ မမက ပန်းနုရောင်လက်ကိုင်ပဝါလေးနှင့် မျက်ရည်သုတ်ရင်း. . .

"ဘယ်ပြန်ကြမှာလဲ"

မမအသံက မှိန်ဖျော့တုန်ခါဆဲ အသံပင်ဖြစ်သည်။ သူ မမ၏အမြန်နှုန်းအတိုင်း ခပ်ဖြည်းဖြည်းလျှောက်ရင်း. . .

"မမကို အဆောင်လိုက်ပို့မယ်လေ၊ ပြီးတော့ ကျွန်တော်အိမ်ပြန်မှာပေါ့"

သူ့စကားကြောင့် မမ သူ့ကို စိုက်ကြည့်သည်။

ထို့နောက် ခေါင်းကို ငုံ့လိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"နာရီကိုလဲ ကြည့်ပါဦး"

သူ နာရီကို ဖျတ်ခနဲ ကြည့်လိုက်သည်။

ကိုးနာရီ ဆယ်မိနစ်။

နာရီဒိုင်ခွက်ပေါ်မှ ညွှန်ပြနေသည့် ကိန်းဂဏန်းများကြောင့် သူ တအံ့တဩ ဖြစ်သွားမိသည်။

သည်မျှအထိ နောက်ကျသွားလိမ့်မည်ဟု သူ မမျှော်လင့်။

သူ့စိတ်ထင် အလွန်ဆုံး ခုနစ်နာရီခွဲလောက်သာ ရှိမည်ဟု သူထင်ခဲ့သည်။

ခုတော့ မမအဆောင်ပိတ်ချိန်ကို တစ်နာရီနှင့် ဆယ်မိနစ်လောက် ကျော်လွန်လာခဲ့ပြီဖြစ်သည်။

မမတို့၏အဆောင်က ငါးမိနစ် ဆယ်မိနစ်စွန်းသည်နှင့် အဆောင်တံခါး လုံးဝဖွင့်ခိုင်း၍မရတော့သော အလွန်စည်းကမ်းကြီးသည့် အဆောင်ဖြစ်သည်။

အခြေအနေမှာ မမျှော်လင့်ဘဲ ရှုပ်ထွေးသွားတော့သည်။

"မမ ဘယ်လိုလုပ်ချင်သလဲ"

ထိုမေးခွန်းမှာ အလွန်တုံးသော မေးခွန်းပဲဖြစ်သည်။

သူ့မေးခွန်းကို မမက ခေါင်းငုံ့မျက်ရည်သုတ်နေရင်းမှအဖြေပေးသည်။

"ဘယ်သိမှာလဲ"

"ဒါဖြင့်. . လာ"

သူ မမလက်ကို ဆွဲခေါ်ရင်း ခပ်ဖြည်းဖြည်းမောင်းလာသည့် လေးဘီးတစ်စီးကို လှမ်းတားလိုက်သည်။

ထို့နောက် ကားပေါ်တက်ကာ တင်ထွန်းအောင်၏လိပ်စာကိုပြောပြ၍ ထိုနေရာသို့ မောင်းခိုင်းလိုက်သည်။ ကားပေါ်၌ မမသူ့အား စကားတစ်စုံတစ်ရာ မပြောဘဲ တိတ်ဆိတ်စွာပင် လိုက်ပါလာခဲ့သည်။





တင်ထွန်းအောင်တို့ ခြံဝသို့ရောက်တော့ ကားခရှင်းပေးလိုက်ပြီး တင်ထွန်းအောင်ကို တကြော်ကြော် ခေါ်ရတော့သည်။

အူယားဖားယားပြေးထွက်လာသော တင်ထွန်းအောင်က ခြံတံခါးကို ဆွဲဖွင့်ရင်း. . . .

"ဟေ့ကောင် နိုင်ကြီး၊ မင်းဟာကလဲ. . . ညကြီးမင်းကြီး ဘယ်ကဘယ်လို. ."

"မမ ပါတယ်"

သူ့စကားကြောင့် တင်ထွန်းအောင် ခြံတံခါးနှင့် မလှမ်းမကမ်းမှာ မရဲတရဲရပ်နေသော မမကို အံ့အားတသင့်လှမ်းကြည့်သည်။

ထို့နောက်. . သူ့ဘက်သို့ပြန်လှည့်ရင်း ဝမ်းသာအားရ ကောင်းချီးပေးသည်။

"မင်းဟာကလဲ လုပ်လိုက်မှဖြင့် သောက်ရမ်းချည်းပဲ"

သို့နှင့် သူနှင့်မမအား ဝမ်းမြောက်ဝမ်းသာ ခြံထဲသို့ ဝင်ခိုင်းတော့သည်။

"စောစောကပဲ မလှဲ့ ကျွန်တော့်ဆီကို ဖုန်းဆက်သေးတယ်"

"မင်း ဘာပြောလိုက်သလဲ"

"နိုင်ကြီးနဲ့ ပါသွားတာဖြစ်မယ်လို့ ပြောလိုက်တာပေါ့"

"ဒါဖြင့် ပြီးရင် ငါတို့ ဒီရောက်နေတဲ့အကြောင်း အဆောင်ကို ဖုန်းဆက်ပြီး မလှဲ့ကို ပြောပြလိုက်"

"အေး. . ."

"ပြီးတော့ မင်းအဘိုးကြီးကို မိန်းမခိုးလာတာ တခြားလူမဟုတ်ဘူး၊ ငါပဲဆိုတာ ပြောပြလိုက်ဦး"

"မင်းက အိမ်ထဲ မဝင်တော့ဘူးလား"

"မဝင်တော့ဘူး၊ ငါတို့ကို ကားဂိုဒေါင်ထဲက အခန်းလေးမှာပဲ နေရာချပေး"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးနှင့် ဝေးကွာစွာ ဆောက်လုပ်ထားသော ကားဂိုဒေါင်မှအခန်းလေးကို သူ သိပြီးဖြစ်နေသဖြင့် ထိုအခန်းလေးကို တောင်းဆိုလိုက်သည်။

တင်ထွန်းအောင်က သူ့စကားများကို ခေါင်းတညိတ်ညိတ်လုပ်ရင်း သူနှင့်မမအား ကားဂိုဒေါင်ဘက်သို့ ခေါ်လာခဲ့သည်။

လေးဆယ်အား မီးလုံးလေးတစ်လုံးနှင့် ပြုတင်းပေါက်နှစ်ပေါက်မှအပ ဘာမျှမရှိသော အခန်းလေးထဲအရောက်မှာတော့ တင်ထွန်းအောင် သူ့ကို မေးသည်။

"မင်းတို့ ထမင်းစားပြီးပြီလား"

"ဘယ်စားရဦးမလဲဟ"

မမက အားနာဟန်နှင့် "နေပါစေ တင်ထွန်းအောင်၊ ဘာမှ လုပ်မနေနဲ့"ဟုပင် ပြောသည်။

တင်ထွန်းအောင်ကတော့ ထုံးစံအတိုင်း. . "ရပါတယ် မမြတ်ရဲ့၊ ဘာမှ အားမနာပါနဲ့၊ ထမင်းလဲရှိတော့မှာ မဟုတ်ပါဘူး" ဟုနောက်သည်။

ပြီးတော့မှ "အလကားပြောတာပါ။ အဲ. . . ကော်ဖီနဲ့မုန့် လောက်တော့ရမယ်"ဟု ဆက်ပြောသည်။

"ဘာပဲရရကွာ. . သွားယူခဲ့"

"အေးပါဟ"

ထို့နောက် တင်ထွန်းအောင် ထွက်သွားသည်။ သူနှင့်မမ တစ်ယောက်ကိုတစ်ယောက် ခိုးကြည့်ရင်း တိတ်ဆိတ်စွာ ရပ်နေမိကြသည်။

တစ်အောင့်ကြာတော့ ကော်ဖီဓာတ်ဘူး၊ ကိတ်မုန့်နှင့် ပန်းကန်လုံးများကိုင်ရင်း တင်ထွန်းအောင် ပြန်ရောက်လာသည်။

မိုးတိုးမတ်တတ်ဖြစ်နေသော သူနှင့်မမကိုကြည့်ရင်း. . .

"ဟာ. . မေ့လို့"ဟုဆိုကာ ပြန်ထွက်သွားပြန်သည်။





သည့်နောက်တော့ တံမြက်စည်းတစ်ချောင်း၊ ဖျာနှင့်ကြိမ်ကုလားထိုင်ပုပုလေးကို တစ်ခေါက်၊ စောင်,ခေါင်းအုံး,ခြင်ထောင်တို့ကို တစ်ခေါက်သယ်လာပေးသည်။

တင်ထွန်းအောင်၏ပုံမှာ သူ့အတွက် အလွန်ဝမ်းသာဂုဏ်ယူနေသည့်ပုံ ဖြစ်သည်။

သည်ကြားထဲ တံမြက်စည်းလှည်း၊ ဖျာခင်းနေရာမှ ကော်ဖီသောက်နေသော သူနှင့်မမ ကြားအောင် "အားကျလိုက်တာ"ဟု တိုးတိုးလေးရေရွတ်နေသေးသည်။

တင်ထွန်းအောင်၏ "အားကျလိုက်တာ"က သူ့ကို မသိမသာ ပြုံးမိသွားစေပြီး မမကိုတော့ သိသိသာသာ ရှက်သွားစေခဲ့သည်။ သူနှင့်မမ ကော်ဖီသောက်ပြီးချိန်မှာတော့ တင်ထွန်းအောင် ပြန်ရန်ပြင်သည်။

"ကဲ. . ငါသွားမယ်၊ ဘာလိုသေးလဲ နိုင်ကြီး"

"လိုတာကတော့ မင်းအမြန်ဆုံးထွက်သွားဖို့ရယ်၊ နောက်ထပ်မလာဖို့ရယ်ပါပဲ"

"အိုကေ"

မမကို နှုတ်ဆက်ရင်း တင်ထွန်းအောင် ထွက်သွားတော့သည်။ တင်ထွန်းအောင်မှာ အခန်းတံခါးကို ပြန်စေ့မသွားခဲ့။

ထို့ကြောင့် ခြံကျယ်ကြီးကို ဖြတ်သန်းလာသည့် ညဥ့်လေက အခန်းတွင်းသို့ တိုးဝင်လာတော့သည်။ ကြိမ်ခုံလေးမှာ ထိုင်နေရာမှထ၍ အခန်းတံခါးကို သူ သွားပိတ်လိုက်ချင်သည်။

သို့သော် တကယ့်တကယ်တော့ သူ ထမပိတ်ရဲ။

သူ မမကို ဖျတ်ခနဲ ဝေ့ဝဲကြည့်လိုက်သည်။

အနွေးထည်အနက်ကလေး ဝတ်ထားသော မမမှာ ဖျာပေါ်တွင် ကျုံ့ကျုံ့လေးထိုင်လျက် သူ့ကို လုံးဝလှည့်မကြည့်ဘဲ ခေါင်းငုံ့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေအတိုင်း သူနှင့်မမ မိနစ်များစွာ ကြာသွားတော့သည်။ အတော်ကြီးကြာမှ သူ မမကို မရဲတရဲ လှမ်းမေးလိုက်သည်။

"မမ တံခါးပိတ်လိုက်ရမလား"

သူ့အသံကြောင့် မမကိုယ်လေး ဆတ်ခနဲတုန်သွားသည်။

ထို့နောက် သူ့ကိုမကြည့်ဘဲ. . .

"ပိတ်ပေါ့"

သူ အခန်းတံခါးကို ထပိတ်လိုက်သည်။ တံခါးပိတ်ပြီးချိန်မှာတော့ သူ့အတွက် အတော်စဉ်းစားရကျပ်သော အခက်အခဲတစ်ခုနှင့် ရင်ဆိုင်လိုက်ရသည်။

ယင်းမှာ မူလထိုင်ရာ ကြိမ်ခုံပုပုလေးမှာ ပြန်သွားထိုင်ရမလား။ မမဘေးမှ ဖျာပေါ်မှာ သွားထိုင်ရမလား။ ဝေခွဲမရခြင်းဘဲဖြစ်သည်။ ကြောင်တောင်တောင်ဖြစ်စွာ မတ်တတ်ရပ်နေမိသောသူ့ကို မမက လုံးဝမော်မကြည့်ဘဲ "ထိုင်လေ"ဟု ခပ်တိုးတိုးလှမ်းပြောသည်။ မမစကားကြောင့် မမနှင့်သိပ်မနီးသော၊ ပြီးတော့ သိပ်လည်း မဝေးသော ဖျာစွန်းမှာ ဝင်ထိုင်လိုက်သည်။

ထိုနောက်တော့ နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြပြန်သည်။ သည်လိုနှင့် သူနှင့်မမသည် အလွန်မြန်ဆန်သော သွေးခုန်နှုန်းများနှင့်အတူ လေးဆယ်ဝပ်အား မီးလုံးလေးထွန်းညှိထားရာ အခန်းတွင်းရှိ ဖျာတစ်ချပ်ပေါ်တွင် တစ်ယောက်နှင့်တစ်ယောက် နှစ်ပေအကွာလောက်မှာ ထိုင်ရင်းနှုတ်ဆိတ်ငြိမ်သက်စွာ မိနစ်များစွာကို ထပ်မံဖြတ်သန်းကြပြန်သည်။

သည့်နောက် အတော်ကြီးကြာမှ စကားစဖြစ်သည်။

သည်တစ်ခါ စကားစသူကလည်း သူပဲဖြစ်သည်။

"မမ. . . ကျွန်တော့်တို့ နောက်ရန်မဖြစ်ဘဲ နေကြရအောင်နော်"





သူ့စကားကို မမ ဘာမှအဖြေပြန်မပေး။

သူ မမနားသို့ တိုးကပ်ရင်း မေးလိုက်သည်။

"မမ. . . ကျွန်တော့်ကို စိတ်ဆိုးနေလား"

မမ နှုတ်ဆိတ်နေဆဲပင် ဖြစ်သည်။

သူ မမ ပခုံးကို ဖွဖွလေးလှမ်းကိုင်လိုက်သည်။

ကိုစီအနွေးထည်သားပေါ်သို့ သူ့လက်မထိခင်မှာပင် မမကိုယ်ကလေး တွန့်ခနဲဖြစ်သွားသည်။

ထို့နောက် သူ့ကို လှည့်ကြည့်ရင်း. . .

"တို့ အရက်သမားတွေကို မုန်းတယ်"

"ဒါပေမယ့် ကျွန်တော်ကတော့ မမကိုချစ်တယ်"

"တို့က ညည်းကို လှည့်စားထားတဲ့ မိန်းမဆို"

"ဒါပေမယ့် ခု ကျွန်တော် ခိုးပြေးလာတဲ့ မိန်းမပဲ"

သူ့စကားကြောင့် မမ သူ့ကို မျက်စောင်းလှမ်းထိုးသည်။

"မချစ်ဘဲ ခိုးပြေးလာပြီးတော့များ"

"ဘာဖြစ်လို့ အဲလိုထင်ရတာလဲ"

"ဒါဖြင့် ညနေက ဘာဖြစ်လို့ တို့ကို ကက်ကက်လန်ရန်တွေ့သေးလဲ"

"ချစ်လို့ပေါ့"

"ချစ်ရင် ရန်တွေ့ရတယ်လား"

"ဟုတ်တယ်၊ တစ်ခါတလေဆိုရင်တော့ နမ်းရတယ်"

"အို. . ."

အာမေဍိတ်သံတစ်ခုက. . မမ၏နှုတ်ခမ်းထူထူများပေါ်မှ ရှက်လန့်တကြား ခုန်ဆင်းလာတော့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

နောက်တစ်နေ့နံနက်. . .

သူ မမကို ပထမဦးဆုံးစတင်ပြောသော စကားကတော့ "မမ ကျွန်တော်တို့ လက်ထပ်ကြမယ်"ဟူသော စကားပဲဖြစ်သည်။

မမက သူ့ကို ပြုံးကြည့်ရင်း. . .

"ဘယ်တော့လဲ"

"ခုပေါ့. . ဒီအချိန်ဆို တရားရုံးတွေ ဖွင့်လောက်ရောပေါ့"

"ဒါဆို တို့ရုံးလဲ ဖွင့်လောက်ပြီ"

"ဘာဆိုင်လို့လဲ"

"တို့. . ရုံးသွားရမယ်လေ"

မမ၏စကားကြောင့် သူ စိတ်ပျက်စွာ မမကိုကြည့်ရင်း. .

"မမက ဘာအတွက် ရုံးသွားမှာလဲ"

မမ ပြုံးလျက် အဖြေပေးသည်။

"ခွင့်တိုင်ဖို့ပေါ့"

မမ စကားကြောင့် သူပျော်ရွှင်စွာ. . .

"ဒါဖြင့်လဲ ခပ်မြန်မြန်သွားကြရအောင်"ဟုပြောလိုက်သည်။

မမက သူမ၏ဆံပင်ရှည်ရှည်များကို ဖြီးသင်နေရာမှ ရယ်မောရင်း. . .

"ညည်းက ဘာအတွက် တို့ခွင့်သွားတိုင်မှာ ထင်လို့လဲ"





"သိဘူးလေ"

"တို့. . နယ်ပြန်မလို့"

"ဗျာ. ."

သူ့အသံက အတော်ကျယ်သွားသည်။

ခေါင်းဖြီးနေသော မမပင် လန့်သွားဟန်တူသည်။

သူ့ကိုလည်း ကမန်းကတန်းမော့ကြည့်ရင်းမှ ရှင်းပြသည်။

"နယ်ပြန်ရမယ်လေ နိုင်နိုင်ရဲ့၊ ညည်းနဲ့လက်ထပ်မယ်ဆိုတာ မေမေ့ဆီကို သွားခွင့်တောင်းရဦးမှာပေါ့"

သူ မမကို စိုးရိမ်တကြီး မော့ကြည့်ရင်း "လိုသေးလို့လား မမရယ်"ဟု မေးလိုက်သည်။

မမက ခေါင်းညိတ်ပြရင်း. . .

"လိုတာပေါ့ နိုင်နိုင်ရယ်၊ ဒီလိုကိစ္စမျိုးမှာ မေမေ့ကို အသိမပေးလို့ ဖြစ်မလား"

"သူက ခွင့်ပြုပါ့မလား"

"လုံးဝ ခွင့်ပြုမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မေမေက တို့ကို နောက်ထပ် အိမ်ထောင်ပြုစေချင်တာ မဟုတ်ဘူး၊ အိမ်ထောင်ပြုရင်လဲ ကျော်မြင့်သန်းနဲ့ပဲ ပြုစေချင်တာ၊ ဒါပေမယ့် မပူပါနဲ့၊ တို့ မေမေ့ကို အသိပေးရုံပေးမှာပါ၊ မေမေ ခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ တို့. . ညည်းကိုလက်ထပ်မယ်၊ ကျေနပ်ပြီလား"

မမက သူ့အား ရဲရဲပင် အာမခံခဲ့သည်။

မမအား စိုးရိမ်စွာ ကြည့်ရင်း. . .

"ဒါဖြင့်လဲ နယ်မသွားခင် အရင်လက်ထပ်ထားမယ်"ဟု သူ စောဒကတက်လိုက်သည်။

မမက ရယ်မောရင်း. . .

"နိုင်နိုင်ရယ်၊ လက်မထပ်ရမှာကို ညည်း စိုးရိမ်သလို၊ တို့လဲ စိုးရိမ်တာပါပဲ၊ တို့က ပိုတောင် စိုးရိမ်သေးတယ်၊ ညည်းနဲ့သာ



www.burmeseclassic.com

www.burmeseclassic.com



တို့မပေါင်းရရင် သေမှာသိလား၊ ဘာမှ ပူမနေနဲ့၊ မေမေ့ကိုရအောင်ပြောပြီး တို့ အမြန်ဆုံးပြန်လာခဲ့မယ်၊ ဒီရောက်တော့ ရုံးတက်လက်မှတ်ထိုးပြီး ညစာခံပွဲအသေးစားလေးလုပ်မယ်၊ တို့ရုံးက သူငယ်ချင်းတွေရယ်၊ ညည်းသူငယ်ချင်းရယ်၊ ပြီးတော့ မလှဲ့တို့၊ တင်ထွန်းအောင်တို့ရယ် ဖိတ်မယ်၊ နောက်ပြီး ညည်းနဲ့တို့နဲ့ နေဖို့လဲ အိမ်လေးတစ်လုံး ငှားရမယ်"

"အိမ်ငှားမယ်"

"ငှားရမှာပေါ့ရှင်၊ အိမ်မငှားလို့ ဘယ်မှာနေကြမလဲ"

"ကျွန်တော်တို့အိမ်မှာပဲ ကပ်နေရမှာပေါ့ မမရဲ့၊ အိမ်ငှားဖို့ပိုက်ဆံမှမရှိဘဲ"

မမက ရယ်ရင်း "တို့မှာ ရှိပါတယ်နိုင်နိုင်ရဲ့၊ ဖေဖေဆုံးပြီးကတည်းက တို့အတွက် အမွေဝေစုရထားပြီးသား၊ ခုပြန်မယ့် ကိစ္စတွေထဲမှာ အဲဒီကိစ္စလဲပါတယ်"

မမသည် သူနှင့်သူမ၏အနာဂတ်အတွက် စီမံကိန်းများစွာကို ရွတ်ပြခဲ့သည်။ မမ၏စီမံကိန်းများတွင် သူနှင့်မမ နေထိုင်ရန် အိမ်ငှားရမည့် ရပ်ကွက်အမည်ထိ ပါဝင်လေသည်။

ထိုမျှအထိ အသေးစိတ်စွာ ကြိုတင်ကြံစည်ထားခဲ့ရခြင်းမှာ မမနှင့်သူ့ကို သူ့အိမ်မှ သဘောမတူမှာ စိုးရိမ်ခြင်းကြောင့်ဖြစ်ကြောင်း မမ ရှင်းပြသည်။

ထိုမျှအထိ လျှို့ဝှက်မျိုသိပ်၍ တင်ကြိုကြောင့်ကြကြီးစွာ ချစ်တတ်သော မမကို သူ အံ့သြမြတ်နိုးစွာ ငေးကြည့်ရင်းသက်ပြင်းရှိုက်လိုက်မိသည်။

"မမရယ်. ."

"မမရယ် လုပ်မနေနဲ့၊ တို့ရုံးက ခုချိန်ဆို လက်မှတ်ထိုးတဲ့စာအုပ်တောင်သိမ်းလောက်ပြီ၊ ထ, ရုံးသွားပြီး ခွင့်တိုင်ရအောင်"

သူနှင့်မမ ရုံးသို့သွား၍ ခွင့်တင်သည်။





ထို့နောက် မမ၏အစီ အစဉ်အရ သင်္ဘောဆိပ်သို့ဆင်း၍ မမတို့မြို့ပြန်ရန်အတွက် လက်မှတ်ယူသည်။

"နှစ်စောင်ယူရအောင်၊ ကျွန်တော်ပါ မမနဲ့အတူ လိုက်ခဲ့မယ်"ဟု သူ ပြောလာသောအခါ မမကရယ်ရင်း. . .

"ညည်းက ဘာလိုက်လုပ်မှာလဲ၊ မလိုက်ရဘူး"ဟု လူကြီးသူမတစ်ယောက်၏လေသံမျိုးနှင့်ပြောသည်။

"မမကို စိတ်မချလို့ပေါ့"

"မရှည်နဲ့ ဒီမှာပဲနေခဲ့၊ တို့ပြောတဲ့ စံရိပ်ငြိမ်တစ်ဝိုက်မှာ အိမ်တစ်လုံးရအောင်ရှာထား"

သင်္ဘောမှာ နေ့လယ်ပိုင်းထွက်မည့်အခေါက်နှင့် နောက်တစ်နေ့ နံနက်ထွက်မည့်အခေါက် နှစ်ခေါက်ရှိသည်။

မမက စောစောသွားတော့ စောစောပြန်လာလို့ရတာပေါ့ဟုပြောလျက် နေ့လယ်ထွက်မည့်အခေါက်ကိုပင် လက်မှတ်ယူလိုက်သည်။ ထို့နောက် မမ၏အဆောင်သို့ပြန်လျက် အဝတ်အစားထုပ်ပိုးသည်။ သင်္ဘောဆင်းချိန်မှာတော့ တင်ထွန်းအောင်နှင့် မလှဲ့ပါ သူနှင့်အတူ လိုက်ပါပို့ဆောင်ပေးခဲ့ကြသည်။

ဆယ်နာရီလောက် ခုတ်မောင်းရမည့် သင်္ဘောခရီးစဉ်စတင်တော့မည်ဖြစ်ကြောင်း ပထမဆုံးသတိပေး ဥသြဆွဲချိန်မှာတော့ မမ သူ့လက်ကို ဆုပ်ကိုင်ရင်း. . .

"နိုင်နိုင် လိမ်လိမ်မာမာနေနော်"

"အင်းပါ. ."

"ဆေးလိပ်တွေလဲ ခိုးခိုးသောက်မနေနဲ့ဦး"

"မသောက်ပါဘူး"

"ပြီးတော့ အရက်လုံးဝမသောက်ရဘူး"

"စိတ်ချ"

"နောက်ပြီး တို့ပြောတဲ့အိမ်လဲ ရအောင်ရှာထားဦး"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက်. . .

ကိုစီဆွယ်တာအနက်ကလေး ဝတ်ဆင်ထားသော မှိုင်းမှုန်ရီဝေသည့် မျက်ဝန်းများနှင့် သူ၏မမအား တင်ဆောင်ထားသည့် သင်္ဘောကြီးမှာ ဥသြဆွဲလျက် စတင်ထွက်ခွာသွားတော့သည်။

အပြန်လမ်းမှာတော့ တင်ထွန်းအောင်က သူ့ပခုံးကို ပုတ်ရင်း. . "သိပ်ကြွေမနေပါနဲ့ကွာ၊ နောက် သုံးလေးရက်နေရင် ပြန်ရောက်လာမှာပဲ"ဟု အားပေးစကားပြောသည်။

♥♥♥

## (၁၁)

မမ ရန်ကုန်မှ ထွက်ခွာသွားပြီး သိပ်မကြာခင်မှာပင် ဒုတိယမြောက် မမျှော်လင့်ဘဲ ထွက်ခွာသွားရသူက မလှဲ့ပဲဖြစ်သည်။

မလှဲ့ ထွက်ခွာသွားရသည့်အကြောင်းက ကျိုင်းတုံမှ မလှဲ့၏အဖေ အသည်းအသန်ဖြစ်သဖြင့် အမြန်ပြန်လာရန် ကြေးနန်းရိုက်ခေါ်ခြင်းဖြစ်သည်။

ကျိုင်းတုံ လေယာဉ်ပျံလက်မှတ်က မလွယ်ကူခြင်းကြောင့် တောင်ကြီးသို့အရင်သွားပြီး၊ တောင်ကြီးမှတစ်ဆင့် ဆက်သွားမည်ဟု မလှဲ့ပြောသည်။

ထိုအခါ မလှဲ့ကို စိတ်မချသော တင်ထွန်းအောင်ကပါ မလှဲ့၏အဖော်အဖြစ် လိုက်ပါခွင့်ရသွားတော့၏။ ထို့နောက် ဖုတ်ပူမီးတိုက်ပင် မလှဲ့နှင့် တင်ထွန်းအောင် တောင်ကြီးသို့ ထွက်သွားတော့သည်။

သူ၏အနီးကပ်ဆုံး လူသုံးယောက် သူ့နားမှ ထွက်ခွာသွားကြခြင်းက သူ့အား အတော့်ကို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်။

မမ နယ်စပ်ပြန်သွားသည့်နေ့က မမကို လွမ်းဆွတ်နေမှုအား မလှဲ့၊ တင်ထွန်းအောင်တို့နှင့် စကားပြောခြင်းဖြင့် ဖြေသိမ့်နိုင်သော်လည်း တင်ထွန်းအောင်တို့ မရှိတော့သောအခါမှာတော့ ထိုလွမ်းဆွတ်သတိတရစိတ်က သူ့အား အတော့်ကို ဒုက္ခပေးတော့၏။

www.burmeseclassic.com



ထိုဒုက္ခပေးသောစိတ်အား မမ ရှာခိုင်းထားသည့် အိမ်လိုက်ရှာခြင်းနှင့်ပင် ကြိုးစားဖြေသိမ့်ရတော့သည်။

မိုးလင်းပြီဆိုသည်နှင့် စံရိပ်ငြိမ်ဘက်သွား၍ ထိုရပ်ကွက်မှ သူငယ်ချင်းများ အကူအညီဖြင့် အိမ်လိုက်ရှာခဲ့သည်။ တချို့အိမ်များမှာ အိမ်လခနှင့်စပေါ်များမှာ မဆိုးလှသော်လည်း အိမ်အနေအထားကတော့ မမ ဘယ်လိုမှ သဘောကျမည်မဟုတ်သောအိမ်များဖြစ်သည်။

အိမ်က ကောင်းပြန်တော့လည်း စပေါ်က ဈေးကြီးလှပြန်သည်။ သည်လိုနှင့်ပင် မမ ပြန်လာမည်ဆိုသည့် စတုတ္ထမြောက်နေ့အရောက်မှာတော့ စံရိပ်ငြိမ်တစ်ဝိုက်မှ ငှားရန်ဟူသည့်အိမ်များအကြောင်းကို သူ့လောက်သိသူ မရှိသလောက်ဖြစ်သွားခဲ့သည်။

မမ ပြန်လာမည့် ညနေခင်းမှာတော့ မမအား ပြောပြရန် သူ စုဆောင်းထားသည့် အကြောင်းအရာများစွာကို သယ်ဆောင်လျှက် မမကို ကြိုရန် သင်္ဘောဆိပ်သို့ ဆင်းခဲ့သည်။

များပြားလှစွာသော လာကြိုသူများထဲ၌ရပ်လျှက် ဥသြဆွဲကာ. . ကမ်းကပ်ရန် ကြိုးစားနေသော ဧရာဝတီနှစ်ထပ်သင်္ဘောကြီးကို သူ ရင်ခုန်စွာ ငေးကြည့်နေမိသည်။

လွမ်းလိုက်တာ မမရယ်. . .

ထိုစကားမှာ မမကို တွေ့သည်နှင့် စတင်ပြောရန်အတွက် သူ ကြိုတင်ရှာဖွေထားခဲ့သော စကားပဲဖြစ်သည်။ ထိုစကားအပြီး ဒုတိယအမြောက် ကြိုဆိုရေးအစီအစဉ်ကတော့ သူ့အိတ်ထဲပါ အသင့်ရေးသားဖြည့်စွက်ထားခဲ့သည့် လက်ထပ်စာချုပ်ကိုထုတ်၍ မမလက်ထဲ ထည့်ပေးလိုက်ဖို့ပဲဖြစ်သည်။

"တရားဝင်တာတွေ၊ မဝင်တာတွေ ကျွန်တော် နားမလည်ဘူး၊ သင်္ဘောပေါ်ကနေ အောက်ကိုမဆင်းခင် ပေါဒီနေရာမှာ မမ အာရုံလက်မှတ်ထိုး"





"ကဲ. . ဘယ်လိုကြီးလဲ နိုင်နိုင်ရဲ့"

"ဒီလိုကြီးပဲ၊ သင်္ဘောပေါ်ကနေ ကျွန်တော်နဲ့မမ တကယ့်လင်မယားတွေအဖြစ် ဆင်းကြမယ်၊ ကဲ. . . လက်မှတ်ထိုးလေ မမရဲ့"

သို့သော် ထိုနေ့က သူ ကြိုတင်ကြံစည်ထားခဲ့သော အစီအစဉ်နှစ်ခုလုံး အထမမြောက်ခဲ့။ အကြောင်းမှာ သင်္ဘောပေါ်၌ သူ၏မမ ပါမလာခဲ့ခြင်းကြောင့်ပဲ ဖြစ်သည်။

ဘယ်လိုဖြစ်တာလဲ၊ တကယ်ဆို သည်နေ့ပြန်ရောက်မယ်လို့ မမ သေချာပြောခဲ့တာပဲ။

သူ စိတ်လှုပ်ရှားပူပန်စွာ မမ ပါမလာခြင်းအတွက် စိုးရိမ်သွားမိသည်။ သင်္ဘောပေါ်မှ လူကုန်သည်အထိ မမအား သူလိုက်လံရှာဖွေသော်လည်း မမကိုတော့ လုံးဝမတွေ့ခဲ့။

ဈေးသည်အချို့နှင့် သင်္ဘောလုပ်သားများမှအပ ဘယ်သူမှ မကျန်တော့သောအခါမှ သူ စိတ်လျှော့လျက် ပြန်လာခဲ့သည်။

ထို့နောက် နောက်တစ်နေ့နံနက် အစောကြီးဆိုက်မည့် သင်္ဘောသို့ သူ ဆင်းကြိုပြန်သည်။

သို့သော် ထိုသင်္ဘော၌လည်း မမ ပါမလာခဲ့။

သည်လိုနှင့် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် သင်္ဘောဆိပ်သို့ မှန်မှန်သွားခြင်းဖြင့် နောက်ထပ် နှစ်ရက်သုံးရက်လောက်ကို ပင်ပန်းကြီးစွာ သူ ဖြတ်သန်းခဲ့ရသည်။

မမ ရန်ကုန်မှ ထွက်ခွာသွားပြီး ခုနစ်ရက်မြောက်နေ့. .

မမပြန်လာမည်ပြောထားသည်ထက် သုံးရက်တိတိ နောက်ကျသောနေ့မှာတော့ မမမြို့သို့ လိုက်သွားရန် သူ ဆုံးဖြတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ပူပန်စိတ်ကြောင့်သာ သူ လိုက်လာရသော်လည်း . . တကယ်တော့ ထိုသို့လိုက်လာရန်အတွက်သူသိထားသောအချက်အလက်တွေက နည်းပါးလွန်းလှသည်။

မမတို့မြို့သို့ မမကိုလိုက်ရှာရန် သူ သိထားသောအချက်မှာ နှစ်ချက်သာရှိသည်။ တစ်ခုက မမအမည်ဖြစ်ပြီး၊ နောက်တစ်ခုကတော့ မမတို့မြို့အမည် ဖြစ်သည်။

သို့သော် မမအတွက် စိုးရိမ်ပူပန်စိတ်က ထိုအချက်နှစ်ခုတည်းနှင့်ပင် မမနောက်သို့ လိုက်ဖြစ်စေရန် တွန်းအားပေးခဲ့သည်။ ထို့ကြောင့်ပင် သတ္တမမြောက် ညနေစောင်း၌ ဂျာကင်ထူထူတစ်ထည်၊ ကျောပိုးအိတ်တစ်လုံး၊ စိုးရိမ်ပူပန်နေသော ရင်အစုံနှင့်အတူ ဧရာဝတီနှစ်ထပ်သင်္ဘောကိုစီးလျက် မမတို့မြို့လေးသို့ သူ လိုက်ပါလာခဲ့သည်။

မမတို့မြို့လေးသို့အရောက် သင်္ဘောပေါ်မှအဆင်း၌ သူ ပထမဆုံး စတင်ဆောင်ရွက်သောကိစ္စမှာ လက်ဖက်ရည်သောက်ခြင်းပဲ ဖြစ်သည်။

ထိုသို့ လက်ဖက်ရည်သောက်ရင်းမှ "မမကို ဘယ်လိုလိုက်ရှာရင် ကောင်းမလဲ"ဟု သူ စဉ်းစားနေမိသည်။

တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်မေးမည်ဆိုလျှင်တော့ မြို့ငယ်လေး၏အနေအထားအရ သူလမ်းများများလျှောက်ရလိမ့်မည်မဟုတ်သော်လည်း တကယ်တော့ ထိုကိစ္စမှာ အတော့်ကိုကြောင်တောင်တောင်နိုင်သော ကိစ္စပဲဖြစ်သည်။

"မမြတ်လေးငုံဆိုတာ သိပါသလား"ဟု သူ မေးလိုက်ရုံနှင့် "သိတာပေါ့"ဟု ဘယ်သူမှ ခပ်လွယ်လွယ် ပြန်ဖြေကြမည်မဟုတ်။

အနည်းဆုံး ဘယ်သူ့သမီးလဲ၊ မိဘတွေက ဘာလုပ်ငန်းလုပ်သလဲ ဆိုတာမျိုးတော့ ပြန်မေးကြမည်ဖြစ်သည်။

ထိုမေးခွန်းများအတွက် သူ့မှာ အဖြေအဆင်သင့်မရှိ။





သူ စဉ်းစားမရစွာနှင့်ပင် လက်ဖက်ရည်ဆိုင်မှာ အတော်ကြာကြာထိုင်နေခဲ့မိသည်။ နောက်မှ လက်ဖက်ရည်ဆိုင်နှင့် ခပ်လှမ်းလှမ်းဆိုက်ကားဂိတ်တစ်ခုကို သတိပြုမိသဖြင့် ဆိုက်ကားဆရာတစ်ယောက်ကို မေးမြန်းအကူအညီတောင်းရန် အကြံရသွားမိသည်။ ထို့ကြောင့် လက်ဖက်ရည်ဖိုးရှင်း၍ ဆိုက်ကားဂိတ်ဘက်သို့ထွက်လာခဲ့သည်။ အမှန်တော့ ဆိုက်ကားဂိတ်ဟု ခေါ်သော်လည်း ဆိုက်ကားနှစ်စီး ယှဉ်တွဲရပ်ထားသောနေရာသာဖြစ်သည်။

သဘောကောင်းပုံရသော အသက်ခပ်ကြီးကြီး ဆိုက်ကားဆရာဆီသို့ ချဉ်းကပ်သွားလိုက်သည်။

"ဦးလေး. ."

သူ့အသံကြောင့် ဆိုက်ကားဆရာက ခေါင်းမော့ပြီး သူ့ကိုအကဲခတ်သလို ကြည့်သည်။

"ပြော. . ဆရာလေး၊ ဘယ်သွားချင်သလဲ"

ဆိုက်ကားဆရာ၏အမေးကြောင့် သူ အနည်းငယ်တုံ့ဆိုင်းသွားသည်။ ပြီးမှ . . .

"ဟို ဒီလိုပါ ဦးလေး၊ ကျွန်တော် ဒီမြို့က လူတစ်ယောက်ကိုလာရှာတာပါ၊ အဲဒါ သူ့လိပ်စာမှတ်ထားတဲ့စာရွက်က အဲ, လမ်းမှာပျောက်သွားတယ်နဲ့တူတယ်၊ ကျွန်တော်ကလဲ သူ့နာမည် ကိုပဲသိတော့ စုံစမ်းရမှာ နည်းနည်းအခက်အခဲဖြစ်နေတယ်၊ အဲဒါ. ."

"နာမည်က ဘယ်သူတဲ့လဲ ဆရာလေး"

ဆိုက်ကားဆရာ၏အမေးကြောင့် သူ အားတက်သွားမိသည်။ "မြတ်လေးငုံပါ"ဟု သူ ခပ်မြန်မြန် ပြောပြလိုက်သည်။ ဆိုက်ကားဆရာက မျက်မှောင်ကြုတ်စဉ်းစားဟန်ပြုသည်။

"သူက လွန်ခဲ့တဲ့. . နှစ်နှစ်ကျော်ကျော်လောက်ကတည်းက ရန်ကုန်မှာ အလုပ်လုပ်နေတာပါ၊ ဒီမြို့ကို အလည်ပြန်လာတာ ရက်ပိုင်းပဲ ရှိပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာတော့ ဆိုက်ကားဆရာက ကွမ်းတံတွေးကို ဗျစ်ခနဲထွေးရင်း "ကျုပ် သိပြီ . . ဆရာလေး"ဟုပြောသည်။ ဆိုက်ကားဆရာ၏စကားကြောင့် သူ ဝမ်းသာသွားမိသည်။

ဆိုက်ကားဆရာက "ဒေါ်အုံးမြသမီး မဟုတ်လား"ဟု . . အတည်ပြုသလို လှမ်းမေးသည်။

"အဲ . . သူ့အမေနာမည်တော့ ကျွန်တော် မသိဘူးဦးလေး"

"ဟုတ်ပါတယ်၊ ဒေါ်အုံးမြသမီး၊ ဟို . . အသားညိုညိုနဲ့ ကောင်မလေးပါ၊ မော်တော်ပိုင်ရှင်သားနဲ့ ယူထားတယ်လေ"

"ဟုတ်တယ် ဦးလေး၊ သူ ကျော်မြင့်သန်းဆိုတဲ့လူနဲ့ အိမ်ထောင်ကျဖူးတယ်"

သူ့စကားကြောင့် ဆိုက်ကားဆရာက သူ့ကို အံ့သြသလို မော့ကြည့်သည်။ ပြီးမှ . . .

"*အာ . . ဘယ့်နှယ် အိမ်ထောင်ကျဖူးတယ်လဲ၊ အိမ်ထောင်ကျခဲ့တယ် လုပ်ပါဆရာလေးရဲ့၊ သူတို့ယူထားတာပဲဘယ်လောက်ကြာပြီလဲ၊ လေးငါးနှစ်လား ရှိရောမယ်*"

ဆိုက်ကားဆရာ၏စကားကြောင့် သူ ဆိုက်ကားဆရာကို ထိတ်လန့်တကြား ကြည့်လိုက်မိသည်။

"သူတို့လင်မယားကလည်း ဘယ်လိုလင်မယားမှန်း မသိပါဘူးဗျာ၊ မိန်းမက ရန်ကုန်မှာ အလုပ်သွားလုပ်ရတာနဲ့၊ ယောကျ်ားက မော်တော်တစ်စီးနဲ့ အညာတက်ရတာနဲ့၊ လင်ရယ်မယားရယ် ဖြစ်ပြီး အတူတူနေတယ်လို့ မရှိဘူး၊ ခုလဲ ကောင်မလေးပြန်လာတာ သူ့အမေ အသည်းအသန်ဖြစ်လို့ဆိုလားပဲ"

"ဗျာ . . ."

မထင်မှတ်သော စကားတို့ကြောင့် သူ့တစ်ကိုယ်လုံး လောင်ကျွမ်းပြာကျသွားသလို ခံစားလိုက်ရသည်။

♥♥♥

## တတိယကဏ္ဍ

### (၁)

ခုတော့ သူ့အတွက် ကမ္ဘာပျက်ခြင်းပဲဖြစ်တော့သည်။

စာကြည့်စားပွဲပေါ်မှ တစ်စစီဖြစ်နေသော (မမလက်မှတ်မထိုးရသေးသည့်) လက်ထပ်စာချုပ်အပိုင်းအစများကို သူ ငေးကြည့်နေမိသည်။ သူနှင့်အနီးစပ်ဆုံး အပိုင်းအစလေးမှာ နိုင်လင်းသော်ဟူသော သူ့အမည်ပါသည့် အပိုင်းအစလေးဖြစ်ပြီး သူနှင့်အဝေးဆုံးကတော့ မမအမည် တစ်ဝက်တစ်ပျက်ပါသည့် အပိုင်းအစလေးဖြစ်သည်။

ပြတင်းမှ လေတစ်ချက်အဝှေ့ . . .

တစ်စစီဖြစ်နေသည့် လက်ထပ်စာချုပ်မှာ ဖရိုဖရဲဖြစ်သွားကြသည်။ ဆုတ်ဖြဲခဲ့ပြီးမှ မီးရှို့ပစ်ရန်၊ သို့မဟုတ် လွှင့်ပစ်ရန် မဝံ့မရဲနှင့် သူ ခုလို . . ထိုင်ကြည့်နေခဲ့မိသည်မှာ ဘယ်နှကြိမ်ရှိပြီဟု သူ မမှတ်မိတော့။

"*အာ . . ဘယ့်နှယ် အိမ်ထောင်ကျဖူးတယ်လဲ၊ အိမ်ထောင်ကျခဲ့တယ်လုပ်ပါ ဆရာလေးရဲ့ . . . .*

*သူတို့လင်မယားကလဲ ဘယ်လိုလင်မယားမှန်း မသိပါဘူးဗျာ . . ယူထားတာပဲ ဘယ်လောက်ကြာပြီလဲ၊ လေးငါးနှစ်ရှိရောမယ်*"



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့်နာရီပေါင်းများစွာက သူ ထိုင်နေရာနှင့် ရေမိုင်ပေါင်းများစွာ ကွာဝေးသော မြစ်ဝကျွန်းပေါ်မြို့ငယ်လေးတစ်မြို့၌ ကြားခဲ့ရသည့်စကားများက သူ့အား ယခုတိုင် ဆိုးရွားစွာ နာကျင်နေဆဲပင် ဖြစ်သည်။

ခုတော့ မမနှင့်ပတ်သက်၍ သူ ကြိုတင်စိတ်ကူးယဉ်ထားခဲ့ရသမျှတော့ သူ့ရှေ့မှ စာချုပ်အပိုင်းအစများကဲ့သို့ပင် တစ်စစီ ကြေမွသွားခဲ့ကြပြီ ဖြစ်သည်။ ထိုကြေမွသွားစေခဲ့သူကတော့ သူ သိပ်ချစ်သော မမပဲဖြစ်သည်။

"တို့. . ညည်းကို လက်ထပ်မယ်၊ ကျေနပ်ပြီလား"

အလွန်ကောက်ကျစ်ပြီး အလွန်အဆိပ်ပြင်းထန်လှသော စကားနှင့် မမ သူ့ကို ရက်စက်စွာ လှည့်စားသွားခဲ့သည်။ မမ၏ လှည့်စားမှုတို့ကို တင်ကြိုသံသယဖြစ်ခဲ့မိပါလျက်. . .

မမ၏လှပသပ်ရပ်သော စကားလုံးများအောက်၌ သူဖျော်ဝင်နစ်မြုပ်ခဲ့မိသည်။ ထို့ကြောင့်ပင် ဘယ်တုံးကမှ မကွာရှင်းခဲ့သည့် တရားဝင်လင်ယောကျ်ားရှိသော မမ၏ပိုက်ကွန်၌ သူ အမိခံလိုက်ရခြင်းပဲဖြစ်သည်။

တကယ်တော့ အစောကြီးကတည်းက သူ ရိပ်မိခဲ့ဖို့ကောင်းသည်။ မမရုံးသို့ ခဏခဏလာနေသော ကျော်မြင့်သန်း၏အပြုအမူမှာ ဇနီးသည်တစ်ယောက်အား စိတ်မချသည့်ယောကျ်ားတစ်ယောက်၏ အပြုအမူဖြစ်ကြောင်း သူ ကြိုတင်မှန်းဆခဲ့မိဖို့ကောင်းသည်။

ခုတော့. . . အရာအားလုံးအတွက် ပြုပြင်ရန်၊ ကြေကွဲနောင်တရရန် အများကြီး နောက်ကျသွားခဲ့ပြီဖြစ်သည်။ ထိုနောက်ကျရခြင်းအတွက် ရလဒ်ကတော့ ရင်နှင့်အမျှ ခံစားရခြင်းပဲဖြစ်သည်။ အလွန်မိုက်မဲတဲ့၊ ပြီးတော့. . . အလွန်လည်းညံ့ဖျင်းတဲ့ သူ့အတွက် ဒါဟာ ထိုက်တန်တဲ့ ရလဒ်ပါပဲ။





သူ ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်သည်။

ထို့နောက်. . .

ယခင်ရက်များကလိုပင် မမအား သတိတ္တရ ကြေကွဲမိတိုင်း အသုံးပြုနေကျ နည်းတစ်နည်းဖြစ်သည့်. . လမ်းတွေအပေါ်မှာ ရောက်ရာပေါက်ရာ လျှောက်သွားသည့်နည်းကို သုံးစွဲရန်အတွက် သူ အိမ်ထဲမှ ထွက်လာခဲ့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၂)

မမကို မေ့ဖျောက်နိုင်ရန်အတွက် နေပူမရှောင်၊ မိုးရွာမရှောင် လမ်းမတွေပေါ်၌ လွင့်မျောနေခဲ့မိသော သူ့ထံသို့ နောက်သုံးလေးရက်အကြာမှာပင် အဖျားရောဂါတစ်ခုက ပူးကပ်ဝင်ရောက်လာခဲ့တော့သည်။

သူ၏အဖျားမှာ ဆရာဝန်၏ပြဒါးတိုင်အရ ဆိုပါက တစ်ရာ့ငါးဆယ်ဒသမသုံးရှိသည့် ဂရုစိုက်ရန်လိုအပ်သော အဖျားဖြစ်သည်။

စ,ဖျားခါစညက အိမ်သားများ ရေခဲအိတ်တင်ပေးနေကြသည့်ကြားမှပင် သတိလစ်သွားပြီး ကယောင်ကတမ်းတွေ သူ လျှောက်ပြောနေခဲ့သည်။

သူ ပြောခဲ့သောစကားကို မမသာ ပြန်လည်ကြားခွင့်ရပြီး မမကိုယ်တိုင်လည်း ခံစားတတ်မည်ဆိုပါက အလွန်ကြေကွဲထိခိုက်ဖွယ်ကောင်းမည့် စကားဖြစ်သည်။

ထိုညက သူ ကယောင်ကတမ်းနှင့် ထပ်ခါတလဲလဲ ရေရွတ်နေခဲ့မိသော စကားမှာ *"မမ လက်မှတ်ထိုးလေ"* ဟူသည့် စကားပဲဖြစ်သည်။

ထိုအကြောင်း သူ၏အိမ်သားများ ပြန်ပြောပြခဲ့စဉ်က သူ ကိုယ်တိုင်ပင် နင့်ခနဲ ခံစားခဲ့ရသည်။





သို့သော် . . .

ကျော်မြင့်သန်းထံ၌ ပျော်နေမည်ဖြစ်သည့် မမကတော့ ထိုအကြောင်းများကို သိနိုင်မည်မဟုတ်။ ထိုသို့ မမ ပေါင်းများစွာ ရေရွတ်ယောင်ယမ်းပြီး နောက်တစ်နေ့နံနက်မှာတော့ ဆရာဝန်က သူ့အား ဆေးရုံတင်ခိုင်းတော့သည်။

"ခင်ဗျား ဆေးရုံတက်လိုက်ရင်ကောင်းမယ်"

"ဘာဖြစ်လို့လဲ ဆရာ"

"ခင်ဗျားမှာ နမိုးနီးယားဝင်နေတယ်၊ ဆေးရုံတက်လိုက်တော့ မြန်မြန်ပျောက်တာပေါ့"

ဆရာဝန်၏စကားကြောင့် အသည်းကွဲလူမမာတစ်ယောက်အား နမိုးနီးယားရောဂါသည်တစ်ယောက်ပမာ အထင်မှားခဲ့ကြသောအိမ်သားများက သူ့အား ဆေးရုံတင်ခဲ့ကြတော့သည်။

ပိုးသတ်ဆေးနံ့တို့ ထုံလွှမ်းနေသည့် အိပ်ရာခင်းဖြူဖြူခင်းထားသော သံခုတင်တစ်လုံးပေါ်၌ လဲလျောင်းရင်း မမအား သတိရစိတ်ကို ကြိုးစားဖြေဖျောက်လျက် အချိန်နာရီ များစွာအား ပင်ပန်းကြီးစွာ သူ ဖြတ်သန်းခဲ့ရသည်။

သူ ဆေးရုံတက်စဉ် သူ့အိမ်သားများနည်းတူ သူ့အားဂရုစိုက်ခဲ့သူကတော့ ကေကေပဲဖြစ်သည်။ ကေကေမှာ ရည်းစားနှင့်လမ်းများတတ်သည်မှအပ သူငယ်ချင်းကောင်းပီသသူဖြစ်သည်။

သူ့အား ဆေးရုံတင်သောနေ့က ကားမရှိသော သူ့မိသားစုကို ကားအကူအညီပေးခဲ့သည်။

ထို့အပြင် လူဦးရေနည်းပါးသော သူ့အိမ်က သူ့အတွက် ထမင်းလာပို့ရန် လူမရှိသောအခါများ၌ ကေကေပင် အိမ်သားများ ကိုယ်စား ထမင်းလာပို့ပေးခဲ့သည်။ ကေကေမှာ ခပ်ပျော်ပျော်နေတတ်သောသူမ၏ထုံးစံအတိုင်း အပြောင်အပြက် စကားများနှင့် သူ့အား သူမနည်း သူမဟာန်နှင့် ပြုစုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ. . . "နင် ဘာမှ အားမငယ်နဲ့ နိုင်လင်း၊ ငါ နင့်အတွက် ကိုးသုံးလုံးဖဲထုပ်နှစ်ထုပ် ကြိုဝယ်ထားပြီးပြီ"ဆိုတာမျိုး။ "ယပ်တောင်နောက်ကျောမှာ ဘာထည့်ရိုက်ချင်သလဲ" ဆိုတာမျိုး။

ကေကေ၏ အပြောင်အပြက် စကားများကို ခြောက်ကပ်စွာ လိုက်လံ ရယ်မောနေမိသော်လည်း မမအတွက် သူ ခံစားနေခဲ့ရသည့် နာကျင်ကြေကွဲစိတ်၊ နာကြည်းဒေါသဖြစ်စိတ်တို့က ပြေပျောက်မသွားခဲ့။

*သည်အချိန် မမ ဘာလုပ်နေမလဲ . . .*

*ကျော်မြင့်သန်းနှင့်ပဲ ပျော်နေမလား . . .*

*ဒါမှမဟုတ် . . .*

နေမကောင်းဖြစ်နေတဲ့ အမေ့ဘေးနားမှာ သမီးလိမ္မာတစ်ယောက်ပုံစံမျိုးနှင့် ထိုင်ပြီး ပြုစုပေးနေမလား။

သေချာတာတစ်ခုက ရန်ကုန်မှာ လှောင်အိမ်လေးတစ်ခုနှင့် ထည့်ထားခဲ့တဲ့ ကောင်လေးတစ်ယောက်ကိုတော့ မမသတိရနေမှာမဟုတ်ပါဘူး။

မမနှင့်ပတ်သက်သည့် အတွေးတိုင်းက သူ့ရင်ကို နာကျင်သွားစေသည်ချည်းပင် ဖြစ်သည်။

အဆိပ်လူးသော စကားလုံးများ၊ နှုတ်ခမ်းထူထူ အပြုံးများ၊ အနာဂတ်ကတိများနှင့် သူ့အား နှောင်ကြိုးအထပ်ထပ်တင်းလျက် လှည့်စားသွားခဲ့သည့် မမ၏အပြုအမူများကို သတိရတိုင်း သူ ဒေါသဖြစ်စွာ နာကြည်းကြေကွဲရမြဲ ဖြစ်သည်။

သို့သော် မမကိုသတိရမိတိုင်း အံကို တင်းတင်းကြိတ်လျက် သူ ကြိုးစားဖြေဖျောက်ခဲ့သည်။

**သတိရမနေစမ်းနဲ့ . . .**

ကိုယ့်အပေါ်မှာ ရက်စက်စွာ လှည့်စားသွားတဲ့ မိန်းမတစ်ယောက်ကို တသသ ဖြစ်မနေနဲ့တော့။





မေ့ပစ်လိုက်စမ်း နိုင်လင်းသော်၊ ကြိုးစားပြီး မေ့ပစ်လိုက်။ သံခုတင်ဖြူဖြူတစ်လုံးပေါ်၌ ဘယ်ညာလူးလှိမ့်ရင်း သူ မမကို ကြိုးစားမေ့ဖျောက်ခဲ့သည်။ သို့သော် သူ၏ကြိုးစားမှုတို့အား တစ်စစီကြေသွားစေမည့် ကိစ္စတစ်ခုက တစ်ခုသော ထမင်းပို့ချိန်လေးမှာ ပေါ်ပေါက်လာခဲ့သည်။

သူ၏ချစ်လှစွာသောမမ သူ့ဆီသို့ ရောက်ရှိလာခဲ့ခြင်းပဲဖြစ်သည်။

ဟိုခုတင် ကြည့်လိုက်၊ သည်ခုတင် ကြည့်လိုက်လုပ်ရင်း. . အဆောင်ထဲသို့ ဖြည်းညင်းစွာ ဝင်ရောက်လာသည့် မမကို တွေ့လိုက်သည်နှင့် သူ၏သွေးခုန်နှုန်းများ ဆူဝေမြန်ဆန်သွားတော့သည်။ မမ၏အမူအရာအရ မမ သူ့ကို လာရှာခြင်းပဲဆိုသည်မှာ သံသယဖြစ်စရာမလို။

ရန်ကုန်မှ ထွက်ခွာသွားသည့်နေ့ကလိုပင် မမ၏ကိုယ်ပေါ်၌ အနက်ရောင်ကိုစီ အနွေးထည်ကလေး ဝတ်ဆင်ထားသည်။ မမ၏မျက်နှာက ဟိုစဉ်ကာလများကလိုပင်ညိုညက်ချောမွေ့လျက် ဆွဲဆောင်မှုရှိသည့် မျက်နှာလေးဖြစ်ပြီး၊ မမ၏နှုတ်ခမ်းထူထူများကလည်း စိုလဲ့ရဲနီလျက် ရင်ခုန်ဖွယ်ကောင်းနေဆဲဖြစ်သည်။

သူရှိရာသို့ တဖြည်းဖြည်းနီးကပ်လာသော မမကို ငေးကြည့်ရင်း "မမ. ဘာလာလုပ်သလဲ"ဟူသော မေးခွန်းက သူ့ခေါင်းထဲမှာ ဆူညံမြည်ဟိန်းနေခဲ့သည်။

တကယ်ဆို လိမ်ညာလှည့်စားဖို့က လွဲလျှင် မမ သူ့ဆီကို လာစရာ ဘာအကြောင်းမှ မရှိတော့ပါဘူး။

(ဖြစ်နိုင်တာတစ်ခုကတော့ ပိုက်ကွန်ထဲမိထားတဲ့ သားကောင်ကို ထပ်မံမြှူဆွယ်ဆော့ကစားဖို့ပါပဲ။)

ဒေါသတရားနှင့် နာကြည်းကြေကွဲစိတ်တို့ဖြင့် သူ့တစ်ကိုယ်လုံးလောင်မြိုက်ဆူဝေလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အံ့ကို တင်းတင်းကြိတ်လိုက်မိသည်။

ထိုအချိန်မှာပင် မမ၏မျက်ဝန်းညိုညိုများက သူ့ဆီသို့ ရွေ့လျားလာကြသည်။

“နိုင်နိုင်” ခပ်တိုးတိုး ခေါ်သံတစ်ခုနှင့်အတူ မမ သူ့အနားသို့ ရောက်လာသည်။

“နိုင်နိုင်. . . ညည်း နေမကောင်းလို့ဆို၊ ညည်းအိမ်က ပြောလိုက်လို့ တို့. . ဒီကို လိုက်လာတာ”

ကြည့်စမ်း. . မမရဲ့စကားသံတွေက ဘယ်လောက်များ ချိုမြိန်သာယာလိုက်ပါသလဲ။

ဟိုစဉ်ကာလတွေတုန်းက အတိုင်းပါပဲ။ ဒါပေမယ့် အဲဒီစကားသံချိုချိုတွေရဲ့နောက်မှာ သူ့ကို အဆုံးစီရင်မယ့် အဆိပ်လူမြားတွေတော့ ပါနေလေရဲ့။

“တို့. . နယ်ကနေ အဆောင်ကို ဖုန်းဆက်သေးတယ်၊ မိလဲ့ တို့ကလဲ မရှိဘူး၊ ကျိုင်းတုံကို ခဏပြန်သွားတယ်ဆို၊ ဟုတ်လား”

သူ မမ၏စကားကို ဘာမှအဖြေမပေးသေးဘဲ မမကိုသာ နာကျင်ရိဝေစွာ ငေးကြည့်နေမိသည်။

မမက ခုတင်စွန်းမှ သူ့လက်ကို လှမ်းကိုင်ရင်း. . .

***“နိုင်နိုင်. . တို့. . တို့မေမေလေ. . .”***

“မမ. . .”

သူ့ခေါ်သံကြောင့် မမ ဖျတ်ခနဲ မျက်လုံးလှန်ကြည့်သည်။

သူ မမကို စူးရဲစွာ စိုက်ငေးရင်း. . .

“မမ. . . ဒီထက် စောစောရောက်လာဖို့ ကောင်းတယ်၊ ဒီထက်သာ နည်းနည်းလေးစောခဲ့ရင် ယောကျ်ားတစ်ယောက်ရဲ့ မျက်ရည်တွေကို မမ တွေ့ရမှာ အမှန်ပဲ၊ ဒါပေမယ့် ခုတော့ မမ နောက်ကျသွားပြီ၊ အထူးသဖြင့်ကျွန်တော့်ရဲ့မျက်ရည်တွေအတွက် ဆိုရင်တော့ မမ အများကြီးနောက်ကျသွားပြီ”





“နိုင်နိုင်. . . ညည်း ဘာတွေပြောနေတာလဲဟင်”

ဒါပါပဲ။ သူ့စကားတွေကို နားမလည်သလိုမျိုး၊ ဟန်ဆောင်ပြတတ်တာဟာ မမ ထပ်ခါတလဲလဲ သုံးစွဲခဲ့တဲ့ အလွန်ရိုးစင်းတဲ့ နည်းပရိယာယ်ပါပဲ။

ဒါပေမယ့် ခုချိန်မှာတော့ မမရဲ့ပရိယာယ်တွေဟာ သိပ်ထိရောက်တော့မှာ မဟုတ်တော့ပါဘူး။

*“ကျွန်တော် မမတို့မြို့ကို ရောက်ခဲ့ပြီးပြီ”*

တင်းပြတ်မာကျောသော သူ့စကားသံတွေကြောင့် မမ သူ့ကို အံ့သြသလို ဟန်ဆောင်ရင်း ကြည့်သည်။

သူ မမကို တည်တည့်စိုက်ကြည့်ရင်း. . .

*“ပြီးတော့ မမအကြောင်းတွေကိုလဲ သိခဲ့ပြီးပြီ”*

သူ့စကားအဆုံး မမ၏မျက်နှာက သိသာစွာပျက်ယွင်းသွားသည်။

မထင်မှတ်သောစကားကြောင့် တုန်လှုပ်ချောက်ချားနေပုံရသော မမ၏မျက်နှာဆီမှ သူ့အကြည့်လွှဲလိုက်သည်။

“ကျွန်တော် မမကို စိတ်မချလို့ လိုက်လာတာ၊ ဟိုရောက်တော့ ဆိုက်ကားဆရာတစ်ယောက်ရဲ့ ကျေးဇူးကြောင့် မမရဲ့ အကြောင်းတွေကို ကျွန်တော် သိခွင့်ရလိုက်တယ်၊ သူ ကျွန်တော့်ကို ဘယ်လိုပြောလိုက်တယ်ထင်သလဲ မမ၊ ဟင်. . မမ စဉ်းစားကြည့်စမ်း. . သူ ကျွန်တော့်ကို ဘာပြောလိုက်တယ်ထင်သလဲ”

မာကျောစွာတုန်ခါနေသော သူ့မေးခွန်းကို မျက်ရည်လွှမ်းသောအကြည့်တို့နှင့်ကြည့်ရင်း မမ အဖြေပေးသည်။

“တို့နဲ့ကျော်မြင့်သန်းနဲ့ ခုထိပေါင်းသင်းနေတုန်းပဲကွာ၊ မကွာရှင်းရသေးဘူးလို့ ပြောလိုက်တယ်မဟုတ်လား”

မဲ့ပြုံးတစ်ခုကို သူ နာကျင်စွာ ပြုံးလိုက်မိသည်။

“မမ အမှန်တရားကို ရင်ဆိုင်ရဲသားပဲ”



www.burmeseclassic.com

www.burmeseclassic.com



“တို့. . . ညည်းကို ရှင်းပြပါရစေနိုင်နိုင်၊ တို့စကားကို ခဏ လောက်သည်းခံပြီး နားထောင်ပေးပါ၊ ပြီးရင် ညည်းတို့ကို ပြော ချင်သလိုပြော”

မမ၏အသံက သိသာစွာ တုန်ခါစပြုလာသည်။ မမ၏မျက် ဝန်းတို့ကလည်း ရွှဲစိုစပြုလာသည်။ ထိုအသံ ထိုမျက်ဝန်းတို့ထံ၌ သူ အကြိမ်ကြိမ်အခါခါ ကျရှုံးခဲ့ပြီးဖြစ်သည်။

အဆုံးစွန်လှည့်စားခံရပြီးသော လူတစ်ယောက်အနေနှင့် နောက်ထပ်တစ်ကြိမ် ထပ်မံကျရှုံးစရာ မလိုတော့။

“ကျေးဇူးပြုပြီး နောက်ထပ် ဘာမှ ရှင်းပြမနေနဲ့တော့မမ၊ မလိုတော့ပါဘူး၊ အခြေအနေတွေက မမ ရှင်းရင် ပိုပိုရှုပ်သွားတတ် လို့ပါ”

“နိုင်နိုင်ရယ်. . တို့ပြောတာ ခဏလေးနားထောင်စမ်းပါ၊ ညည်းကြားခဲ့တဲ့စကားက မမှန်ပါဘူး၊ အဲဒီအကြောင်း တို့ရှင်းပြ ပါ့မယ်”

“မမှန်ဘူး ဟုတ်လား၊ ဒါဖြင့် ကျွန်တော်နဲ့ ဘယ်တုံးကမှ မတွေ့ဖူးခဲ့တဲ့ ဆိုက်ကားဆရာက. . ကျွန်တော့်ကို အပျင်းပြေ သဘောနဲ့ ညာပြောလိုက်တာပေါ့”

“အဲလို မဟုတ်ဘူး နိုင်နိုင်၊ ညည်းတစ်မြို့လုံး လျှောက်မေး၊ တစ်မြို့လုံးက သူပြောသလိုပဲ ပြောမှာပဲ၊ ဒါပေမယ့် အဲဒီစကား က. . .”

“တစ်မြို့လုံးပြောတဲ့စကားထက် ပိုပြီးမှန်တဲ့စကား မမဆီ မှာ ရှိတယ်ပေါ့ ဟုတ်လား၊ အဲဒါကို ကျွန်တော်က ယုံမယ်များ ထင်နေသလား မမ. . ဟင်”

နာကျင်ခြောက်ကပ်စွာ ရယ်မောလိုက်မိသည်။

ထိုအချိန်မှာပင် စတီးထမင်းချိုင့်ဆွဲလျှက် သူရှိရာသို့လာနေ သော ကေကေကို သူ သတိပြုမိလိုက်သည်။





မမျှော်လင့်ဘဲ ထပ်မံလှည့်စားရန် မမရောက်ရှိနေခြင်းနှင့် မမျှော်လင့်ဘဲ သူနှင့်မမဆီသို့ ကေကေရောက်ရှိလာခြင်းတို့က ယောကျ်ားတစ်ယောက်၏ တုံ့ပြန်လက်စားချေချင်စိတ်ကို ရှုန်းကြွ လာစေတော့သည်။

“နိုင်နိုင်. . တို့လေ. .”

မျက်ရည်ဝေ့သီသော မျက်ဝန်းတို့နှင့် မမ သူ့ကို မျှော်ကြည့် ရင်း စကားစရန်ပြင်သည်။ ထိုအချိန်မှာပင် ကေကေက သူနှင့် မမအနားသို့ ရောက်ရှိလာတော့သည်။

အမျိုးသမီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စပ်စု စူးစမ်းသောအကြည့်တို့နှင့် ကြည့်နေကြချိန်မှာပင် သူ လှဲနေရာမှ ထ,ထိုင်ရင်း စကားစလိုက်သည်။

“ကေကေ. . ဒါ. . မမြတ်လေးငုံတဲ့”

ကေကေက အသိအမှတ်ပြုဟန်နှင့် မမကိုပြုံးလျှက် ခေါင်း ဆတ်ပြသည်။ သူ မမကို စူးစိုက်ကြည့်ရင်း ကေကေ့ဘက်သို့ လက်ညှိုးညွှန်လိုက်သည်။

“ဒါကတော့. . ကျွန်တော်နဲ့စေ့စပ်ထားတဲ့ အမျိုးသမီး ကေကေတဲ့”

မိတ်ဆက်ပေးစကားအဆုံး မမ၏မျက်နှာပေါ်သို့ သူ တစ် ခါမျှမမြင်ခဲ့ဖူးသည့် အမူအရာတစ်ခု ကျရောက်လာတော့သည်။

ခံစားမှုမျိုးစုံ ရောထွေးရှုပ်ယှက်ခတ်ကာ ပျက်ယွင်းသွား သောမမ၏မျက်နှာက အတော်ကြီးကြာမှ အားယူအပြုံးတစ်ခုနှင့် လျော့ရဲစွာ ပြန်ပြုံးလာသည်။

“တွေ့. . တွေ့ရတာ ဝမ်းသာပါတယ် ကေကေ၊ တို့ပြန်လိုက် ပါဦးမယ်”

တိုးလျှတုန်ခါနေသော နှုတ်ဆက်စကားအဆုံး အနက်ရောင် ဆွယ်တာလေးနှင့်မမ သူတို့အနားမှ ထွက်ခွာသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နိုင်လင်းရာ နင့်ဟာကလဲ လုပ်လိုက်မှဖြင့် အရမ်းချည်းပဲ"

ကေကေက ကျွန်တော်နဲ့ စေ့စပ်ထားတဲ့ အမျိုးသမီးဟူသော လွဲမှားစွာ မိတ်ဆက်ပေးမှုအတွက် မကျေမနပ်ဖြစ်စွာ ပြောသည်။

သူ ကေကေ့ကို ဘာမှပြန်မပြောဘဲ ဆန္ဒင်းမကောင်းပုံ သံဆန်ခါကွက်များကို အပြင်ဘက်မှ ဆေးရုံရှုခင်းကိုသာ တိတ်ဆိတ်ရိဝေစွာ ငေးကြည့်နေမိသည်။

အကယ်၍ သူ စကားတစ်စုံတစ်ရာ ပြောလိုက်ပါက သူ့အသံများ တုန်ခါနေကြကြောင်း ကေကေ ရိပ်မိသွားမှာ စိုးသောကြောင့်ပဲ ဖြစ်သည်။

♥♥♥

(၇)

မမ လာသွားခဲ့ပြီးနောက်ပိုင်း သံခုတင်ဖြူဖြူတစ်လုံးပေါ်မှ နေ့ရက်များအား သူ ကျော်ဖြတ်ခဲ့ရပုံမှာ အတော့်ကို ပင်ပန်းတကြီးနိုင်လှသည်။

သူ့အား လှည့်စားမှုများစွာဖြင့် နာကျင်စေခဲ့သော မမအား (မမ နာကျင်လိမ့်မည်မဟုတ်ဟု သိသော်လည်း) ကေကေနှင့် သူ စေ့စပ်ထားသလို ပုံစံမျိုးဖြင့် မမအား ပြန်လှည့်စားခဲ့သည်။

ထို့အတွက် ရလဒ်ကတော့ မျက်ရည်များနှင့် သူ့အား ထပ်မံအနိုင်ယူရန်ကြိုးစားလာသော မမ သူ့အနားမှ ထွက်ခွာသွားခြင်းပဲဖြစ်သည်။

ထိုသို့ သူ့အနားမှ မမ ထွက်ခွာသွားခဲ့သလို သူ့ဘဝထဲမှလည်း မမ ထွက်ခွာသွားခဲ့ဖို့ ကောင်းသည်။

သို့သော် မမသည် သူ့ဘဝ၊ သူ့နှလုံးသားထဲမှ ထွက်ခွာမသွားခဲ့။ ထို့ကြောင့်ပင် သူ့ရင်ထဲ၌ ကပ်ငြိကျန်ရစ်ခဲ့သည့် မမ၏ ပုံရိပ်များကို ကြိုးစားမေ့ဖျောက်ရင်း ဆေးရုံပေါ်မှ နေ့ရက်များစွာအား ပင်ပန်းကြီးစွာ သူ ကူးခတ်ဖြတ်သန်းခဲ့ရသည်။

ထိုရက်များအတွင်း မမအား ကြိုးစားမေ့ဖျောက်နိုင်ရန် အကူအညီပေးခဲ့သူကတော့ ကေကေပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကေကေ သူနှင့် မမ၏အကြောင်းများကို သူ့အား မေးမြန်းခဲ့သည်။

"နင့်ရင်ထဲမှာ ခံစားနေရတာတွေ နင် ငါ့ကို ပြောပြလိုက်နိုင်လင်း၊ အဲဒါဆို နင် သက်သာသွားလိမ့်မယ်"

"ဘာပြောရမှာလဲ ကေကေ"

"နင်နဲ့ နင့်မမအကြောင်းပေါ့"

သူ ကေကေ့အား မမနှင့်ပတ်သက်သည့် အကြောင်းများကို ရင်ဖွင့်ခဲ့သည်။ ကေကေက သူပြောသမျှကို နားလည်မှုရှိစွာ နားထောင်ပေးခဲ့သည်။

ကေကေ၏အကူအညီကြောင့် မမအတွက် သူခံစားရမှုများ အတော်အသင့်ပေါ့ပါးသွားခဲ့သည်။ နောက်သုံးလေးရက်အကြာမှာတော့ သူ ဆေးရုံမှ ဆင်းခွင့်ရခဲ့သည်။

ဆေးရုံမှဆင်း၍ အိမ်ပြန်ရောက်သည်နှင့် သူ့ရင်ထဲသို့ တိုးဝင်လာသော သိချင်စိတ်တစ်ခုက မမအကြောင်းပဲ ဖြစ်သည်။

မမ အခဆောင်မှာ နေတုန်းပဲလား၊ ဒါမှမဟုတ် သူ့ယောက်ျားကျော်မြင့်သန်းရှိရာ. . နယ်ကိုပဲ ပြန်သွားပြီလား။ ပိုက်ကွန်ထဲမှာ မိနေခဲ့ပြီးမှ ပြန်လွတ်သွားခဲ့တဲ့ သားကောင်တစ်ကောင်အတွက် မမ ဘယ်လိုများ ခံစားရလေမလဲ။

ထိုသိချင်စိတ်များက သူ့ဦးနှောက်ကို တင်းကျပ်စွာ လွှမ်းခြုံလေတော့သည်။ အကယ်၍ တင်ထွန်းအောင်နှင့် မလှဲ့ရှိပါက ရင်းတို့မှတစ်ဆင့် သူ ပြန်သိနိုင်မည်ဖြစ်သော်လည်း ကျိုင်းတုံသွားနေသော တင်ထွန်းအောင်တို့မှာ ထိုအချိန်အထိ ပြန်ရောက်မလာကြသေး။

ဆေးရုံမှဆင်းပြီး လေးငါးရက်လောက်မှာတော့ သူ သိချင်စိတ်ပြင်းပြစွာ မမအကြောင်း စုံစမ်းရန် ဆုံးဖြတ်လိုက်တော့သည်။

သူ စုံစမ်းမည့်အစီအစဉ်ကတော့. . .





ကေကေ့ကို အဖော်ခေါ်၍ ရုံးဆင်းလာမည့် မမအား သွားစောင့်ကြည့်ရန်ပဲ ဖြစ်သည်။

"ကေကေ ငါ. . ကန်ပေါင်ပေါ် လမ်းလျှောက်ချင်လို့ ငါနဲ့ အဖော်လိုက်ပေးစမ်းပါ"

"နင်ကလဲ နေပြန်ကောင်းတာဖြင့် မကြာသေးဘူး"

"ခဏတစ်ဖြုတ်ပါဟာ၊ လေကောင်းလေသန့်လေးဘာလေး ရှူလို့ရတာပေါ့"

သူ့အကြံအစည်ကို မသိသော ကေကေက သူ၏အဖော်ခေါ်မှုကို သဘောတူခဲ့သည်။

မမ ရုံးပြန်လာမည့်အချိန်နှင့်ကိုက်လျက် ကေကေ့ကိုခေါ်ကာ ကန်ပေါင်ဘက်သို့ သူ ထွက်လာခဲ့သည်။

မာလာမှတ်တိုင် အရောက်မှာတော့ သူ တင်ကြိုကြံစည်စိတ်ကူးခဲ့သည့်အတိုင်း လမ်းလျှောက်ရပ်လိုက်သည်။

"မောတယ်ဟာ၊ ဒီနားမှာ ခဏထိုင်ရအောင်"

"ငါ မပြောဘူးလား၊ နင်ကလဲ နေဖြင့်ကောင်းသေးတာ မဟုတ်ဘဲနဲ့"

သူ ကားဂိတ်အုတ်ခုံမှာ ဝင်ထိုင်လိုက်သည်။

ကေကေက သူထိုင်နေသော အုတ်ခုံ၏တစ်ဖက်မှ အုတ်ခုံမှာ သွားထိုင်သည်။

သူ ကေကေ့ကို လှမ်းကြည့်ရင်း. . "ဒီဘက် လာထိုင်လေဟာ"ဟု ပြောလိုက်သည်။

နေကြာစေ့အထုပ်ကြီးတစ်ထုပ်ကို တစ်ယောက်တည်း ဖြိုနေသော ကေကေကတော့ သူ ဘာကြောင့် ဒီဘက်လာထိုင်ခိုင်းမှန်း စဉ်းစားမိပုံမရ။

သူ ပြောသလို သူ့နားသို့ ပြောင်းရွှေ့ထိုင်ရင်း နေကြာစေ့ကိုသာ တဖြောက်ဖြောက်ဝါးနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ကေကေမရိပ်မိအောင် အမှန်တကယ်မောနေသည့် နာလန်ထခါစ လူမမာတစ်ယောက်ပမာ ဟန်ဆောင်ရင်း မမပါလာမည့် နံပါတ်ကိုးကားကြီးကိုသာ စိတ်စောစွာ စောင့်ဆိုင်းနေမိသည်။

သူ ကြိုတင်တွေးထားသည့်အတိုင်းသာ ဖြစ်မည်ဆိုပါက ကိုးကားနှင့်ပါလာမည့်မမသည် အုတ်ခုံတွင် ထိုင်နေကြသည့် စေ့စပ်ထားပြီးခါစ ချစ်သူစုံတွဲတစ်တွဲကို မြင်ခွင့်ရမည်ဖြစ်ပြီး၊ သူကတော့ မမကို မြင်ခွင့်ရမည်ဖြစ်သည်။

ထိုနေ့က သူ မျှော်လင့်ထားသကဲ့သို့ပင် သူ၏မမသည် သူနှင့်ကေကေကို တွေ့မြင်သွားခဲ့သည်။

ကားပေါ်မှအဆင်း သူနှင့်ကေကေကို တွေ့လိုက်သည်နှင့် မမ၏မျက်နှာသည် ဆေးရုံပေါ်မှာ သူ မြင်ခဲ့ရသော အမူအရာမျိုး ဖြစ်သွားခဲ့သည်။

မမ၏အပြင်အဆင်မှာ ခါတိုင်းကဲ့သို့ပင် ဆံပင်ဖားလျားကြီးနှင့် ရုံးယူနီဖောင်းနှင့် အညိုရောင်ပိုက်ဆံအိတ်ကြီးနှင့်ပင် ဖြစ်သည်။ သို့သော် မမ၏ခန္ဓာကိုယ်အချိုးအစားကတော့ အများကြီး သွယ်လျသွားခဲ့သည်။

သူ မမကို ခပ်စိန်းစိန်းပင် စိုက်ကြည့်နေလိုက်သည်။

သူ့ဘေးမှ ကေကေကတော့ နေကြာစေ့ကို ခေါင်းငုံ့ကာ ကြိုးစားပမ်းစားခွာနေရသောကြောင့် မမကို မမြင်လိုက်။ သူနှင့် ကေကေကို ခြေလှမ်းတုံ့ဆိုင်းလျက် ခဏကြာမျှ မမ ရပ်ငေးသည်။

ထို့နောက် ခေါင်းကို ငုံ့လျက် သူတို့အနားမှ မမ အမြန်ဆုံး ထွက်သွားတော့သည်။ ထိုနေ့က ကန်ပေါင်ပေါ် လမ်းလျှောက်ပြီး အိမ်ပြန်ရောက်သည်အထိ သူ မမ၏အကြည့်များကို မြင်ယောင်နေမိတော့သည်။ နောက်တစ်နေ့နံနက် မမ ရုံးသွားမည့် အချိန်လောက်မှာတော့ သူ ကေကေ့ကို အဖော်ညှိပြန်သည်။





သည်တစ်ခါ အဖော်ညှိပုံက တော့ ဟိုင်းမှာ လက်ဖက်ရည်သွားသောက်ရန်ဟူ၍ ဖြစ်သည်။

ကေကေက စိတ်ပျက်လက်ပျက်နှင့်. . .

“နိုင်လင်းရာ၊ နင်ကလဲ ငါ့ကို ဟိုအဖော်ခေါ် ဒီအဖော်ခေါ်နဲ့ နင့်ရည်းစားများ အောက်မေ့နေသလား”

“ခဏလေးပါ ကေကေရာ၊ ငါ့မှာ တခြားခေါ်စရာ သူငယ်ချင်း မရှိလို့ပါ၊ တင်ထွန်းအောင်ကလဲ ကျိုင်းတုံသွားတာ ခုထိပြန်မလာသေးလို့”

သည်လိုနှင့်ပင် သူ ကေကေကိုခေါ်၍ ဟိုင်းကိုထွက်ခဲ့သည်။ ကားမှတ်တိုင်၌ပင် မမနှင့်တွေ့မည်ဟု သူ မျှော်လင့်ခဲ့သော်လည်း တကယ်တွေ့သည့်နေရာကတော့ ဟိုင်းလက်ဖက်ရည်ဆိုင် အဝနားမှာဖြစ်သည်။

သူနှင့်ကေကေ လက်ဖက်ရည်ဆိုင်ထဲဝင်ရန် လမ်းကြားထဲသို့အချိုး မမက လမ်းကြားထဲမှကွေ့အထွက် မျက်နှာချင်းဆိုင်တိုးခြင်းဖြစ်သည်။ မမက သူနှင့်ကေကေကို တွေ့သည်နှင့်ခေါင်းငုံ့ကာ မသိချင်ဟန်ဆောင်၍ ထွက်သွားခဲ့သည်။ သည်တစ်ခါတော့ ကေကေက မမကို သတိပြုမိသွားခဲ့သည်။

“နိုင်လင်း. . နင့်မမ မဟုတ်လား”

မမ ထွက်သွားရာသို့ ကေကေ လှမ်းမျှော်ကြည့်ရင်း မေးသည်။ သူ ကေကေ့ကို ခေါင်းညိတ်ပြလိုက်သည်။

ကေကေက သူ့ကို ခပ်တည်တည်စိုက်ကြည့်ရင်း. . .

“နင်. . အဲဒီအတွက် ငါ့ကိုခေါ်တာမဟုတ်လား နိုင်လင်း”

“မဟုတ်ပါဘူးဟာ”

သူ့စကားကို ကေကေက ယုံကြည်ပုံမရ။ ခေါင်းတစ်ချက်ယမ်းလျက် “နင် အဲဒါတော့ မကောင်းဘူးဟာ”ဟု လေသံမာမာနှင့်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်သောက်အပြီး အပြန်လမ်းမှာတော့ "နောက် ဘယ်ကိုခေါ်ခေါ် မလိုက်တော့ဘူး"ဟု ကေကေကပြောသည်။

သူကလည်း နောက်တစ်ခါ ကေကေ့ကိုခေါ်၍ မမကို သွားကြည့်ရန် စိတ်မကူးတော့။

အကြောင်းမှာ မမ၏မျက်ဝန်းညှိုညှိုများကို မြင်ရတိုင်း နာကြည်းဒေါသဖြစ်စွာ ရင်နင့်ကြေကွဲရခြင်းကြောင့်ပဲ ဖြစ်သည်။

သည့်နောက်ပိုင်းတော့ အိမ်တွင်းအောင်းလျက် ဝတ္ထုတွေ တစ်အုပ်ပြီးတစ်အုပ်ဖတ်ရင်း မမအကြောင်းတွေးမိတိုင်း အံကြိတ်ကြေကွဲရင်း တစ်ခါတစ်ရံ မျက်ရည်ဝဲရင်း ရက်ပေါင်းများစွာအား ကျော်ဖြတ်ခဲ့ရသည်။

▌

သွားစဉ်အခါက "နှစ်ပတ်လောက်ပါပဲ"ဟု ပြောခဲ့သော မလှဲ့နှင့် တင်ထွန်းအောင်မှာ တကယ့်တကယ်တော့ တစ်လကျော်မှ ပြန်ရောက်လာခဲ့ကြသည်။

ပြန်ရောက်သည်နှင့် တင်ထွန်းအောင်နှင့် မလှဲ့ သူ့ကို လာတွေ့ကြသည်။

"ငါက မင်း ဒီမှာ ရှိမှရှိပါ့မလားလို့"

အိမ်ရှေ့မှာထိုင်လျက် ဝတ္ထုဖတ်နေသော သူ့ကိုတွေ့သည်နှင့် တင်ထွန်းအောင်က တအံ့တဩရေရွတ်သည်။

မလှဲ့ကတော့ သူ့ရင်ကို နာကျင်သွားစေမည့် မေးခွန်းတစ်ခုကို မေးသည်။

"မြတ်လေးငုံကော"တဲ့. . .

သူ့လက်ထဲမှ ဝတ္ထုစာအုပ်ကိုချရင်း သက်ပြင်းတစ်ချက် ရှိုက်လိုက်မိသည်။

"ကျွန်တော် ဘယ်သိမလဲ မလှဲ့"





"နင်. . အူကြောင်ကြောင် လုပ်မနေနဲ့ နိုင်လင်းသော်၊ မြတ်လေး အဆောင်မှာ မရှိတော့တာ ဆယ်ရက်ကျော်ပြီတဲ့၊ နင် ဒီအိမ်မှာ ခေါ်ထားသလား၊ ဒါမှမဟုတ် နင်တို့ တခြားနေရာမှာ အိမ်ငှားနေကြသလား"

မလှဲ့စကားကြောင့် သူ မလှဲ့မျက်နှာကို ငေးကြောင်စွာကြည့်လိုက်မိသည်။ မမ အဆောင်မှာမရှိတာ ဆယ်ရက်ကျော်ပြီတဲ့. . ဒါဆိုရင်တော့ သူမ ကျော်မြင့်သန်းဆီ ပြန်သွားတာနေမှာပါပဲ။

"နောက်ပြီး. . ဒီမလာခင် အဆောင်ကနေ မြတ်လေးရုံးကို ဖုန်းလှမ်းဆက်ကြည့်သေးတယ်၊ ရုံးကလဲ ထွက်သွားပြီတဲ့"

မလှဲ့၏စကားမှာ. . သူမသိသေးသည့် အကြောင်းအရာ အသစ်ပင် ဖြစ်သည်။ မလှဲ့စကားအရဆိုပါက မမသည် နယ်မြို့လေးမှ ကျော်မြင့်သန်းဆီသို့ အပြီးပြန်သွားခဲ့ပြီ ဖြစ်သည်။

ဒါဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စပါပဲ။ ဇာတိရုပ်အမှန် ပေါ်သွားပြီဖြစ်တဲ့ သူမအတွက် သည်မှာ ဆက်နေစရာအကြောင်းမှ မရှိတော့တာ။

"ဟဲ့, ငါ မေးနေတယ်လေ၊ နင်ကလဲ ဘယ်လိုဖြစ်နေတာလဲ၊ ငိုင်တိငိုင်တိုင်နဲ့"

"လာ. . မလှဲ့ လက်ဖက်ရည်ဆိုင်သွားရအောင်"

မလှဲ့နှင့် တင်ထွန်းအောင်တို့အား သူ လက်ဖက်ရည်ဆိုင်သို့ ခေါ်ထုတ်ခဲ့သည်။ ထို့နောက် သူနှင့်မမ၏ ဇာတ်လမ်းအစအဆုံး ပြန်လည်ပြောပြလိုက်သည်။

သူ့စကားအဆုံးမှာတော့ တင်ထွန်းအောင်နှင့် မလှဲ့မှာ စကားမပြောနိုင်လောက်အောင်ပင် အံ့အားတသင့်ဖြစ်သွားခဲ့ကြသည်။

အတော်ကြီးကြာမှ တင်ထွန်းအောင်က ဇဝေဇဝါနှင့်. .

"ဟုတ်ပါ့မလား နိုင်ကြီးရာ"ဟု ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလဲ မဟုတ်ပါစေနဲ့လို့ ဆုတောင်းတာပါပဲ တင်ထွန်းအောင်၊ တောင်ဥက္ကလာ (၁၆)ကွေ့ ကားဂိတ်မှာ သူနဲ့ ကျော်မြင့်သန်းကို တွေ့ပြီးကတည်းက ဆုတောင်းခဲ့တာ၊ ဒါပေမယ့် အခြေအနေတွေက ဟုတ်နေတော့ ခက်တယ်၊ နောက်ပြီး ဆေးရုံပေါ်မှာ သူကိုယ်တိုင် ဝန်ခံသွားခဲ့တယ်၊ ဆိုက်ကားဆရာတင် မဟုတ်ဘူး၊ တစ်မြို့လုံး လျှောက်မေးရင်လဲ သူနဲ့ကျော်မြင့်သန်း မကွာရသေးဘူးလို့ ပြောမှာပဲတဲ့"

"အေးဟာ ငါတော့ အိပ်မက်မက်နေသလိုပဲ၊ မြတ်လေးကို အဲလိုမိန်းကလေးမျိုးဖြစ်လိမ့်မယ်လို့ ငါ လုံးဝမထင်ခဲ့မိဘူး"

မလှဲ့က စိတ်မကောင်းသံနှင့်ပြောသည်။

တင်ထွန်းအောင်က. . .

"ဒါဖြင့် ဆေးရုံမှာ ရှင်းပြမယ်ဆိုတာ ရှင်းပြမသွားဘူးပေါ့"

သူ ခေါင်းခါယမ်းပြလိုက်သည်။

"ငါကလဲ ရှင်းပြမနိုင်းခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ ရှင်းရမယ့်နည်းကို ငါသိနေလို့ပဲ၊ သူ ရှင်းမှာက သူ ငါ့ကို သိပ်ချစ်လို့ ဒီလိုညာခဲ့ရတာ၊ ငါနဲ့အကွဲမခံနိုင်လို့ ဒီလိုဖုံးဖိထားခဲ့ရတာပေါ့"

"ဘာပဲဖြစ်ဖြစ် သူ နင့်ကို သိပ်ချစ်တာကတော့ အမှန်ပဲ"

မလှဲ့က သူ့စကားကို ထောက်ခံဟန်နှင့် ဝင်မှတ်ချက်ချလိုက်သည်။ တကယ်တော့ မမ သူ့ကို သိပ်ချစ်ခဲ့သည်မဟုတ်။ သိပ်ချစ်သည်ဟုထင်အောင် ဟန်ဆောင်ခဲ့ခြင်းသာ ဖြစ်ကြောင်း သူ မလှဲ့ကို ရှင်းမပြဖြစ်တော့။

♥♥♥

(၄)

အသည်းကွဲသောအခါများ၌ ကမ္ဘာပေါ်ရှိယောကျ်ားအတော်များများ အသုံးပြုသည့် ကုသရေးလမ်းစဉ်များမှာ အရက်သောက်ခြင်းနှင့် အခြားအမျိုးသမီးတစ်ဦးဦးကို အစားထိုးချစ်ခြင်းဖြစ်သည်။

သူကတော့ ထိုနည်းလမ်းနှစ်ခုစလုံးကို အသုံးမပြုဘဲ ရှောင်ကြဉ်နိုင်ခဲ့သည်။ သို့သော် မမအကြောင်း စဉ်းစားခြင်းနှင့် မမနှင့် ပတ်သက်သည့် နေရာများဆီသို့ လျှောက်သွားနေမိခြင်းကိုတော့ မရှောင်နိုင်ခဲ့ချေ။

သူ ဆေးရုံမှဆင်းပြီးခါစ မမနှင့်ပတ်သက်သည့် သူ၏ဝေဒနာမှာ အတော်အသင့် သက်သာလာခဲ့ပြီဟု သူ့ကိုယ်သူ ထင်ခဲ့သော်လည်း တင်ထွန်းအောင်တို့ပြန်ရောက်ပြီး မမအကြောင်း မကြာခဏ ပြောဖြစ်ကြချိန်များမှာတော့ သူ မမကို မမေ့နိုင်သေးကြောင်း ကိုယ့်ကိုယ်ကိုယ် သဘောပေါက်လာခဲ့သည်။

ထို့နောက်ပိုင်း လူ၏လွှင့်မျှောမှုများကတော့ မမနှင့်သွားခဲ့ဖူးသည့် နေရာများအား တစ်ယောက်တည်း လျှောက်သွားနေမိခြင်းပဲ ဖြစ်သည်။

အထူးသဖြင့် မမနှင့် ညနေတိုင်းလိုလို လမ်းလျှောက်ထွက်ခဲ့သော ကန်ပေါင်ပေါ်ကိုတော့ သူ နေ့တိုင်းလိုလို ရောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘူးသီးကြော်ဆိုင်များမှ စတင်ရေတွက်ပါက ပဉ္စမမြောက် ကျောမီ၏ ညာဘက်အစွန်း သစ်သားစတို့ပဲ့နေသော ခုံတန်းလျားလေးမှာ သူနှင့်မမ မကြာခဏ ထိုင်လေ့ရှိကြသော ခုံတန်းလျားလေးပဲ ဖြစ်သည်။

ထိုခုံတန်းလျားလေးဆီသို့ ညနေတိုင်းလိုလို သူ ရောက်သွားတတ်ပြီး တစ်ခါတစ်ခါ နာကျင်စွာ၊ တစ်ခါတစ်ခါတော့လည်း နာကြည်းစွာ မမနှင့်ပတ်သက်သည့် အတွေးများနှင့် ထွေးလုံးရစ်ပတ်နေတတ်သည်။

သူ၏လွင့်မျောနေမှုများအား သဘောမကျစွာ စတင်ဟန့်တားရန် ကြိုးစားနေကြသူများကတော့ မလဲ့နှင့်တင်ထွန်းအောင်တို့ပဲဖြစ်သည်။

"မင်း ဘာဖြစ်နေတာလဲ နိုင်ကြီး၊ မင်း သူ့ကို လွမ်းနေတာလား"

"လွမ်းနေတာလား". . တဲ့။

သူ၏ခံစားမှုမှာ ထိုသို့သော ဝေါဟာရဖြင့် ရည်ညွှန်းရုံနှင့် ပြည့်စုံလုံလောက်မှုမရှိကြောင်း တင်ထွန်းအောင် သဘောပေါက်ပုံမရ။

မလဲ့က သူ့အားကြည့်ရင်း. . .

"နင် ဘာလုပ်ချင်သလဲ နိုင်လင်း၊ နင် သူ့ကို သွားတွေ့ပြီး ဘာဖြစ်လို့ ဒီလိုလှည့်စားသွားသလဲလို့ မေးချင်သလား၊ ရန်ဖြစ်ချင်သလား"

သူ ရယ်မောလိုက်မိသည်။ သူရယ်မောပုံက လောလောဆယ် သူ့၌ရှိသော ဝေါဟာရများအရဆိုပါက နာကျင်ကြေကွဲစွာ ရယ်မောခြင်းမျိုးဖြစ်သည်။

"လောကမှာ ကျွန်တော် မလုပ်ချင်ဆုံးကိစ္စကတော့ သူ့ကို နောက်တစ်ကြိမ် ထပ်တွေ့ဖို့ကိစ္စပဲ မလဲ့"





သူ့အသံက မာကျောလွန်းလှသည်။

တင်ထွန်းအောင်နှင့် မလဲ့တို့က သူ၏အနေအထိုင်များနှင့် ခံစားမှုများကို ပြင်ဆင်ရန် လိုအပ်နေပြီဖြစ်ကြောင်း အလောတကြီးရှင်းပြခဲ့ကြသည်။

သူကတော့ သူ၏နေ့ရက်များအား လွင့်မျောစွာပင် စီးမျောစေခဲ့သည်။ မမနှင့်ပတ်သက်သည့် ခံစားမှုများမှာ အချိန်ကြာလာသည်နှင့်အမျှ လျော့သွားခဲ့သည်မရှိဘဲ ပို၍ပင် ဆိုးရွားနာကျင်စွာ ခံစားလာရကြောင်းကိုတော့ သူ သတိပြုလာမိခဲ့သည်။

သို့သော် ထိုကိစ္စအတွက် သက်သာရာသက်သာကြောင်း တစ်စုံတစ်ရာကိုတော့ သူ မရှာဖွေနိုင်ခဲ့။

အိပ်မပျော်သော ညဉ့်နက်သန်းခေါင်များနှင့် တစ်ရေးနိုးချိန်များ၌ သူ ပြုလေ့ပြုထရှိသောကိစ္စမှာ စာကြည့်စားပွဲအံဆွဲအတွင်းမှ တစ်ပိုင်းတစ်စ လက်ထပ်စာချုပ်များကို ထုတ်ယူ၍ ကြည့်ရှုကြေကွဲခြင်းပဲ ဖြစ်သည်။

"တို့. . ပြန်လာရင် လက်ထပ်မယ်. . သိလား"

မမ ဘယ်လောက်များ ဆိုးရွားစွာ လှည့်စားသွားခဲ့ပါသလဲ။

"တို့လဲ စိုးရိမ်တတ်တာပဲ နိုင်နိုင်ရယ်၊ ညည်းနဲ့သာ မပေါင်းရရင် တို့လဲ သေမှာပါပဲ"

မမ၏အဆိပ်ပြင်းထန်သော စကားလုံးများက သူ့အား လွှမ်းမိုးခြောက်လှန့်နေကြဆဲပင် ဖြစ်သည်။

သေသပ်လှပသော လှည့်စားမှုများ. . .

အနာဂတ်ကတိများ. . .

အဆိပ်လူးမြားများ. . .

နူတ်ခမ်းထူထူအပြုံးများနှင့်. . .

မျက်ဝန်းညိုများ. . .

စသည့် . . .



www.burmeseclassic.com

www.burmeseclassic.com



မမ၏ အသည်းခွဲအထောက်အကူပြု အရာများကို ကြေကွဲမြင်ယောင်ရင်း နေ့ညများစွာအား သူ နာကျင်စွာ ဖြတ်သန်းဖြစ်ခဲ့သည်။

▮

မြူနှင်းတွေ ထူထပ်သိပ်သည်းစွာ လွှမ်းခြုံနေသော နံနက်ခင်းတစ်ခုမှာတော့ တင်ထွန်းအောင် သူ့ဆီသို့ ရောက်လာခဲ့သည်။

သူ့ကို တွေ့သည်နှင့်. . .

"မလဲ့ အဆောင်ကနေ ဖုန်းဆက်တယ်၊ မင်းကိုခေါ်ပြီး အခု ချက်ချင်းလာခဲ့ပါတဲ့"ဟု စပြောသည်။

"ဘာအတွက်လဲ တင်ထွန်းအောင်"

"လူတစ်ယောက်က မင်းကို တွေ့ချင်လို့တဲ့၊ ဘာအတွက်လဲတော့ ငါ မသိဘူး"

ထိုအချိန်အထိ တင်ထွန်းအောင် သယ်ဆောင်လာသောကိစ္စမှာ သူနှင့်မမ၏ ဇာတ်လမ်း၌ မကြာခဏ ပေါ်ပေါက်လာလေ့ရှိသော ပြဇာတ်ဆန်ဆန်တိုက်ဆိုင်မှုတစ်မျိုးလေလားဟု သူမတွေးမိခဲ့။

ပြီးဆုံးသွားခဲ့ပြီဖြစ်သော ဇာတ်လမ်းတစ်ပုဒ်အတွက် ထိုသို့တွေးမိစေရန် အခွင့်အရေးကလည်း လွန်စွာနည်းပါးသွားခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အဝတ်အစားလဲပြီး တင်ထွန်းအောင်နှင့်အတူ မလဲ့၏အဆောင်သို့ သူ လိုက်လာခဲ့သည်။

သူနှင့်တင်ထွန်းအောင် ရောက်တော့ မလဲ့က အဆောင်ထဲမှထွက်လာပြီး. . .

"နင့်ကို တွေ့ချင်လို့ နင့်လိပ်စာ သိသလားလို့ လူတစ်ယောက် လာမေးတယ်၊ ငါက ခေါ်ပေးမယ်ဆိုပြီး ဟိုင်းမှာစောင့်ခိုင်းထားတယ်"





"ဘယ်သူလဲ မလဲ့"

"ငါလဲ မသိဘူး"

"ဘယ်သူပါလိမ့်"ဟူသော အတွေးနှင့် သူ ခေါင်းရှုပ်သွားခဲ့သည်။

ဖြစ်နိုင်တာတစ်ခုကတော့ သူ့အမည်ကိုသိပြီး သူ့အိမ်လိပ်စာကို မသိသော မည်သူမဆို ဖြစ်နိုင်သည်။

သို့သော် ထိုမည်သူမဆိုထဲ၌ မမ၏အမျိုးသားကျော်မြင့်သန်းတစ်ယောက် ပါဝင်လိမ့်မည်ဟု သူ မထင်မိခဲ့။

သို့သော် တင်ထွန်းအောင်တို့နှင့်အတူ ဟိုင်းလက်ဖက်ရည်ဆိုင်ထဲအရောက်မှာတော့. .

သူ့အားတွေ့ချင်သူမှာ သူထင်မထားမိသည့် ကျော်မြင့်သန်းဖြစ်နေကြောင်း အံ့အားတသင့်သတိပြုလိုက်မိသည်။

"ကိုကျော်မြင့်သန်း. . "

ကျော်မြင့်သန်းက အံ့သြဟန်နှင့်. . .

"ကိုနိုင်လင်းသော် ကျွန်တော့်ကိုသိနေသားပဲ"ဟု အံ့သြစွာ မှတ်ချက်ချသည်။

"ဓာတ်ပုံထဲမှာရော အပြင်မှာပါ မြင်ခဲ့ဖူးပါတယ်၊ ကိုကျော်မြင့်သန်း၊ ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာ ဘာကိစ္စလဲ"

ကျော်မြင့်သန်းက သူ့အမေးကို ချက်ချင်းမဖြေသေးဘဲ သူနှင့်တင်ထွန်းအောင်တို့အတွက် လက်ဖက်ရည် မှာပေးနေသေးသည်။

ပြီးမှ စဉ်းစဉ်းစားစားဟန်နှင့် ဖြည်းဖြည်းချင်းပြောသည်။

"ဒီလိုပါ. . ဆုံးသွားတဲ့ မြတ်လေးငုံရဲ့အမေ ခေါ်အုံးမြထားခဲ့တဲ့အမွေကိစ္စပါ"

မလဲ့က တအံ့တသြဝင်မေးသည်။

"မြတ်လေးအမေ ဆုံးသွားတယ်. . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျော်မြင့်သန်းက မလှဲ၏အမေးကို တန်ပြန်အံ့ဩဟန်နှင့် "ဟုတ်ပါတယ်. . . ဟိုတစ်ခါ မြတ်လေးငုံ နယ်ကပြန်လာတုန်းက သူ့လက်ထဲမှာပဲ ဆုံးသွားတာပါ" ဟုဖြေသည်။

ကျော်မြင့်သန်းစကားကြောင့် "နိုင်နိုင်. . တို့ တို့မေမေလေ" ဟူသည့် ဆေးရုံပေါ်မှာ တစ်ဝက်တစ်ပျက် ပြောသွားခဲ့သည့်မမ၏ စကားကို ဖျတ်ခနဲသတိရလိုက်မိသည်။

"အဲဒါ ဒေါ်အုံးမြဆုံးသွားတော့ မြို့မှာ အိမ်တစ်အိမ်နဲ့အိမ် ထောင်ပရိဘောဂတွေ ကျန်ခဲ့တယ်၊ ပထမတော့ မြတ်လေးငုံရဲ့ သဘောထားအတိုင်း ဒီအတိုင်း သော့ပိတ်ထားခဲ့တာ၊ ဒါပေမယ့် ခုဝယ်မယ့်လူပေါ်လာတော့ ရောင်းဖို့အစီအစဉ် ဖြစ်လာတယ်၊ အဲဒါ အရောင်းအဝယ်စာချုပ်မှာ မြတ်လေးငုံလက်မှတ်ထိုးပေးဖို့"

"အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ ကိုကျော်မြင့်သန်း"

သူ့လေသံမာမာနှင့် မေးခွန်းအဆုံး. . .

"ဆိုင်တော့ မဆိုင်ပါဘူး၊ ဒါပေမယ့် အဲဒီကိစ္စအတွက် ကျွန်တော် မြတ်လေးငုံကို တွေ့ချင်တဲ့အကြောင်း ကိုနိုင်လင်းသော်ကို ခွင့်တောင်းတာပါ"ဟု . . .

ယဉ်ယဉ်ကျေးကျေး ပြန်ပြောသည်။

"ဘယ်လို. . ကိုကျော်မြင့်သန်း"

"ကျွန်တော့်ကို မြတ်လေးငုံနဲ့ ခဏဖြစ်ဖြစ် တွေ့ခွင့်ပြုပါ ကိုနိုင်လင်းသော်"

"ဗျာ. . ."

သူ နားမလည်နိုင်စွာ တအံ့တဩရေရွတ်လိုက်မိသည်။

တင်ထွန်းအောင်က. . .

"နေစမ်းပါဦး၊ ခင်ဗျား မမြတ်လေးငုံကို တွေ့ချင်တာ ဘာဖြစ်လို့ နိုင်ကြီးကို လာမေးရတာလဲ"ဟု . . .

ဝင်မေးသည်။





"မြတ်လေးငုံက ကိုနိုင်လင်းသော်ဆီမှာ မဟုတ်ဘူးလား၊ ဟို . . . မြတ်လေးငုံနဲ့ ကိုနိုင်လင်းသော်တို့ လက်ထပ်ထားကြတယ်လို့ ကျွန်တော် နားလည်ထားတာ"

အခြေအနေက မမျှော်လင့်ဘဲ ရှုပ်ထွေးသွားတော့သည်။

ကျော်မြင့်သန်းအပါအဝင် အားလုံး ဘာပြောရမှန်းမသိစွာ နှုတ်ဆိတ်သွားခဲ့ကြသည်။

အတော်ကြီးကြာမှ သူ ထစ်ငေါ့စွာ စကားစသည်။

"မမက ကိုကျော်မြင့်သန်းရဲ့ ဇနီးမဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ကွာရှင်းထားခဲ့ကြတာကြာလှပါပြီ ကိုနိုင်လင်းသော်"

ကျော်မြင့်သန်း၏စကားအဆုံးမှာတော့. . .

မဟာပထဝီမြေကြီးတစ်ခုလုံး အိုးထိန်းစက်တစ်ခုပမာ ချာချာလည်သွားသလို သူ ခံစားလိုက်ရတော့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## စတုတ္ထကဏ္ဍ

(၁)

"ကျွန်တော် မြတ်လေးငုံကို သိပ်ချစ်ခဲ့ပါတယ် ကိုနိုင်လင်းသော်၊ ဟိုးငယ်ငယ်လေးကတည်းက ချစ်ခဲ့တာ၊ ဒါပေမယ့် မြတ်လေးငုံကတော့ ကျွန်တော့်ကို လုံးဝမချစ်ခဲ့ဘူး၊ မြတ်လေးငုံ စာပေးစာယူနဲ့ ကျောင်းပြီးတဲ့အချိန်လောက်မှာတော့ သူနဲ့ကျွန်တော့်ကို နေရာချပေးဖို့ စီစဉ်တယ်. . .

စီစဉ်ရတဲ့အကြောင်းကတော့ မြတ်လေးငုံ အပျိုပေါက်လောက်ကတည်းက မြတ်လေးငုံအဖေဆုံးခဲ့လို့ အိမ်မှာယောကျ်ားလေးအားကိုးမရှိတာရယ်၊ ကျွန်တော်က မြတ်လေးငုံတို့နဲ့ ဆွေမျိုးနီးစပ်တော်တဲ့အပြင် မြတ်လေးငုံနဲ့ ငယ်ငယ်ကတည်းက ကျောင်းအတူတူတက်ခဲ့လို့ သူငယ်ချင်းလိုဖြစ်နေတာတွေရယ်ကြောင့်ပဲ။

အဲဒီလို သူနဲ့ကျွန်တော်နဲ့ နေရာချပေးဖို့ စီစဉ်တာကို မြတ်လေးငုံက လုံးဝသဘောမတူဘူး၊ ဒါပေမယ့် သူ့အမေ ဒေါ်အုံးမြကိုတော့ ပြန်မငြင်းရဲဘူး၊ ဒေါ်အုံးမြက မြတ်လေးငုံအပေါ်မှာတင် မဟုတ်ဘူး၊ ဆွေမျိုးတွေအားလုံးအပေါ်မှာ ဩဇာညောင်းတယ်၊ နောက်ပြီး မြတ်လေးငုံ ငယ်ငယ်ကတည်းက အမေတစ်ခု သမီးတစ်ခု နေခဲ့ရတာဆိုတော့ ဒေါ်အုံးမြကို သိပ်ချစ်သလို သိပ်လဲကြောက်ရတယ်. . .





ဒါကြောင့် ဒေါ်အုံးမြအစီအစဉ်နဲ့ ကျွန်တော်တို့နှစ်ယောက် အိမ်ထောင်ကျခဲ့ကြတယ်၊ မြတ်လေးငုံက အစက ကျွန်တော့်ကို မချစ်ပေမယ့် အိမ်ထောင်ကျပြီးတဲ့အခါမှာတော့ ကျွန်တော့်ကို တဖြည်းဖြည်းချစ်လာမှာပဲလို့ ကျွန်တော် ထင်ခဲ့မိတယ်၊ ဒါပေမယ့် ကျွန်တော့်အထင်က လုံးဝမမှန်ခဲ့ဘူး၊ ကျွန်တော် သူ့ကို ဘယ်လောက်ပဲ ယုယယုယ၊ ဘယ်လောက်ပဲ ကြင်နာကြင်နာ၊ သူ ကျွန်တော့်ကို လုံးဝပြန်မချစ်ခဲ့ဘူး. . .

မြတ်လေးငုံ ကျွန်တော့်ကို စကားတစ်ခွန်း ပြောဆိုဖူးတယ်၊ မြတ်လေးငုံက သိပ္ပံဘွဲ့ယူခဲ့တာဆိုတော့ အချစ်ဆိုတာကို ရူပဗေဒပညာက **စွမ်းအင်တည်မြဲမှုနိယာမနဲ့** ခိုင်းနှိုင်းပြခဲ့ဖူးတယ်. . .

သူက ပြောတယ်၊ 'အချစ်ဆိုတာ စွမ်းအင်လိုပဲတဲ့၊ စွမ်းအင်တွေကို အသစ် ဖန်တီးပြုလုပ်လို့ မရသလို၊ ဖျောက်ဖျက်လို့မရသလို၊ အချစ်ကိုလဲ တမင်လုပ်ယူလို့ မရဘူး'တဲ့၊ ပြီးတော့ 'ဖြစ်ပေါ်လာတဲ့ အချစ်ကိုလဲ ပျောက်ပျက်သွားအောင် ဘယ်လိုမှ ဖျောက်ဖျက်လို့ မရဘူး'တဲ့. . .

မြတ်လေးငုံပြောတဲ့ စကားဟာ သိပ်ကို မှန်ကန်တဲ့ စကားပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အပေါ် ပြန်ချစ်လာမယ့် မြတ်လေးငုံရဲ့အချစ်ကို မြတ်လေးငုံရော၊ ကျွန်တော်ပါ ဖန်တီးလို့ မရခဲ့သလို၊ မြတ်လေးငုံကို သိပ်ချစ်တဲ့ကျွန်တော့်အချစ်ကိုလဲ ကျွန်တော်ရော မြတ်လေးငုံပါဖျောက်ဖျက်ပစ်လို့ မရခဲ့ကြဘူး. . .

အဲဒီလို ကျွန်တော်က မြတ်လေးငုံကို သိပ်ချစ်ပြီး မြတ်လေးငုံက ကျွန်တော့်ကို လုံးဝပြန်မချစ်တဲ့အတွက် နှစ်နှစ်လောက်အကြာ မြတ်လေးငုံက ကျွန်တော့်ကို. . . ကွာရှင်းခွင့်တောင်းဆိုတဲ့အခါ ကျွန်တော် အလွယ်တကူပဲ ခေါင်းညိတ်ဖြစ်ခဲ့တယ်၊သိပ်ကိုအံ့ဩဖို့ကောင်းတဲ့ကိစ္စပါပဲ၊ အချစ်ကြောင့်ဘဝနှစ်ခုဟာပေါင်းစပ်သွားနိုင်သလို၊ အချစ်ကြောင့်ပဲဘဝနှစ်ခုဟာ ဝေးကွာသွားနိုင်ပါတယ်. .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မြတ်လေးငုံကို ကွာရှင်းပေးဖို့ ကတိပေးခဲ့ပေမယ့်၊ကျွန်တော်တို့နှစ်ယောက် တကယ့်တကယ် ကွာရှင်းဖို့မှာတော့ အတော့်ကို အခက်အခဲရှိခဲ့တယ်၊ မြတ်လေးငုံရဲ့အမေ ဒေါ်အုံးမြကြောင့်ပဲ၊ ဒေါ်အုံးမြက ကျွန်တော်နဲ့မြတ်လေးငုံကို မပြောနဲ့၊ တခြားဆွေမျိုးတွေကိုတောင် သူ မကွာနဲ့ဆိုရင် လင်မယားအဆင်မပြေပေမယ့် မကွာရဲလောက်အောင် ဩဇာညောင်းတယ်၊ ကျွန်တော်နဲ့ မြတ်လေးငုံတို့ကို ဒေါ်အုံးမြကိုယ်တိုင် နေရာချပေးခဲ့တာဆိုတော့ ဘယ်လိုမှ ကွာရှင်းခွင့်ပေးမှာမဟုတ်ဘူး. . .

နောက်ပြီး ဒေါ်အုံးမြမှာကလဲ သွေးတိုးရှိတော့ သူ စိတ်ဆင်းရဲအောင် ဘယ်သူမှ မလုပ်ရဲကြဘူး၊ အဲဒါကြောင့် မြတ်လေးငုံက ဒေါ်အုံးမြ မသိအောင် တိုးတိုးတိတ်တိတ် ကွာရှင်းပေးဖို့ တောင်းဆိုခဲ့တယ်၊ ကျွန်တော်ကလဲ မြတ်လေးငုံစကားအတိုင်းပဲ ဆွေမျိုးထဲက လူကြီးနှစ်ယောက်ကို အသိသက်သေလုပ်ပြီး မြတ်လေးငုံကို ကွာရှင်းပေးခဲ့တယ်၊ အဲဒီအသိသက်သေ လုပ်ပေးခဲ့တဲ့ လူကြီးနှစ်ယောက်ရယ်၊ ဆွေမျိုးထဲက တချို့ရယ်ကလွဲပြီး ကျွန်တော်နဲ့ မြတ်လေးငုံ ကွာရှင်းလိုက်တာကို ဘယ်သူမှ မသိကြဘူး၊ ဒေါ်အုံးမြ ပြန်သိမှာစိုးလို့ အသိလဲမပေးရဲဘူး. . . .

အဲဒီနောက်တော့ မြတ်လေးငုံက ရန်ကုန်မှာ အလုပ်သွားလုပ်ဖို့ပြင်တယ်၊ ဒေါ်အုံးမြက ပထမတော့ ဘယ်လိုမှ ခွင့်မပြုခဲ့ဘူး၊ ဒါကြောင့် ကျွန်တော်က ဝင်ကူညီခဲ့ရတယ်၊ ကျွန်တော်နဲ့ မြတ်လေးငုံ ရန်ကုန်မှာ အခြေချဖို့ စိတ်ကူးထားကြောင်း၊ လောလောဆယ်တော့ မြတ်လေးငုံက ရန်ကုန်မှာ အရင်သွားနေပြီး ကျွန်တော်ကတော့ မြတ်လေးငုံဆီ မကြာမကြာ လိုက်သွားမယ့်အကြောင်း၊ နောက်ပိုင်း ကျွန်တော်ပါ မြတ်လေးငုံနဲ့အတူ ရန်ကုန်မှာနေမယ့်အကြောင်း ဒေါ်အုံးမြကို ဝင်ပြောပေးခဲ့ရတယ်၊ ဒါနဲ့ပဲ မြတ်လေးငုံ ရန်ကုန်ကို သွားခွင့်ရခဲ့တယ်. . .





ကျွန်တော်ကတော့ မော်တော်တစ်စီးနဲ့ အညာဘက်တက်ပြီး အိုးသည်တဲ့လုပ်ငန်းကိုပဲ ဇောက်ချလုပ်ခဲ့တယ်၊ ကိုယ့်ကိုယ်ကိုယ် အလုပ်ထဲမှာ နှစ်မြှုပ်လိုက်တဲ့သဘောပါပဲ၊ တစ်ခါတလေ လူက အညာဘက်သွားမှာဖြစ်ပေမယ့် ဒေါ်အုံးမြကိုတော့ ရန်ကုန်က မြတ်လေးငုံဆီ သွားမှာလို့ ပြောခဲ့ရတာမျိုးတွေရှိတယ်၊ မြတ်လေးငုံရဲ့ အဆောင်လိပ်စာနဲ့ ရုံးလိပ်စာတွေ ကျွန်တော့်မှာရှိပေမယ့် ကျွန်တော့်ကြောင့် မြတ်လေးငုံ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ကျွန်တော် မသွားခဲ့ဘူး၊ ဒါပေမယ့် တစ်ချိန်ချိန်မှာတော့. . . မြတ်လေးငုံ ကျွန်တော့်ဆီပြန်လာမှာပဲလို့ ကျွန်တော် မျှော်လင့်နေခဲ့တယ်လေ. . .

အဲဒီလို မျှော်လင့်ထားခဲ့ပေမယ့်လဲ ကျွန်တော် မျှော်လင့်တဲ့အတိုင်း မဖြစ်နိုင်တော့ဘူးဆိုတာကို မြတ်လေးငုံနာမည်နဲ့ မွေးနေ့ဆုတောင်း သတင်းစာထဲ ပါလာတဲ့အချိန်မှာ ကျွန်တော် သဘောပေါက်သွားတယ်၊ ပိုပြီးသေချာအောင် ကျွန်တော် မြတ်လေးငုံကို သွားမေးခဲ့တယ်. . .

မြတ်လေးငုံက ကိုနိုင်လင်းသော်နဲ့ ချစ်သူတွေ ဖြစ်နေကြကြောင်းအမှန်အတိုင်းဝန်ခံတယ်၊ ကျွန်တော်တို့အကြောင်း ကိုနိုင်လင်းသော်ကို ပြောပြပြီးပြီလားဆိုတော့ သမီးရည်းစားမဖြစ်ခင်က အကြမ်းဖျင်းတော့ပြောပြခဲ့တယ်၊ အသေးစိတ်တော့ မပြောရဲဘူးတဲ့၊ တကယ့်ချစ်သူတွေဖြစ်သွားလို့ သေသေချာချာ ပြောပြမယ်လုပ်တဲ့အခါမှာတော့ ကိုနိုင်လင်းသော် စိတ်ဆိုးအထင်လွဲမှာစိုးလို့ မပြောရဲဘူးတဲ့၊ မြတ်လေးငုံဟာ ကိုနိုင်လင်းသော်ကို သိပ်ချစ်တဲ့အတွက် အဲဒီကိစ္စမှာ အတော့်ကို အကျပ်အတည်း ဖြစ်နေပုံရတယ်၊ ဘာပဲဖြစ်ဖြစ် မြတ်လေးငုံမှာ သိပ်ချစ်ရတဲ့ လက်တွဲဖော် တစ်ယောက်ရှိနေပြီဖြစ်လို့ ကျွန်တော် မြတ်လေးငုံရဲ့အနာဂတ်အတွက် စိတ်ချသွားခဲ့တယ်. . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်တော့ ကျွန်တော် မြတ်လေးငုံဆီဟ ပြန်ခဲ့တယ်၊ ဒါပေမယ့် သိပ်မကြာပါဘူး၊ ကျွန်တော် မြတ်လေးငုံဆီ နောက်တစ်ခေါက် ထပ်လာရမယ့် ကိစ္စတစ်ခုပေါ်လာပြန်တယ်. . .

တခြားတော့ မဟုတ်ပါဘူး၊ တစ်ဆင့်စကားနဲ့ မွေးနေ့ဆုတောင်းသတင်းစာထဲမှာပါတဲ့အကြောင်း ဒေါ်အုံးမြသိသွားလို့ပါပဲ၊ ဒီကြားထဲ ရန်ကုန်ကိုအလည်သွားကြတဲ့ တချို့အမျိုးတွေက မြတ်လေးငုံကို ကောင်လေးတစ်ယောက်နဲ့ တွဲနေတာတွေ့တယ်လို့ ဒေါ်အုံးမြကို လာအသိပေးကြတယ်၊ ဒီတော့ သမီးကိုသိပ်ချစ်တဲ့ အမေတစ်ယောက်အနေနဲ့၊ ပြီးတော့ သူ နေရာချပေးထားခဲ့တဲ့ အိမ်ထောင်တစ်ခုကို သိပ်တည်မြဲစေချင်တဲ့ ဆွေမျိုးအကြီးအကဲတစ်ယောက်အနေနဲ့ ဒေါ်အုံးမြ ဒေါသဖြစ်တော့တာပဲ. . .

ကျွန်တော်က သတင်းစာထဲက မြတ်လေးငုံဟာတခြားတစ်ယောက်ဖြစ်တဲ့အကြောင်း၊ ရန်ကုန်မှာ အတွဲနဲ့တွေ့ခဲ့တယ်ဆိုတာလဲ မျက်စိမှားတာ ဖြစ်နိုင်တဲ့အကြောင်း ဝင်ပြောပေးပေမယ့် ဘယ်လိုမှ မရခဲ့ဘူး၊ ခုချက်ချင်း မြတ်လေးငုံကို ရန်ကုန်ကနေ သွားခေါ်လာရမယ်လို့ ကျွန်တော့်ကို ပြောတယ်. . .

ဒါနဲ့ မြတ်လေးငုံရဲ့ရုံးကို ကျွန်တော် ဒုတိယအခေါက် ထပ်ရောက်သွားတယ်၊ ဒါပေမယ့်. . ကိုနိုင်လင်းသော်ကို သိပ်ချစ်တဲ့၊ ကိုနိုင်လင်းသော်အထင်လွဲမှာကို သိပ်ကြောက်တဲ့ မြတ်လေးငုံဟာ ကျွန်တော့်ကို လက်ခံစကားပြောချင်ပုံ မရဘူး၊ ကိစ္စအရေးကြီးတဲ့အကြောင်း ပြောပြတော့ ကျွန်တော် တည်းနေတဲ့ တောင်ဥက္ကလာအိမ်ကို လာတွေ့မယ်လို့ ပြောတယ်. . .

တောင်ဥက္ကလာကို မြတ်လေးငုံရောက်တော့ အခြေအနေတွေအားလုံးကို ကျွန်တော် ရှင်းပြလိုက်တယ်၊ မြတ်လေးငုံက မကြာခင် ရုံးကခွင့်ယူပြီး လိုက်လာမယ်လို့ ပြောတယ်၊ နောက်ပြီး ကိုနိုင်လင်းသော်ကို သူ လက်ထပ်ဖို့ ဆုံးဖြတ်ထားတဲ့အတွက်





ဒေါ်အုံးမြကို သူရအောင် ပြောမယ့်အကြောင်း၊ ကွာရှင်းတုန်းက မြတ်လေးငုံ ကျွန်တော့်ဆီမှာ အပ်ထားခဲ့တဲ့ငွေတွေကိုလဲ နယ်ပြန်လာတဲ့အခါ တစ်ခါတည်းယူမယ့်အကြောင်းတွေ ပြောပြခဲ့တယ်၊ အဲဒီနောက်ပိုင်းတော့ ဒေါ်ဒေါ်နဲ့ကျွန်တော် မြတ်လေးငုံကို ကားဂိတ်လိုက်ပို့ပြီး နောက်တစ်နေ့ ကျွန်တော် နယ်ပြန်တာပဲ. . .

ကိုနိုင်လင်းသော်ကို သိပ်ချစ်လို့ ကိုနိုင်လင်းသော်နဲ့ လက်ထပ်ဖို့ ဒေါ်အုံးမြကို ရအောင်ခွင့်တောင်းမယ်ဆိုတဲ့ မြတ်လေးငုံဟာမြို့ရောက်လာတဲ့အချိန်မှာတော့ ဒေါ်အုံးမြကို ခွင့်တောင်းဖို့ အခွင့်အရေးမရလိုက်ပြန်ဘူး၊ နဂိုကတည်းက ကျန်းမာရေးသိပ်မကောင်းတဲ့ ဒေါ်အုံးမြ ကောက်ကာငင်ကာ အသည်းအသန်ဖြစ်လို့ပါပဲ၊ မြတ်လေးငုံရောက်ပြီး သုံးရက်လောက်အကြာမှာပဲ ဒေါ်အုံးမြ ဆုံးသွားတယ်၊ ကျွန်တော် မြတ်လေးငုံရုံးကို ဖုန်းဆက်ပြီး ခွင့်ထပ်တိုင်ပေးရတယ်၊ အဆောင်ကိုလဲ မြတ်လေးငုံ ဖုန်းဆက်ခိုင်းလို့ မလှဲဆီကို ဖုန်းဆက်အကြောင်းကြားခဲ့တယ်၊ ဒါပေမယ့် မလှဲက နယ်ပြန်သွားတယ်လို့ပြောတယ်. . .

မြတ်လေးငုံဟာ. . . သူ့အမေကို အတော်ကြောက်ရသလို၊ အတော်လဲ ချစ်တယ်၊ ဒေါ်အုံးမြ ဆုံးသွားတာဟာ မြတ်လေးငုံကို တော်တော်ကြီး စိတ်ထိခိုက်သွားစေခဲ့တယ်၊ အသုဘရက်တွေမှာတုန်းက ငိုရင်းနဲ့ သတိလစ်သွားတာ ခဏခဏပဲ၊ အသုဘပြီးလို့ ရက်လည်ဆွမ်းတွေ ဘာတွေ ကျွေးပြီးတဲ့အခါမှာတော့ မြတ်လေးငုံကို ရန်ကုန်ပြန်ဖို့ ကျွန်တော် တိုက်တွန်းခဲ့တယ်. . .

မြတ်လေးငုံဘဝမှာ မြတ်လေးငုံနဲ့အနီးဆုံး၊ မြတ်လေးငုံကလဲ အချစ်ဆုံးလူနှစ်ယောက်ပဲ ရှိတယ်၊ တစ်ယောက်က ဒေါ်အုံးမြ၊ နောက်တစ်ယောက်ကတော့ ကိုနိုင်လင်းသော်ပဲ၊ ဒေါ်အုံးမြ ဆုံးသွားတဲ့အတွက် စိတ်ထိခိုက်နေတဲ့ မြတ်လေးငုံအနားမှာ အားကိုးရာအနေနဲ့ ရှိအနေသင့်ဆုံးလူက ကိုနိုင်လင်းသော်ပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကိုနိုင်လင်းသော်ဆီ မြန်မြန်ပြန်ဖြစ်ဖို့ကို ကျွန်တော် မြတ်လေးငုံကို တိုက်တွန်းခဲ့တယ်၊ အသုဘကိစ္စအတွက် ရောက်နေတဲ့ တောင်ဥက္ကလာပက ဒေါ်ဒေါ်နဲ့ တစ်ခါတည်းပြန်နိုင်းခဲ့တယ်၊ မြတ်လေးငုံအတွက် အမွေဝေစုနဲ့ ငွေတွေကို မြတ်လေးငုံရဲ့အနာဂတ်အတွက် ကျွန်တော် တစ်ခါတည်း ခွဲပေးလိုက်တယ်၊ ဒေါ်ဖုံးမြရဲ့အိမ်ကိုတော့ မြတ်လေးငုံရဲ့ သဘောအတိုင်း ဒီအတိုင်း ပိတ်ထားလိုက်ကြတယ်. . .

ဒီနောက်ပိုင်းတော့ ကျွန်တော် မြတ်လေးငုံရဲ့ရုံးကို လာမတွေ့ဖြစ်တော့ဘူး။ သာရေးနာရေးကိစ္စအတွက် အကြောင်းကြားဖို့ လိပ်စာလာတောင်းချင်ပေမယ့်လဲ ကိုနိုင်လင်းသော်တို့အတွက် အနှောင့်အယှက်ဖြစ်မှာစိုးလို့ လာမတောင်းဖြစ်ခဲ့ဘူး၊ ဘာပဲဖြစ်ဖြစ် မြတ်လေးငုံဟာ သူ့ သိပ်ချစ်တဲ့ ကိုနိုင်လင်းသော်နဲ့အတူတူ ပျော်ရွှင်နေလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ထားခဲ့တယ်"

♥♥♥

(၂)

တစ်ခါတစ်ခါတော့လည်း ကံကြမ္မာသည် စာရေးဆရာတစ်ယောက်ပမာပင် ဉာဏ်နီဉာဏ်နက်များစွာဖြင့် ပြဇာတ်ဆန်ဆန် အဖြစ်အပျက်များကို ဖြစ်ပျက်စေခဲ့သည်။

ကျော်မြင့်သန်း၏ ရှည်လျားသော ရှင်းပြမှုအပြီးမှာတော့ သူနှင့်မမသည် ထိုအဖြစ်အပျက်များအကြား၌ ကြိမ်ဖန်များစွာ ကျရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သူ သဘောပေါက်လိုက်မိတော့သည်။

ထိုသို့ သဘောပေါက်လိုက်မိသည်နှင့် သူ ရင်တွင်းသို့စူးနစ်ကြမ်းရှစွာ တိုးဝင်လာသောအရာကတော့ နောင်တတရားပဲဖြစ်သည်။

*"နိုင်နိုင်. . တို့. . တို့မေမေလေ. . ခဏလေး နိုင်နိုင်ရယ် တို့. ရှင်းပြပါရစေဦး"*

*"ဒါ ကျွန်တော်နဲ့ စေ့စပ်ထားတဲ့ အမျိုးသမီး 'တေကေတဲ့'"*

အရာအားလုံးသည် လွဲချော်မှုများစွာနှင့် မိုက်မဲစွာ မှားယွင်းခဲ့ခြင်းပင် ဖြစ်သည်။ အနက်ရောင် ဆွယ်တာလေးနှင့် မျက်ရည်တို့ဝေ့သီနေသော စိုစွတ်မျက်ဝန်းများနှင့် "တို့. . သွားပါဦးမယ် ကေကေ"ဟု နှုတ်ဆက်ထွက်ခွာသွားခဲ့သော မမ၏ပုံရိပ်တို့ကို သူ ပြန်လည်မြင်ယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားမှုများနှင့် တိတ်ဆိတ်ငြိမ်သက်နေသော စကား ဝိုင်းကို မလှဲ၏အသံက စတင်ဖြိုခွဲလိုက်သည်။

"ဒါဆို . . ခု မြတ်လေးငုံ . . ဘယ်မှာလဲ"

မလှဲ၏နှုတ်ဖျားမှ ခုန်ဆင်းလာသော စကားစုက နားစည်မှ တစ်ဆင့် သူ့ရင်တွင်းသို့ စီးဝင်လျက် နှလုံးသားကို ကြမ်းတမ်းစွာ ခါယမ်းသွားစေခဲ့သည်။

ကျော်မြင့်သန်းက "ကျွန်တော်လဲ မပြောတတ်ဘူး။ မြို့ကိုလဲ လုံးဝပြန်မလာဘူး"ဟု ခြောက်ကပ်စွာ ပြောသည်။

ကျော်မြင့်သန်း၏စကားအဆုံးမှာတော့ မမအတွက် စိုးရိမ် ပူပန်မှုက လေးယောက်စလုံး၏ ရင်ထဲသို့ တိုးဝင်လာကြတော့ သည်။ သတိတရ စတင်လှုပ်ရှားသူကတော့ သူပဲဖြစ်သည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ ကိုကျော်မြင့်သန်း၊ မမ ဘယ်ကို ထွက်သွားတယ်ထင်သလဲ"

"တောင်ဥက္ကလာပက ဒေါ်ဒေါ့်ဆီများ သွားသလားမသိဘူး။ ဘာပဲဖြစ်ဖြစ် အဲဒီကို အရင်ဆုံး သွားရှာကြည့်ကြတာပေါ့"

ကျော်မြင့်သန်း၏ဦးဆောင်မှုဖြင့် လေးယောက်စလုံး ထိုင် ရာမှ ထဖြစ်ကြသည်။ ကျော်မြင့်သန်းနှင့် တင်ထွန်းအောင် လက် ဖက်ရည်ဖိုးရှင်းနေချိန်၌ လမ်းမသို့ထွက်၍ လေးဘီးတစ်စီးငှား ထားလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အဲဒီမှာတော့ မြတ်လေးငုံ ရှိမှာပါ"

ကားပေါ်ရောက်ချိန်၌ ကျော်မြင့်သန်း ပိုင်နိုင်စိတ်ချသော လေသံဖြင့် ပြောသည်။ ကျော်မြင့်သန်း ပြောသည့်အတိုင်းဖြစ်ပါ စေဟု သူတစ်ကိုယ်တည်း ဆုတောင်းနေမိသည်။

တောင်ဥက္ကလာရောက်တော့ ကတ္တရာလမ်းမအစပ်၌ပင် လေးဘီးခ ရှင်းပေးလိုက်ပြီး၊ မြေနီလမ်းလေးအတိုင်း ခြေကျင် လျှောက်ဝင်ရသည်။





ခြေလှမ်းတစ်လှမ်း လှမ်းလိုက်တိုင်း "မမ ရှိနေပါစေ"ဟု သူ အခါခါ ဆုတောင်းနေမိသည်။

"ဒီအိမ်ပဲ"

ကျော်မြင့်သန်းက ပျဉ်ထောင်အိမ်တစ်လုံးကို လက်ညှိုးညွှန် ပြရင်း အိမ်ပေါ်သို့ ဦးဆောင်၍တက်သည်။ ကားမှတ်တိုင်၌ သူ တစ်ခါတွေ့ခဲ့ဖူးသော မမ၏အဒေါ်ကို အခန့်သင့်ပင် တွေ့ရသည်။

"ဒေါ်ဒေါ် . . မြတ်လေးငုံ လာသလား"

ခရီးရောက်မဆိုက် အလောတကြီးမေးလိုက်သော ကျော် မြင့်သန်း၏စကားကြောင့် အဒေါ်ကြီးက ကျော်မြင့်သန်းအပါ အဝင် သူတို့လေးယောက်စလုံးကို ဝေ့ဝဲ၍ အကဲခတ်သည်။

"လာတယ်လို့ ပြောပါစေ"ဟု မျှော်လင့်ဆုတောင်းနေမိ သော်လည်း အဒေါ်ကြီး၏ခေါင်းခါယမ်းမှုက သူ့မျှော်လင့်ချက်တို့ ကို တစ်စစီ ကြေမွသွားစေခဲ့သည်။

"ပေါ်မလာတာ ကြာပြီကော မောင်ကျော်မြင့်သန်းရဲ့"

အဒေါ်ကြီး၏စကားအဆုံး လေးယောက်စလုံး အားအင် ကုန်ခန်းသွားသလို ခံစားလိုက်ရသည်။

"ဘာဆက်လုပ်ကြမလဲ ကိုကျော်မြင့်သန်း"

လမ်းပေါ်ရောက်တော့ ကျော်မြင့်သန်းကို အားကိုးတကြီး ကြည့်ရင်း သူ စကားစသည်။ ကျော်မြင့်သန်းက စဉ်းစားဟန်ဖြင့် နှုတ်ဆိတ်ငြိမ်သက်နေသည်။

"ငါတော့ ရုံးမှာ သွားစုံစမ်းကြည့်ချင်တယ်၊ အလုပ်က ထွက် သွားပြီဆိုပေမယ့် ဘာပဲဖြစ်ဖြစ် သဲလွန်စလေးဘာလေး ရနိုင်သေး တာပေါ့"

တင်ထွန်းအောင်က အကြံပြုသည်။

မလှဲက "ဟုတ်တယ် သွားကြည့်တာ မမှားပါဘူး"ဟု . . ထောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



တင်ထွန်းအောင်နှင့် မလှဲ၏အကြံပေးမှုဖြင့် တောင်ဥက္ကလာမှ မြို့တော်ခန်းမသို့ လေးဘီးတစ်စီးငှား၍ သွားကြသည်။ သို့သော် တကယ်ရောက်သွားသောအခါမှာတော့ မမ၏ရုံးနုတ်ထွက်စာတင်ခဲ့သည့် နေ့စွဲမှအပ ဘာကိုမှ မည်မည်ရရသိခွင့်မရခဲ့ကြ။

မမ၏ဘေးစားပွဲမှ အမျိုးသမီး၏ပြောပြမှုအရဆိုလျှင်တော့ မမထွက်စာတင်သော နေ့စွဲမှာ ကေကေ့ကို အဖော်ခေါ်လျက် မမအား ဒုတိယအကြိမ်မြောက် သူ သွားကြည့်ခဲ့သည့်နေ့၏ နောက်တစ်နေ့ဖြစ်သည်။

"ဘာကြောင့် ထွက်တာလဲဆိုတော့ ဘာမှမပြောဘူး၊ ကျွန်မ မလုပ်ချင်တော့လို့ဘဲ ပြောတယ်၊ မျက်နှာလဲ မကောင်းတော့ သိပ်မမေးရဲဘူးလေ၊ ကိုယ်ရေးကိုယ်တာ ပြဿနာရှိလို့ ဖြစ်မှာပဲလို့ ဘင်လိုက်တာ"

ထိုအမျိုးသမီး၏ရှင်းပြမှုက သူ့အား နောင်တတရားတို့နှင့် အတူ ပို၍ကြေကွဲစေတော့သည်။

ဆေးရုံပေါ်သို့ မမ လိုက်လာစဉ်က မမ၏ရှင်းပြမှုများကို သူ နားမထောင်ခဲ့သည့်အပြင် ကေကေအား သူနှင့်စေ့စပ်ထားသလို မမနှင့် မိတ်ဆက်ပေးခဲ့သည်။

ထိုမျှသာမက ကေကေ့ကို အဖော်ခေါ်လျက် မမ မမြင်မြင်အောင် သူ တွဲပြခဲ့မိသည်။ ထိုကိစ္စက မမအား ထိခိုက်နာကျင်စေခဲ့ဟန်တူသည်။

*"ကောင်မလေးက တို့ထက်လဲလှတယ်၊ ပြီးတော့ ငယ်လဲငယ်တယ်မဟုတ်လား၊ မမေးရဲပါဘူး၊ တော်ကြာ. . ညည်းတို့က တကယ်ဟုတ်နေပါတယ်ဆိုရင် တို့ သည့်ထက်ခံစားရမှာပေါ့"*

မမသည် သူနှင့်ကေကေတို့အား ကြက်ဆင်မုန့်တိုက်ရှေ့၌ တစ်ခါတွေ့ရုံနှင့်ပင် ယုန်ထင်ကြောင်ထင် ထင်လျက် လျှို့ဝှက်စွာ သိမ်းဆည်းမျိုသိပ်ကြေကွဲခဲ့ဖူးသည့် အမျိုးသမီးဖြစ်၏။





ထိုသို့ ဟန်ဆောင်ကောင်းစွာ မျိုသိပ်ကြေကွဲတတ်သော မမအား သူသည် ကေကေ့ကို အဖော်ပြု၍ အကြိမ်ကြိမ်အထပ်ထပ်ထိခိုက်နာကျင်စေခဲ့သည်။

ထိုနာကျင်စေမှုတို့ကြောင့်ပင် မမသည်ရုံးမှနုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။ သူနှင့် ကေကေကိုအတွေ့ ပျက်ယွင်းသွားခဲ့သော မမ၏မျက်နှာနှင့် မှိုင်းဝေသွားသည့် မမ၏ မျက်ဝန်းညိုညိုတို့ကို မြင်ယောင်ရင်း ရင်နင့်သွားမိသည်။ မမရုံးမှ ပြန်ထွက်လာကြချိန်မှာတော့ အတွေးကိုယ်စီနှင့် နှုတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ အတော်ကြီးကြာမှ ကျော်မြင့်သန်းက လူစုခွဲကြရန် စကားစသည်။

"ကျွန်တော် မနက်ဖြန် တခြားအသိအိမ်တွေကို လိုက်စုံစမ်းကြည့်ဦးမယ်"

"သတင်းထူးရင် ကျွန်တော်တို့ဆီလဲ အကြောင်းကြားပါကိုကျော်မြင့်သန်း"

"စိတ်ချပါ၊ ဒီကြားထဲ ကျွန်တော် နေ့တိုင်းလာခဲ့ပါ့မယ်၊ မလာဖြစ်တောင် မလှဲလှဲ့အဆောင်ကို ဖုန်းဆက်လိုက်မယ်"

တင်ထွန်းအောင်က "ဖုန်းနံပါတ်ယူထားပေါ့"ဟုဆိုကာ မလှဲအဆောင်မှ ဖုန်းနံပါတ်ကိုရော၊ ၎င်း၏အိမ်မှ ဖုန်းနံပါတ်ကိုပါ စာရွက်တစ်ရွက်တွင်ရေး၍ ကျော်မြင့်သန်းကို ပေးလိုက်သည်။

လူစုခွဲခါနီး ကျော်မြင့်သန်းက သူ့ပခုံးကိုပုတ်၍. . .

"စိတ်မပူပါနဲ့ ကိုနိုင်လင်းသော်၊ ပျောက်သောသူ ရှာရင်တွေ့တဲ့၊ အချိန်တန်တော့ မြတ်လေးငုံကို ကျွန်တော်တို့ တွေ့မှာပါ"

ယုံကြည်စိတ်ချဟန်အပြည့်နှင့် ကျော်မြင့်သန်းက အားပေးသည့်တိုင် သူကတော့ ကျော်မြင့်သန်း၏အားပေးစကားတို့ကို မယုံရဲစွာဖြင့်ပင် မမ၏မျက်ဝန်းညိုညိုတို့ကို မြင်ယောင်ရင်းနှုတ်ဆိတ်ကြေကွဲနေမိသည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၃)

မမအား လိုက်လံရှာဖွေမှုတို့က ရက်ကြာလာသည်နှင့်အမျှ သူ့အတွက် သွေးရူးသွေးတန်းဖြစ်လာစေခဲ့တော့၏။ ကျော်မြင့်သန်းက ၎င်းဖာသာ အမျိုးအိမ် အသိအိမ်တွေကို စုံစမ်းမည်။ သူကတော့ အိမ်မှာပဲနေပါဟု ဆိုခဲ့သည့်တိုင် တကယ့်တကယ် စုံစမ်းကြသောအခါမှာတော့ သူပါ ကျော်မြင့်သန်းနှင့်အတူ လိုက်စုံစမ်းဖြစ်ခဲ့သည်။

"ကျွန်တော် ဘယ်လိုမှ အိမ်မှာနေလို့မရဘူး ကိုကျော်မြင့်သန်း၊ ကျွန်တော်ပါ ခင်ဗျားနဲ့ အတူတူလိုက်မယ်"

မိုးလင်းပြီဆိုသည်နှင့် မမအတွက် စိုးရွံ့စိတ်မောသော ရင်အစုံနှင့်အတူ သူနှင့်ကျော်မြင့်သန်း လမ်းတွေပေါ်မှာ ရောက်နေတော့သည်။

မမနှင့် ပတ်သက်ရာပတ်သက်ကြောင်း အိမ်မှန်သမျှကို သူတို့နှစ်ယောက် တစ်အိမ်ဆင်းတစ်အိမ်တက် လိုက်စုံစမ်းခဲ့ကြသည်။

"မလာဘူးဗျ"

"သူ့အမေ အသုဘမှာ နောက်ဆုံးတွေ့တာပဲ၊ အဲဒီနောက်ပိုင်း. . မတွေ့မိဘူး"





"အရင် သူ ရုံးမှာလုပ်နေတုန်းကတော့ တွေ့မိသား၊ ရုံးက ထွက်သွားပြီးနောက်ပိုင်းမှာတော့ တစ်ခါမှ မတွေ့တော့ဘူး"

သူနှင့်ကျော်မြင့်သန်း လိုက်လံစုံစမ်းခဲ့သည့် နေရာတိုင်းလိုလိုမှ အားလျော့ဖွယ် အဖြေစကားတို့ကိုသာ ကြားခဲ့ရသည်။ လိုက်စုံစမ်းသည့် နေရာအရေအတွက်နှင့် အချိန်ကာလများပြားလာသည်နှင့်အမျှ မမအတွက် စိုးရိမ်စိတ်မောမှုတို့က မြင့်တက်လာခဲ့သည်။

"မတွေ့လို့မဖြစ်ဘူး ကိုကျော်မြင့်သန်း၊ ကျွန်တော် သူ့ကို မတွေ့ရင် ရူးလိမ့်မယ်"

"တွေ့မှာပါ ကိုနိုင်လင်းသော်၊ အားမလျှော့ပါနဲ့၊ တစ်နေ့မဟုတ် တစ်နေ့ တွေ့ကိုတွေ့ရမှာပေါ့"

ကျော်မြင့်သန်းက စိတ်အေးအေးထားရန် ဖျောင်းဖျအားပေးသည်။ သို့သော် အားပေးသူ ကျော်မြင့်သန်းကိုယ်တိုင် စိတ်မာတ်ကျစပြုနေကြောင်း သူ သတိပြုမိလာခဲ့သည်။

ညနေတိုင်လျှင် မလဲ့တို့အဆောင်လမ်းထိပ်မှ လက်ဖက်ရည်ဆိုင်မှာ လေးယောက်သားဆုံ၍ နောက်တစ်နေ့အတွက် အစီအစဉ်ဆွဲကြသည်။

"ငါနဲ့ မလဲ့ တိုင်ပင်ထားတာ တစ်ခုရှိတယ် နိုင်ကြီး၊ သတင်းစာထဲကနေ အမြန်ဆက်သွယ်ပါဆိုပြီး ကြော်ငြာထည့်ဖို့"

တင်ထွန်းအောင်နှင့် မလဲ့က သတင်းစာမှနေ၍ ကြော်ငြာထည့်ရန် အကြံပြုသည်။

သူရော ကျော်မြင့်သန်းပါ "ကောင်းတယ်"ဟု အားတက်သရော ထောက်ခံသည်။ ဆက်သွယ်ရန်လိပ်စာအဖြစ် မလဲ့၏ အဆောင်လိပ်စာနှင့် ဖုန်းနံပါတ်ထည့်မည်ဟု ဆိုကြသည်။

ကျော်မြင့်သန်းက နယ်မှဆွေမျိုးများထံ အကြောင်းကြားမည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်လေးငုံ့ရောက်လာရင် ဒီကိုလှမ်းပြီး အသိပေးဖို့ပထမ တစ်ခါ အကြောင်းကြားထားသေးတယ်၊ ဒါပေမယ့် လိုရမည်ရ နောက်တစ်ခါထပ်ပြီး လူကြုံ ကျွန်တော် စာရေးလိုက်မယ်"

နောက်တစ်နေ့နံနက် တင်ထွန်းအောင်နှင့် မလဲ့က သတင်းစာတိုက်သို့ ကြော်ငြာထည့်ရန်သွားပြီး သူနှင့်ကျော်မြင့်သန်းက နယ်ခွေမျိုးများထံ အကြောင်းကြားသည့်စာကို နယ်ပြန်မည့်လူကြုံထံ သွားပေးကြသည်။

ထိုသို့ စိတ်ကူးရသမျှ ကြိုးစားရှာဖွေခဲ့သော်လည်း မမနှင့်ပတ်သက်သည့် သူတို့၏ကြိုးစားမှုများက ရက်ကြာလာသည့်တိုင် ထူးခြားမှု မရှိခဲ့။

လမ်းတွေပေါ်မှာလျှောက်သွားရင်း ပတ်သက်ရာပတ်သက်ကြောင်း. . . အိမ်များကို စုံစမ်းရင်း၊ နယ်သို့အကြောင်းကြားရင်း၊ ကြော်ငြာထည့်ရင်းနှင့်ပင် တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာခဲ့သည်။

ထိုသို့ ရက်ကြာလာသည်နှင့်အမျှ သူ့ရင်ထဲမှ နောင်တတရား၏ဆောက်တည်ရာမဲ့စွာ သူပြုမူမိသော ကိစ္စတစ်ခုကတော့ သူနှင့်မမ၏ လက်ထပ်စာချုပ်အပိုင်းအစများကို ထုတ်ယူကြည့်ရှုမိခြင်းပဲ ဖြစ်သည်။

*"လက်မထပ်ရမှာကို ညည်းစိုးရိမ်သလို တို့လဲ စိုးရိမ်တာပါပဲ၊ တို့က ပိုပြီးစိုးရိမ်သေးတယ်၊ တို့ ညည်းနဲ့သာ မပေါင်းရရင် သေမှာသိလား၊ ပြန်လာရင် ရုံးတတ်လက်မှတ်ထိုးပြီး ညှော်ခံပွဲအသေးစားလေးလုပ်မယ်၊ နောက်ပြီး ညည်းနဲ့တို့နဲ့နေဖို့ အိမ်တစ်လုံးငှားရမယ်"*

စာချုပ်အပိုင်းအစများကို ထုတ်ယူကြည့်ရှုမိတိုင်း မမ၏ ချိုအေးတိုးညင်းသည့် စကားသံများက သူ့နားထဲသို့ လွင့်ပျံ့ခြောက်လှန့်လာတတ်သည်။





ထိုသို့ မမ၏စကားသံတိုးတိုးလေးကို ကြားယောင်မိတိုင်း နာကျင်ကြေကွဲစွာ မမကို တွေ့ချင်စိတ် ပြင်းပြမိမြဲဖြစ်သည်။

သို့သော် မည်သို့ပင် တွေ့ချင်စိတ်စောနေသည့်တိုင်၊ မမကတော့ ပျောက်ခြင်းမလှ ပျောက်ဆုံးနေဆဲပင်။

တင်ထွန်းအောင်ကတော့ သတင်းစာကြော်ငြာပါလာရင် မမ ဆက်သွယ်မှာပါဟု ယုံကြည်စိတ်ချစွာ အားပေးသည်။

နောက်ဆုံးတော့ အကျိုးမထူးသည့် ရှာဖွေမှုတို့ကို ရပ်ဆိုင်း၍ သတင်းစာကြော်ငြာကိုသာ နောက်ဆုံးမျှော်လင့်ချက်အဖြစ် အားကိုးရင်း ကြော်ငြာပါမည့်ရက်ကို စောင့်ဆိုင်းခဲ့ကြတော့သည်။

မမအား နေ့စဉ်ရက်ဆက် အပြင်းအထန် ရှာဖွေနေစဉ်က ဘာမှမဖြစ်ခဲ့သော်လည်း မမအား ရှာဖွေမှုတို့ကို ရပ်ဆိုင်းလိုက်သောအခါမှာတော့ စိတ်မောလူမောနှင့်ကောက်ကာငင်ကာ ဖျားတော့သည်။

ထိုအဖျားကြောင့် အိမ်ထဲမှ အိမ်ပြင် မထွက်ဖြစ်တော့ဘဲ သတင်းစာကြော်ငြာကိုသာ မျှော်လင့်စောင့်ဆိုင်းနေခဲ့သည်။

ကြော်ငြာမပါခင် တစ်ရက်အလိုမှာတော့ ကျော်မြင့်သန်း သူ့ဆီရောက်လာခဲ့သည်။

"အဖျား ဘယ့်နှယ်နေသေးလဲ ကိုနိုင်လင်းသော်"

"သက်သာသွားပါပြီ"

သူ ကျော်မြင့်သန်းကို ခပ်အေးအေး ပြန်ပြောရင်း "လက်ဖက်ရည်သောက်မလား ကိုကျော်မြင့်သန်း"ဟု မေးလိုက်သည်။ ကျော်မြင့်သန်းက သူ့စကားကို စိတ်မဝင်စားဟန်နှင့် ခေါင်းခါသည်။

ပြီးမှ အလောတကြီးလေသံဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်လေးငုံ ဘယ်မှာရှိသလဲဆိုတာ. . . ကျွန်တော်သိပြီ ကိုနိုင်လင်းသော်"

မထင်မှတ်သောစကားကြောင့် သူ အတန်ကြာ ငေးကြောင် မှင်တက်သွားမိသည်။ နောက်မှ ဝမ်းသာအားရနှင့် အမောတကော မေးလိုက်မိသည်။

"ဘယ်မှာလဲ ကိုကျော်မြင့်သန်း"

"သူ အဲ့ပြင်ပုဂ္ဂလိကဆေးရုံတစ်ခုမှာ တက်နေတယ် ကိုနိုင်လင်းသော်၊ သူ့ကို ကုတဲ့ဆရာဝန်က တောင်ဥက္ကလာပက အဒေါ်တို့ဆီ လူလွှတ်ပြီး အကြောင်းကြားတာ"

"ဆေးရုံတက်နေတယ်"ဟူသော ကျော်မြင့်သန်း၏စကားကြောင့် ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားမိသည်။

"မမ တော်တော်အခြေအနေ ဆိုးလို့လား ကိုကျော်မြင့်သန်း"

"လာအကြောင်းကြားတဲ့လူ ပြောတာကတော့. . အဲဒီလိုသဘောမျိုး မဟုတ်ပါဘူး၊ ဒီနေ့မှ ဆေးရုံစတက်တာတဲ့၊ ဆေးရုံတက်တော့ ထုံစံအတိုင်း အနီးဆုံးဆက်သွယ်ရမယ့် လိပ်စာတောင်းတယ်၊ မြတ်လေးငုံက တောင်ဥက္ကလာက ဒေါ်ဒေါ်တို့လိပ်စာပေးလိုက်တယ် ဒါပါပဲ၊ လာအကြောင်းကြားတာက အပြင်မှာ ဆေးထွက်ဝယ်ဖို့တို့ လူမမာပြုစုဖို့ အတွက်ပါ"

ကျော်မြင့်သန်း၏စကားတို့ကြောင့် မမအတွက် စိုးရိမ်စရာ မရှိဟု ယူဆနိုင်သော်လည်း ရင်ထဲမှ သောကတို့ကတော့ ပြေပျောက်မသွားခဲ့။

ထိုင်ရာမှ ထရပ်၍ ဂျာကင်ထူထူတစ်ထည် ကောက်ဝတ်ရင်း "ကျွန်တော်တို့ လိုက်သွားကြရအောင်"ဟု ကျော်မြင့်သန်းကို သူ ပြောလိုက်သည်။ ကျော်မြင့်သန်းက "မလဲ့တို့ကို ဝင်ခေါ်ဦးမလား"ဟု မေးသည်။





"မခေါ်တော့ဘူး၊ ဆေးရုံရောက်မှ ဖုန်းဆက်ခေါ်မယ်၊ လာ ကိုကျော်မြင့်သန်း. . သွားကြရအောင်"

သူ ကျော်မြင့်သန်းကို အလောတကြီးပြောရင်း အိမ်ထဲမှ အမြန်ထွက်လာခဲ့မိသည်။ လမ်းပေါ်ရောက်တော့ အငှားကားက တော်တော်နှင့်မရ။ သူ မမအား တွေ့ချင်စိတ်စောစွာဖြင့် လမ်းပေါ်တွင်ရပ်ရင်း တွေ့သမျှကားတို့ကို လိုက်တားနေမိသည်။

"ကိုနိုင်လင်းသော်. . . ဖြည်းဖြည်းပေါ့ဗျာ၊ စိတ်အေးအေးထားပါ၊ အချိန်တန်တော့ ရောက်သွားမှာပေါ့"

"စိတ်အေးအေးထားပါ"ဟူသော ကျော်မြင့်သန်း၏စကားကြောင့် သူ ကျော်မြင့်သန်းကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"ဘယ်လိုလုပ် စိတ်အေးအေးထားနိုင်ပါ့မလဲ ကိုကျော်မြင့်သန်း၊ ကျွန်တော် သူ့ကို ဘယ်လောက်ချစ်တယ် မှတ်သလဲ. . . ပြီးတော့ ဘယ်လောက်တွေ့ချင်နေတယ် မှတ်သလဲ"

သူ၏လေသံမာမာနှင့်စကားကို ကျော်မြင့်သန်းက နှစ်သိမ့်ပြုံးတစ်ခုနှင့်သာ တုံ့ပြန်ခဲ့သည်။ သည်တော့မှ သူ့အား ပြုံးပြနေသော သူ့ရှေ့မှလူမှာ သူ့လိုပင် မမကို သိပ်ချစ်သူ တစ်ယောက်ပါလားဟု သတိရလိုက်မိသည်။

"ဆောရီးဗျာ. . ကျွန်တော်. . . "

"လေးဘီးတစ်စီး လာနေတယ် ကိုနိုင်လင်းသော်"

ခပ်ဖြည်းဖြည်းမောင်းနှင်လာသော လေးဘီးတစ်စီးကို သူ လက်တားပြလိုက်သည်။ သူ လှမ်းတားလိုက်မှုကြောင့် ရပ်တန့်ရန် အရှိန်လျှော့လာသည့် အငှားကားပေါ်သို့ သူ ခုန်တက်လိုက်စဉ်၌ အငှားကား၏ဘီးလေးဘီးစလုံးပင် မရပ်ကြသေး။

ကျော်မြင့်သန်းက သူ့နောက်မှ လိုက်တက်ရင်း ဆေးရုံအမည်ကိုပြောပြ၍ မောင်းခိုင်းလိုက်သည်။

သူက ကားဆရာအား. . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး. . ကျေးဇူးပြုပြီး ဒီထက် မြန်မြန်မောင်းပေးပါ၊ ကျွန်တော် ဦးလေးတောင်းသလောက် ပေးပါ့မယ်"

သူ့စကားကြောင့် ကားဆရာက အမြန်နှုန်းကို တိုးမြှင့်သည်။ သို့သော် သူကတော့ ကားဆရာ၏အမြန်နှုန်းကို အားမရ။ ဖြစ်နိုင်လျှင် သူကိုယ်တိုင် ဝင်မောင်းပစ်လိုက်ချင်စိတ်တို့ဖြင့် ဆန္ဒစောနေမိသည်။

သူ၏မျက်နှာချင်းဆိုင်မှ ထိုင်နေသော ကျော်မြင့်သန်းက သူ့ကို တစ်ချက်ငေ့ကြည့်ရင်း စကားစရန်အတွက် သူ့အမည်ကို လှမ်းခေါ်သည်။ ကျော်မြင့်သန်း၏အသံကြောင့် သူ ကျော်မြင့်သန်းကို လှည့်ကြည့်လိုက်သည်။

"ခု ဆေးရုံကို မတက်ခင် မြတ်လေးငုံ ဘယ်မှာနေတယ်လို့ ထင်သလဲ ကိုနိုင်လင်းသော်"

သူ၏ထင်မြင်ချက်ကို အမှန်တကယ် စိတ်ဝင်စားစွာ မေးသောမေးခွန်းတစ်ခု မဟုတ်သောကြောင့် သူ ဘာမှအဖြေမပေးဘဲ ကျော်မြင့်သန်းကိုသာ ငေးကြည့်နေလိုက်မိသည်။

ကျော်မြင့်သန်းက သူ့ကိုမကြည့်ဘဲ ပြောသည်။

"လာအကြောင်းကြားတဲ့လူကို ကျွန်တော် မေးကြည့်လို့ သိရတာပါ၊ သူနေတဲ့နေရာက သိပ်အဝေးကြီး မဟုတ်ဘူး၊ စံရိပ်ငြိမ်တင်. ."

"ဗျာ. . ."

အံ့အားတသင့် အာမေဋိတ်သံတစ်ခုက သူ့နှုတ်ဖျားမှ ခုန်ဆင်းသွားတော့သည်။

*"မရှည်နဲ့ သည်မှာပဲနေခဲ့၊ တို့ပြောတဲ့ စံရိပ်ငြိမ်တစ်ဝိုက်မှာ အိမ်တစ်လုံး ရအောင်ရှာထား. . ."*

နယ်ပြန်မည့်နေ့က သဘော်ပေါ် မတက်ခင် မမ သူ့ကို ပြောခဲ့သော စကားများကို ဖျတ်ခနဲ ကြားယောင်လိုက်မိသည်။





သူ ပြောပြခဲ့မှုကြောင့် သူနှင့်မမ၏ အနာဂတ်စီမံကိန်းကို သိနေခဲ့သော ကျော်မြင့်သန်းက "သူ ခင်ဗျားကို အဲဒီလောက်အထိ ချစ်တာ"ဟု တစ်လုံးချင်းပြောသည်။

ကျော်မြင့်သန်း၏အသံတွေက တုန်ခါနေကြသည်ဟု သူ ထင်လိုက်မိသော်လည်း သိပ်တော့ မသေချာလှ။

သို့သော် ကျော်မြင့်သန်း၏စကားကြောင့် ဆို့နင့်စွာဖြင့် တီးတိုးရေရွတ်လိုက်မိသည်။

"မမရယ်"ဟူသော သူ့စကားကတော့ အမှန်တကယ်ကို တုန်ခါနေခဲ့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၄)

မမတက်သော ဆေးရုံမှာ ယာဉ်ထိန်းရဲရုံးနားမှ ပုဂ္ဂလိကပြင်ပဆေးရုံလေးဖြစ်သည်။ ဆေးရုံပေါ်သို့ ဘယ်လိုအမြန်နှုန်းနှင့် ပြေးတက်လာခဲ့သည်ဟုပင် သူကိုယ်သူ မမှတ်မိတော့။

ဆေးရုံပေါ်မှ ဆင်းလာသူတချို့နှင့် ဆေးရုံပေါ်သို့ တက်စပြုနေသူတချို့ကို သူ ဝင်တိုက်ခဲ့မိသည်။

ထိုလူများက သူ့အား အံ့ဩစိတ်ဆိုးစွာ ဝိုင်းကြည့်ခဲ့ကြသော်လည်း သူကတော့ ထိုလူများ၏အကြည့်ကို ဂရုမစိုက်နိုင်။ ယခုအချိန်၌ သူ ဂရုအစိုက်ရဆုံး အရာမှာ မမအား အမြန်ဆုံးတွေ့ချင်နေမှုပဲ ဖြစ်သည်။

သို့သော် မမအား ကုသသူ ဆရာဝန်ကတော့ သူ၏တွေ့ချင်စိတ်စောနေမှုများကို သတိပြုမိပုံမရ။

"မြတ်လေးငုံ အိပ်ပျော်နေတယ်" ဟုဆိုကာ သူနှင့်ကျော်မြင့်သန်းကို ချက်ချင်းဝင်တွေ့ခွင့်မပေးခဲ့။

ဆရာဝန်၏ ကျွဲကော်ကိုင်းမျက်မှန်နောက်မှ အေးစက်စက်မျက်ဝန်းများနှင့် ပျှင်းရိလေးလံသော အမူအရာကို သူ သဘောမကျ။





သည်ကြားထဲ အမွေးအမှင်ထူထပ်သော လက်နှစ်ဖက်ကို စားပွဲပေါ်သို့တင်လျက် တဒေါက်ဒေါက် ခေါက်နေသေးသည်။

သူနှင့် ကျော်မြင့်သန်းအား ကုလားထိုင်နှစ်လုံးကို ညွှန်ပြလျက် "ထိုင်ပါ"ဟု ဆိုခဲ့သော်လည်း သူကတော့ ထိုဆရာဝန်ညွှန်ပြသောကုလားထိုင်မှာ ဝင်မထိုင်ခဲ့။

"ဆရာ. . ကျွန်တော်. . မမကို. ."

"ဟုတ်ပြီလေ. . ကျွန်တော် တွေ့ခွင့်ပေးမှာပါ။ ထိုင်ကြပါဦး"

သူနှင့်ကျော်မြင့်သန်း ကုလားထိုင်မှာ ထိုင်ခြင်းမထိုင်ခြင်းက ထိုဆရာဝန်အတွက် အတော်အရေးကြီးနေဟန်တူသည်။

သည်လိုဆေးရုံမျိုး၌ သည်လိုဆရာဝန်တစ်ယောက် ရှိနေခြင်းက သူ့အတွက် စိတ်ပျက်ဖွယ်ကောင်းသော ကိစ္စပဲဖြစ်သည်။

ဆရာဝန်၏အေးစက်မှုများကိုလည်း. . သူ သည်းမခံနိုင်လောက်အောင် ဖြစ်နေမိတော့သည်။

ထိုအချိန်မှာပင် ဆရာဝန်က စားပွဲကို တဒေါက်ဒေါက်ခေါက်နေရာမှ ရပ်လိုက်သည်။

"ခင်ဗျားတို့ထဲမှာ နိုင်နိုင်ဆိုတာ ပါသလား"

ဆရာဝန်၏မေးခွန်းက သူ့ရင်ကို. . လှုပ်ခနဲဖြစ်သွားစေမိသည်။ သူ ကမန်းကတန်းပင် "ကျွန်တော်ပါပဲ"ဟု အဖြေပေးလိုက်သည်။ ဆရာဝန်၏ ဒီဂရီများလှသော အကြည့်တို့က သူ့ကိုယ်ပေါ်သို့ ဖျတ်ခနဲဝေ့ဝဲလာကြသည်။

"ကျွန်တော် သိသလောက်တော့ မြတ်လေးငုံဟာ ခင်ဗျားအတွက် အတော်စိတ်ထိခိုက်နေခဲ့တယ်"

သူ ဘာမှမပြောဘဲ ဆရာဝန်ကို ငေးကြည့်နေလိုက်သည်။

ဆရာဝန်က မလိုအပ်ဘဲ ချောင်းတစ်ချက်ဟန့်ရင်း. .

"လွန်ခဲ့တဲ့ ဆယ်ရက်လောက်ကစပြီး ရွှေဘုံသာလမ်းက ကျွန်တော့်ဆေးခန်းကို မြတ်လေးငုံ ရောက်လာခဲ့တယ်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်ကြည့်တော့ သူ့မှာ. . အဲ. . ခပ်လွယ်လွယ်ပြောရရင် နှလုံးရောဂါပေါ့. . အဲဒါဖြစ်နေတယ်၊ သူကြည့်ရတာ တော်တော်ကြီးကြီးမားမား စိတ်ထိခိုက်စရာတစ်ခုနဲ့ ကြုံတွေ့ခဲ့ပုံရတယ်၊ ဒါနဲ့ ကျွန်တော် သူ့ကိုကုသပေးရင်း သူ့အကြောင်းတွေ မေးခဲ့တယ်၊ အမေဆုံးတာရယ်၊ နောက်. . နိုင်နိုင်. . အဲ. . ခင်ဗျားပေါ့လေ၊ ခင်ဗျားကြောင့် ခံစားရတာတွေရယ်ဟာ သူ့ရောဂါရဲ့ အကြောင်းရင်းတွေပဲ"

"သူ့အခြေအနေက တော်တော်ဆိုးသလား ဆရာ"

သူ စိုးရိမ်တကြီး ဖြတ်မေးလိုက်သည်။

ဆရာဝန်က ခေါင်းယမ်းရင်း. . .

"သိပ်အဆိုးကြီးတော့ မဟုတ်ပါဘူး. . အသက်အန္တရာယ်အတွက် စိုးရိမ်ရလောက်အောင် မဟုတ်ပေမယ့် သိပ်ပေါ့ဆလို့လဲ မရဘူး။ အရေးကြီးတာက ပြင်းပြင်းထန်ထန် စိတ်လှုပ်ရှားမှုမျိုး ထပ်မကြုံဖို့နဲ့ အထူးသဖြင့် ခင်ဗျား သူ့ကို ချက်ချင်းဝင်တွေ့လို့ မဖြစ်ဘူး၊ ခင်ဗျားဝင်တွေ့ဖို့အတွက် သူ့ကိုအရင်ဆုံးစကားကြောင်းပေးထားဖို့လိုတယ်"

ဆရာဝန်၏စကားအဆုံးမှာတော့ . . .

တစ်ချိန်လုံး နှုတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေခဲ့သော ကျော်မြင့်သန်းက အနေအထားပြင်ရင်း. . .

"အဲဒီအတွက် ကျွန်တော် တာဝန်ယူပါရစေ ဆရာ"ဟု . . ဝင်ပြောသည်။

ဆရာဝန်က မျက်မှန်ထူထူအကြည့်နှင့် ကျော်မြင့်သန်းကို ဖျတ်ခနဲကြည့်သည်။

"ခင်ဗျားက. ."

"ကျွန်တော်က မြတ်လေးငုံရဲ့. . အဲ. ဆွေမျိုးပါ၊ ကျွန်တော့်နာမည်က ကျော်မြင့်သန်းပါ"





"ဟုတ်ပြီ. . ကျွန်တော်သိပြီ"

ဆရာဝန်၏အမူအရာကို ကြည့်ရသည်မှာမမ၏အကြောင်းများအား တော်တော် ပိုင်ပိုင်နိုင်နိုင် သိထားပုံရသည်။

ဆရာဝန်က စားပွဲကို ဒေါက်ခနဲခေါက်လိုက်ရင်း. . .

"ဒီတော့ ကိုကျော်မြင့်သန်း အရင်ဝင်တွေ့ပါ၊ တွေ့တဲ့အခါ ကျွန်တော် အကြောင်းကြားလို့ သိရပြီး လာတွေ့တဲ့အကြောင်း၊ ပြီးတော့. . ဒီကနောင်ကြီး. . ."

"နိုင်လင်းသော်ပါ ဆရာ"

"အဲ. . ကိုနိုင်လင်းသော်နဲ့ လမ်းမှာတွေ့လို့ မြတ်လေးငုံဆေးရုံတက်တာ ပြောပြလိုက်တဲ့အကြောင်း၊ ကိုနိုင်လင်းသော်ကလဲ လာတွေ့မှာဖြစ်တဲ့အကြောင်း ဖြည်းဖြည်းချင်းပြောပြပါ"

"စိတ်ချပါဆရာ၊ ကျွန်တော် ပြောပြတတ်ပါတယ်၊ ကိုနိုင်လင်းသော်နဲ့ သူနဲ့ဇာတ်လမ်းအဖြစ်မှန်ကို ကျွန်တော် ရှင်းပြလိုက်ပါ့မယ်"ဟု ဆိုသည်။

ဆရာဝန်က ထိုင်ရာမှထရင်း "ဒါဖြင့် သွားကြရအောင်၊ ကိုနိုင်လင်းသော်တတော့ ဒီကပဲ ထိုင်စောင့်ဦးပေါ့"

"ဟုတ်ကဲ့. ."

သူ စိတ်မောပင်ပန်းစွာ ကုလားထိုင်မှာ ထိုင်ချလိုက်ရင်း ပင့်သက်တစ်ချက် မှုတ်ထုတ်လိုက်မိသည်။ ထို့နောက် မမအား တွေ့ချင်စိတ်စောစွာ ကြေကွဲနေရမှုတို့နှင့် စက္ကန့်များစွာအားပင်ပန်းကြီးစွာ ကူးခတ်စီးမျောနေရတော့သည်။

▮

သူ မည်မျှအထိ စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းနေမိသည် မသိ၊ ဆရာဝန်နှင့် ကျော်မြင့်သန်း အခန်းထဲ ပြန်ဝင်လာချိန်မှာတော့. . .



www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ကိုယ်လုံး တာဝေးခရီးတစ်ခုကို ကျော်လွန်ဖြတ်သန်းခဲ့ရသလို အပြေးသမားတစ်ယောက်ပမာ ခြေကုန်လက်ပန်းကျလျက် မောပန်းနေတော့သည်။

"အခြေအနေ ဘယ်လိုလဲဆရာ"

ဆရာဝန်နှင့်ကျော်မြင့်သန်း အခန်းထဲ ကောင်းစွာမရောက်ခင်မှာပင် သူ ထိုင်နေရာမှ ဝုန်းခနဲထရပ်ရင်း အမောတကောမေးလိုက်မိသည်။

ဆရာဝန်က ခေါင်းတစ်ချက်ညိတ်ပြရင်း. . .

"အဆင်ပြေပါတယ် ကိုနိုင်လင်းသော်၊ သူကလဲ ခင်ဗျားကို တွေ့ချင်နေပါတယ်"

"ဒါဆို ကျွန်တော် သူ့ကို ဝင်တွေ့လို့ရပြီလား ဆရာ"

"ရပါပြီ၊ ဒါပေမယ့် ခဏတော့စောင့်ပါဦး ကိုနိုင်လင်းသော်"

သူ သက်ပြင်းတစ်ချက်ရှိုက်ရင်း ဆရာဝန်ကို ကြည့်လိုက်မိသည်။

"ဖြစ်နိုင်ရင် ခုပဲဝင်တွေ့ပါရစေဆရာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် သူ့ကို သိပ်ပြီး တွေ့ချင်နေလို့ပါ"

"တွေ့ရမှာပေါ့ ကိုနိုင်လင်းသော်၊ တစ်မိနစ် နှစ်မိနစ်လောက်တော့စောင့်ပါ၊ ခုပဲ ကိုကျော်မြင့်သန်းနဲ့ စကားတွေ အများကြီးပြောထားတယ်ဆိုတော့ မောနေမှာစိုးလို့ပါ"

ကျိုးကြောင်းဆီလျော်သော ဆရာဝန်၏စကားကြောင့် လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း ကုလားထိုင်မှာ ပြန်ထိုင်ပြီး စောင့်ဆိုင်းနေလိုက်သည်။

အတော်ကြီးကြာမှ ဆရာဝန်က ထိုင်ရာမှထရပ်ရင်း . . .

"သွားကြမယ်"ဟု ဆိုသည်။

"တစ်ခုတော့ရှိတယ်၊ ကိုနိုင်လင်းသော်၊ သူ စကားများများ မပြောပါစေနဲ့"





"စိတ်ချပါဆရာ"

သူ ခေါင်းညိတ်ရင်း ကတိပေးလိုက်သည်။

တကယ်တော့ မမအတွက် ထိခိုက်စေမည့် ကိစ္စတစ်စုံတစ်ရာကို မလုပ်ရန် ဆရာဝန် သတိမပေးခင်ကပင် သူ ဆင်ခြင်နားလည်နေခဲ့ပြီး ဖြစ်ပါသည်။

ဆရာဝန်က "ကဲ၊ ဒါဖြင့်လာ"ဟုဆိုလျက် ခြေလှမ်းစလှမ်းသည်။ သူ ဆရာဝန်နောက်မှ လိုက်ဖိုမောပန်းစွာ လိုက်လာခဲ့သည်။

အခန်းဝရောက်မှ တစ်စုံတစ်ရာကို သတိရကာ ခြေလှမ်းဆန့်လိုက်မိသည်။ ထို့နောက် ဆရာဝန်၏စားပွဲရှေ့ ကုလားထိုင်မှာ တိတ်ဆိတ်စွာထိုင်လျက် စီးကရက်ခပ်ကြမ်းကြမ်းဖွာရှိုက်နေသော ကျော်မြင့်သန်းကို သူ လှည့်ကြည့်လိုက်သည်။

"ကိုကျော်မြင့်သန်း. . ."

သူ့ခေါ်သံကြောင့်. . ကျော်မြင့်သန်းက ဖျတ်ခနဲမော့ကြည့်သည်။ ကျော်မြင့်သန်း၏အကြည့်တို့ကအံ့သြစရာကောင်းလောက်အောင်ပင် ရီဝေလို့နေသည်။

ဒါဟာ လက်ကြားထဲက အငွေ့တလူလူထနေတဲ့ စီးကရက်ကြောင့်တော့ ဟုတ်မယ်မထင်ပါဘူး။ သူ သက်ပြင်းတစ်ချက်ကိုရှိုက်ရင်း ကျော်မြင့်သန်း ကြားလောက်အောင် တစ်လုံးချင်း ပြောလိုက်မိသည်။

"အားလုံးအတွက် ကျေးဇူးတင်ပါတယ် ကိုကျော်မြင့်သန်း"

ထို့နောက် . . .

ခပ်ဝေးဝေးသို့ ရောက်နေပြီဖြစ်သော ဆရာဝန်၏နောက်သို့ အမြန်ဆုံးလိုက်လာခဲ့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၅)

အထပ်သားပါးပါးနှင့် ကာရံပြုလုပ်ထားသည့် အခန်းကျဉ်းကျဉ်းလေးထဲအရောက်မှာပင် သူ့အကြည့်တို့က ခုတင်ထက်ဆီသို့ အမောတကော ကျရောက်သွားကြသည်။

အိပ်ရာခင်းဖြူဖြူခင်းထားသော ခုတင်ပေါ်၌ စောင်ပါးပါးလေးခြုံလျက် လဲလျောင်းနေသော မမမှာ မျက်လုံးအစုံကို မှေးမှိတ်လျက် အသက်ကို ဖြည်းဖြည်းချင်းရှူနေသည်။

မမဝတ်ထားသည်က အနက်ရောင် ကိုစီဆွယ်တာကလေးပဲဖြစ်သည်။ မမ၏နက်မှောင်သော ဆံပင်ရှည်များက ခေါင်းအုံးဖြူဖြူပေါ်၌ လှပစွာ ဖရိုဖရဲ ကျဲပြန့်နေကြသည်။

သူ ရင်ခုန်မြတ်နိုးခဲ့ရသည့် မမ၏နှုတ်ခမ်းထူထူများမှာ . . ယခင်ကလိုပင် ထူအန်းစိုရဲနေသော်လည်း မမ၏မျက်နှာလေးကတော့ ယခင်ကလိုပင် ပြည့်တင်းမနေဘဲ သိသာစွာ သွယ်လျနေခဲ့သည်။

မမ၏အသားအရေတို့ကလည်း ဖြူရော်ညိုဖျော့လွန်းလှသည်။ သူ မမကို ငေးကြည့်ရင်း ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။





ဘေးနားမှ ဆရာဝန်က သူ့အား နေခဲ့ပါဟု လက်ဟန်ခြေဟန်နှင့်ပြရင်း အခန်းတွင်းမှ တိတ်ဆိတ်ညင်သာစွာ ပြန်ထွက်သွားသည်။

သူ မမကို ခြေစုံရပ်လျက် အကြာကြီး ငေးကြည့်နေခဲ့ပြီးမှ မမ ခုတင်နားသို့ ဖြည်းညင်းညင်သာစွာ တိုးကပ်လာခဲ့သည်။

သူ ခုတင်နားရောက်သည်အထိ မမက သူရောက်နေမှန်းသတိပြုမိပုံမရ။ မျက်လုံးအစုံကို မှေးမှိတ်လျက် အသက်ကို ခပ်ဖြည်းဖြည်းလေးရှူနေခဲ့သည်။

သူ မမ၏မျက်နှာလေးကို မြတ်နိုးစွာငေးကြည့်ရင်း တိုးတိုးလေးခေါ်လိုက်သည်။

"မမ. . ."

သူ့ခေါ်သံကြောင့် မမ၏မျက်ဝန်းညိုညိုများ ဖျတ်ခနဲပွင့်လာကြသည်။ သူ့ကို အတွေ့၌ မမ မျက်ဝန်းများထဲမှ အမျိုးအမည်ခန့်မှန်းရန် ခက်ခဲသော အရိပ်အယောင်တချို့ ဖြတ်သန်းသွားကြသည်။ မမ၏မျက်ဝန်းထဲမှ ထိုအရိပ်အယောင်တို့က အဆက်အစပ်မဲ့စွာပင် သူ့ရင်ကို လှိုက်ခနဲ ဖြစ်သွားစေခဲ့သည်။

"နိုင်. . နိုင်"

တိုးလျတုန်ခါလွန်းသော ခေါ်သံလေးက မမ၏နှုတ်ခမ်းထူထူများအကြားမှ ဖြည်းညင်းစွာ တိုးထွက်လာကြသည်။

သူ ကိုယ်ကို ငုံ့ကိုင်းလျက် မမ၏လက်ဖဝါးနှစ်ဖက်ကို ဆွဲယူရင်း ဆုပ်ကိုင်ထားလိုက်မိသည်။

"နိုင်နိုင်. . ညည်းလိုက်လာတယ်နော်"

သူ ခေါင်းကို ခပ်သွက်သွက်ညိတ်ရင်း မမ၏လက်ခုံလေးကို ကြေကွဲမြတ်နိုးစွာနမ်းရှိုက်သည်။ မမက သူ့ကို ရီဝေစွာမော့ကြည့်နေရာမှ လျှော့ရဲရဲပြုံးရင်း တိုးတိုးလေးမေးသည်။

"ကေကေကော. . . ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မမ၏အမေးက သူ့ရင်ကို ဒုတိယအကြိမ်မြောက် လှိုက်ခနဲ ဖြစ်သွားစေပြန်သည်။

"ကေကေကော. . ဟင်"တဲ့. . .

မမရယ်. . .

သက်ပြင်းတစ်ချက်ကို မမ မသိအောင် ခိုးရှိုက်လိုက်ရင်းမှ သူ စကားစလိုက်သည်။

"ကေကေက ကျွန်တော့်သူငယ်ချင်းပါ မမရယ်၊ သူနဲ့ကျွန်တော်နဲ့ ဘယ်တုံးကမှ ဘာမှမဖြစ်ခဲ့ပါဘူး၊ ပြီးတော့ ဘယ်တုံးကမှလဲမစေ့စပ်ခဲ့ပါဘူး၊ ကျွန်တော်လေ ကျွန်တော် အဲဒီတုန်းက. . "

"တို့. . . သိပြီးပါပြီ"

မမ ပြုံးရင်း ခပ်တိုးတိုးပြောသည်။

ထို့နောက်. . .

"ကျော်မြင့်သန်းပြောတာ"ဟု ဆက်ပြောသည်။

တအောင့်ကြာတော့ သူ့လက်မောင်းကိုကိုင်ရင်း. . .

"တို့. . ထိုင်ချင်တယ်"

သူ. . မမ၏ကျောအောက်သို့ လက်လျှိုသွင်းလျက် မမကို ပွေ့ထူလိုက်သည်။ သွယ်လျသော မမ၏ကိုယ်လုံးလေးက သူ့လက်ထဲ၌ ပေါ့ပါးစွာပါလာသည်။

လူမမာတစ်ယောက် ထိုင်ရန်အတွက် ဆိုဖာက ကျောနောက်၌ ခေါင်းအုံးခုပေးထားသင့်သော်လည်း သူကတော့ ခေါင်းအုံးအစား သူ့လက်နှစ်ဖက်ကိုသာ အသုံးပြုလျက် မမကို ပွေ့ထားလိုက်သည်။

မမက သူ့ပခုံးထက်၌ မှေးမှိရင်း သူ့မျက်နှာကို မော့ကြည့်နေရာမှ. . .

"နောက် တို့ကို ညည်း ခဏခဏရန်မတွေ့နဲ့တော့နော်"

သူ မျက်နှာမပျက်အောင် အသံမတုန်အောင် ကြိုးစားရင်း-



"မတွေ့တော့ပါဘူး မမရယ်၊ နောက်ဆို မမ စိတ်ဆင်းရဲအောင် ကျွန်တော် ဘာမှ မလုပ်တော့ဘူး၊ ရန်လဲ မတွေ့တော့ဘူး၊ ဆေးလိပ်လဲ အရင်ကလို ခိုးခိုးမသောက်တော့ဘူး၊ နောက်ပြီး အရက်လဲ လုံးဝမသောက်တော့ဘူး"

"ကောင်မလေးတွေနဲ့ မိတ်ဆက်မပေးရဘူး"

"ဘာကိုလဲဟင်"

နားမလည်စွာ ပြန်မေးလိုက်သော သူ့မေးခွန်းကို မမက "ဆေးရုံပေါ်မှာ ကေကေနဲ့ မိတ်ဆက်ပေးသလိုမျိုးလေ"ဟုအဖြေပေးသည်။

မမ၏အဖြေက အလွန်စူးနစ်ထိရှလွန်းသည့် အဖြေစကားဖြစ်သော်လည်း ထိုကဲ့သို့ ထိရှသွားမှန်း မမ မရိပ်မိအောင်. .

"မပေးတော့ပါဘူး မမရယ်"

သူ ခပ်သွက်သွက် ကတိပေးလိုက်သည်။

မမ သူ့ကို ပြုံးကြည့်ရင်း. . .

"တို့ အိမ်ငှားပြီပြီ. . သိလား"

"ကျွန်တော် သိပါတယ်၊ စံရိပ်ငြိမ်မှာ မဟုတ်လား"

"နောက်ပြီး. . ညည်းကို ပြစရာတစ်ခုလဲ ရှိတယ်၊ နယ်က ပြန်ရောက်လာတဲ့နေ့ကတည်းက ပြမလို့"

"ဘာကိုလဲ မမ"

မမ စကားကို စိတ်ဝင်စားစွာ မေးလိုက်သည်။

မမက ချက်ချင်းအဖြေမပေးသေးဘဲ မခို့တရို့ အပြုံးလေးတစ်ခုပြုံးသည်။

ပြီးမှ လေသံတိုးတိုးနှင့်. . .

"ခေါင်းအုံးအောက်မှာ. . "

သူ မမကို ထွေးပွေ့ထားရင်း ခေါင်းအုံးဖြူဖြူအောက်သို့ လက်နှိုက်လျက် ရှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါး၏ ထိတွေ့စမ်းသပ်မှုအရ မမ သူ့ကို ပြမည်ဆိုသောပစ္စည်းမှာ ကတ်ထူပြားမာမာနှစ်ခုဖြစ်သည်။

ဖြစ်နိုင်တာက ထိုအရာမှာ. . .

ဓာတ်ပုံအကြီးစားသော်လည်းကောင်း၊

သို့မဟုတ် အောင်လက်မှတ်သော်လည်းကောင်း၊

သို့မဟုတ်. . .

သူ ရင်ခုန်စွာဖြင့် ထိုအရာများကို ခေါင်းအုံးအောက်မှ ဖြည်းဖြည်းချင်းဆွဲထုတ်လိုက်သည်။

သူ့လက်ထဲ၌ပါလာသော ထိုအရာနှစ်ခုကို အတွေ့မှာတော့ သူ ကြေကွဲနာကျင်စွာ နင့်ခနဲခံစားလိုက်ရသည်။

နယ်မှ ပြန်လာသည့်နေ့ကတည်းက မမ သူ့ကို ပြသမလို့ဆိုသော ထိုအရာကတော့ ထိုးမြလက်မှတ်များမှအပ အကုန်ဖြည့်စွက်ထားသော လက်ထပ်စာချုပ်နှစ်စောင်ပဲ ဖြစ်သည်။

"မမရယ်. . ."

သူ ဆို့နင့်ကြေကွဲစွာ ရေရွတ်ရင်း မမ၏ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲသို့ ဆွဲယူပွေ့ဖက်လိုက်မိသည်။

မမက ကိုယ်ကို ယိမ်းနွဲ့လျက် ခပ်တိုးတိုးပြောသည်။

"နိုင်နိုင် လွှတ်ဦးကွယ်၊ တို့ အသက်ရှူကျပ်လှပြီ"

သို့သော် သူ့ရင်ခွင်ထဲ၌ မှုက်နှာအပ်လျက်အနေအထားနှင့် ရောက်ရှိနေခဲ့သော မမကို သူ ပြန်လွှတ်ပေး၍မဖြစ်။

အကြောင်းမှာ. . .

သူ့မျက်ဝန်းတို့၌ ဝေ့သီနေကြသော မျက်ရည်စများကို . . မမ မြင်သွားမှာစိုး၍ပဲ ဖြစ်သည်။

နေနော်



## ဧယျာမြေစာပေတိုက်မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ


၁။ လူမှုဆိုး၊ ကျားမှုဆိုးနှင့် တောကြီးမာယာဖြစ်ရပ်ဆန်းများ **မင်းရဲကျော်** (စာပေဗိမာန်တဖျာစာပေဆုရှင်) ၃၅၀/-

၂။ အဆိပ်သင့်သွားသောအချစ်နှင့် ထောင်တွင်းတွေ့ကြုံဖာတ်လမ်းစုံ **အသက်အေး** (ထောင်မှူးဟောင်းစာရေးဆရာ) ၄၅၀/-

၃။ သာမညတောင်ခြေမှ ကြည်ညိုဖွယ်ရာ ဓမ္မရသများနှင့် နိမိတ်အမြွက်ဇာတနများ . . **ဦးညွန့်လှိုင်**(ကြို့ပင်တောက်) ၄၀၀/-

၄။ ချစ်လွန်းလို့ကြံမိသူ . . . . **သော်တာအေး** ၄၀၀/-

၅။ ဘဝ, အချစ်နှင့်အိမ်ထောင်ရေးအောင်မြင်မှုလျှို့ဝှက်ချက်များ . . . **ဘနှင်း** (မှခင်းစုံမဂ္ဂဇင်းအယ်ဒီတာချုပ်) ၃၅၀/-

၆။ ကြံကြီးစည်ရာ . . . . **မောင်ပေါ်ထွန်း** ၁၂၀၀/-

၇။ သစ္စာစွမ်းအစ်နှင့် စွမ်းအားထက်မြက်ယတြာများ **ဦးညွန့်လှိုင်** (ကြို့ပင်တောက်) ၃၅၀/-

၈။ ကြွက်ဒိုကာ . . . **သော်တာအေး** ၁၀၀၀/-

၉။ ဧလွန်ပြည်တော်ပြန်ဘုရားကြီး၏ဗုဒ္ဓပူဇနိယပွဲနှင့်ဘုန်းတော်ကြီး ဦးသီလ၏အံ့မခန်းသောဖြစ်ရပ်များ . . **မာမကာ**(သုတေသီ) ၄၀၀/-

၁၀။ သင် ကုဋေကြွယ်သူဌေးကြီးဖြစ်ချင်သလား **အေးမြင့်** ၄၀၀/-

၁၁။ ထူးဆန်းသောစုန်းကောင်နှင့် မှုဆိုးများ . . **ကိုမိုက်** ၅၀၀/-

၁၂။ အရိုမေတ္တေယျမြတ်စွာဘုရား . . . **နန္ဒာမိုးကြယ်** ၅၀၀/-

၁၃။ မြန်မာပြည်စစ်မြေပြင် . . . **တက္ကသိုလ်နန္ဒမိတ်** ၃၅၀/-

၁၄။ မြန်မာပြည်မြောက်ဖျားမှ နဂါးမီးတောက်နှင့် ထူးဆန်းအံ့ဖွယ် မုဆိုးဘဝဖြစ်ရပ်မှန်များ . . . **မိုးဇေယျ** ၆၀၀/-

၁၅။ ချစ်သောဆိုက်နှင့် ဝန္တဝင်ရသစာစုများ **သော်တာအေး** ၇၀၀/-

၁၆။ အမုန်းအလိုမရှိ . . **မင်းလူ** ၇၀၀/-




BURMESE CLASSIC

www.burmeseclassic.com